ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ပြည်သူ့တရားသူကြီးအဖွဲ့တစ်ဖွဲ့လုံး

**ဗဟိုတရားစီရင်ရေးအဖွဲ့**

**စီရင်ချက်များ**

၁၉၈၂ ခုနှစ်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

F. A

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
၃၄၆၇၁
တိုက်ပိုင်အမှတ်
ရက်စွဲ ၁၆-၇-၈၂
စာကြည့်တိုက်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

ပြည်သူ့တရားသူကြီးအဖွဲ့တစ်ဖွဲ့လုံး
ဗဟိုတရားစီရင်ရေးအဖွဲ့
စီရင်ချက်များ

## ၁၉၈၂-ခုနှစ်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ ခွင့်ပြုချက်အရ ထုတ်ဝေသည်။

တရားရုံးများလက်စွဲ အပိုဒ် ၄၇၂ အရ တစ်ကြိမ်ငှားရမ်းလျှင်
ရက်သတ္တပတ်(၃)ပတ်ထက်မပိုစေရ။

ပထမအကြိမ်
အုပ်ရေ - ၅၀၀၀
ဇူလိုင်လ၊ ၁၉၈၅

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်
အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊
နေလင်းပိဋကတ်ပုံနှိပ်တိုက်(၀၂၀၃၀)တွင် ဒေါ်တင်လှက ပုံနှိပ်၍
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၅၂၇)က ထုတ်ဝေသည်။

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
## ပြည်သူ့တရားသူကြီးအဖွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | ဦးမောင်မောင်ကျော်ဝင်း၊ | မဟာဝိဇ္ဇာ (ဂုဏ်ထူး)၊<br>ဝတ်လုံတော်ရ၊<br>နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ | | .... ဥက္ကဋ္ဌ |

(၁-၁-၈၂ နေ့မှ ၂၀-၇-၈၂ နေ့ထိ)

| | | | | |
|---|---|---|---|---|
| ၂။ | သီရိပျံချီ ဦးတင်အောင် | .... | .... | .... အဖွဲ့ဝင် |
| ၃။ | ဦးလှဘုန်း | .... | .... | .... အဖွဲ့ဝင် |
| ၄။ | ဦးခင်ဇာမုံ | .... | .... | .... အဖွဲ့ဝင် |
| ၅။ | ဦးမြကျော်၊ | မဟာဝိဇ္ဇာ | .... | .... အဖွဲ့ဝင် |
| ၆။ | ဦးထွန်းရှိန် | .... | .... | .... အဖွဲ့ဝင် |
| ၇။ | ဦးတင်အောင်ဟိန်း၊ | ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊<br>နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) | | .... အဖွဲ့ဝင် |
| ၈။ | ဦးအေးမောင်၊ | ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ | | .... အဖွဲ့ဝင် |
| ၉။ | ဦးသန့်စင် | ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ | | .... အဖွဲ့ဝင် |

---

| | | | | |
|---|---|---|---|---|
| ၁။ | ဦးတင်အောင်ဟိန်း | ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ<br>နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်) | | .... ဥက္ကဋ္ဌ |

(၁၁-၁၀-၈၂ နေ့မှ ၃၁-၁၂-၈၂ နေ့ထိ)

| | | | | |
|---|---|---|---|---|
| ၂။ | သီရိပျံချီဦးတင်အောင် | .... | .... | .... အဖွဲ့ဝင် |
| ၃။ | ဦးလှဘုန်း | .... | .... | .... အဖွဲ့ဝင် |
| ၄။ | ဦးခင်ဇာမုံ | .... | .... | .... အဖွဲ့ဝင် |
| ၅။ | ဦးမြကျော် | မဟာဝိဇ္ဇာ | .... | .... အဖွဲ့ဝင် |
| ၆။ | ဦးထွန်းရှိန် | .... | .... | .... အဖွဲ့ဝင် |
| ၇။ | ဦးအေးမောင် | ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ | | .... အဖွဲ့ဝင် |
| ၈။ | ဦးသန့်စင် | ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ | | .... အဖွဲ့ဝင် |
| ၉။ | ဦးမွန်စံလှိုင် | သိပ္ပံ၊ ဥပဒေဝိဇ္ဇာ | | .... အဖွဲ့ဝင် |

# ၁၉၈၂-ခု

# ပြစ်မှုဆိုင်ရာအမှုများ

## စီရင်ထုံးပြုသော မှုခင်းများ

### ပြစ်မှုဆိုင်ရာအမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးကျော်ညွန့် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | |
| | | ၂။ ဦးစိုးမြင့် .... .... | ၁ |
| ဦးကျော်ထင်ပါ ၉ ဦးနှင့် | | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် .... .... | ၃ |
| ဦးကျော်တင့် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | |
| | | ၂။ ဦးစန်းလွင် .... .... | ၅ |
| မခင်စိန်ဝင်း | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | |
| | | ၂။ ဦးသန်းမောင် .... .... | ၈ |
| ဦးခင်မောင်ပါ ၂ ဦး | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | |
| | | ၂။ ဦးညိမ်း .... .... | ၁၃ |
| စီဝါးဒါရ် | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | |
| | | ၂။ ဦးမောင်ဟန် .... .... | ၁၇ |
| မောင်စိုးမြင့်(ခ)ရာရှစ် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... .... | ၁၉ |
| မောင်ညာဏ်ထွန်းပါ ၅ ဦး | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | |
| | | ၂။ မအေးအေးသင်း .... .... | ၂၂ |
| ဒေါ်ထစ်ပါ(၆)ဦး | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | |
| | | ၂။ ဒေါ်ထွေးထွေး .... .... | ၂၆ |

# ညွှန်းချက်


| | | စာမျက်နှာ |
|---|---|---|
| ဦးတင်ရွှေ (ခ) သံလုံး နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် .... .... | ၂၀ |
| ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် | ဦးကြီးမောင် .... .... | ၃၁ |
| ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့)နှင့် | ဦးကြည်ရင် .... .... | ၃၅ |
| ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် | မရွှေ့တင်(ခ)မရီ .... .... | ၄၃ |
| ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် | ဦးလှထွန်း.... .... .... | ၄၀ |
| ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် | မောင်အေးကို.... .... .... | ၅၁ |
| ဦးမာမွတ်(ခ)ဦးမောင်ကြီးနှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်<br>၂။ ဦးဘထွန်း .... .... | ၅၄ |
| ဦးမြဟန် နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်<br>၂။ မောင်လှမြင့် .... .... | ၅၆ |
| ဦးရဲမြင့် နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်<br>၂။ ဇော်ခင်ခင်ချော .... .... | ၅၉ |
| မောင်ရှိုး နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်<br>၂။ မောင်မြင့်သန်း .... .... | ၆၁ |
| ၁။ ကိုလှမြင့်(ခ)ဘာဘူ<br>၂။ ကိုသက်တင် နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်(ဦးအေး) .... | ၆၄ |
| ကိုဝေလွင် နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်<br>၂။ ဦးစောကျင်လီပါ(၄)ဦး.... .... | ၆၇ |

## ညွှန်းချက်


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးဝင်းမောင် | နှင့် | ဒေါ်ကြွေ | ၇၀ |
| ဦးသက်ထွေးပါ ၃ဦး | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၇၄ |
| ဦးသိန်းမြင့် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၇၆ |
| အနေဂ်တာလီ(ခ) ဦးမောင်စိန် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၇၉ |
| ဒေါ်အမာ | နှင့် | ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်<br>၂။ ဦးဘုန်းကျော်ပါ(၃) | ၈၁ |
| ဦးအောင်ဘု | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၈၅ |
| ဒေါ်အန်စူး | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | ၈၇ |
| ၁။ သခင်အုန်းကျော်<br>၂။ ဒေါ်သိန်းရှင် | နှင့် | ဦးလှမြင့် | ၉၀ |

စာမျက်နှာ

## ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ—

ပြစ်မှုဆိုင်ရာဥပဒေ၊
ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊
သက်သေခံဥပဒေ၊
တရားရုံးများ မထိမဲ့မြင်ပြုမှုဥပဒေ၊
၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ၊ ခြေချုပ်နှင့် ခံဝန်ဥပဒေ၊
၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး များဥပဒေ၊

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၉ — ကာကွယ်ခုခံပိုင်ခွင့်ကို လိုအပ်သည် ထက် ပို၍ အသုံးပြုခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ တွင် မကာကွယ် မခုခံလျှင် အပြင်းအထန် နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ် လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှု ကျူးလွန်သူကိုလည်း ကောင်း၊ ပုဒ်မ ၁၀၃ တွင် မကာကွယ်မခုခံပဲ နေပါက သေဘေးကို၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်ခြင်း ခံရမည်ကို စိုးရိမ်ရန် အကြောင်းရှိအောင် ကျူးလွန်သည့်ခိုးမှု၊ သို့တည်းမဟုတ် အကျိုး ဖျက် ဆီးမှု၊ သို့တည်းမဟုတ် အိမ်ကျော်နင်းမှု ကျူးလွန်သူကို လည်းကောင်း သေစေအောင် ပြု၍ ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသည် မှန်သော်လည်း ထိုကာကွယ်ခုခံပိုင်ခွင့်ကို ပုဒ်မ ၉၉ တွင် ပြဋ္ဌာန်းထား သည့်အတိုင်း လိုသည်ထက်ပို၍ အသုံးပြုနိုင်ခွင့် မရှိချေ။ ပုဒ်မ ၉၉ တွင် ကာကွယ်ခုခံရာ၌ ကာကွယ်ခုခံသော သဘောဖြင့် ဘေးအန္တရာယ်ပြုရန် လိုအပ်သည်ထက် ပို၍ ပြုခွင့်မရှိကြောင်း ပြဋ္ဌာန်းချက် ရှိသည်ဖြစ်၍ ဤအမှုတွင်အယူခံတရားခံ ဦးကြီးမောင်သည် လက်နက်မဲ့ သူတစ်ဦးအား ဓား လှံဖြင့် (၄)ချက်တိတိထိုးလိုက်ရာတွင် လိုအပ်သည့်ဘေးအန္တရာယ် ထက် ပို၍ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်သဖြင့် သူ၏ ပြုလုပ်မှု သည် ဥပဒေအရ ခွင့်ပြုသည်ထက် ကျော်လွန်၍ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်နှင့် ဦး ကြီး မောင် ၃၁

စာမျက်နှာ

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ တွင် အကျုံးဝင်ရန် လိုအပ်ချက်– ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ ထုတ်ပြန်ထားသော အမိန့်သည် အများနှင့်သက်ဆိုင်သော အမိန့်ဖြစ်ရခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ တွင် အကျုံးဝင်ရန် ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ အများနှင့် သက်ဆိုင်သော ထုတ်ပြန်ကြေငြာထားသည့် အမိန့်တစ်ရပ်ရှိရန် လိုအပ်ပေသည်။ ဤအမှုတွင် ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ လူမှုရေးအရ ဒေါ်အန်စူးထံသို့ ထုတ်ပေးခဲ့သည့် တားမြစ်စာသည် အများနှင့် သက်ဆိုင်သော အမိန့်မဟုတ်ပဲ အိမ်ရှင် အိမ်ငှားတို့အကြား ဖြစ်ပွားသည့် ပုဂ္ဂလိကအရေးအခင်းမျှသာ ဖြစ်ပေသည်။ ထို့ကြောင့် ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအေးသောင်၏ စွဲဆိုမှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ နှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

ဒေါ်အန်စူး

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၈၇

အမှုဆိုင်များ အငြင်းပွားသည့် ကိစ္စသည် တရားမကြောင်းအရ ဖြေရှင်းရမည့် ကိစ္စဖြစ်၍ ယင်းကိစ္စအတွက် ရပ်ကွက် ပြည်သူ့ကောင်စီက တစုံတရာ အမိန့် ထုတ်ခွင့်မရှိခြင်း– ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူရန်မှာ ဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်ကို ဖီဆန်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူရန်မှာ ဥပဒေနှင့်အညီ ထုတ်ပြန်ကြေငြာရန် အာဏာရရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေငြာသော အမိန့်ကို ဖီဆန်ခြင်း ရှိရမည့်အပြင် ထိုသို့ဖီဆန်ခြင်းအားဖြင့် ဥပဒေနှင့်အညီ စေခိုင်းခြင်း ခံရသူကို ဟန့်တားခြင်းသော်လည်းကောင်း၊ စိတ်ငြိုငြင်စေခြင်း သော်လည်းကောင်း၊ နစ်နာစေခြင်း သော်လည်းကောင်း ဖြစ်စေရန် လိုအပ်ပေသည်။

ယခုအမှုတွင် အမွေဆိုင်ဖြစ်သည်ဆိုသော အိမ်နှင့်ပတ်သက်၍ အမွေဆိုင်ဆိုသူတစ်ဦး၏ တိုင်ကြားချက်အရ ရပ်ကွက်ပြည်သူ့ကောင်စီ အနေဖြင့် ပစ္စည်း လက်ရှိဖြစ်သူတစ်ဦးအား အိမ်ပေါ်သို့ အိမ်ငှား မတင်ရန် တားမြစ်နိုင်သည့် လုပ်ပိုင်ခွင့်မရှိပေ။ အမွေကိစ္စနှင့် ပတ်သက်၍ အမွေဆိုင်အချင်းချင်း အငြင်းပွားသည့် ကိစ္စရပ်များမှာ တရားမကြောင်းအရ ဖြေရှင်းရမည့် ကိစ္စမျိုးသာဖြစ်သဖြင့် ရပ်ကွက် ပြည်သူ့ကောင်စီ အနေဖြင့် အမွေကိစ္စနှင့် ပတ်သက်၍ အမိန့်ထုတ်ပြန်ခွင့် တစုံတရာမရှိ မရှိပေ။ ထို့ကြောင့် ရပ်ကွက်ပြည်သူ့ကောင်စီက ဒေါ်ခင်စိန်ဝင်းထံသို့ ပေးပို့သည့် တားမြစ်အမိန့်စာမှာ ဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်ဟု မဆိုနိုင်ပေ။ ယင်းကဲ့သို့ ဥပဒေနှင့်အညီ ထုတ်ပြန်ခြင်း မဟုတ်သည့် အမိန့်ကို မလိုက်နာသည့်အတွက် ဒေါ်ခင်စိန်ဝင်း အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူနိုင်မည်မဟုတ်ပေ။ တွံတေး မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၁၁/၈၁ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်လိုက်သည်။

မခင်စိန်ဝင်း နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးသန်းမောင် ၈

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ မမှန်သက်သေခံမှုဖြင့် အရေးယူရာတွင် သက်ဆိုင်ရာတရားရုံး၏ ရေးသားတိုင်ချက် အရသာ အရေးယူရန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ) တွင်လည်းကောင်း၊ ပုဒ်မ ၄၇၆ တွင်လည်းကောင်း သက်သေတစ်ဦး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ မမှန်သက်သေခံ မှုဖြင့် အရေးယူရာတွင် သက်ဆိုင်ရာတရားရုံး၏ ရေးသား တိုင်ကြားချက် အရသာ အရေးယူရမည်ဟု အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားသည် ဖြစ်ရာ မြို့နယ်တရားရုံး၌ ဦးတင်ရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူသည့်အမှုမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရသည်။

ဦးတင်ရွှေ(ခ)သံလုံး
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂၀

**ပြင်ဆင်မှုတရားရုံး၏ စီရင်ပိုင်ခွင့်—** ပြင်ဆင်မှု တရားရုံးသည် မူလရုံးက ချမှတ်သောပြစ်ဒဏ်ကို မိမိထင်မြင်ချက်နှင့် ကွာခြားရုံဖြင့် မစွက်ဖက်သင့်ခြင်း— တရားမျှတမှုကင်းမဲ့သည်ဟု ထင်ရှားစွာ ပေါ်ပေါက်သော အမှုမျိုးမှသာ ဝင်ရောက်စွက်ဖက်သင့်ခြင်း။

**ဆုံးဖြတ်ချက်။** ။ပြင်ဆင်မှုကို ကြားနာသော တရားရုံး အနေဖြင့် မူလရုံးကချမှတ်ထားသော ပြစ်ဒဏ်ကို မိမိ၏ထင်မြင်ချက်နှင့် ကွာခြားရုံမျှဖြင့် ဝင်ရောက်စွက်ဖက်အပ်သည်မဟုတ်ပေ။ တရားမျှတမှု ကင်းမဲ့လောက်အောင် အလွန်အမင်းလျော့နည်းလွန်းသည်ဟု သိသာ ထင်ရှားစွာ ပေါ်ပေါက်သောအမှုမျိုး၌သာ ပြင်ဆင်မှုကို ကြားနာသော တရားရုံးက ဝင်ရောက်စွက်ဖက်၍ ပြင်ဆင်တိုးမြှင့်ပေးလေ့ရှိပေသည်။

ဦးမြဟန် နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ မောင်လှမြင့် ၇၆

**ပြင်ဆင်မှုတရားရုံး၏စီရင်ပိုင်ခွင့်**—ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၄)ပါ ပြဋ္ဌာန်းချက် မူလရုံး၏ အပြီးအပြတ်လွှတ်သည့် ဆုံးဖြတ်ချက်ကို ပြစ်မှုထင်ရှားစီရင်သည့် ဆုံးဖြတ်ချက်သို့ ပြောင်းလဲပြင်ဆင်နိုင်သည့် စီရင်ပိုင်ခွင့်မရှိခြင်း။

**ဆုံးဖြတ်ချက်။** ။တိုင်းတရားရုံးသည် မြို့နယ်တရားရုံး၏ အမှုတွဲများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ အရ ခေါ်ယူကြည့်ရှုစစ်ဆေးပြီး လိုအပ်လျှင် ပြင်ဆင်မှုများဖွင့်၍ ဆောင်ရွက် နိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုများဖွင့်၍ ဆောင်ရွက်ရာတွင် မြို့နယ်တရားရုံးက အမှုမှ အပြီးအပြတ်လွှတ်ထားသည့်ဆုံးဖြတ်ချက်များကို ပြစ်မှုထင်ရှားစီရင်သည့် ဆုံးဖြတ်ချက်များ အဖြစ်သို့ ပြင်ဆင် ပြောင်းလဲနိုင်သည့် စီရင်ပိုင်ခွင့်ကို တိုင်းတရားရုံးသို့အပ်နှင်းထားခြင်းမရှိကြောင်းပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၄)၌ ပြဋ္ဌာန်းထားသည်။

ဦးသိန်းမြင့်
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၇၆

စာမျက်နှာ

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၄ နှင့် ၂၂၂ (၂) ပါ ပြဋ္ဌာန်းချက်—ယင်းပုဒ်မများအရ (၁)နှစ်အတွင်း ဖြစ်ပွားသော မှုခင်းများကိုသာ တစ်မှုတည်းတွင် စုပေါင်းစွဲနိုင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၄ နှင့် ၂၂၂(၂)ပါ ပြဋ္ဌာန်းချက်များအရ (၁)နှစ်အတွင်း ဖြစ်ပွားသော မှုခင်းများကိုသာ တစ်မှုတည်းတွင် စုပေါင်းစွဲဆိုနိုင်ခွင့်ရှိလေရာ ၁၉၇၄-၇၅ ခုနှစ်အတွင်းက ရေနံဆီလျော့နည်းခဲ့သောပြစ်မှုနှင့် ၁၉၇၅-၇၆ ခုနှစ်အတွင်း ဆေးခန်းမှ လိုငွေပေါ်ပေါက်ခဲ့သော ပြစ်မှုနှစ်ရပ်အတွက် တစ်မှုစီ သီးခြားစွဲဆိုရမည်သာ ဖြစ်ပေသည်။

ဦးကျော်ထင်ပါ (၉) ဦး

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၃

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ ပါ ပြဋ္ဌာန်းချက်—ယင်းပုဒ်မအရ တရားခံက ခုခံချေပခြင်းမပြုသည့် တိုင်အောင် တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များအရ တရားခံအပေါ် အပြစ်ပေးနိုင်ဖွယ်ရာ မတွေ့မှသာ တရားရုံးက စွဲချက်မတင်ပဲ လွှတ်နိုင်မည်ဖြစ်ခြင်း— ယင်းဥပဒေပုဒ်မ ၂၅၄ အရ တရားခံ အပြစ်တစုံတရာ ကျူးလွန်သည်ဟု ယူဆရန်အကြောင်းရှိလျှင် တရားခံအပေါ် စွဲချက်တင် ဖြေရှင်းစေရမည်ဖြစ်ခြင်း။

စာဒက လျှောက်ထားခံရသူ ဦးကြည်ရင်သည် အိမ်ဆောက်ရန်အတွက် အကြောင်းပြကာ သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ ဝယ်ယူ ရရှိသော အထပ်သားများအနက် အချို့ကို အမြတ်ဖြင့် ပြန်လည်ရောင်းချခြင်း၊ သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ ဝယ်ယူသော ကျွန်းသစ်များအနက် အချို့ကို အမြတ်ဖြင့် ပြန်လည် ရောင်းချခြင်း၊ သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ သစ်ဝယ်ယူခွင့်ပါမစ်ကို လွှဲပြောင်း ရောင်းချခဲ့ခြင်းကြောင့် ၎င်းအပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲသည်။ ပုဇွန်တောင်မြို့နယ်တရားရုံးက တရားလိုပြသက်သေများ စစ်ဆေး ကြားနာပြီးနောက် ဦးကြည်ရင်အပေါ် စွဲဆိုသော ဥပဒေပုဒ်မဖြင့်ပင် စွဲချက်

တစ်သည်။ စွဲချက်ပယ်ဖျက်ပေးရန် ဦးကြည်ရင်က ရန်ကုန်တိုင်းတရားရုံးသို့ လျှောက်ထားရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဆက်လက်လျှောက်ထားပြန်ရာ ဗဟိုတရားစီရင်ရေးအဖွဲ့က စွဲချက်ကို ပယ်ဖျက်၍ ဦးကြည်ရင်အား အမှုမှလွှတ်လိုက်သည်။ ဗဟိုတရားစီရင်ရေး အဖွဲ့၏ အမိန့်ကို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က စာဒက တင်သွင်းခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။အမှုတွင်ပေါ်ပေါက်သည့်သက်သေခံချက်များအရ ဦးကြည်ရင်သည် နေအိမ် ဆောက်လုပ်ရန်ဟု အကြောင်းပြ၍ အထပ်သားများနှင့် သစ်များဝယ်ယူခွင့်ပြုရန် လျှောက်ထားခဲ့သည်ဆိုသောအချက်၊ ဦးကြည်ရင်သည် အထပ်သားများနှင့် သစ်များကို ဝယ်ယူပြီးနောက် အချို့ကို တဆင့်အမြတ်တင်၍ ရောင်းချ ခဲ့သည်ဆိုသောအချက်နှင့် ဦးကြည်ရင်သည် လက်ကျန်သစ်များ ဝယ်ယူခွင့်ပါမစ်ကိုရောင်းစားသည်ဆိုသည့် အချက်များအပေါ် မြို့နယ်တရားရုံး၊ တိုင်းတရားရုံးနှင့် ဗဟိုတရားစီရင်ရေး အဖွဲ့တို့က တွေ့ရှိချက်များမှာ ကွဲလွဲခြင်းမရှိချေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ပါ ပြဋ္ဌာန်းချက်အရ တရားခံက ခုခံချေပခြင်းမပြုသည့်တိုင်အောင် တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များအရ တရားခံအပေါ် အပြစ်ပေးနိုင်ဖွယ်ရာ မတွေ့ရသည့်အခါမှသာ တရားရုံးကစွဲချက်မတင်ပဲ လွှတ်နိုင်မည်ဖြစ်သဖြင့် ဤအမှုတွင် တရားခံကိုစွဲချက်မတင်ပဲလွှတ်ရန် သင့်မည်မဟုတ်ပေ။တရားခံကို ပြစ်မှုထင်ရှားတွေ့ရှိမှသာ အပြစ်ပေးနိုင်မည် ဖြစ်သော်လည်း တရားခံသည် ပြစ်မှုတစုံတရာကို ကျူးလွန်ခဲ့သည်ဟု ယူဆရန် အကြောင်းရှိသည်ဟုထင်မြင်လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၄အရ တရားရုံးသည် တရားခံအပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည် ဖြစ်သဖြင့် မြို့နယ်တရားရုံးက ဦးကြည်ရင် အပေါ် စွဲချက်တင်ခြင်းနှင့် တိုင်းတရားရုံးက စွဲချက်ကို အတည်ပြုခြင်းသည် မှားယွင်းသည်ဟု မဆိုသာချေ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
(ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့) နှင့် ဦးကြည်ရင် ၃၁

စာမျက်နှာ

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၉—ချိန်းသည့်နေ့တွင် တရားလို မလာရောက်သဖြင့် တရားခံအား လွှတ်ရာတွင် ယင်းပုဒ်မက ရည်ညွှန်းသော အမှုများနှင့်သာ သက်ဆိုင်ခြင်း— တရားရုံးက အမှုကို ပယ်၍ ပိတ်ပြီးမှ ပြန်ဖွင့်ခြင်းသည် မိမိ၏အမိန့်ကို မိမိ ပြန်လည် ပြင်ဆင်ရာ ရောက်သဖြင့် မသင့်တော်ခြင်း။**

**ဆုံးဖြတ်ချက်။** ။စွဲဆိုထားသော ပြစ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၀ အရ လိမ်လည်မှုဖြစ်ရာ ရဲအရေးပိုင်၍ ကြေအေးနိုင်ခွင့် မရှိသော ပြစ်မှု ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်တုံးဥပဒေ ပုဒ်မ ၂၅၉ အရ ဆိုလျှင် ရဲအရေး မပိုင်၍ ကြေအေးနိုင်ခွင့်ရှိသော ပြစ်မှုအရ ဦးတိုက် စွဲဆိုမှုများတွင်သာ တရားလိုမလာရောက်ပါက စွဲချက်မတင်မီအဆင့်တွင် ရာဇဝတ် တရားသူကြီးက ဆင်ခြင်တုံတရားကို ကျင့်သုံး၍ တရားခံအား ပြန်လွှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပေသည်။ သို့ဖြစ်ရာအချင်းဖြစ်အမှုတွင် တရားလိုနှင့် တရားခံတို့သည် တရားရုံးသို့ မလာရောက်သဖြင့် မြို့နယ် တရားရုံးက အမှုကို ပယ်၍ ပိတ်လိုက်သည်ဟု အမိန့်ချမှတ်ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်ပေ။ သို့ရာတွင် ကြည့်မြင်တိုင်မြို့နယ် တရားရုံးသည် အချင်းဖြစ် အမှုကို ပယ်၍ပိတ်လိုက်သည်ဟု အမိန့် ချမှတ်၍ အမှုကို အဆုံးသပ် ရပ်တန့်စေခဲ့သဖြင့် မိမိ၏အမိန့်ကို မိမိ ပြန်လည် ပြင်ဆင်ရန် မသင့်ပေ။ တရားရုံးများသည် ပြစ်မှုဆိုင်ရာ မှုခင်းများကို စစ်ဆေး စီရင်ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျမှန်ကန်စွာ လိုက်နာ ကျင့်သုံးရမည် ဖြစ်ပေသည်။

ဦးဝင်းမောင်

နှင့်

ဒေါ်ကြွေ ၇၀

ပြစ်မှုဆိုင်ရာကျင့်တုံး ဥပဒေပုဒ်မ ၃၄၂(၁) (င) ပါ ပြဋ္ဌာန်းချက်— **တရားခံတစ်ဦးအပေါ် မမှန်သက်သေခံခြင်း ပြစ်မှုအတွက် တရားစွဲလျှင် ဗဟိုတရားရုံး၏ ခွင့်ပြုမိန့်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးအောင်ပုသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၄၂ (၁) အရ တရားခံပြသက်သေတစ်ဦးအနေဖြင့် သက်သေခံခဲ့

**စာမျက်နှာ**

ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ဤသို့ သက်သေအဖြစ် အစစ်ခံသော တရားခံတစ်ဦးအပေါ် ဗဟိုတရားရုံး၏ ခွင့်ပြုမိန့်ပါရှိမှသာလျှင် မမှန်သက်သေခံခြင်း ပြစ်မှုအတွက် တရားစွဲခွင့်ရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁) (င)တွင် ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် ဗဟိုတရားရုံး၏ ခွင့်ပြုမိန့်မရှိပေ။ ထို့ကြောင့် ဦးသန်းတင်အနေနှင့် ဦးအောင်ပုအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၉၃ အရ တရားစွဲဆိုခွင့်မရှိချေ။

ဦးအောင်ပု နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၈၅

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ ရှင်းလင်းချက်အရ ခိုးရာပါ ပစ္စည်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။**

**ဆုံးဖြတ်ချက်။** ။ လျှောက်ထားသူ ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့ထံမှ သိမ်းယူ၍ တရားရုံး၌ တင်ပြခဲ့သော သက်သေခံ ရွှေများသည် ဒမြတိုက်ရာပါ ပစ္စည်းများသော် လည်းကောင်း၊ ယင်းပစ္စည်းများနှင့် လဲလှယ်ထားသော ပစ္စည်းများသော်လည်းကောင်း မဟုတ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ ရှင်းလင်းချက်အရ ခိုးရာပါ ပစ္စည်းဟု ကောက်ယူရန်မသင့်ပေ။ ယင်းပစ္စည်းများသည် တိုက်ရာပါ ပစ္စည်းများအတွက် အစားထိုးပေးထားသော ရွှေဖြစ်ကြောင်းသာ ပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ ပစ္စည်း သိမ်းယူခြင်းခံရသူသို့သာ ပြန်လည်ပေးသင့်ပေသည်။

ဦးခင်မောင်ပါ (၂)ဦး နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးညိမ်း

စာမျက်နှာ

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ ပြဋ္ဌာန်းချက်— အမှုကို အပြီးသတ် ဆုံးဖြတ်ပြီး ချိန်တွင် သက်သေခံပစ္စည်း စီမံခန့်ခွဲခြင်း— ထိုသို့ စီမံခန့်ခွဲရာ၌ တရားမကြောင်းဆိုင်ရာ အငြင်းပွားမှုများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် စီရင်ပိုင်ခွင့် ကျော်လွန်ရာရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်စက်လှေ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ အပိုးငွေနှင့် ပတ်သက်ပြီး အငြင်းပွားမှုကို ပြစ်မှုဆိုင်ရာ မှုခင်းတွင် သက်သေခံပစ္စည်းကို စီမံခန့်ခွဲရန်အတွက် ထည့်သွင်း စဉ်းစားရန် မလိုအပ်ပေ။ ထိုကိစ္စမှာ တရားမရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်နေသဖြင့် ပြစ်မှုဆိုင်ရာတရားရုံးမှ ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းမှာ မိမိ၏ စီရင်ပိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက်ရာ ရောက်နေပေသည်။ ပြစ်မှုဆိုင်ရာ မှုခင်းများကို အပြီးသတ် အဆုံးအဖြတ်ပေးပြီးသည့် အချိန်တွင် သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းသာ လိုက်နာဆောင်ရွက်ရပေမည်။

မောင်ရှိုး နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ မောင်မြင့်သန်း ၆၁

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၆ အရ ရုံးပြောင်းလျှောက်ခြင်း— တရားခံအများရှိသည့်အနက် တစ်ဦးတည်းက ရုံးပြောင်း လျှောက်ထားခွင့်ရှိ/ မရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၆ အရ ရုံးပြောင်းလျှောက်ထားခြင်းကို တရားခံ အများစုက လျှောက်ထားရမည်ဟု ပြဋ္ဌာန်းချက် မရှိပေ။ တရားခံတစ်ဦးဦး၏ စိတ်၌ အမှုကို လက်ရှိ တရားရုံးတွင် ဆက်လက် စစ်ဆေးခြင်းဖြင့် တရားမျှတမှန်ကန်မှု ရလိမ့်မည်မဟုတ်ဟု လျော်ကန်သင့်မြတ်သော စိုးရိမ်မကင်းမှုမျိုး ဖြစ်ပေါ်ခဲ့ပါက ရုံးပြောင်း စစ်ဆေးခွင့် ပြုနိုင်ကြောင်း ပြဋ္ဌာန်းချက်သာ ရှိပေသည်။

စိဝါးဒါရ် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးမောဝ်ဟန် ၁၇

**စာမျက်နှာ**

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁—က) ကို ပြစ်မှုဆိုင်ရာ ဥပဒေအရ စွဲဆိုသည့် အမှု၌သာ သုံးခွင့်ရှိခြင်း— သမဝါယမမှုခင်းများ၌ သုံးခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁-က) ကို ပြစ်မှုဆိုင်ရာဥပဒေအရ စွဲဆိုသည့် အမှုများ၌သာ ကျင့်သုံးခွင့်ရှိသည်။ သမဝါယမမှုခင်းများနှင့် ပတ်သက်၍ သုံးစွဲခွင့်မရှိပေ။

ဦးကျော်တင့် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးစန်းလွင်　　၅

ပြစ်မှုဆိုင်ရာပြင်ဆင်မှုများ၌ အမှုသည်မလာရောက်သည်ကို အကြောင်းပြု၍ အမှုကို ပိတ်နိုင်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများကို ကြားနာစီရင်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေအခန်း (၃၁)တွင် ပြဋ္ဌာန်းထားရာ ပြစ်ဆင်မှုလျှောက်လွှာ တင်သွင်းသည့်ဘက်မှ ရုံးသို့ လာရောက်ရန် ပျက်ကွက်သည်ကို အကြောင်းပြု၍ ပြင်ဆင်မှုကို ပိတ်ထားနိုင်သည်ဟု ပြဋ္ဌာန်းချက်တစုံတရာ မရှိပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၄၀ ပါ ပြဋ္ဌာန်းချက်များအရ ဆိုလျှင် အဆိုပါပုဒ်မခြင်းချက်၌ အကျုံးဝင်သည့် ကိစ္စအတွက်မှတပါး အမှုသည်များ အနေဖြင့် သူတို့အား ကြားနာရန် အရေးဆိုခွင့်မရှိချေ။ မူလရုံး တစ်ရုံးရုံး၏ ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မှု ရှိမရှိ စိစစ်ရန်အလို့ငှာ ပြင်ဆင်မှုဖွင့်ခဲ့သည်ဖြစ်ရာ အမှုသည်များ ရုံးသို့လာရောက်ခြင်း မရှိသည့်တိုင်အောင် ပြင်ဆင်မှုရုံးသည် အမှုကို လိုအပ်သလို စိစစ်ပြီး အမိန့်ချမှတ်ရန် ဖြစ်ပေသည်။

ဒေါ်တင်ပါ (၆)ဦး နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဒေါ်ထွေးထွေး　　၂၆

စာမျက်နှာ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၅ အရ အရေးယူနိုင်ရန် ပြစ်ချက်ဟောင်း ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၁ နှင့်အညီ သက်သေ အထင်အရှား ပြသရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၁ ၌ တရားခံတစ်ဦးတွင် ယခင်က ပြစ်ချက်ဟောင်း ရှိ မရှိနှင့် စပ်လျဉ်း၍ မည်သို့ အထင်အရှားပြသရမည်ကို အတိအလင်း ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရ တရားရုံးတစ်ရုံးက တရားခံအပေါ် ယခင်ကချမှတ်ခဲ့သော အမိန့်၏ကောက်နုတ်ချက်မိတ္တူ၊ သို့မဟုတ် သက်ဆိုင်ရာ အကျဉ်းထောင် အရာရှိက လက်မှတ်ရေးထိုးထားသည့် သက်သေခံ လက်မှတ်၊ သို့မဟုတ် ပြစ်ဒဏ်ကျခံစေရန် ဝရမ်းစာ စသည်တို့ကို တရားစွဲဆိုသည့်ဘက်မှ တရားရုံးသို့ တင်ပြ၍ သက်သေထူရမည်ဖြစ်သည်။

မောင်စိုးမြင့် (ခ) ရာရှစ် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၉

သမ္မန်မှုကို ဝရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေးခြင်း— ထိုအမှုမျိုး၌ စွဲချက်ကို ပယ်ဖျက်ပေးရန် အကြောင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။သမ္မန်မှုကို ဝရမ်းမှုအဖြစ် စစ်ဆေးရုံမျှဖြင့် သမ္မန်မှုသည် ဝရမ်းမှုဖြစ်မလာနိုင်ပေ။

သမ္မန်မှုကို စစ်ဆေးရာတွင် တရားလိုနှင့် တရားခံ နှစ်ဘက်စလုံးကို စစ်ဆေးရမည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၄၄ တွင် ပြဋ္ဌာန်းထားသည်ဖြစ်ရာ အမှုတွင် ဦးမာမွတ်ဘက်ကို မလွဲမသွေ စစ်ဆေးရမည်ဖြစ်သည့်အလျောက် သူ့အပေါ်တင်ထားသည့် စွဲချက်ကို ပယ်ဖျက်ပေးရန်အကြောင်း မပေါ်ပေါက်ပေ။

ဦးမာမွတ်(ခ)ဦးမောင်ကြီး နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ၂။ ဦးဘထွန်း ၅၄

အယူခံတရားလို မလာသဖြင့် အယူခံမှုကို ပလပ်နိုင်ခြင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၂၁(၁)၏ ခြွင်းချက်ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အယူခံတရားလိုကို ဖြစ်စေ၊ သူ၏အကျိုးဆောင်ကို ဖြစ်စေ ကြားနာရန် အခွင့်အလမ်း မပေးပဲ အယူခံလွှာကို ပလပ်ခြင်းမပြုနိုင်ပေ။

ဦးသက်ထွေး ပါ(၃)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ၇၄

စွဲချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုတွင် စဉ်းစားရန်အချက်။

ဆုံးဖြတ်ချက်။ ။စွဲချက်ကို ပယ်ဖျက်ပေးရန်ဆိုလျှင် တရားလိုပြ သက်သေများ၏ထွက်ချက်တို့ကို ယုံကြည်လက်ခံစေဦးတော့၊ စွပ်စွဲခံရသူသည် မည်သူ့ပြစ်မှုမျိုးကိုမျှ ကျူးလွန်ခဲ့သည်ဟု မပေါ်လွင်ရန်လိုသည်။ အစွပ်စွဲခံရသူက ဖြေရှင်းရန် အချက်အလက်များ ပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရ ပေမည်။

မောင်ဉာဏ်ယွန်း ပါ(၅) ဦး နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ မအေးအေးသင်း ၂၂

တရားခံအပေါ် စွဲချက်တင်ထိုက် မတင်ထိုက် စဉ်းစားသော အချက်သည် ၎င်းအပေါ် အပြစ်ပေးထိုက် မပေးထိုက် စဉ်းစားသော အချက်နှင့် မတူခြင်း။

ဆုံးဖြတ်ချက်။ ။တရားခံတစ်ဦးအပေါ် စွဲချက်တင်ထိုက်မတင်ထိုက် စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက်မျိုးသည် တရားခံအား အပြစ်ပေးထိုက် မပေးထိုက် စဉ်းစားသည့်အခါ စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက်မျိုးနှင့် သဘောအားဖြင့် တူညီခြင်း မရှိပေ။ စွဲဆိုသည့် ပြစ်မှုကို တရားခံက ကျူးလွန်သည်ဟု ထင်မြင်ဖွယ်ရာရှိကြောင်း ညွှန်ပြသည့်သက်သေခံချက်များရှိပါက သူ့အပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည်သာဖြစ်ပေသည်။

ကိုဝေလွင် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးစောကျင်လီ ပါ (၄)ဦး ၆၇

**ရှေ့နေသည် မိမိကိုယ်တိုင်သက်သေအဖြစ်ပါဝင်ရမည့်အမှုတွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရန် မသင့်ခြင်း။**

ရန်ကုန်တိုင်းတရားရုံးက ဦးကြည်ဝင်းသန်းသည် မူလ ရုံးအမှုတွင် သက်သေအဖြစ် ပါဝင်အစစ်ခံထားသူဖြစ်သဖြင့် ပြင်ဆင်မှုတွင် ဥပဒေအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ရန် မသင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသည်။

**ဆုံးဖြတ်ချက်။** ။ရှေ့နေ တစ်ဦးသည် မိမိ ကိုယ်တိုင် သက်သေအဖြစ် ပါဝင်ရမည့်အမှုတွင် ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခြင်းမပြုပဲ နေသင့်သည်။ မိမိသည် အမှုတွင် သက်သေအဖြစ် ပါဝင်မည်ကို မသိ၍ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သော်ငြားလည်း နောင်အခါ၌ အမှုတွင် သက်သေအဖြစ် တဘက်မှ ပြရန်အကြောင်း ပေါ်ပေါက်လာပါက မိမိသည် ရှေ့နေအဖြစ် ဆက်လက်လိုက်ပါဆောင်ရွက်ရန် မသင့်တော့၍ အမှုမှနုတ်ထွက်သင့်သည်။

**ဦးကျော်ညွန့်** နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့် ၁

**ရုံးပြောင်းပေးရန် လျှောက်ထားရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၆ ပါပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ရုံးပြောင်းပေးရန် ပြည်နယ်တရားရုံး၌လျှောက်ထားရာတွင် မအောင်မြင်ပါက ဗဟို တရားရုံး၌ ထပ်မံ လျှောက်ထားရမည်။ ရုံးပြောင်း လျှောက်လွှာနှင့် အတူ ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အပိုဒ်ခွဲ (၄) အရ လိုအပ်သော ကတိ သစ္စာပြုလွှာ ပူးတွဲပါရှိရမည့်အပြင် ရုံးပြောင်းလျှောက်လွှာမိတ္တူတစ်စောင်ကို ပုဒ်မ ၅၂၆ အပိုဒ်ခွဲ(၆) အရ ဥပဒေရုံးသို့ ပေးပို့ရန်လည်း လိုပေသည်။ ဤအမှုတွင် လျှောက်ထားသူသည် ပုဒ်မ ၅၂၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် ရုံးပြောင်းပေးရန်နှင့်လျှောက်လွှာ

တင်သွင်းရမည့်အစား ပြင်ဆင်မှုလျှောက်လွှာကိုသာ တင်သွင်းခဲ့သည် ဖြစ်၍ ၎င်းပြင်ဆင်မှုကို လက်ခံ စဉ်းစားရန် အကြောင်း မပေါ် ပေါက်ချေ။

ဦးရဲမြင့် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဒေါ်ခင်ခင်ချော ၅၉

**သက်သေခံ ပစ္စည်းများ၊ စီမံခန့်ခွဲခြင်း –အထူးဥပဒေနှင့် ဒေသန္တရဥပဒေ တို့တွင် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ မည်သို့ စီမံခန့်ခွဲရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းချက်မရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်ကို လိုက်နာရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အထူးဥပဒေနှင့် ဒေသန္တရ ဥပဒေ တို့တွင် အတိ အလင်း သီးခြားပြဋ္ဌာန်းချက်များမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပါ ပြဋ္ဌာန်းချက် များကို လိုက်နာရမည်ဟူ၍ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁ ၌ ဖော်ပြထားသည်။ ရန်ကုန်ရဲအက်ဥပဒေမှာ ဒေသန္တရဥပဒေ ဖြစ်သည့်အလျောက် ဥပဒေတွင် ပြစ်မှုနှင့် စပ်လျဉ်းသည့် သက်သေခံ ပစ္စည်းများအပေါ် မည်ကဲ့သို့ အမိန့်ချမှတ်နိုင်ကြောင်း အတိအလင်း သီးခြားပြဋ္ဌာန်းချက်များ မပါရှိသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ အမှု စစ်ဆေးပြီးသည့် အခါ အမှုစစ်ဆေးသည့် တရားရုံးက သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်း ဖြင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်သို့ ပြန်လည် ပေးအပ်ခြင်းဖြင့် ဖြစ်စေ၊ အစိုးရ ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်းဖြင့် ဖြစ်စေ သင့်လျော်သည့် နည်းဖြင့် စီမံခန့်ခွဲကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ (၁) တွင် ဖော်ပြထားသည်။ သက်သေခံ ပစ္စည်းများကို အစိုးရဘဏ္ဍာ အဖြစ် သိမ်းဆည်းရန် ချမှတ်ခဲ့သည့်အမိန့်များမှာ ဥပဒေနှင့် ဆန့်ကျင် သည်ဟု မဆိုနိုင်ပေ။

၁။ ကိုလှမြင့် (ခ) ဘာဘူ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ကိုသက်တင် (ဦးအေး) ၆၄

စာမျက်နှာ

**သက်သေခံဥပဒေပုဒ်မ ၁၄၆ ပြဋ္ဌာန်းချက် သက်သေ၏ ထွက်ဆိုချက် မှန်မမှန် စမ်းသပ်ရန်လည်းကောင်း၊ ၎င်းအား ယုံကြည်နိုင်ခြင်းကို ယိမ်းယိုင်စေရန်လည်းကောင်းပြန်လှန်မေးမြန်းနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေ တစ်ဦးအား ပြန်လှန် စစ်ဆေးသည့် အခါ သူ၏ထွက်ဆိုချက်များ သည် မှန် မမှန် စမ်းသပ်နိုင်ရန်အလို့ငှာ လည်းကောင်း၊ သူ့ အား ယုံကြည် နိုင်ခြင်းကို ယိမ်း ယိုင် စေရန် အလို့ငှာ လည်းကောင်း မေးမြန်း နိုင်သည်ဟု သက်သေခံ ဥပဒေ ပုဒ်မ ၁၄၆ တွင် ပြဋ္ဌာန်း ထား သည်။ လျှောက်ထား ခံရသူ တို့ ဘက်မှ ဒေါ်အမာသည် ဦးကျော်ဇံ သေဆုံးပြီးနောက် ဦးကျော်ဇံ၏ အမည်ဖြင့် ကိုမြင့်စိုး ကိုစွကို ကြေညာခဲ့ခြင်း ရှိ မရှိ မေးမြန်း ခဲ့ခြင်း မှာ ဒေါ်အမာ၏ ထွက်ဆိုချက်မှန် မမှန် စိစစ်ရန် ရည်ရွယ် မေးမြန်း ရာ ရောက်သောကြောင့် ထိုမေးခွန်းသည် သက်သေခံဥပဒေပုဒ်မ ၁၄၆(၁)အရ လျှောက်ထားခံရသူဘက်မှ မေးမြန်းခွင့်ရှိသော မေးခွန်း ဖြစ်သည်ဟု ဆိုရပေမည်။

ဒေါ်အမာ နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးဘုန်းကျော်ပါ(၃) ၈၁

**ကျောင်းဝင်မှတ်ပုံတင် မှတ်တမ်းနှင့် အမျိုးသားမှတ်ပုံတင်တို့ရှိ အသက် နှင့် ဆရာဝန်၏ ဆေးစစ်ဆေးချက်အရ အသက်တို့ ကွဲပြားလျှင် သက်သေခံဥပဒေအရ မည်သို့ လိုက်နာရမည် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ကျောင်းဝင်မှတ်ပုံတင် မှတ်တမ်းနှင့် အမျိုးသား မှတ်ပုံတင်တို့မှာ သက်သေခံဥပဒေပုဒ်မ ၃၅ အရ သက်သေခံဝင်သော အများပြည်သူဆိုင်ရာ မှတ်တမ်းမှတ်ရာများ ဖြစ်ပေသည်။ ဆရာဝန် ၏ စစ်ဆေးချက်နှင့် တင်ပြချက်တို့မှာ အခြားလွတ်လပ်သော သက် သေခံအထောက်အထားများ ရှိမှသာ အထောက်အကူအဖြစ် အသုံး ပြုနိုင်သော သက်သေခံချက်သာ ဖြစ်ပေသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော် နှင့် မောင်အေးကို ၅၁

တရားရုံးကို မထီမဲ့မြင် ပြုလုပ်ခြင်းအတွက် အရေးယူခြင်း။ ။
ဗဟိုတရားစီရင်ရေးအဖွဲ့ ရုံးထိုင်ရာတွင် အမှုကို ခေါ်သည့်အခါ ရှေ့နေဦးလှထွန်းသည် ဗဟိုတရားစီရင်ရေးအဖွဲ့ ရုံးထိုင်သည့် ရုံးခန်းတွင်း၌ ရှိနေသော်လည်း လျှောက်လဲချက် မပေးသည့်အပြင် ၎င်းရောက်ရှိကြောင်းကိုလည်း မတင်ပြကြောင်း၊ နောက်တစ်မှုနှင့် စပ်လျဉ်း၍ ဦးလှထွန်းအား ကြားနာသည့်အခါ ၎င်းသည် ထိုအမှုနှင့် စပ်လျဉ်း၍ လျှောက်လဲချက်ပေးရန် အဘယ့်ကြောင့် ပျက်ကွက်ရသည်ကို ရှင်းလင်းခြင်းမပြုကြောင်း၊ ဦးလှထွန်း၏ အပြုအမူသည် တရားစီရင်ရေးအဖွဲ့အား မထီမဲ့မြင်ပြုရာ ရောက်သည်ဟု ယူဆရန် အကြောင်းပေါ်ပေါက်သဖြင့် ဦးလှထွန်းအပေါ် တရားရုံးများကို မထီမဲ့မြင်ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၃ အရ အရေးယူမှုဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ဦးလှထွန်းက သူသည် သဘောရိုးဖြင့် ပေါ့လျော့မိခဲ့ခြင်းဖြစ်ကြောင်း တင်ပြချက်မှာ ဟုတ်မှန်ခြင်းမရှိပဲ ဗဟိုတရားရုံးတော်အား မထီမဲ့မြင်ပြုကြောင်း ပေါ်လွင်ထင်ရှားသည်။

ဦးလှထွန်းသည် သူ၏အပြုအမူနှင့် စပ်လျဉ်း၍ အပြစ်ရှိကြောင်း ရိုးသားစွာ ဝန်ခံခြင်းမပြုပဲ သူ့တွင် အပြစ်မရှိကြောင်း သဘောသက်ရောက်သည့် လျှောက်လဲတင်ပြချက် ပြုသဖြင့် သူ၏ ဝန်ချတောင်းပန်ချက်သည် ခြွင်းချက်မရှိ အကြွင်းမဲ့ ဝန်ချတောင်းပန်ခြင်း မဟုတ်ကြောင်း တွေ့ရှိရ၍ သူ၏ ဝန်ချတောင်းပန်မှုကို လက်မခံနိုင်ပေ။

| | | | |
|---|---|---|---|
| ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်ရှ် | နှင့် | ဦးလှထွန်း | ၄၈ |

တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃—တရားရုံးက နှစ်ဘက်ကြားနာ၍ အဆုံးအဖြတ်ပေးမည့်ကိစ္စကို သတင်းစာမှကြော်ငြာခြင်းသည် တရားစီရင်ရေးလုပ်ငန်းကို အနှောင့်အယှက်ပြုရာရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။သတင်းစာတွင် ထည့်သွင်းခဲ့သော သတိပေးတားမြစ်ချက်ပါ အရေးအသားများသည် တရားရုံးက တစုံတရာ အဆုံးအဖြတ်မပေးရသေးမီ ကြိုတင်၍ ဆုံးဖြတ်ချက် ချမှတ်ထားသည့် သဘောသက်ရောက်သော စာသားများပါရှိသည်ကို တွေ့ရသည်။

တရားရုံးက နှစ်ဘက်ကြားနာ၍ အဆုံးအဖြတ်ပေးမည့် ကိစ္စကို ယခုကဲ့သို့ သတင်းစာမှ ကြော်ငြာခြင်းသည် တရားရုံး၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းကို အနှောင့်အယှက်ပြုရာ ရောက်သည်မှာ တင်ရှားသဖြင့် ဦးလှမြင့်သည် တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေပုဒ် ၃ ကို ကျူးလွန်ကြောင်း ပေါ်လွင်ပေသည်။

**၁။ သခင်အုန်းကျော်**

၂။ ဒေါ်သိန်းရှင် နှင့် ဦးလှမြင့် ၉၀

**၁၉၆၁ ခုနှစ်၊ ပြစ်မှု ကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ အရေးယူရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း။**

**ဆုံးဖြတ်ချက်။** ။တရားရုံးသည် တစ်ဦးတစ်ယောက်သော သူအား ကောင်းမွန်စွာ ကျင့်ကြံ နေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်ဆိုစေဟူသော အမိန့်ချမှတ်ရန်၊ သို့မဟုတ် ထိုသူအပေါ်တွင် ခြေချုပ်အမိန့်ချမှတ်ရန် လိုအပ်သည်ဟု ထင်မြင်လျှင် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၅ နှင့် ၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မည်သည့်အကြောင်းကြောင့် ယင်းသို့သော အမိန့်ကို မချမှတ်သင့်ကြောင်း အကြောင်းပြ ထုချေရန် ဆင့်ဆိုသော အမိန့်ကို ဦးစွာချမှတ်ရမည်ဖြစ်သည်။ ထိုသို့ အမိန့်ချမှတ်ပြီးနောက် လိုအပ်သလို အရေးယူ စုံစမ်းစစ်ဆေးမှုပြုပြီးမှသာ ပုဒ်မ ၁၁၊ သို့မဟုတ် ၁၂ အရ ခြေချုပ်အမိန့်၊ သို့မဟုတ် ခံဝန်ပေးရန် အမိန့်ကို ချမှတ်ရမည် ဖြစ်ပေသည်။

အနော်ရထာလီ(ခ) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
**ဦးမောင်စိန်** သမ္မတ မြန်မာနိုင်ငံတော် ၇၉

**၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ၌ ပြဋ္ဌာန်းချက်မပါရှိသော ကိစ္စရပ်များတွင် ဘိန်းအက်ဥပဒေအရ အရေးယူနိုင်ခြင်း ရှိမရှိ။**

ဘိန်းအက်ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ အရ ခံဝန်တောင်းဆိုရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည် ဖြစ်ခြင်း— ယင်းနည်းလမ်းများအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်မှု၏ အကျိုးဆက်။

**ဆုံးဖြတ်ချက်။** ။၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေပုဒ်မ ၇၅ ပြဋ္ဌာန်းချက်အရ တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ဘိန်းအက်ဥပဒေကို ဖျက်သိမ်းလိုက်ခြင်း မဟုတ်ပဲ ဥပဒေနှစ်မျိုးလုံးနှင့် အကျုံးဝင်သော ကိစ္စများ၌ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသွားကြောင်းကိုသာ ပြဋ္ဌာန်းထားခြင်း ဖြစ်သဖြင့် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ၌ ပြဋ္ဌာန်းချက်မပါရှိသော ကိစ္စရပ်များတွင် ဘိန်းအက်ဥပဒေအရ အရေးယူနိုင်ခွင့်ရှိကြောင်းမှာ ထင်ရှားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဘိန်းအက်ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ အရ ကောင်းစွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်တောင်းဆိုရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၀ နှင့် နောက်တွင် ပါရှိသည့် ပုဒ်မများ၌ ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်ရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၀ အရ အရေးယူ ဆောင်ရွက်ရာ၌ ထိုသို့ အရေးယူခြင်း ခံရသူအပေါ် ပုဒ်မ ၁၁၂ အရ ခံဝန်ပေးစေရန် ရှေးဦးအမိန့်ကို စာဖြင့် ရေးသားချမှတ်ရမည့်အပြင် ယင်းရှေးဦးအမိန့်ကို အတည်မပြုနိုင်မီ တရားရုံးက အရေးယူဆောင်ရွက်သော သတင်းချက် မှန်-မမှန်ကို ပုဒ်မ ၁၁၇ အရ စုံစမ်းစစ်ဆေးရန်လည်း လိုအပ်ပေသည်။ ကောင်းစွာ ကျင့်ကြံနေထိုင်ရန် ခံဝန်တောင်းဆိုမှုနှင့် ပတ်သက်လျှင် စုံစမ်းစစ်ဆေးမှုကို ဝရမ်းမှုများ ကြားနာစစ်ဆေးရာ၌ ကျင့်သုံးသည့် နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရပေမည်။ မူလတရားရုံးသည် မရွှေ့တင် (ခ)မရီအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၂ အရ လိုအပ်သော ရှေးဦးအမိန့်ကို မချမှတ်ခဲ့သည့်အပြင် မရွှေ့တင် (ခ) မရီကို

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ အရ လိုအပ်သော ခုခံချေပခွင့် မပေးခဲ့သည်ကိုလည်း တွေ့ရသည်။ ယင်းပျက်ကွက်မှုများသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ကုစားနိုင်သော ပျက်ကွက်မှုများ မဟုတ်သည့်အလျောက် အမှုတစ်ခုလုံးကို ထိခိုက် ပျက်ပြားစေကြောင်း တွေ့ရသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော် နှင့် မရွှေဒွတင်(ခ)မရီ ၄၃

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးမြကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ဦးကျော်ညွန့်

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

၂။ ဦးစိုးမြင့်*

† ၁၉၈၂ နိုဝင်ဘာလ ၅ ရက်

**ရှေ့နေသည် မိမိကိုယ်တိုင် သက်သေအဖြစ် ပါဝင်ရမည့် အမှုတွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရန် မသင့်ခြင်း**

ရန်ကုန်တိုင်း တရားရုံးက ဦးကြည်ဝင်းသန်းသည် မူလရုံးအမှုတွင် သက်သေအဖြစ် ပါဝင်အစစ်ခံထားသူ ဖြစ်သဖြင့် ပြင်ဆင်မှုတွင် ဥပဒေအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ရန် မသင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသည်။

**ဆုံးဖြတ်ချက်။** ။ရှေ့နေတဦးသည် မိမိကိုယ်တိုင် သက်သေအဖြစ် ပါဝင်ရမည့် အမှုတွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်း မပြုပဲ နေသင့်သည်။ မိမိသည် အမှုတွင် သက်သေအဖြစ် ပါဝင်မည်ကို မသိ၍ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့သော်ငြားလည်း နောင်အခါ၌ အမှုတွင် သက်သေအဖြစ် တဘက်မှ ပြရန် အကြောင်းပေါ်ပေါက်လာပါက မိမိသည် ရှေ့နေအဖြစ် ဆက်လက်လိုက်ပါဆောင်ရွက်ရန် မသင့်တော့၍ အမှုမှ နုတ်ထွက်သင့်သည်။

**လျှောက်ထားသူအတွက်။** ။ဦးကြည်ဝင်းသန်း၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်။** ။ဦးစံသာကျော်၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။
ဦးခင်မောင်ညွန့်(ဝါးခယ်မ) ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၄၁၃(ခ)။
၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၉၈တွင် ချမှတ်သော (၁၉-၈-၈၁)နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၉၇၂
ဦးကျော်ညွန့်နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့်

မြောက်ဥက္ကလာပမြို့နယ် တရားရုံး၊ ၁၉၇၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၃၀ တွင် ဦးကျော်ညွန့်က ဦးစိုးမြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ တိုက်ရိုက်လျှောက်ထား တရားစွဲဆိုရာ ဗဟိုတရားရုံးရှေ့နေ ဦးကြည်ဝင်းသန်းက တရားလို ဦးကျော်ညွန့်၏ ဥပဒေအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခဲ့သည်။ ထိုအမှုတွင် တရားခံ ဦးစိုးမြင့်က ဦးကြည်ဝင်းသန်းအား သက်သေပြုသဖြင့် မူလရုံးက ဦးကြည်ဝင်းသန်းအား တရားခံပြ သက်သေတဦးအဖြစ် စစ်ဆေးစဉ် တရားခံ ဦးစိုးမြင့်၏ ရှေ့နေက မေးမြန်းသော မေးခွန်းတခုကို မေးမြန်းခြင်းမပြုရန် တားမြစ်ကြောင်း မူလရုံး၏ အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ပယ်ဖျက်ပေးပါရန် ဦးစိုးမြင့်က ရန်ကုန်တိုင်းတရားရုံး ၁၉၇၁ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၉၀ ကို တင်သွင်းသည်။ ထိုပြင်ဆင်မှုတွင် လျှောက်ထားခံရသူ ဦးကျော်ညွန့်ဘက်မှ ဥပဒေအကျိုးဆောင်အဖြစ်လိုက်ပါဆောင်ရွက်ရန် ဦးကြည်ဝင်းသန်းက ကိုယ်စားလှယ်စာတင်သည်။ ရန်ကုန်တိုင်းတရားရုံးက ဦးကြည်ဝင်းသန်းသည် မူလရုံးအမှုတွင် သက်သေအဖြစ် ပါဝင်အစစ်ခံထားသူဖြစ်သဖြင့် ပြင်ဆင်မှုတွင် ဥပဒေအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ရန် မသင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ဦးကျော်ညွန့်က ထိုဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသည်။

ရှေ့နေတဦးသည် မိမိကိုယ်တိုင် သက်သေအဖြစ် ပါဝင်ရမည့် အမှုတွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းမပြုပဲ နေသင့်သည်။ မိမိသည် အမှုတွင် သက်သေအဖြစ်ပါဝင်မည်ကို မသိ၍ ရှေ့နေ အဖြစ် လိုက်ပါဆောင်ရွက်ခဲ့သော်ငြားလည်း နောင်အခါ၌ အမှုတွင် သက်သေအဖြစ် တဘက်မှပြရန် အကြောင်း ပေါ်ပေါက်လာပါက မိမိသည် ရှေ့နေအဖြစ် ဆက်လက်လိုက်ပါဆောင်ရွက်ရန် မသင့်တော့၍ အမှုမှ နုတ်ထွက်သင့်သည်။ ထိုအစဉ်အလာအရ ရန်ကုန်တိုင်း တရားရုံးက ပြင်ဆင်မှုတွင် ဦးကြည်ဝင်းသန်းအား တားမြစ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဦးကျော်ညွန့်လျှောက်ထားသည့် ပြင်ဆင်မှုကို ခွင့်ပြုရန် အကြောင်းမရှိသဖြင့် ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်ဟိန်းနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ဦးကျော်ထင်ပါ ၉-ဦး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

†၁၉၇၂
အောက်တိုဘာ
လ ၂၁ ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၄နှင့် ၂၂၂(၂)ပါ ပြဋ္ဌာန်းချက် ယင်းပုဒ်မများအရ(၁)နှစ်အတွင်းဖြစ်ပွားသော မှုခင်းများကိုသာ တမှုတည်းတွင် စုပေါင်းစွဲနိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၄-နှင့် ၂၂၂(၂)ပါ ပြဋ္ဌာန်းချက်များအရ (၁)နှစ်အတွင်း ဖြစ်ပွားသော မှုခင်းများကိုသာ တမှုတည်းတွင် စုပေါင်း စွဲဆိုနိုင်ခွင့် ရှိလေရာ ၁၉၇၄-၇၅ ခုနှစ်အတွင်းက ရေနံဆီ လျော့နည်းခဲ့သော ပြစ်မှုနှင့် ၁၉၇၅-၇၆ ခုနှစ်အတွင်း ဆေးခန်းမှ လိုငွေ ပေါ်ပေါက်ခဲ့သော ပြစ်မှုနှစ်ရပ်အတွက် တမှုစီ သီးခြားစွဲဆိုရမည်သာ ဖြစ်ပေသည်။

**လျှောက်ထားသူအတွက်။** ။ဦးထွန်းအောင် ဗဟိုတရားရုံး ရှေ့နေ။

**လျှောက်ထားခံရသူအတွက်။** ။ဦးဝင်းဖေ ဥပဒေဝန်ထမ်းအဆင့်(၁)။

ဗဟန်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၂၅၉/၇၉ တွင် ၁၉၇၀ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေနောက်ဆက်တွဲ ဇယား-၂-စာတိုင်(၅)အရ စွဲချက်တင်ခြင်းခံရသူ တရားခံ ဦးကျော်ထင်ပါ(၉)ဦးက မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၅၂/၈၀ တွင် လျှောက်ထားရာ မအောင် မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို တင်သွင်းသည်။

---

* ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု ၁၄၀ (ခ)

† ၁၉၈၀ ခုနှစ်။ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၅၂ တွင် ချမှတ်သော (၁၀-၁၂-၈၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

**၁၉၈၂ — ဦးကျော်ထင်ပါ(၉)ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်**

အမှုမှာ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် စားသုံးသူ သမဝါယမ အသင်းမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်ဟောင်းများ ဖြစ်ကြသော လျှောက်ထားသူ ဦးကျော်ထင်ပါ(၉)ဦးအပေါ် သူတို့ တာဝန်ထမ်းခဲ့သော ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်ကာလအတွင်း ရေနံဆီ ၅၀၀၈ ဂါလံအတွက် တန်ဖိုးငွေ ကျပ် ၁၃၈၇/၇၅ လျော့နည်းမှုနှင့် ဆေးခန်းမှလိုငွေ ကျပ် ၈၇၈/-ပေါ်ပေါက်ခဲ့သဖြင့် ထိုအမှုနှင့်ပတ်သက်၍ လျှောက်ထားသူများအား အရေးယူခဲ့ခြင်းဖြစ်သည်။

အမှုတွဲရှိ သက်သေခံချက်များအရ ၁-၁၀-၇၄မှ ၂၉-၃-၇၅ရက်နေ့အတွင်း ရေနံဆီ ၅၀၀၈ ဂါလံ လျော့နည်းခြင်းဖြစ်သော်လည်း ဆေးခန်းမှ လိုငွေ ကျပ် ၈၇၈/-မှာ ၁၉၇၅၊ ၇၆ ဘဏ္ဍာရေးနှစ်၌ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၄နှင့်၂၂၂(၂)ပါ ပြဋ္ဌာန်းချက်များအရ တနှစ်အတွင်း ဖြစ်ပွားသော မှုခင်းများကိုသာ တမှုတည်းတွင် စုပေါင်းစွဲဆိုနိုင်ခွင့် ရှိလေရာ ၁၉၇၄-၇၅ ခုနှစ်အတွင်းက ရေနံဆီ လျော့နည်းခဲ့သော ပြစ်မှုနှင့် ၁၉၇၅-၇၆ ခုနှစ်အတွင်း ဆေးခန်းမှလိုငွေ ပေါ်ပေါက်ခဲ့သော ပြစ်မှုနှစ်ရပ်အတွက် တမှုစီ သီးခြားစွဲဆိုရမည်သာ ဖြစ်ပေသည်။ သို့ပါလျက် ယင်းပြစ်မှုနှစ်ရပ်အတွက် ဤအမှု၌ တမှုတည်း ပူးပေါင်း စွဲဆိုခဲ့ခြင်းသည် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မညီ မှားယွင်းနေကြောင်း တွေ့ရသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးမှ စွဲချက်အမိန့်များကို ပယ်ဖျက်ပြီး မူလမြို့နယ် တရားရုံးသည် အဆိုပါ ပြစ်မှုနှစ်ရပ်ကို တမှုစီခွဲ၍ ဥပဒေနှင့်အညီ အစမှ ပြန်လည်စစ်ဆေးရန် ညွှန်ကြားလိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးခင်ဇာမုံ
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကျော်တင့်

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၂။ ဦးစန်းလွင် *

† ၁၉၈၂
စက်တင်ဘာလ
၂၇ ရက်

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁—က)ကို ပြစ်မှုဆိုင်ရာ ဥပဒေ အရ စွဲဆိုသည့် အမှု၌သာ သုံးခွင့်ရှိခြင်း၊ သမဝါယမ မှုခင်းများ၌ သုံးခွင့်မရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က)ကို ပြစ်မှုဆိုင်ရာ ဥပဒေအရ စွဲဆိုသည့် အမှုများ၌သာ ကျင့်သုံးခွင့်ရှိသည်။ သမဝါယမ မှုခင်းများနှင့် ပတ်သက်၍ သုံးစွဲခွင့်မရှိပေ။

လျှောက်ထားသူအတွက် — ဦးသာထွန်း ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးမောင်မောင်သန်း၊ ဥပဒေ ဝန်ထမ်းအဆင့်(၁)။

မြောက်ဥက္ကလာပမြို့နယ် တရားရုံး၊ ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုကြီး အမှတ် ၂၁ တွင် လျှောက်ထားသူ ဦးကျော်တင့်အား ၁၉၇၀ ပြည့်နှစ်၊ သမဝါယမအသင်း ဥပဒေ၊ နောက်ဆက်တွဲဇယား ၂၊ အပိုဒ်(၆)အရ ဒဏ်ငွေ ၄၀၀/-ပေးဆောင်ရန် ချမှတ်ခဲ့သော အမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံး၊ ၁၉၈၁ ခုနှစ်၊ ပြစ်မှုအယူခံမှုအမှတ် ၈၇ တွင် အယူခံရာ၌ မအောင်မြင်၍ ဗဟိုတရားရုံးတွင် ပြင်ဆင်မှုတင်သွင်းသည်။

---

* ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု ၃၉၀ (ခ)။

† ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈၇ တွင် ချမှတ်သော (၄-၅-၈၁) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၂
ဦးကျော်တင့်နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစန်းလွင်*

အမှုမှာ မြောက်ဥက္ကလာပ မြို့နယ် စျ/ရပ်ကွက် ရော စားသုံးသူ သမဝါယမအသင်းကို (၈-၈-၇၉)နေ့က မြို့နယ်လုပ်ငန်းစစ်ဆေးရေး အဖွဲ့မှ ဝင်ရောက်စစ်ဆေးသည်။ စစ်ဆေးချက် အစီရင်ခံစာ (သက်သေခံ-င)ကို ပြုစုတင်ပြရာ၌ လျှောက်ထားသူ ဦးကျော်တင့်သည် ဆိုင်တာဝန်ခံအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ကာလအတွင်း ကုန်ပစ္စည်း ရောင်းချ ကွာခြားငွေ ၁၁၉၀/၃၀ ပြား၊ ဆန်ပြည်ပိုအတွက် လျော့နည်းငွေ ကျပ် ၂၀၁၄/၉၀ ပြား၊ ကုန်ရောင်းလိုငွေကျပ် ၁၉၆၄/၇၂ ပြား၊ စုစုပေါင်း ငွေကျပ် ၅၁၆၉/၉၂ ပြား ကွာခြားကြောင်းပါရှိသည့်အတွက် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်အရ လျော့နည်းကွာခြားငွေကို ဦးကျော်တင့်အား ပေးလျော်စေပြီးနောက် အသင်းဥက္ကဋ္ဌ ဦးစန်းလွင်(လိုပြ-၁)က မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် တိုင်တန်းခဲ့သည်။

အမှုတွဲရှိ မှတ်တမ်းအရ လျှောက်ထားသူ ဦးကျော်တင့်သည် ယာယီဆိုင်တာဝန်ခံဖြစ်ကြောင်း၊ ငွေကိုင်လုပ်ငန်း နေ့စဉ် အရောင်းအဝယ်စာရင်းပြုစုသည့်လုပ်ငန်း၊လယ်ဂျာစာရင်းရေးဆွဲခြင်းလုပ်ငန်း၊အရောင်းစျေးသည်များသို့ ပစ္စည်းများ ထုတ်ပေးခြင်း လုပ်ငန်းကို ဆောင်ရွက်သူဖြစ်ကြောင်း တွေ့ရသည်။

ဒုစာရင်းရုံး ဦးစီးမှူး ဦးအောင်သန်း(လိုပြ-၂)သည် အသင်းဆိုင်စာရင်းကို စစ်ဆေးသောအဖွဲ့တွင် ပါဝင်သူတစ်ဦးဖြစ်ပြီး စာရင်းစစ်အစီရင်ခံစာ (သက်သေခံ-င)တွင် ဖော်ပြပါရှိသည့်အတိုင်း လျော့နည်းကွာခြားငွေမှာ ကျပ် ၅၁၆၉/၉၂ ပြားဖြစ်ကြောင်း ရုံးရှေ့၌ အစစ်ခံတင်ပြခဲ့သည်။

စာရင်းစစ် အစီရင်ခံစာ သက်သေခံ(င)စာတွဲတွင်ပါရှိသည့်စာရင်းဇယားမှာ လျှောက်ထားသူအား ရှင်းလင်းခွင့်ပေးပြီးမှ ပြုစုသည့်ဇယားဖြစ်ကြောင်း လျှောက်ထားသူကိုယ်တိုင်က ထွက်ဆိုထားသည်။ ထို့ကြောင့် လျော့နည်းကွာခြင်းခြင်း ကိစ္စကို တရားရုံးတွင် ပြေကျေအောင် ရှင်းလင်းပြရန် ၎င်း၌တာဝန်ရှိသည်။

လျှောက်ထားသူကဆန်လျော့နည်းခြင်းကိုအဓိကထားပြီးထုချေရှင်းလင်းခဲ့သည်။ကြွက်များဖျက်ဆီး၍ လျော့နည်းရသည်ဟု အကြောင်းပြသော်လည်းမည်မျှလျော့နည်းခဲ့ရသည်ဟု မဖြေရှင်းနိုင်ခဲ့ပေ။ထို့ကြောင့် လျှောက်ထားသူသည် ၎င်းအပေါ် ငြိစွန်းသည့် စွပ်စွဲချက်ကို ပျက်ပြယ်အောင် မချေဖျက်နိုင်ခဲ့ကြောင်း တင်ရှားသည်။ သို့ဖြစ်၍ မူလရုံးမှ

လျှောက်ထားသူအပေါ် သမဝါယမအသင်း ဥပဒေ နောက်ဆက်တွဲ ဇယား ၂၊ အပိုဒ်-၆ အရ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ မှန်ကန်ပေသည်။

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈၇ တွင် မြောက်ဥက္ကလာပမြို့နယ် တရားရုံးမှ ချမှတ်သော ငွေဒဏ် အမိန့်ကို ပယ်ဖျက်ကာ ၎င်းအစား လျှောက်ထားသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁-က)အရ ဆိုဆုံးမ၍ လွှတ်သည်ဟူသော အမိန့်မှာ ဥပဒေနှင့် မကိုက်ညီကြောင်း တွေ့ရသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁—က)ကို ပြစ်မှုဆိုင်ရာ ဥပဒေအရ စွဲဆိုသည့်အမှုများ၌သာ ကျင့်သုံးခွင့်ရှိသည်။ သမဝါယမ မှုခင်းများနှင့် ပတ်သက်၍ သုံးစွဲခွင့်မရှိပေ။ ထို့ကြောင့် ရန်ကုန်တိုင်း တရားရုံး ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈၇ တွင် လျှောက်ထားသူအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁—က) အရ ဆိုဆုံးမ၍ လွှတ်သည်ဟု (၄-၅-၈၁)နေ့က ချမှတ်သော အမိန့်ကို ပယ်ဖျက်လိုက်သည်။

မြောက်ဥက္ကလာပမြို့နယ် တရားရုံးမှ ချမှတ်သော ငွေဒဏ် ၄၀၀/- အမိန့်ကို ပြန်လည်အတည်ပြုကြောင်း ပြင်ဆင်အမိန့် ချမှတ်ပြီး ဦးကျော်တင့် ၏ လျှောက်လွှာကို ပယ်လိုက်သည်။

---

၁၉၈၂
ဦးကျော်တင့်
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးစန်းလွင်

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇော်မှုနှင့် ဦးမြကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၂ ဇူလိုင်လ ၁ ရက်

မခင်စိန်ဝင်း

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

၂။ ဦးသန်းမောင် *

**အမှုဆိုင်များ အငြင်းပွားသည့် ကိစ္စသည် တရားမကြောင်းအရ ဖြေရှင်းရမည့်ကိစ္စဖြစ်၍ ယင်းကိစ္စအတွက် ရပ်ကွက် ပြည်သူ့ကောင်စီက တစုံတရာ အမိန့်ထုတ်ခွင့်မရှိခြင်း—ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈-အရ အရေးယူရန်မှာ ဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်ကို ဖီဆန်ရန် လိုခြင်း—**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အရေးယူရန်မှာ ဥပဒေနှင့်အညီ ထုတ်ပြန်ကြေငြာရန် အာဏာရရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေငြာသောအမိန့်ကို ဖီဆန်ခြင်း ရှိရမည့်အပြင် ထိုသို့ဖီဆန်ခြင်းအားဖြင့် ဥပဒေနှင့်အညီ စေခိုင်းခြင်းခံရသူကို ဟန့်တားခြင်းသော်လည်းကောင်း၊ စိတ်ငြိုငြင်စေခြင်း သော်လည်းကောင်း၊ နစ်နာစေခြင်း သော်လည်းကောင်း ဖြစ်စေရန် လိုအပ်ပေသည်။

**ယခုအမှုတွင်** အမှုဆိုင် ဖြစ်သည်ဆိုသော အိမ်နှင့် ပတ်သက်၍ အမှုဆိုင်ဆိုသူတဦး၏ တိုင်ကြားချက်အရ ရပ်ကွက် ပြည်သူ့ကောင်စီအနေဖြင့် ပစ္စည်းလက်ရှိဖြစ်သူတဦးအား အိမ်ပေါ်သို့ အိမ်ငှားမတင်ရန် တားမြစ်နိုင်သည့် လုပ်ပိုင်ခွင့်မရှိပေ။ အမှုကိစ္စနှင့် ပတ်သက်၍ အမှုဆိုင်အချင်းချင်း အငြင်းပွားသည့် ကိစ္စရပ်များမှာ တရားမကြောင်းအရ ဖြေရှင်းရမည့်ကိစ္စမျိုးသာ ဖြစ်သဖြင့် ရပ်ကွက် ပြည်သူ့ ကောင်စီအနေဖြင့် အမှုကိစ္စနှင့်ပတ်သက်၍ အမိန့်ထုတ်ပြန်ခွင့် တစုံတရာမရှိပေ၊

---

* ၁၉၈၁-ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၁၃၉။

† တွံတေးမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၁၁/၈၁ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

၁၉၈၂
မခင်စိန်ဝင်း
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးသန်းမောင်

ထို့ကြောင့် ရပ်ကွက်ပြည်သူ့ကောင်စီက ဒေါ်ခင်စိန်ဝင်းထံသို့ ပေးပို့သည့် တားမြစ် အမိန့်စာမှာ ဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်ဟု မဆိုနိုင်ပေ။ ယင်းကဲ့သို့ ဥပဒေနှင့်အညီ ထုတ်ပြန်ခြင်း မဟုတ်သည့် အမိန့်ကို မလိုက်နာသည့်အတွက် ဒေါ်ခင်စိန်ဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူနိုင်မည် မဟုတ်ပေ။ တံ့တေးမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၇၁၁/၈၁ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်လိုက်သည်။

**လျှောက်ထားသူအတွက်။** ။ဦးကျော်မြင့်၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်။** ။ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်းအဆင့်(၁)

တံ့တေးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၁၁/၈၁ တွင် မခင်စိန်ဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ စစ်ဆေးကြားနာလျက်ရှိသည်။ မခင်စိန်ဝင်းက သူ့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အရေးယူစစ်ဆေးခြင်းကို မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၁၁/၈၁ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် ဗဟိုတရားရုံးသို့ လျှောက်ထားသော အမှုဖြစ်သည်။

တံ့တေးမြို့၊ အုန်းပင်စုရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ် (၁၄) နေ မခင်စိန်ဝင်းက သူလက်ရှိနေထိုင်လျက်ရှိသော အိမ်၌ အိမ်ငှားတဦးထားရှိရန် စီစဉ်လျက်ရှိသည်။ ထိုစဉ်တွင် အမွေဆိုင်တဦးဆိုသူ ဒေါ်လှတင့်က တိုင်ကြားချက်အရ ရပ်ကွက်ကောင်စီဥက္ကဋ္ဌ ဦးသန်းမောင်က မခင်စိန်ဝင်းအား အိမ်ပေါ်သို့ အိမ်ငှားမတင်ရန် တားမြစ်ခဲ့သည်။ မခင်စိန်ဝင်းက ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ၏ တားမြစ်ချက်ကို မနာခံပဲ အိမ်ပေါ်သို့ အိမ်ငှားကို တင်ခဲ့ခြင်းနှင့်ပတ်သက်၍ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းမောင်က မခင်စိန်ဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ ဦးတိုက်လျှောက်ထား စွဲဆိုသောအမှုဖြစ်သည်။

လျှောက်ထားသူ ဒေါ်ခင်စိန်ဝင်းက ဤအမှုနှင့်ပတ်သက်၍တင်ပြရာတွင် သူ လက်ရှိနေထိုင်သောအိမ်မှာ အမွေဆိုင်အိမ် ဖြစ်သဖြင့် သူက အိမ်ပေါ်၌ အိမ်ငှားတင်သည်ကို တားမြစ်ပေးရန် အမွေဆိုင် ဆိုသူ ဒေါ်လှတင့်၏ တိုင်ကြားချက်အရ ရပ်ကွက်ကောင်စီဥက္ကဋ္ဌက တားမြစ်ခြင်းသာ ဖြစ်ကြောင်း၊ ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌက ဖြစ်စေ၊ ရပ်ကွက်ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ကဖြစ်စေ မရွှေ့မပြောင်း နိုင်သော

၁၉၇၂ မခင်စိန်ဝင်း နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးသန်းမောင်

ပစ္စည်း နှင့်စပ်လျဉ်း၍ အငြင်းပွားသည့်ကိစ္စတွင် အမိန့်တစုံတရာ ထုတ်ပိုင်ခွင့်မရှိကြောင်း၊ ရပ်ကွက် ကောင်စီ ဥက္ကဋ္ဌဦးသန်းမောင်သည် ယင်းကဲ့သို့ အမိန့်ထုတ်ပိုင်ခွင့် ရှိသူမဟုတ်သဖြင့် အချင်းဖြစ် တားမြစ်စာအမိန့်မှာ နည်းလမ်းတကျ အမိန့်ထုတ်ပြန်ပိုင်ခွင့်ရှိသူက ထုတ်ပြန်သည့် အမိန့်စာ မဟုတ်ကြောင်း၊ သူက အချင်းဖြစ်တားမြစ်မိန့်ကို မနာခံသဖြင့် ယင်းတားမြစ်စာကို ပေးပို့သူ ကောင်စီဥက္ကဋ္ဌအား ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ နစ်နာစေခြင်းဖြစ်ရန် အကြောင်းမရှိကြောင်း၊ သူက ယင်းတားမြစ်အမိန့်ကို မနာခံသဖြင့် အများပြည်သူတို့၏ လုံခြုံရေးနှင့် ကျန်းမာရေး ထိခိုက်ရန် အကြောင်းမရှိကြောင်း၊ ရုန်းရင်းဆန်ခတ်မှု၊ သတ်ပုတ်နှောင့်ယှက်မှု တစုံတရာဖြစ်စေရန် အကြောင်းမရှိကြောင်း တင်ပြသည်။

မှုလ ရုံးအမှုတွဲကို လေ့လာ ကြည့်ရှုသောအခါ ဒေါ်ခင်စိန်ဝင်း လက်ရှိနေထိုင်သော အချင်းဖြစ်အိမ်သည် အမွေဆိုင်အိမ် ဖြစ်သည်ဟု ဆိုကာ အမွေဆိုင်တဦးဆိုသူ ဒေါ်လှတင့်၏တိုင်ကြားချက်အရ ရပ်ကွက်ကောင်စီဥက္ကဋ္ဌ ဦးသန်းမောင်က အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ရယူ၍ ဒေါ်ခင်စိန်ဝင်းအားအိမ်ပေါ်သို့ အိမ်ငှားမတင်ရန် တားမြစ်စာ (၂)ကြိမ်ပေးပို့ပေးခဲ့ကြောင်း အငြင်းမပွားပေ။ သို့ဖြစ်ရာ အမွေဆိုင်ပစ္စည်းဖြစ်သည်ဆိုသောအိမ်နှင့်စပ်လျဉ်း၍ အမွေဆိုင်တဦးဆိုသူ၏ တိုင်ကြားချက်အရ ပစ္စည်းလက်ရှိဖြစ်သူ ဒေါ်ခင်စိန်ဝင်းအား အိမ်ပေါ်သို့ အိမ်ငှားမတင်ရန် ရပ်ကွက်ကောင်စီမှ တားမြစ်ခဲ့သည်ကို ဒေါ်ခင်စိန်ဝင်းက မနာခံပဲ အိမ်ပေါ်သို့ အိမ်ငှားတင်သည့်ကိစ္စ ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

"ပြုလုပ်မှုတခုခုကို ပြုခြင်းမှ ရှောင်ကြဉ်ရမည်ဟု သော် လည်းကောင်း၊ မိမိလက်ရှိပစ္စည်းနှင့် သို့တည်းမဟုတ် မိမိ စီမံခန့်ခွဲရသော ပစ္စည်းနှင့် စပ်လျဉ်း၍ အမိန့်အတိုင်း တခုခုပြုလုပ်ထားရမည်ဟု သော်လည်းကောင်း ဥပဒေနှင့်အညီ ထုတ်ပြန်ကြေငြာရန် အာဏာရရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေငြာသောအမိန့်ကိုသိလျက်နှင့် မည်သူမဆို ထိုအမိန့်ကို ဖီဆန်လျှင် ထိုသူအား အကယ်၍ ထိုသို့ဖီဆန်ခြင်းသည် ဥပဒေနှင့်အညီ စေခိုင်းခြင်းခံရသောသူကို (က) ဟန့်တားခြင်းသော်လည်းကောင်း၊ စိတ်ငြိုငြင်စေခြင်းသော် လည်းကောင်း၊

နစ်နာစေခြင်းသော်လည်းကောင်း ဖြစ်သော်၊ သို့တည်းမဟုတ် ဖြစ်စေတတ်သော သို့တည်းမဟုတ် (ခ) ဟန့်တားခြင်း သော် လည်းကောင်း၊ စိတ်ငြိုငြင်စေခြင်းသော်လည်းကောင်း၊ နစ်နာစေခြင်းသော်လည်းကောင်း ဖြစ်မည့်အန္တရာယ်ကို ဖြစ်စေသော်၊ သို့တည်း မဟုတ် ဖြစ်စေတတ်သော် တလထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၁၉၈၂ မခင်စိန်ဝင်း နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးသန်းမောင်

ထို့ပြင် အကယ်၍ ထိုသို့ဖီဆန်ခြင်းသည် လူနာ အသက်ကို သော်လည်းကောင်း၊ ကျန်းမာရေးကိုသော်လည်းကောင်း၊ လုံခြုံရေးကို သော်လည်းကောင်း ဘေးဖြစ်စေသော်၊ သို့တည်းမဟုတ် ဘေးဖြစ်စေတတ်သော်၊ သို့တည်းမဟုတ် ရုန်းရင်း ဆန်ခတ်မှုကို သော်လည်းကောင်း၊ သတ်ပုတ်နှောင့်ယှက်မှုကိုသော်လည်းကောင်း ဖြစ်စေသော်၊ သို့တည်းမဟုတ် ဖြစ်စေတတ်သော် ခြောက်လထိ ထောင်ဒဏ်တမျိုးမျိုး ဖြစ်စေ၊ တစ်ထောင်ထိငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်”။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အရေးယူရန်မှာ ဥပဒေနှင့် အညီထုတ်ပြန်ကြေငြာရန် အာဏာရရှိသော ပြည်သူ့ဝန်ထမ်းက ထုတ်ပြန် ကြေငြာသောအမိန့်ကို ဖီဆန်ခြင်းရှိရမည့်အပြင် ထိုသို့ဖီဆန်ခြင်း အားဖြင့် ဥပဒေနှင့်အညီ စေခိုင်းခြင်း ခံရသူကို ဟန့်တားခြင်း သော်လည်းကောင်း၊ စိတ်ငြိုငြင်စေခြင်းသော်လည်းကောင်း၊ နစ်နာ စေခြင်းသော်လည်းကောင်း ဖြစ်စေရန် လိုအပ်ပေသည်။

ယခုအမှုတွင် အမွေဆိုင်ဖြစ်သည်ဆိုသောအိမ်နှင့်ပတ်သက်၍ အမွေ ဆိုင်ဆိုသူ တဦး၏ တိုင်ကြားချက်အရ ရပ်ကွက်ပြည်သူ့ကောင်စီအနေ ဖြင့် ပစ္စည်းလက်ရှိဖြစ်သူတဦးအား အိမ်ပေါ်သို့ အိမ်ငှား မတင်ရန် တားမြစ်နိုင်သည့် လုပ်ပိုင်ခွင့်မရှိပေ။ အမွေကိစ္စနှင့်ပတ်သက်၍ အမွေ ဆိုင် အချင်းချင်း အငြင်းပွားသည့် ကိစ္စရပ်များမှာ တရားမကြောင်း အရ ဖြေရှင်းရမည့် ကိစ္စမျှသာဖြစ်သဖြင့် ရပ်ကွက် ပြည်သူ့ကောင်စီ အနေဖြင့် အမွေကိစ္စနှင့်ပတ်သက်၍ အမိန့်ထုတ်ပြန်ခွင့် တစုံတရာ မရှိ ပေ။ ထို့ကြောင့် ရပ်ကွက်ပြည်သူ့ကောင်စီက ဒေါ်ခင်စိန်ဝင်းထံသို့ ပေးပို့သည့် တားမြစ်အမိန့်စာမှာ ဥပဒေနှင့်အညီထုတ်ပြန်သော အမိန့် ဟု မဆိုနိုင်ပေ။ ယင်းကဲ့သို့ ဥပဒေနှင့်အညီ ထုတ်ပြန်ခြင်းမဟုတ်သည့်

အမိန့်ကို မလိုက်နာသည့်အတွက် ဒေါ်ခင်စိန်ဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အရေးယူနိုင်မည် မဟုတ်ပေ။

၁၉၈၂
မခင်စိန်ဝင်း
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးသန်းမောင်

အထက်ပါအချက်အလက်များအရ ဒေါ်ခင်စိန်ဝင်း၏ လျှောက်လွှာကို ခွင့်ပြု၍ တွံတေးမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၇၁၁/၈၁ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁–က အရ ချေဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှသုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့်
ဦးအေးမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးခင်မောင်ပါ(၂)ဦး

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*
၂။ ဦးညိမ်း။

† ၁၉၈၂
ဖေဖော်ဝါရီ
၁၉ ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ရှင်းလင်းချက်အရ ခိုးရာပါပစ္စည်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူ ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့ထံမှ သိမ်းယူ၍ တရားရုံး၌တင်ပြခဲ့သော သက်သေခံ ရွှေများသည် ခိုးပြတိုက်ရာပါ ပစ္စည်းများသော်လည်းကောင်း၊ ယင်းပစ္စည်းများနှင့် လဲလှယ်ထားသော ပစ္စည်းများသော်လည်းကောင်း မဟုတ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ရှင်းလင်းချက်အရ ခိုးရာပါပစ္စည်းဟု ကောက်ယူရန်မသင့်ပေ။ ယင်းပစ္စည်းများသည် တိုက်ရာပါပစ္စည်းများအတွက် အစားထိုးပေးထားသော ရွှေဖြစ်ကြောင်းသာ ပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အရ ပစ္စည်းသိမ်းယူခြင်းခံရသူသို့သာ ပြန်လည်ပေးသင့်ပေသည်။

**လျှောက်ထားသူအတွက်။** ။ဦးချန်ထွန်းအောင်၊ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်။** ။ဦးခင်မောင်ဦး၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။

မော်လမြိုင်ကျွန်း မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၆၃/၇၆ တွင် ခိုးပြတိုက်မှုဖြင့် တရားခံများအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ ပြစ်မှုထင်ရှားစီရင်ပြီးနောက် ဦးအုန်းမောင်

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၂၅ (ခ)
† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၇ တွင် ချမှတ်သော (၂-၁၁-၇၉) နေ့စွဲပါ ရောဂဘီတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

ထံမှ သိမ်းယူထားသော သက်သေခံရွှေတုံးမှ ပန်းလုံး ကြယ်သီး အတွက်(၂)ကျပ်သား၊ အမ်စီဆွဲကြိုးတကုံးအတွက် (၁)ကျပ်ခွဲသားကို ခေါးပြတိုက်ခံရသူ ဦးညိမ်းသို့ပေး၍ ကျန်ရွှေများကို ပစ္စည်း သိမ်းယူခြင်းခံရသူ ဦးအုန်းမောင်သို့ ပြန်ပေးရန်လည်းကောင်း၊ ဦးခင်မောင်ထံမှ သိမ်းယူထားသော သက်သေခံရွှေတုံးမှ ဆွဲကြိုးတကုံး အတွက် (၂)ကျပ် (၈)ပဲသား ဖဲပွင့်လက်စွပ်အတွက် (၇) ပဲသားကို ခေါးပြတိုက်ခံရသူ ဦးညိမ်းသို့ပေး၍ ကျန်သောရွှေများကို ပစ္စည်းသိမ်းယူခြင်းခံရသူ ဦးခင်မောင်သို့ ပြန်ပေးရန်လည်းကောင်း အမိန့် ချမှတ်ခဲ့သည် သက်သေခံပစ္စည်းနှင့်ပတ်သက်သော အဆိုပါအမိန့်ကို ပစ္စည်းသိမ်းယူခြင်းခံရသူ ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့က မကျေနပ်၍ ရောဝတီတိုင်းတရားရုံး၌ အမှုအမှတ် ၁၆၇/၇၉ အရ ပြင်ဆင်မှု တင်သွင်းရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို ထပ်မံတင်သွင်းသည်။

၁၉၈၂ ဦးခင်မောင် ပါ ၂ ဦးနှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးညိမ်း

လျှောက်ထားသူများတင်ပြထားသော အဓိက အကြောင်းပြချက်များမှာ မိမိတို့ထံမှသိမ်းယူသွားသော ရွှေထည်ပစ္စည်းများသည် ခေါးပြအတိုက်ခံရသည့် ပစ္စည်းများမဟုတ်ကြောင်း၊ အမှုတွဲရှိ သက်သေခံချက်များအရ ထင်ရှားပါလျက် ခေါးပြ အတိုက်ခံရသူ တရားလို ဦးညိမ်းအား ရွှေအချို့ ပြန်ပေးခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသဖြင့် မှားယွင်းသည်ဟူ၍ ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ၏ ရှင်းလင်းချက်တွင် ခိုးရာပါ ပစ္စည်းဆိုသည်မှာ မူလပစ္စည်းသော်လည်းကောင်း၊ မူလပစ္စည်းမှ ပြောင်းလဲထားသော၊ သို့တည်းမဟုတ် လဲလှယ်ထားသောပစ္စည်းသော်လည်းကောင်း ပါဝင်သည်ဟု ပြဆိုထားသဖြင့် လျှောက်ထားသူ ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့ထံမှ သိမ်းယူ၍ တရားရုံး၌ တင်ပြထားသော သက်သေခံရွှေတုံးများသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ ရှင်းလင်းချက်အရ ခိုးရာပါ ပစ္စည်း ဟူသော စကားရပ်တွင် အကျုံးဝင်ခြင်း ရှိမရှိ သုံးသပ်ရန် လိုပေသည်။

အမှုတွဲရှိ သက်သေခံချက်များအရ မူလရုံး တရားခံ မောင်သန်းချောင်း၊ မောင်လှခိုင်နှင့် မောင်စိန်သွင်တို့က မိမိတို့ ခေါးပြတိုက်၍ ရရှိသော ရွှေထည်ပစ္စည်းများကို ရွှေကုန်သည် ဦးသိန်းအောင်ထံ သွား

၁၉၈၂
ဦးခင်မောင်
ပါ ၂ ဦး
နှင့်
၈။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးစိုးမြင့်

ရောက် ရောင်းခိုင်းရာ ဦးသိန်းအောင်မှ ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့ထံ ရွှေထည်ပစ္စည်းများ ရောင်းပေးလိုက်ကြောင်း ပေါ်ပေါက်သည့်အပြင် ထိုပစ္စည်းများဝယ်ယူခြင်းကို လျှောက်ထားသူ ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့ကလည်း မငြင်းကွယ်ပေ။ သူတို့က ပန်းထိမ်ဆရာ ဦးသိန်းအောင် လာရောင်းသဖြင့် ကာလ ပေါက်ဈေးအရ တန်ရာတန်ကြေးပေး၍ ဝယ်ယူခဲ့ပြီးနောက် ထိုပစ္စည်းများကို တဆင့်ပြန်ရောင်းချလိုက်ပြီးဖြစ်ကြောင်း ထိုပစ္စည်းများကို ရဲအဖွဲ့မှ လာရောက်သိမ်းယူစဉ်က လျှောက်ထားသူများထံတွင် မရှိတော့၍ မပေးအပ်နိုင်ကြောင်း ပြောသော်လည်း ခြိမ်းခြောက်တောင်းဆိုသဖြင့် နောက် ရက်ချိန်းများတွင် အခြားရွှေကို အစားထိုး၍ အလီလီ ပေးအပ်လိုက်ရကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

ဦးခင်မောင်ထံမှ ရွှေကိုသိမ်းယူစဉ်က သက်သေလူကြီးအဖြစ်ပါဝင်ခဲ့သူ ဦးတင်ဝင်း(လိုပြ-၂၃)က ဦးခင်မောင်က ရွှေမပေးနိုင်၍ အဖမ်းခံမည်ဖြစ်ကြောင်း ပြောသဖြင့် မိမိကပင် ရွှေအစားထိုးပေးလိုက်ရန်နှင့် တရားရုံး၌သာ ဖြေရှင်းရန် ဝင်ရောက် ပြောဆိုရကြောင်း၊ သိမ်းယူခဲ့သောရွှေများမှာ တိုက်ရာပါ ပစ္စည်းများမဟုတ်၊ ဦးခင်မောင်က ဝယ်ပေးလိုက်ရသော ပစ္စည်းများ ဖြစ်ကြောင်း ထွက်ဆိုပြီး မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးတင်မြင့် (လိုပြ-၁၅) ကလည်း ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့ထံမှ သိမ်းယူခဲ့သော ရွှေများသည် ခေးပြတိုက်ရာပါပစ္စည်းများ မဟုတ်ကြောင်း၊ခေးပြတိုက်စဉ်က ပါသွားသော ရွှေချိန်နှင့် သိမ်းဆည်းခဲ့သောရွှေမှာ . မကိုက်သဖြင့် ဦးအုန်းမောင်ထံမှ ကြံဆစ်လက်ကောက်တဘက်နှင့် (၈)ပဲ (၁) ရွေးတခြမ်းလျော့ရှိ ရွှေခဲတခဲကို ထပ်မံသိမ်းဆည်းခဲ့ရကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

ဦးသိန်းအောင် (လိုပြ-၇)ကလည်း ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့ထံမှ သိမ်းယူသွားသောရွှေများမှာ ခေးပြတိုက်ရာပါပစ္စည်းမဟုတ်ပဲ အစားထိုးပေးထားသော ရွှေများဖြစ်ကြောင်း ထောက်ခံထွက်ဆိုထားပေသည်။ သက်သေခံ အမှတ် (ဠ)၊(တ) (ဒ)၊(ဓ)နှင့် (အ) အစရှိသော ရှာဖွေပုံစံများအရလည်း ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့ထံမှ ရွှေများကို ၁-၇-၇၆ ရက်နေ့နှင့် ၁၆-၇-၇၆ ရက်နေ့များတွင် ရဲအရာရှိများက အလီလီသိမ်းယူခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ထို့ကြောင့် လျှောက်ထားသူ ဦးခင်မောင်နှင့် ဦးအုန်းမောင်တို့ထံမှ

သိမ်းယူ၍ တရားရုံး၌တင်ပြခဲ့သော သက်သေခံ ရွှေများသည် မားပြ တိုက်ရာပါ ပစ္စည်းများသော် လည်းကောင်း၊ ယင်းပစ္စည်းများနှင့် လဲလှယ်ထားသောပစ္စည်းများသော်လည်းကောင်း မဟုတ်သဖြင့် ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ရှင်းလင်းချက်အရ ခိုးရာပါပစ္စည်း ဟု ကောက်ယူရန် မသင့်ပေ။ ယင်းပစ္စည်းများသည် တိုက်ရာပါပစ္စည်း များအတွက် အစားထိုးပေးထားသော ရွှေဖြစ်ကြောင်းသာ ပေါ် ပေါက်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ပစ္စည်း သိမ်းယူခြင်းခံရသူကိုသာ ပြန်လည်ပေးသင့်ပေသည်။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို ခွင့်ပြု၍ သက်သေခံပစ္စည်းနှင့် ပတ်သက် သော မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏အမိန့်များကို ပယ်ဖျက်ပြီး ဦးအုန်းမောင်ထံမှ သိမ်းယူထားသော ရွှေများကို ဦးအုန်းမောင်အား လည်းကောင်း၊ ဦးခင်မောင်ထံမှ သိမ်းယူထားသော ရွှေများအနက် မားပြတိုက်ရာပါပစ္စည်းအဖြစ် ဦးညိမ်းက ဆွဲပြနိုင်ခဲ့သော ဖဲပွင့်လက်စွပ် တကွင်းမှအပ ကျန်သောရွှေများကို ဦးခင်မောင်အား လည်းကောင်း၊ ဖဲပွင့်လက်စွပ်ကို ဦးညိမ်းအားလည်းကောင်း ပြန်ပေးစေရန် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

၁၉၈၂
ဦးခင်မောင် ပါ ဦး နှင့် ။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ။ ဦးစိုးမြင့်

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးကာင်အောင်နှင့် ဦးတင်အောင်ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

စိုဝါးဒါရ်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးမောင်ဟန်*

† ၁၉၈၂
ဇူလိုင်
၂၃ ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ ရုံးပြောင်း လျှောက်ခြင်း—တရားခံအများ ရှိသည့်အနက် တဦးတည်းက ရုံးပြောင်းလျှောက်ထားခွင့် ရှိ/မရှိ။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ **ရုံးပြောင်း** လျှောက်ထားခြင်းကို တရားခံအများစုက လျှောက်ထားရမည်ဟု ပြဋ္ဌာန်းချက် မရှိပေ။ တရားခံတဦးဦး၏ စိတ်၌ အမှုကို လက်ရှိတရား**ရုံး**တွင် ဆက်လက်**စစ်**ဆေးခြင်းဖြင့် တရားမျှတ မှန်ကန်မှု ရလိမ့်မည်မဟုတ်ဟု လျော်ကန်သင့်မြတ်သော စိုးရိမ်မကင်းမှုမျိုး ဖြစ်ပေါ်ခဲ့ပါက ရုံးပြောင်းစစ်ဆေးခွင့် ပြုနိုင်ကြောင်း ပြဋ္ဌာန်းချက်သာ ရှိပေသည်။

**လျှောက်ထားသူအတွက်။** ။ဦးမင်းအောင်၊ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူများအတွက်။** ။ ၁။ ဦးခင်မောင်ဦး၊ ဥပဒေဝန်ထမ်းအဆင့်(၁)။
၂။ **ဦးတင်ညွန့်၊ဗဟိုတရားရုံးရှေ့နေ။**

သက်န်းကျွန်းမြို့နယ် တရား**ရုံး**၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၂၇/၇၉ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄/၅၀၆ အရ အရေးယူခြင်းခံရသူ တရားခံ ဦးမောင်ဟန်က ထိုအမှုကို ရုံးပြောင်းပေးရန်

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၃၅ (ခ)
† ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၆၉ တွင် ချမှတ်သော (၂-၇-၈၀) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၂ — စီဝါးဒါရ် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးမောင်ဟန်

ရန်ကုန်တိုင်း တရားရုံး၊ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၆၉/၈၈ တွင် လျှောက်ထားရာ ဦးမောင်ဟန် လျှောက်ထားသည့်အတိုင်း ထိုအမှုကို ဗဟန်းမြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ စစ်ဆေးခဲ့သဖြင့် တရားလို စီဝါးဒါရ်က မကျေနပ်၍ ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ပြင်ဆင်မှုလျှောက်လွှာတွင် ဦးမောင်ဟန်သည် ရန်ကုန်တိုင်း တရားရုံး၌ မမှန်ကန်သော ကတိသစ္စာပြုလွှာများ တင်ပြပြီး ရုံးပြောင်း လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ တရားခံ (၁၂)ဦး ရှိသည့်အနက် ဦးမောင်ဟန်တဦးတည်းကသာ ရုံးပြောင်းလျှောက်ထားခြင်း ဖြစ်ပြီး ယင်းလျှောက်ထားချက်အပေါ် တိုင်းတရားရုံးက ခွင့်ပြု၍ ရုံးပြောင်း ခွင့်ပေးခဲ့ခြင်းသည် အခြားတရားခံများ အကျိုးနှင့် ဆန့်ကျင်နေပြီး ရုံးပြောင်းပေးရန်လည်း လုံလောက်သောအကြောင်းမရှိကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

တိုင်းတရားရုံး၌ ဦးမောင်ဟန်တင်သွင်းသည့် ရုံးပြောင်း လျှောက်လွှာပါ ကတိသစ္စာပြုချက်များကို လေ့လာသောအခါ တရားစီရင်ရေး အဖွဲ့ဥက္ကဋ္ဌက တဘက်အမှုသည်အပေါ် ဘက်လိုက်မှုများနှင့် စပ်လျဉ်းသော စွပ်စွဲချက် အမြောက်အမြား ပါရှိသည်ကို တွေ့ရသဖြင့် ယင်း ကတိသစ္စာပြုလွှာပါ စွပ်စွဲချက်များအပေါ် အခြေပြု၍ ရန်ကုန်တိုင်း တရားရုံးက ရုံးပြောင်းခွင့်ပြုခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ချေ။ ဦးမောင်ဟန်သည် မမှန်မကန် ကတိသစ္စာ ပြုခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထားသူ၏ တင်ပြချက်သည် မှန်ကန်ပါက ဦးမောင်ဟန်အပေါ် သက်ဆိုင်ရာ တရားရုံးက လိုအပ်သလို အရေးယူရန်သာ ရှိပေသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ ရုံးပြောင်းလျှောက်ထားခြင်းကို တရားခံအများစုက လျှောက်ထားရမည်ဟု ပြဋ္ဌာန်းချက် မရှိပေ။ တရားခံတဦးဦး၏ စိတ်၌ အမှုကို လက်ရှိ တရားရုံးတွင် ဆက်လက်စစ်ဆေးခြင်းဖြင့် တရားမျှတ မှန်ကန်မှု ရလိမ့်မည် မဟုတ်ဟု လျော်ကန်သင့်မြတ်သော စိုးရိမ်မကင်းမှုမျိုး ဖြစ်ပေါ်ခဲ့ပါက ရုံးပြောင်း စစ်ဆေးခွင့် ပြုနိုင်ကြောင်း ပြဋ္ဌာန်းချက်သာ ရှိပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

**ပြစ်မှုဆိုင်ရာပြင်ဆင်မှု**

**ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးထွန်းရှိန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

မောင်စိုးမြင့်(ခေါ်)ရာရှစ် † ၁၉၈၂ နိုဝင်ဘာလ ၂၉ရက်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၅ အရ အရေးယူနိုင်ရန် ပြစ်ချက်ဟောင်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၁ နှင့်အညီ သက်သေအထင်အရှား ပြသရန်လိုခြင်း—**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၁ ၌ တရားခံတဦးတွင် ယခင်က ပြစ်ချက်ဟောင်းရှိမရှိနှင့် စပ်လျဉ်း၍ မည်သို့ အထင်အရှား ပြသရမည်ကို အတိအလင်း ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရ တရားရုံးတရုံးက တရားခံအပေါ် ယခင်က ချမှတ်ခဲ့သော အမိန့်၏ ကောက်နုတ်ချက်မိတ္တူ၊ သို့မဟုတ် သက်ဆိုင်ရာ အကျဉ်းထောင်အရာရှိက လက်မှတ်ရေးထိုးထားသည့် သက်သေခံလက်မှတ်၊ သို့မဟုတ် ပြစ်ဒဏ်ကျခံစေရန် ဝရမ်းစာ စသည်တို့ကို တရားစွဲဆိုသည့်ဘက်မှ တရားရုံးသို့ တင်ပြ၍ သက်သေထူရမည်ဖြစ်သည်။

**လျှောက်ထားသူအတွက်။** ။ဦးမင်းဆွေ၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်။** ။ဦးဘမော်၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ် တရားရုံး၊ ပြစ်မှုကြီး အမှတ် ၁၀၆၁/၈၀ ၌ လျှောက်ထားသူ မောင်စိုးမြင့်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ ကို ပုဒ်မ ၇၅ နှင့် တွဲ၍ အလုပ်နှင့် ထောင်ဒဏ်

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၂၅(ခ)

† ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၉၁ တွင် ချမှတ်သော (၁၄-၇-၈၁) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၂
မောင်စိုးမြင့် (ခေါ်) ရာရှစ် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

၁၀-နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မောင်စိုးမြင့်က မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ အယူခံမှု တင်သွင်းခဲ့သော်လည်း တိုင်းတရားရုံးက အယူခံမှုကို ပလပ်လိုက်သောကြောင့် မောင်စိုးမြင့်က ဗဟို တရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ကိုကိုနီဆင်းဆိုသူ၏ မာဇဒါ ဗယ်မလီယာကား၌ ပါရှိသော အပိုကားတာယာဘီး ၁-ဘီးနှင့် ဟွန်းခလုတ် ၁-ခု ပျောက်ဆုံးသွားခဲ့ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

မြို့နယ်တရားရုံးအမှုတွဲပါ သက်သေထွက်ချက်များအရ သက်သေခံပစ္စည်းများဖြစ်သော ကားတာယာဘီးနှင့် ဟွန်းခလုတ်တို့ကို မောင်စိုးမြင့် ရောင်းချသွားခဲ့သော ကားပစ္စည်းအဟောင်းဆိုင်များမှ ပြန်လည်သိမ်းဆည်းရရှိခဲ့သည့်အပြင် ထိုပစ္စည်းများကို မောင်စိုးမြင့် လာရောက်ရောင်းချသွားကြောင်း ပေါ်လွင်နေသည်ဖြစ်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က မောင်စိုးမြင့် ပြစ်မှုကျူးလွန်ကြောင်း ပေါ်လွင်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

သို့ရာတွင် မြို့နယ်တရားရုံးသည် မောင်စိုးမြင့်အပေါ် ခိုးမှုများအကြိမ်ကြိမ်ကျူးလွန်ခဲ့သူအဖြစ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၅ အရ ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခဲ့ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၁ ပါ ပြဋ္ဌာန်းချက်နှင့် တရားရုံးများလက်စွဲ အပိုဒ် ၆၄၇ ပါ ညွှန်ကြားချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၁ ၌ တရားခံ တဦးတွင် ယခင်က ပြစ်ချက်ဟောင်း ရှိမရှိနှင့်စပ်လျဉ်း၍ မည်သို့အထင်အရှားပြရမည်ကို အတိအလင်းပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရ တရားရုံးဘရုံးက တရားခံအပေါ် ယခင်က ချမှတ်ခဲ့သောအမိန့်၏ ကောက်နုတ်ချက်မိတ္တူ၊ သို့မဟုတ် သက်ဆိုင်ရာ အကျဉ်းထောင်အရာရှိက လက်မှတ်ရေးထိုးထားသည့် သက်သေခံ လက်မှတ်၊ သို့မဟုတ် ပြစ်ဒဏ်ကျခံစေရန် ဝရမ်းစာ စသည်တို့ကို တရားစွဲဆိုသည့်ဘက်မှ တရားရုံးသို့ တင်ပြ၍ သက်သေထူရမည် ဖြစ်သည်။ ယခုအမှုတွင် တရားစွဲဆိုသည့်ဘက်မှ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၁ ပြဋ္ဌာန်းချက်ပါ အတိုင်း အထောက်အထား တစုံတရာ တင်ပြခြင်းမပြုပဲ ယင်းပုဒ်မအရ လိုအပ်သည့် ပုံစံမဟုတ်သော ရဲပုံစံ ၆၅(က) ပြစ်ချက်ဇယားတစောင် တင်ပြသည်ကို တရားရုံးက အခြေပြုပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၅ အရ မောင်စိုးမြင့်အပေါ် စွဲချက်တင်ခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့်

မညီညွတ်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၅ အရ ဆောင်ရွက်ဆုံးဖြတ်ခြင်းကို ပယ်ဖျက်ရမည်သာ ဖြစ်သည်။

သို့ဖြစ်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြု၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ မောင်စိုးမြင့်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ အလုပ်နှင့် ထောင်ဒဏ်(၃)နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

၁၉၈၂
မောင်စိုးမြင့်
(ခေါ်)
ရာရှစ်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်ကျော်ဝင်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇော်မှို နှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မောင်ညာဏ်ထွန်းပါ (၅)ဦး

† ၁၉၈၂
ဧပြီလ ၂ ရက်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ မအေးအေးသင်း*

### စွဲချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုတွင် စဉ်းစားရန်အချက်

**ဆုံးဖြတ်ချက်။** ။စွဲချက်ကို ပယ်ဖျက်ပေးရန်ဆိုလျှင် တရားလိုပြ သက်သေများ၏ ထွက်ချက်တို့ကို ယုံကြည်လက်ခံစေဦးတော့၊ စွပ်စွဲခံရသူသည် မည်သည့်ပြစ်မှုမျိုးကိုမျှ ကျူးလွန်ခဲ့သည်ဟု မပေါ်လွင်ရန် လိုသည်။ အစွပ်စွဲခံရသူက ဖြေရှင်းရန် အချက်အလက်များ ပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရပေမည်။

**လျှောက်ထားသူများအတွက်။** ။ဦးဘိုနီ၊ ဗဟိုတရားရုံးရှေ့နေ။
ဦးစိန်မောင်၊ဗဟိုတရားရုံးရှေ့နေ(ကိုယ်တိုင်)။

**လျှောက်ထားခံရသူအတွက်။** ၁။ ဦးဝင်းမြင့်၊ ဥပဒေဝန်ထမ်း။
၂။ ဦးထွန်းအောင်(၂) ဗဟိုတရားရုံးရှေ့နေ။

အလုံမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၆၉/၇၇ တွင် မောင်ညာဏ်ထွန်း၊ မောင်ဖိုးတီ၊ မောင်စိန်ညွန့်နှင့် မောင်ဇော်မင်းတို့ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရလည်းကောင်း၊ မဖြူဖြူ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၁၀၉ အရလည်းကောင်း စွဲချက်တင်ခဲ့သည်။ မောင်ညာဏ်ထွန်းပါ (၅) ဦးတို့က သူတို့အပေါ်

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၀၉ (ခ)၊ ၃၃၁ (ခ)နှင့် ၄၂၆ (ခ)။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၀၈၂၊ ၁၀၇၅ နှင့် ၁၀၆၇ တွင် ချမှတ်သော (၇-၃-၈၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၂

မောင်ညာဏ်ထွန်းပါ ၅ ဦး
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ မအေးအေးသင်း

အလုံမြို့တရားရုံးက စွဲချက်တင်သည့်အမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်မှုတင်သွင်းရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုများကို တင်သွင်းခြင်းဖြစ်သည်။

ဤအမှုများမှာ မူလမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးတခုတည်းတွင် လျှောက်ထားသူ တရားခံများအပေါ် စွဲချက် တင်ထားသည့် အမိန့်မှ ပေါ်ပေါက်လာခြင်းဖြစ်၍ အဆုံးအဖြတ်ပေးရမည့် ဥပဒေဆိုင်ရာ ပြဿနာမှာလည်း တသဘောတည်းပင်ဖြစ်သဖြင့် ဤအမိန့်သည် ဤရုံးပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၈၉ (ခ)/၈၀၊ ၃၃၁(ခ)/၈၀ နှင့် ၄၂၆(ခ)၈၀ တို့နှင့် သက်ဆိုင်စေရမည်။

သုဝဏ္ဏ ၂၅-ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်းနေ မအေးအေးသင်း (ခ) မအေးအေးခိုင်က ၁-၄-၇၇ ရက်နေ့ ည(၇)နာရီအချိန်ခန့်တွင် ယခင်က အသိဖြစ်ခဲ့ဖူးသူ မဖြူဖြူနှင့် ယောကျ်ားတဦးတို့က အလုံရပ် သီတာရပ်ရှင်ရုံအနီးရှိ အိမ်ခန်းတခန်းသို့ ခေါ်ဆောင်သွား၍ ထားခဲ့စဉ် ယောကျ်ား(၆)ဦးတို့က သူ့အား ဝိုင်းချုပ်ကာ လက်မောင်းတွင် ဆေးထိုးပေး၍ အိပ်ပျော်သွားရာ (၇)ရက်အတွင်း ယောကျ်ားများက သူ့အား မတရား ကာမစပ်ယှက်ကြပါသည်ဆိုကာ တိုင်ကြားချက်အရ အလုံပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ စုံစမ်းစစ်ဆေးပြီး မောင်ညာဏ်ထွန်းပါ (၅)ဦးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ နှင့် ၁၀၉ တို့အရ စွဲဆိုတင်ပို့သော အမှုဖြစ်သည်။

လျှောက်ထားသူ မောင်ညာဏ်ထွန်းပါ (၅) ဦးတို့က အချင်းဖြစ်အမှုတွင် တရားလို မအေးအေးသင်း၏ စွပ်စွဲထွက်ဆိုချက်တခုတည်းသာ ရှိကြောင်း၊ မအေးအေးသင်း၏ ထွက်ချက်များမှာ အရေးကြီးသော အချက် (၂၇)ချက်တွင် ကွဲလွဲနေကြောင်း၊ မအေးအေးသင်းသည် အချင်းဖြစ်အမှုကို လည်ဆည် တိုင်တန်းခြင်း ဖြစ်ကြောင်း တင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာ ကြည့်ရှုသောအခါ မဖြူဖြူသည် မောင်ဇော်မင်းနှင့်အတူ မအေးအေးသင်းအား သုံးဘီးကားဖြင့် တင်၍ သီတာရုံအနီးရှိ ရပ်ကွက်ထဲမှ အိမ်ခန်း တခန်းသို့ ခေါ်ဆောင်၍ ထားခဲ့ကြောင်း၊ ထိုစဉ်တွင် ယောကျ်ား (၆)ယောက်က မအေးအေးသင်း၏ လက်မောင်းကို ဆေးထိုးပေး၍ အိပ်ပျော်သွားစေခဲ့ရာ(၇)ရက်အတွင်း ယောကျ်ားများက သူ့အား မတရား ကာမစပ်ယှက်ကြောင်း၊ သူ့အား မတရား ကာမ စပ်ယှက်သူများမှာ မောင်ညာဏ်ထွန်း၊

၁၉၈၂

မောင်ညာဏ်ထွန်း ပါ၅ ဦးနှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ မအေးအေးသင်း

မောင်ဖိုးတီ၊ မောင်စိန်ညွန့်နှင့် မောင်ဇော်မင်းတို့ ပါဝင်ကြောင်း မအေးအေးသင်းက စွပ်စွဲထွက်ဆိုချက်များ ရှိနေပေသည်။ မြို့နယ်တရားသူကြီးဥက္ကဋ္ဌ ဦးစိုးမြင့်ကလည်း တရားခံများအား လူတန်းစီပြသရာတွင် တရားလို မအေးအေးသင်းကမောင်ညာဏ်ထွန်း၊ မောင်ဖိုးတီ၊ မောင်စိန်ညွန့်နှင့် မောင်ဇော်မင်းတို့အား စွဲဆို ပြသ နိုင်ခဲ့ကြောင်း ထွက်ဆိုထားသည်။ ဆရာဝန် ဦးစောစိန်လွင်ကလည်း ဆေးစစ်ချက်မှတ်တမ်းအရ မအေးအေးသင်း၏ မိန်းမကိုယ်တွင်း လတ်တလောကာမ စပ်ယှက်ထားသည့် လက္ခဏာများ တွေ့ရှိကြောင်း ထွက်ဆိုထားသည်။ သက်သေခံ ဓာတုဗေဒ ဆေးစစ်ဆေးချက် အစီရင်ခံစာတွင်လည်း သက်သေခံ ထဘီပေါ်တွင် ယောကျ်ားသုတ်ပိုး တွေ့ရှိကြောင်း ဖော်ပြထားသည်။ တရားလိုသက်သေ ဆရာဝန် ဦးစောစိန်လွင်၊ ဦးသိန်းမြင့်နှင့် ဦးစန်းမောင်တို့၏ ထွက်ချက်များတွင် မအေးအေးသင်း၏ လက်မောင်းပေါ်၌ ဆေးထိုးအပ်ရာရှိကြောင်း ဖော်ပြထားသည်။

အချင်းဖြစ်အမှုတွင် မူလရုံးမှ လျှောက်ထားသူ တရားခံများအပေါ် တင်ထားသည့် စွပ်စွဲချက်များကို ပယ်ဖျက်ရန် သင့်မသင့် ဝေဖန် သုံးသပ်ရာတွင်လည်း ရန်ကုန်တိုင်းတရားရုံးက "အထက်ပါအချက်အလက်များအားလုံးကို ခြုံငုံသုံးသပ်မည်ဆိုပါက တရားလို မအေးအေးသင်း၏ ထွက်ချက်ပေးရာတွင် အရေးကြီးသော အချက်အချို့တွင် ကွဲလွဲမှုများရှိနေခြင်း၊ ထွက်ဆိုချက်များတွင် သဘာဝယုတ္တိအားဖြင့်လည်းကောင်း၊ ဖြစ်တတ်သော သဘာဝအားဖြင့် လည်းကောင်း ဆန့်ကျင်မှုများတွေ့ရှိခြင်းကြောင့် တရားလို မအေးအေးသင်း၏ ထွက်ချက်ကို မှန်ကန်သည်ဟု ယုံကြည်လက်ခံရန်ကား အလေးအနက် စဉ်းစားရမည့် ပြဿနာဖြစ်ပေသည်" ဟု ဖော်ပြထားသော်လည်း စွဲချက်တင်ခြင်းကို ပယ်ဖျက်မပေးခဲ့ချေ။

မိန်းကလေးတဦး၏ စွပ်စွဲချက်မျှသာ ရှိစေကာမူ ယုံကြည်ထိုက်က ယုံကြည်ရမည်ဖြစ်သည်။ ဤကဲ့သို့သော ပြစ်မှုမျိုးကို လူမြင်ကျူးလွန်ကြသည်မဟုတ်၊ မျက်မြင်သက်သေမရှိစေကာမူ ပတ်ဝန်းကျင်သက်သေများ ရနိုင်မည် ဖြစ်သည်။ ပတ်ဝန်းကျင် သက်သေများ ကွင်းဆက်မပြတ်ရှိနေလျှင် သက်သေအထောက်အထား ခိုင်လုံသည်ဟု မှတ်ယူနိုင်သည်။ အကူအညီရနိုင်သော အခြေအနေတွင် အော်ဟစ်၍ အကူအညီတောင်းခံခြင်း၊ အကူအညီမရနိုင်သော အခြေအနေတွင် အသာတကြည်

ခွင့်မပြုပဲ ချုပ်ခြင်း၊ သို့မဟုတ် ရှန်းကန်ခြင်း၊ အကူအညီ မဒ္ဒတာင်းဝံ့အောင်၊ သို့မဟုတ် ချုပ်ရှန်းကန်ခြင်း၊ မပြုဝံ့အောင် ခြောက်လှန့်ခံရခြင်း၊ သို့မဟုတ် ချုပ်နှောင်ခံရခြင်း၊ ခြောက်လှန့်ခံရမှု၊ သို့မဟုတ် ချုပ်နှောင်ခံရမှုတို့မှ ကင်းလွတ်သည်နှင့် တပြိုင်နက် ကျူးလွန်သူကို အရေးယူပေးရန် စွပ်စွဲခြင်း၊ သို့မဟုတ် အကူအညီတောင်းခြင်း၊ သို့မဟုတ် သက်ဆိုင်ရာသို့ တိုင်တန်းခြင်း၊ အတင်းအဓမ္မ ကျူးလွန် ခံရကြောင်း အထောက်အထားများ မိန်းကလေး၏ ခန္ဓာကိုယ်တွင် ရှိနေသည်ကို ချက်ချင်းစစ်ဆေးရာ၌ တွေ့ရှိရခြင်း၊ သားမယားပြုကျင့်ခံရကြောင်း အထောက်အထားကို အချိန်မကြာမြင့်မီ ဆရာဝန်က စစ်ဆေးရာ၌ တွေ့ရှိရခြင်း၊ သားမယားပြုကျင့်ရာ၌ ဝတ်ဆင်ထားသည့် ထဘီကိုချက်ချင်းသိမ်းဆည်း၍ ဓာတုဗေဒနည်းဖြင့် စစ်ဆေးရာတွင် သုက်ပိုးတွေ့ရှိခြင်း စသည်တို့သည် အရေးကြီးသော ပတ်ဝန်းကျင်သက်သေခံများ ဖြစ်သည်။ စွဲချက်ကို ပယ်ဖျက်ပေးရန်ဆိုလျှင် တရားလိုပြသက်သေများ၏ ထွက်ချက်တို့ကို ယုံကြည်လက်ခံစေဦးတော့၊ စွပ်စွဲခံရသူသည် မည်သည့် ပြစ်မှုမျိုးကိုမျှ ကျူးလွန်ခဲ့သည်ဟု မပေါ်လွင်ရန် လိုသည်။ အစွပ်စွဲခံရသူက ဖြေရှင်းရန် အချက်အလက်များ ပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရပေမည်။

သို့ဖြစ်ရာ အချင်းဖြစ်အမှုတွင် အကြောင်းခြင်းရာ အချက်အလက် အားလုံးကို ပြည့်စုံကုန်စင်အောင် သုံးသပ်၍ ဆုံးဖြတ်နိုင်ရန် လျှောက်ထားသူ တရားခံများသည် သူတို့အပေါ် တင်ထားသည့် စွဲချက်များနှင့် ပတ်သက်၍ ထုချေ ဖြေရှင်းသင့်သည်ဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ချက်မှာ မှားယွင်း ချွတ်ချော်သည်ဟု မဆိုသာပေ။

အထက်ပါ အချက်အလက်များအရ အလုံမြို့နယ်တရားရုံးနှင့် ရန်ကုန်တိုင်း တရားရုံးတို့၏ အမိန့်များကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့် မောင်ဉာဏ်ထွန်းပါ(၅)ဦးတို့၏ ပြင်ဆင်မှုကို ပလပ်လိုက်သည်။

၁၉၇၂

မောင်ဉာဏ်ထွန်းပါ ၅ ဦး

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၂။ မအေးအေးသင်း

**ပြစ်မှုဆိုင်ရာပြင်ဆင်မှု**
**ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်**
**ဦးထွန်းရှိန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ဒေါ်တင်ပါ(၆)ဦး

† ၁၉၈၂
အောက်တိုဘာ
လ ၂၇ရက်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဒေါ်ထွေးထွေး*

**ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများ၌ အမှုသည် မလာရောက်သည်ကို အကြောင်းပြု၍ အမှုကို ပိတ်နိုင်ခွင့်မရှိခြင်း**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများကို ကြားနာစီရင်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအခန်း (၃၁) တွင် ပြဋ္ဌာန်းထားရာ ပြင်ဆင်မှုလျှောက်လွှာ တင်သွင်းသည့်ဘက်မှ ရုံးသို့ လာရောက်ရန် ပျက်ကွက်သည်ကို အကြောင်းပြု၍ ပြင်ဆင်မှုကို ပိတ်ထားနိုင်သည်ဟု ပြဋ္ဌာန်းချက် တစုံတရာမရှိပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၄၀ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အဆိုပါပုဒ်မခွင်းချက်၌ အကျုံးဝင်သည့်ကိစ္စအတွက်မှတပါး အမှုသည်များအနေဖြင့် သူတို့အား ကြားနာရန် အရေးဆိုခွင့် မရှိချေ။ မူလရုံးတရုံး၏ ဆောင်ရွက်ချက်သည် ဥပဒေနှင့်အညီ ညီညွတ်မှု ရှိမရှိ စိစစ်ရန်အလို့ငှာ ပြင်ဆင်မှု ဖွင့်ခဲ့သည်ဖြစ်ရာ အမှုသည်များရုံးသို့လာရောက်ခြင်းမရှိသည့်တိုင်အောင် ပြင်ဆင်မှုရုံးသည် အမှုကို လိုအပ်သလို စိစစ်ပြီး အမိန့်ချမှတ်ရန် ဖြစ်ပေသည်။

**လျှောက်ထားသူများအတွက်။** ။ဦးအောင်မြင့်၊ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်။** ၁။ ဦးစံသာကျော်၊ ဥပဒေဝန်ထမ်း အဆင့်(၁)။

---

* ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၀၉(ခ)

† ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၅ တွင်ချမှတ်သော (၁၉-၂-၈၁) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၂
ဒေါ်တင်ပါ ၆ ဦး နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဒေါ်ထွေးထွေး

တာမွေမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၀၁/၈၀တွင် လျှောက်ထားခံရသူ ဒေါ်ထွေးထွေးက မိမိသည် ၂၉-၇-၈၀ နေ့တွင် မိမိနေထိုင်လျက်ရှိသည့် အိမ်အောက်ထပ်ကို ရှင်းလင်းနေစဉ် လျှောက်ထားသူ ဒေါ်တင်၊ ဦးမဂျစ်ဘိုင်၊ မညိုညို၊ မောင်ခင်မောင်သန်း၊ မအမိနာနှင့် မနုရ်ဂျစ်တို့ ရောက်လာပြီး မိမိအား ဆဲရေးတိုင်းထွာ ကြိမ်းမောင်းသည်ဟုဆိုကာ တိုက်ရိုက် လျှောက်ထားစွဲဆိုရာ မြို့နယ်တရားရုံးက တရားလိုဘက်ကို စစ်ဆေး ပြီးနောက် လျှောက်ထားသူတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၆/၂၉၄အရ အသီးသီး စွဲချက်တင်သည်။ လျှောက်ထားသူတို့က မြို့နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် ရန်ကုန်တိုင်း တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသည်။ လျှောက်ထားသူတို့၏ အကျိုးဆောင်သည် (၄)ကြိမ်တိုင်တိုင် ရုံးသို့ လာရောက်ရန် ပျက်ကွက်သဖြင့် တိုင်းတရားရုံးက ပြင်ဆင်မှုကို ပိတ်လိုက်သောကြောင့် လျှောက်ထားသူတို့က ဗဟို တရားရုံးတွင် ဤပြင်ဆင်မှုကို ထပ်မံလျှောက်ထားကြခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှုများကို ကြားနာစီရင်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အခန်း(၃၁)တွင် ပြဋ္ဌာန်းထားရာ ပြင်ဆင်မှု လျှောက်လွှာ တင်သွင်းသည့်ဘက်မှ ရုံးသို့လာရောက်ရန် ပျက်ကွက်သည်ကို အကြောင်းပြုပြီး ပြင်ဆင်မှုကို ပိတ်ထားနိုင်သည်ဟု ပြဋ္ဌာန်းချက် တစုံတရာ မရှိပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၄၀ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အဆိုပါပုဒ်မ ခွဲခြင်းချက်၌ အကျုံးဝင်သည့် ကိစ္စအတွက်မှတပါး အမှုသည်များအနေဖြင့် သူတို့အား ကြားနာရန် အရေးဆိုခွင့်မရှိချေ။ မူလရုံး တရုံးရုံး၏ ဆောင်ရွက်ချက်သည် ဥပဒေနှင့်ညီညွတ်မှု ရှိမရှိ စိစစ်ရန်အလို့ငှာ ပြင်ဆင်မှုဖွင့်လှစ်ခဲ့သည်ဖြစ်ရာ အမှုသည်များ ရုံးသို့လာရောက်ခြင်း မရှိသည့်တိုင်အောင် ပြင်ဆင်မှုရုံးသည် အမှုကို လိုအပ်သလို စိစစ်ပြီး အမိန့်ချမှတ်ရန် ဖြစ်ပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ရန်ကုန်တိုင်း တရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၅/၈၁ကို ပိတ်ထားရန် ချမှတ်သည့် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် ပြင်ဆင်မှု လျှောက်လွှာကို ဥပဒေနှင့်အညီ ကြားနာ၍ အဆုံးအဖြတ်ပေးရန် ညွှန်ကြားလိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမှုံနှင့် ဦးအေးမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ဦးတင်ရွှေ(ခေါ်)သိလုံး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

†၁၉၈၂
နိုဝင်ဘာလ
၁၉ ရက်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ မမှန်သက်သေခံမှုဖြင့်အရေးယူရာတွင် သက်ဆိုင်ရာ တရားရုံး၏ ရေးသားတိုင်ချက်အရသာ အရေးယူရန် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ) တွင်လည်းကောင်း၊ ပုဒ်မ ၄၇၆ တွင်လည်းကောင်း သက်သေတဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃အရ မမှန် သက်သေခံမှုဖြင့် အရေးယူရာတွင် သက်ဆိုင်ရာတရားရုံး၏ ရေးသားတိုင်ကြားချက်အရသာ အရေးယူရမည်ဟု အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားသည် ဖြစ်ရာ မြို့နယ်တရားရုံး၌ ဦးတင်ရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူသည့် အမှုမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရသည်။

**လျှောက်ထားသူအတွက်။** ။ဦးတင်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်။** ။ဦးဝင်းဖေ ဥပဒေဝန်ထမ်းအဆင့်(၁)။

---

* ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၅၅ (ခ)

† ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၈၇ တွင် ချမှတ်သော (၇-၈-၈၁) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

လမ်းမတော်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အသေးမှု အမှတ်၇/၈၀ တွင် ဦးတင်ရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ စွဲချက် တင်ခဲ့သည်။ ဦးတင်ရွှေက သူ့အပေါ် စွဲချက်တင်သည့်အမိန့်ကို မကျေ နပ်၍ ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်မှုတင်သွင်းရာ မအောင်မြင် သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

၁၉၈၂

ဦးတင်ရွှေ (ခေါ်) သံလုံး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

လမ်းမတော်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၈၈/ ၈၀ တွင် ဦးတင်ရွှေ(ခ) ကိုသံလုံးက ဦးကောဝိဒပါ ၆ ဦးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ တိုင်တန်း တင်ပို့သောအမှုကို စစ်ဆေးကြားနာခဲ့စဉ် တရားလို ဦးတင်ရွှေ(ခ) ကိုသံလုံးက သက်သေခံ တိုင်စာပေါ်မှ လက်ရေးနှင့်လက်မှတ်မှာ သူ၏လက်ရေးနှင့် လက်မှတ် မဟုတ်ဟု ငြင်းကွယ် ထွက်ဆိုခြင်းနှင့် စပ်လျဉ်း၍ လမ်းမတော်မြို့နယ် တရားရုံး၌ ဦးတင်ရွှေ (ခ) သံလုံးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူ စစ်ဆေးခဲ့သော အမှုဖြစ်သည်။

လျှောက်ထားသူ ဦးတင်ရွှေက ဤအမှုနှင့် ပတ်သက်၍ တင်ပြရာတွင် သူက တရားရုံးရှေ့တွင် လိမ်လည်ထွက်ဆိုပါသည်ဟု စွပ်စွဲသည့် သက်ဆိုင် ရာ တရားသူကြီး၏ ရေးသားတိုင်တန်းချက် မပါရှိပဲ သူ့အပေါ် အရေး ယူ စစ်ဆေးခြင်းမှာ မှားယွင်းကြောင်း၊ သက်သေများ၏ ထွက်ချက် အရ သူကစွဲဆိုသည့်ပြစ်မှုကို ကျူးလွန်ကြောင်း မပေါ်ပေါက်ခဲ့ပဲ သူ့ အပေါ် စွဲချက်တင်ခြင်းမှာ မှားယွင်းကြောင်း တင်ပြသည်။

မူလရုံး အမှုတွဲကို လေ့လာကြည့်ရှုရာတွင် ဦးတင်ရွှေ (ခ) သံလုံး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူ အမှုဖွင့်လှစ် ခဲ့ခြင်းနှင့် စပ်လျဉ်း၍ မူလအမှု ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၈၈/ ၈၁ ကို စစ်ဆေးကြားနာသည့် မြို့နယ်တရားစီရင်ရေး အဖွဲ့(၃)၏ ရေးသား တိုင်ကြားချက် တစုံတရာ မပါရှိသည်ကို တွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁)(ခ)တွင်လည်းကောင်း၊ ပုဒ်မ ၄၇၆တွင်လည်းကောင်း သက်သေတဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃အရ မမှန်သက်သေခံမှုဖြင့် အရေးယူရာတွင် သက် ဆိုင်ရာ တရားရုံး၏ ရေးသားတိုင်ကြားချက်အရသာ အရေးယူရမည် ဟု အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားသည် ဖြစ်ရာ မြို့နယ်တရားရုံး၌

ဦးတင်ရွှေ အပေါ် ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃အရ အရေးယူသည့်
၁၉၈၂ အမှုမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိကြောင်း တွေ့ရသည်။

ဦးတင်ရွှေ (ခေါ်) သံလုံး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

ထို့ကြောင့် ဦးတင်ရွှေ၏ ပြင်ဆင်မှုလျှောက်လွှာကို ခွင့်ပြု၍ လမ်းမတော်မြို့နယ်တရားရုံးမှ ဦးတင်ရွှေအပေါ် ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ စွဲချက်တင်သည့် အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဦးတင်ရွှေအား အမှုမှ လွှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

**ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်ကျော်ဝင်း၊ အဖွဲ့ဝင်မျ ႏ အဖြစ် ဦးထွန်းရှိန် နှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်—**

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဦးကြီးမောင်*

† ၁၉၇၈ ဖေဖော်ဝါရီ ၃ ရက်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၉-ကာကွယ်ခုခံပိုင်ခွင့်ကို လိုအပ်သည်ထက် ပို၍ အသုံးပြုခွင့် မရှိခြင်း။**

ဆုံး **ဖြတ်ချက်**။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ တွင် မကာကွယ် မခုခံလျှင် အပြင်းအထန် နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှုကျူးလွန်သူကိုလည်းကောင်း၊ ပုဒ်မ ၁၀၃ တွင် မကာကွယ် မခုခံပဲ နေပါက သေဘေးကို၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်ခြင်းခံရမည်ကို စိုးရိမ်ရန် အကြောင်းရှိအောင် ကျူးလွန်သည့် ခိုးမှု၊ သို့တည်းမဟုတ် အကျိုးဖျက်ဆီးမှု၊ သို့တည်းမဟုတ် အိမ်ကျော်နင်းမှု ကျူးလွန်သူကိုလည်းကောင်း သေစေအောင် ပြု၍ ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသည် မှန်သော်လည်း ထိုကာကွယ်ခုခံပိုင်ခွင့်ကို ပုဒ်မ ၉၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုသည်ထက်ပို၍ အသုံးပြုနိုင်ခွင့် မရှိချေ။ ပုဒ်မ ၉၉ တွင် ကာကွယ်ခုခံရာ၌ ကာကွယ်ခုခံသော သဘောဖြင့် ဘေးအန္တရာယ်ပြုရန် လိုအပ်သည်ထက် ပို၍ ပြုခွင့်မရှိကြောင်း ပြဋ္ဌာန်းချက်ရှိသည်ဖြစ်၍ ဤအမှုတွင် အယူခံတရားခံ ဦးကြီးမောင်သည် လက်နက်မဲ့သူ တဦးအား ဓားလှံဖြင့်(၄)ချက်တိတိ ထိုးလိုက်ရာတွင် လိုအပ်သည့် ဘေးအန္တရာယ်ထက် ပို၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရမည် ဖြစ်သဖြင့် သူ၏ ပြုလုပ်မှုသည် ဥပဒေအရ ခွင့်ပြုသည်ထက် ကျော်လွန်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသည်။

**အယူခံတရားလိုအတွက်။** ။ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်းအဆင့်(၁)။

**အယူခံတရားခံအတွက်။** ။ဦးသောင်းမြင့်၊ ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၇၉-ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၄၂။

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၁၉၇ တွင်ချမှတ်သော (၁၆-၁-၇၇) ခုနှစ်စွဲပါ ခင်ဦးမြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၂

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးကြီးမောင်

ခင်ဦးမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၇/၇၇ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ တရားစွဲဆိုခြင်းခံရသူ တရားခံ ဦးကြီးမောင်အား အမှုမှ အပြီးအပြတ် လွတ်လိုက်သဖြင့် ဗဟို ဥပဒေရုံးကမကျေနပ်သောကြောင့် ဗဟိုတရားရုံး၌ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ၆-၅-၇၇ ရက်နေ့ည ၈ နာရီအချိန်ခန့်တွင် ခင်ဦးမြို့နယ် မုံတောတောင်ရွာနေ မောင်တင်မြင့်အား တရွာတည်းနေ ဦးကြီးမောင် က လှံနှင့် ထိုးသဖြင့် ဆေးရုံသို့ ခေါ်အသွား လမ်းခရီး၌ မောင်တင်မြင့် သေဆုံးသွားသဖြင့် ဦးကြီးမောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂အရ တရားစွဲတင်ပို့ခဲ့သောအမှုဖြစ်သည်။ မူလရုံးတွင် ဦးကြီးမောင် က အချင်းဖြစ်ညက မိမိသဘော်ကြမ်းဆင့်ပေါ်ရှိ အဖိုးတန်ပစ္စည်း များ ထည့်ထားသော သေတ္တာကို လူနှစ်ယောက်က မရှိ ခိုးယူနေ ကြောင်း တွေ့မြင်သဖြင့် မိမိက ဓာတ်မီးနှင့် ထိုးပြီး မည်သူတွေလဲဟု မေးသည်တွင် ဓားကိုင်သူတဦးသည် သဘော်ကြမ်းဆင့်ပေါ်မှ ခုန်ဆင်း လာသဖြင့် ဓားလှံနှင့် ဆီး၍ တချက်ထိုးလိုက်ကြောင်း၊ ထိုသူက ဆက်လက်၍ ရန်မူသဖြင့် နောက်(၂) ချက် ထပ်၍ ထိုးလိုက်ကြောင်း၊ ထိုသူမှာ မောင်တင်မြင့်ဖြစ်ပြီး သဘော်ကြမ်းဆင့်ပေါ်တွင် ကျန်သူ တဦးမှာ မောင်ဖိုးထက်ဖြစ်သည်ကို နောက်မှ သိရကြောင်း ခုခံချေပ ထွက်ဆိုရာ ယင်းခုခံချေပချက်များကို မြို့နယ်တရားရုံးက လက်ခံပြီး ဦးကြီးမောင်အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံလျှောက်လွှာတွင် သေသူကို ဦးကြီးမောင်က လှံဖြင့် ထိုးခဲ့ ခြင်းမှာ အငြင်းမပွားကြောင်း၊ ဒဏ်ရာ ၄ ချက်ဖြင့် သေဆုံးခဲ့ခြင်း ပေါ်ပေါက်၍ ဦးကြီးမောင်သည် ခုခံကာကွယ်ပိုင်ခွင့်ကို ကျင့်သုံးသည် ဆိုစေကာမူ လိုအပ်သည်ထက် ပို၍ သုံးစွဲထားခြင်း ထင်ရှားကြောင်း ဖြင့် အဓိက အကြောင်းပြချက်များအဖြစ် တင်ပြသည်။

အမှုတွဲရှိ သက်သေခံချက်များအရ မောင်တင်မြင့်နှင့် မောင်ဖိုးထက် တို့သည် အချင်းဖြစ်ညက ဦးကြီးမောင်အိမ်တွင်းသို့ ဝင်ရောက်ရာမှ မောင်တင်မြင့်ကို ဦးကြီးမောင်က လှံဖြင့် ထိုးခဲ့ခြင်းဖြစ်ကြောင်း ပေါ် ပေါက်သည့်အပြင် မောင်ဖိုးထက်အား မြို့နယ်တရားရုံးက ပြစ်မှုဆိုင် ရာ ဥပဒေပုဒ်မ ၄၅၆ အရ အိမ်ကျော်နင်းမှုဖြင့် ပြစ်မှုထင်ရှား စီရင် ခဲ့ပြီးဖြစ်သည်ကိုလည်း တွေ့ရသည်။

**သေသူ** မောင်တင်မြင့်၏ အလောင်းကို စစ်ဆေးသူ ဒေါက်တာလှမြင့် (လိုပြ-၇)၏ ထွက်ချက်အရ သေသူ မောင်တင်မြင့်၏ ဝမ်းဗိုက်၊ ရင်ဘတ်နှင့် လက်မောင်းတွင် ဒဏ်ရာ(၄)ချက် ရရှိပြီး ဝမ်းဗိုက်နှင့် ရင်ဘတ်တွင် ရရှိသော **စူးဝင်ဒဏ်ရာ**(၂)ချက်မှာ မှချသေစေနိုင်သော ဒဏ်ရာများဖြစ်ကြောင်း တွေ့ရသည်။ ဤအမှုတွင် စဉ်းစားရန်အချက်မှာ အယူခံတရားခံ ဦးကြီးမောင်က မောင်တင်မြင့်အား ဓားလှံဖြင့် (၄) ချက်တိတိ ထိုးလိုက်ခြင်းသည် ဥပဒေအရ ကာကွယ်ခုခံပိုင်ခွင့်ထက် ကျော်လွန်၍ ပြုလုပ်ခဲ့ခြင်း ရှိမရှိဟူသော အချက်ပင် ဖြစ်သည်။

၁၉၈၂

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နှင့် ဦးကြီးမောင်

အချင်းဖြစ်ညက သေသူ မောင်တင်မြင့်၌ ဓားပါကြောင်း၊ တရားခံ ဦးကြီးမောင် တဦးတည်း၏ ထွက်ချက်သာရှိပြီး အခြားထောက်ခံချက် တစုံတရာမတွေ့ရပေ။ ထိုဓားကို သက်သေခံပစ္စည်းအဖြစ် တရားလိုဘက်မှ တင်ပြနိုင်ခြင်း မရှိသည့်ပြင် အချင်းဖြစ်ညက မောင်တင်မြင့်နှင့် အတူပါသူ **မောင်ဖိုးထက်က** ထွက်ဆိုရာတွင် မောင်တင်မြင့်တွင် လက်နက်တစုံတရာမပါကြောင်း ထွက်ဆိုထားပေသည်။ မောင်ဖိုးထက်သည် ဦးကြီးမောင်၏ တူအရင်းတော်သူဖြစ်ကြောင်း သက်သေထွက်ချက်များကို တွေ့ရသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ တွင် မကာကွယ် မခုခံလျှင် အပြင်းအထန် နာကျင်စေခြင်းအတွက် **စိုးရိမ်ဖွယ်ရာ** ဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှု ကျူးလွန်သူကိုလည်းကောင်း၊ ပုဒ်မ ၁၀၃ တွင် မကာကွယ် မခုခံ၍ နေပါက သေဆေးကို၊ သို့တည်းမဟုတ် အပြင်းအထန် နာကျင်ခြင်းခံရမည်ကို စိုးရိမ်ရန် အကြောင်းရှိအောင် ကျူးလွန်သည့် ခိုးမှု၊ သို့တည်းမဟုတ် အကျိုးဖျက်ဆီးမှု၊ သို့တည်း မဟုတ် အိမ်ကျော်နင်းမှု ကျူးလွန်သူကိုလည်းကောင်း သေစေအောင် ပြု၍ ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသည် မှန်သော်လည်း ထိုကာကွယ် ခုခံပိုင်ခွင့်ကို ပုဒ်မ ၉၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုသည်ထက်ပို၍ အသုံးပြုနိုင်ခွင့်မရှိချေ။ ပုဒ်မ ၉၉ တွင် ကာကွယ် ခုခံရာ၌ ကာကွယ်ခုခံသောသဘောဖြင့် ဘေးအန္တရာယ်ပြုရန် လိုအပ်သည်ထက်ပို၍ ပြုခွင့်မရှိကြောင်း ပြဋ္ဌာန်းချက်ရှိသည်ဖြစ်၍ ဤအမှုတွင် အယူခံတရားခံ ဦးကြီးမောင်သည် လက်နက်မဲ့သူတဦးအား ဓားလှံဖြင့် (၄)ချက်တိတိထိုးလိုက်ရာတွင် လိုအပ်သည့်ဘေးအန္တရာယ် ထက်ပို၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်သဖြင့် သူ၏ပြုလုပ်မှု

သည် ဥပဒေအရ ခွင့်ပြုသည်ထက်ကျော်လွန်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသည်။

၁၉၇၂ | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးကြီးမောင်

ထို့ကြောင့် ဤအယူခံမှုကိုခွင့်ပြု၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ ပါ ပြစ်မှုကို အယူခံတရားခံ ဦးကြီးမောင်က ကျူးလွန်ခြင်း တွေ့ရှိကြောင်းဆုံးဖြတ်သည်။ အယူခံတရားခံ ဦးကြီးမောင်သည် ယင်းပုဒ်မ ၃၀၄ အရ တသက်တကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ်တမျိုးမျိုးကိုဖြစ်စေ ကျခံရမည်ဖြစ်သော်လည်း နိုင်ငံတော်ကောင်စီ၏ အမိန့်ကြေငြာချက်အမှတ် ၂/၇၀ (လွတ်ငြိမ်းချမ်းသာခွင့်အမိန့်) ပါ အကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်းစားပြီး ရင်းအား အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန်အမိန့်ချမှတ်လိုက်သည်။

**ပြစ်မှုဆိုင်ရာ စေ၀ဒကမှု**

**ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်ကျော်ဝင်း၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်၊ ဦးလှဘုန်း၊ ဦးခင်ဇော်မုံ၊ ဦးမြကျော်၊ ဦးထွန်းရှိန်၊ ဦးတင်အောင်ဟိန်း၊ ဦးအေးမောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ပြည်သူ့တရားသူကြီးအဖွဲ့ရှေ့တွင်—**

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
(ပြည်သူ့ဥပဒေအကျိုးအဆောင်အဖွဲ့)

နှင့်

ဦးကြည်ရင် *

† ၁၉၈၂
မတ်လ
၁၃ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ ပါ ပြဋ္ဌာန်းချက်—ယင်းပုဒ်မ အရ တရားခံက ခုခံချေပခြင်း မပြုသည့်တိုင်အောင် တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များအရ တရားခံအပေါ် အပြစ်ပေးနိုင်ဖွယ်ရာ မတွေ့မှသာ တရားရုံးက စွဲချက်မတင်ပဲ လွှတ်နိုင်မည်ဖြစ်ခြင်း— ယင်းဥပဒေပုဒ်မ ၂၅၄ အရ တရားခံ အပြစ်တစုံတရာ ကျူးလွန်သည်ဟု ယူဆရန် အကြောင်းရှိလျှင် တရားခံအပေါ် စွဲချက်တင် ဖြေရှင်းစေရမည်ဖြစ်ခြင်း။**

စေ၀ဒကလျှောက်ထားခံရသူ ဦးကြည်ရင်သည် အိမ်ဆောက်ရန် အတွက် အကြောင်းပြကာ သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ ဝယ်ယူရရှိသော အထပ်သားများအနက် အချို့ကို အမြတ်ဖြင့် ပြန်လည်ရောင်းချခြင်း၊ သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ ဝယ်ယူသော ကျွန်းသစ်များ အနက် အချို့ကို အမြတ်ဖြင့် ပြန်လည်ရောင်းချခြင်း၊ သစ်လုပ်ငန်း

---

* ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာစေ၀ဒကမှုအမှတ် ၁၊ ၂ နှင့် ၃။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၀၂ (ခ) / ၇၉၊ ၂၀၆၊ (ခ)/၇၉၊ ၂၀၇(ခ)တွင် ချမှတ်သော (၂၁-၅-၈၁) နေ့စွဲပါ ဗဟိုတရားစီရင်ရေးအဖွဲ့၏ အမိန့်ကို စေ၀ဒကဝင်မှု။

ကော်ပိုရေးရှင်းမှ သစ်ဝယ်ယူခွင့်ပါမစ်ကို လွှဲပြောင်း ရောင်းချခဲ့ခြင်းကြောင့် ၎င်းအပေါ် ၁၉၆၃ ခုနှစ်၊ အမျိုးနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲသည်။ ပုဇွန်တောင်မြို့နယ် တရားရုံးက တရားလိုပြသက်သေများ စစ်ဆေးကြားနာပြီးနောက် ဦးကြည်ရင်အပေါ် စွဲဆိုသော ဥပဒေပုဒ်မဖြင့်ပင် စွဲချက်တင်သည်။ စွဲချက်ပယ်ဖျက်ပေးရန် ဦးကြည်ရင်က ရန်ကုန်တိုင်း တရားရုံးသို့ လျှောက်ထားရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဆက်လက်လျှောက်ထားပြန်ရာ ဗဟိုတရားစီရင်ရေးအဖွဲ့က စွဲချက်ကို ပယ်ဖျက်၍ ဦးကြည်ရင်အား အမှုမှ လွှတ်လိုက်သည်။ ဗဟိုတရားစီရင်ရေးအဖွဲ့၏ အမိန့်ကို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က စာဒက တင်သွင်းခြင်းဖြစ်သည်။

၁၉၇၂
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့) နှင့် ဦးကြည်ရင်*

**ဆုံးဖြတ်ချက်။** ။အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ ဦးကြည်ရင်သည် နေအိမ်ဆောက်လုပ်ရန်ဟုအကြောင်းပြ၍ အထပ်သားများနှင့်သစ်များ ဝယ်ယူခွင့်ပြုရန် လျှောက်ထားခဲ့သည်ဆိုသည့်အချက်၊ ဦးကြည်ရင်သည် အထပ်သားများနှင့်သစ်များကိုဝယ်ယူပြီးနောက်အချို့ကို တဆင့် အမြတ်တင်ရောင်းချခဲ့သည်ဆိုသည့်အချက်နှင့် ဦးကြည်ရင်သည် လက်ကျန်သစ်များ ဝယ်ယူခွင့်ပါမစ်ကို ရောင်းစားသည်ဆိုသည့် အချက်များအပေါ် မြို့နယ်တရားရုံး၊ တိုင်းတရားရုံးနှင့် ဗဟိုတရားစီရင်ရေးအဖွဲ့တို့က တွေ့ရှိချက်များမှာကွဲလွဲခြင်းမရှိချေ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ ပါ ပြဋ္ဌာန်းချက်အရ တရားခံက ခုခံချေပခြင်းမပြုသည့်တိုင်အောင် တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များအရ တရားခံအပေါ် အပြစ်ပေးနိုင်ဖွယ်ရာ မတွေ့ရသည့် အခါမှသာ တရားရုံးက စွဲချက်မတင်ပဲ လွှတ်နိုင်မည်ဖြစ်သဖြင့် ဤအမှုတွင် တရားခံကို စွဲချက်မတင်ပဲ လွှတ်ရန်သင့်မည်မဟုတ်ပေ။ တရားခံကို ပြစ်မှုထင်ရှားတွေ့ရှိမှသာ အပြစ်ပေးနိုင်မည် ဖြစ်သော်လည်း တရားခံသည် ပြစ်မှုတစုံတရာကို ကျူးလွန်ခဲ့သည်ဟု ယူဆရန် အကြောင်းရှိသည်ဟု ထင်မြင်လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၄ အရ တရားရုံးသည် တရားခံအပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည် ဖြစ်သဖြင့် မြို့နယ် တရားရုံးက ဦးကြည်ရင်အပေါ် စွဲချက်တင်ခြင်းနှင့် တိုင်းတရားရုံးက စွဲချက်ကို အတည်ပြုခြင်းသည် မှားယွင်းသည်ဟု မဆိုသာချေ။

**လျှောက်ထားသူအတွက်။** ။ဗဟိုဥပဒေရုံးကိုယ်စား ဥပဒေဝန်ထမ်း ဦးမြသိန်း၊ ဦးညီညီ၊ ဦးမြမောင်လွင်၊ ဦးအောင်သန်းစိုး။

**လျှောက်ထားခံရသူအတွက်။** ။ဦးထွန်းရွှေ၊ ဗဟိုတရားရုံးရှေ့နေ။

၁၉၈၂

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုး ဆောင်အဖွဲ့) နှင့် ဦးကြည်ရင်*

စာဒကမှု လျှောက်ထားခံရသူ ဦးကြည်ရင်အပေါ် ပုဇွန်တောင်မြို့နယ်တရားရုံးတွင် အရေးယူ စစ်ဆေးခဲ့သည့် အမှုများနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၃၇/၇၀ တွင် ဦးကြည်ရင်သည် မိမိအိမ် ဆောက်ရန်အတွက်ဟု အကြောင်းပြကာ သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ အထပ်သား ၁၀၀ ချပ်ကို ဝယ်ယူပြီးနောက် အထပ်သား ၅၀ ချပ်ကို ဦးဝင်းမောင်အား အမြတ်ငွေကျပ် ၂၅၀/-ဖြင့် ပြန်လည် ရောင်းချခဲ့သည် ဟူ၍လည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၃၀/၇၀ တွင် ဦးကြည်ရင်သည် သစ်လုပ်ငန်း ကော်ပိုရေးရှင်းမှ လေလံ ကျွန်းသစ် ၅ တန်ကို ဝယ်ယူခွင့်ပါမစ်ဖြင့် ဝယ်ယူ ရရှိပြီးနောက် ကျွန်းသစ် ၃၂၅ တန်ကို ပြင်ပတွင် အမြတ်ငွေကျပ် ၁၆၀၀/-ယူ၍ ပြန်လည်ရောင်းချခဲ့သည်ဟူ၍လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၃၉/၇၀ တွင် ဦးကြည်ရင်သည် သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ ပျဉ်းကတိုးသစ် ၂၁.၇၆ တန်နှင့် အခြားသစ် ၂.၉၂ တန် စုစုပေါင်း ၂၄.၆၀ တန် ဝယ်ယူခွင့်ပါမစ်ဖြင့် သစ် ၇.၅ တန်ကိုသာ ဝယ်ယူပြီး ကျန်ရှိနေသော သစ်များဝယ်ယူခွင့် ပါမစ်ကို ဦးခင်မောင်ညိုအား ငွေကျပ် ၃၀၀၀/-ဖြင့် လွှဲပြောင်း ရောင်းချခဲ့သည် ဟူ၍လည်းကောင်း စွပ်စွဲချက်များဖြင့် ဦးကြည်ရင်အပေါ် ၁၉၆၃ ခုနှစ်များနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာန စုံစမ်းရေးမှူးက တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့သည်။

အထက်ဖော်ပြပါ အမှုသုံးမှုတွင် မူလမြို့နယ် တရားရုံးက တရားလိုပြ သက်သေများအား စစ်ဆေးကြားနာပြီး ဦးကြည်ရင်အပေါ် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ စွဲချက်များတင်ခဲ့သည်။ ယင်းကဲ့သို့ စွဲချက်များ တင်ခြင်းကို ဦးကြည်ရင်က မကျေနပ်၍ စွဲချက်များ ပယ်ဖျက်ပေးရန် ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၄၉/၇၀၊ ၄၅၀/၇၀ နှင့် ၄၅၁/၇၀ အသီးသီးတို့တွင် လျှောက်ထားခဲ့သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၂

၁၉၇၂
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့) နှင့် ဦးကြည်ရင်*

(ခ)/၇၉၊ ၂၀၆ (ခ)/၇၉ နှင့် ၂၀၇(ခ)/၇၉ တို့တွင် စွဲချက်များ ပယ်ဖျက်ပေးရန် ထပ်မံလျှောက်ထားခဲ့သည်။ ဗဟိုတရားစီရင်ရေးအဖွဲ့က ယင်းအမှုများတွင် ဦးကြည်ရင်အပေါ် တင်ထားသည့်စွဲချက်များကို ပယ်ဖျက်၍ ဦးကြည်ရင်အား အမှုအသီးသီးမှ လွှတ်လိုက်သည်။ ဗဟိုတရားစီရင်ရေးအဖွဲ့က ချမှတ်သည့် အမိန့်များအပေါ် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၇ (ခ)နှင့် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥပဒေပုဒ်မ ၇(စ)တို့အရ ဤစောဒကမှုများကို တင်သွင်းသည်။

ဤစောဒကမှုများမှာ ဥပဒေ အကြောင်းခြင်းရာတို့ တူညီသည်ဖြစ်၍ စုပေါင်းစဉ်းစားကာ ဆုံးဖြတ်မည် ဖြစ်သောကြောင့် ဤအမိန့်သည် ယင်းစောဒကမှုအားလုံးနှင့် အကျုံးဝင်စေရမည်။

ဗဟိုတရားစီရင်ရေးအဖွဲ့က "၁၉၆၃ ခုနှစ်၊အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ တွင် အကျုံးဝင်ရန်မှာ အများနှင့်သက်ဆိုင်သော ပစ္စည်းတခုခုနှင့် စပ်လျဉ်း၍ ခိုးမှု အလွဲသုံးစားမှု၊သို့တည်းမဟုတ် လိမ်လည်မှု ကျူးလွန်ကြောင်းပေါ်ပေါက်ရမည်။ ဤအမှုတွင် မူလရုံး တရားလို တိုင်တန်းချက်နှင့် ရုံးရှေ့အစစ်ခံချက်များအရပင် အချင်းဖြစ် အထပ်သားများ သစ်များနှင့် စပ်လျဉ်း၍ ခိုးမှု၊ သို့တည်းမဟုတ် အလွဲသုံးစားမှု ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း မရှိပေ။ ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ လိမ်လည်မှုပြုလုပ်ခြင်း ရှိမရှိကိုသာ ဆန်းစစ်ရန် လိုပေသည်"ဟု သုံးသပ်ကာ အိမ်ဆောက်ရန်အတွက် လျှောက်ထားရယူခဲ့သည့် အထပ်သားနှင့် သစ်များအနက်မှ ပိုနေသည့် ပစ္စည်းများ ပြန်လည်ရောင်းချခြင်းသည် လိမ်လည်မှု မမြောက်ဟု အဆုံးအဖြတ်ပေးခဲ့ကြောင်း တွေ့ရသည်။

ဗဟိုတရားစီရင်ရေးအဖွဲ့သည် ဦးကြည်ရင်အား စွဲဆိုခဲ့သည့် အမှုများမှ စွဲချက်မတင်ပဲ လွှတ်ရာ၌ အကြောင်းပြသည့်အချက်များမှာ–

"ဦးကြည်ရင်သည် သင်္ဃန်းကျွန်းမြို့နယ်(ဇ)ရပ်ကွက် မြသီတာလမ်း အမှတ် ၂၁၇တွင် နေအိမ် ဆောက်လုပ်ခဲ့ကြောင်းပေါ်လွင်ပြီးဖြစ်သည်။ ဦးကြည်ရင်သည် မူလ လျှောက်ထားသည့်အတိုင်း အမှန်တကယ် အိမ်ဆောက်လုပ်ခြင်း မပြုပဲ အိမ်ဆောက်ရန် အကြောင်းပြ လျှောက်ထား၍ ဝယ်ယူရရှိသည့် အထပ်သားနှင့် သစ်သားအားလုံးကို ပြန်လည်ရောင်းချခဲ့သည်ဟူ၍လည်း အမှု

တွဲရှိ သက်သေခံချက်များအရ ပေါ်ပေါက်ခြင်းမရှိပေ။ အချို့အဝက်ကို ပြန်လည်ရောင်းချခဲ့သည်ဟူ၍သာ စွပ်စွဲချက် ရှိပေသည်။ ကျန်အထပ်သားနှင့် သစ်သားများကို ဦးကြည်ရင်က နေအိမ်ဆောက်ရာတွင် အမှန်တကယ် အသုံးပြုခြင်း မရှိကြောင်း စွပ်စွဲနိုင်ခြင်းလည်း မရှိပေ။ ဦးကြည်ရင်သည် အမှန်တကယ် အိမ်ဆောက်လုပ်ခဲ့ကြောင်းမှာလည်း အမှုတွဲရှိ သက်သေခံချက်များအရ ပေါ်လွင်ပြီး ဖြစ်သောကြောင့် လျှောက်ထားသူ ဦးကြည်ရင်သည် အမှန်တကယ် အိမ်ဆောက်ရန် ကြံရွယ်ချက်မရှိပဲလျက် ထိုသို့အိမ်ဆောက်ရာတွင် အသုံးပြုရန် လိမ်လည်အကြောင်းပြ လျှောက်ထား၍ အထပ်သားနှင့် သစ်များကိုဝယ်ယူခဲ့သည်ဟူ၍လည်းမဆိုနိုင်ပေ။ ထို့ကြောင့် အချင်းဖြစ်သစ်များ အထပ်သားများနှင့် စပ်လျဉ်း၍ လိမ်လည်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း မရှိသဖြင့် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုကျူးလွန်ခြင်း မရှိနိုင်ပေ။

၁၉၇၂

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့) နှင့် ဦးကြည်ရင်*

အချင်းဖြစ် အထပ်သားနှင့် သစ်များမှာ ဦးကြည်ရင်က သက်ဆိုင်ရာ သစ်လုပ်ငန်း ကော်ပိုရေးရှင်းမှ နည်းလမ်းတကျ လျှောက်ထား၍ တန်ရာတန်ဖိုး ပေးပြီး ဝယ်ယူခဲ့သောပစ္စည်းများ ဖြစ်သည့်အလျောက် ထိုသို့ ဝယ်ယူပြီးသည့် နေ့မှစ၍ အချင်းဖြစ် အထပ်သားနှင့် သစ်များသည် အစိုးရပိုင် ပစ္စည်းအဖြစ်မှ ဦးကြည်ရင်ပိုင် ပစ္စည်းအဖြစ်သို့ပြောင်းလဲ ရောက်ရှိခဲ့ပေသည်။ သို့ဖြစ်၍ အချင်းဖြစ် အထပ်သားနှင့် သစ်များသည် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၂ အရ အများနှင့်သက်ဆိုင်သော ပစ္စည်းဖြစ်သည်ဟု မဆိုနိုင်၍ ဦးကြည်ရင်သည် ယင်းဥပဒေပုဒ်မ ၃ အရ ပြစ်မှုကျူးလွန်နိုင်ရန်လည်း အကြောင်းမရှိပေ”—

ဟူ၍ဖြစ်သည်။

ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ဤ စောဒကအမှုများတွင် အချက်နှစ်ချက် စဉ်းစားရန် တင်ပြသည်။ ပထမအချက်မှာ ဝယ်ယူရရှိသော သစ်လုပ်ငန်းကော်ပိုရေးရှင်းပိုင် ပစ္စည်းများကို ကော်ပိုရေးရှင်းက စည်းကမ်းချက်များ သတ်မှတ် ရောင်းချသည်ဖြစ်ရာ ဝယ်ယူသူက တဆင့် ပြန်လည် ရောင်းချသည်ဖြစ်စေ၊ ဖော်ပြသည့် ကိစ္စတွင်

မဟုတ်ပဲ သုံးစွဲလျှင်ဖြစ်စေ၊ အမှန်တကယ် လိုအပ်သည်ထက် ပို၍

၁၉၇၂ လျှောက်ထားဝယ်ယူခဲ့လျှင်ဖြစ်စေ၊ ထိုသူသည် လိမ်လည်မှု ကျူးလွန်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့) နှင့် ဦးကြည်ရင်*

ရာ ရောက်ပါသလားနှင့် ဒုတိယအချက်မှာ အမှုအကြောင်းခြင်းရာများ အရ လိမ်လည်ကြောင်း မြင်သာသော သက်သေခံချက်များ ရှိနေပါက တရားခံအပေါ် စွဲချက်တင်၍ ဖြေရှင်းစေသင့်ပါသလား ဟူသော အချက်တို့ ဖြစ်သည်။

စာဒက လျှောက်ထားသူဘက်က အဓိကအချက် အနေဖြင့် တင်ပြသည်မှာ သစ်လုပ်ငန်း ကော်ပိုရေးရှင်းမှ သတ်မှတ်ထားသည့် စည်းကမ်းချက် အချို့ကို ချိုးဖောက်ခဲ့သည်ဟု ဆိုစေဦး၊ ယင်းကဲ့သို့ ချိုးဖောက်မှုသည် ဥပဒေချိုးဖောက်ရာ မရောက်သဖြင့် ပြစ်မှုကြောင်းအရ အရေးမယူနိုင်ကြောင်း၊ ဌာနဆိုင်ရာ အနေဖြင့်သာ အရေးယူသင့်ကြောင်း၊ ထို့ကြောင့် ဤအမှုတွင် ဥပဒေပြဿနာ တစုံတရာ မပေါ်ပေါက်ကြောင်းဟူ၍ ဖြစ်သည်။

၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၂ တွင် အများနှင့် သက်ဆိုင်သောပစ္စည်း ဆိုသည့် စကားရပ်ကို အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

**ပုဒ်မ ၂။** ။ဤဥပဒေတွင် "အများနှင့် သက်ဆိုင်သော ပစ္စည်း ဆိုသည်မှာ–

(က) တပ်မတော်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင် တဦးဦး၊ သို့တည်းမဟုတ်၊ တည်ဆဲ တရားဥပဒေတခုခုအရ ဖွဲ့စည်းထားသည့်ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ဘဏ်၊ အခြား အဖွဲ့တခုခု၊ သို့တည်းမဟုတ်

(ဂ) သမဝါယမအသင်း တခုခု၊ သို့တည်းမဟုတ်

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အမိန့်ကြော်ငြာစာဖြင့် ကြေငြာသော–

(၁) အသင်းများ မှတ်တင်ပုံတင်အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းတခုခု၊

(၂) မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆ အရ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အသင်း တခုခု၊

(၃) ပြည်သူတို့ဆိုင်ရာ ယုံမှတ်အပ်နှံမှုအဖွဲ့တခုခု၊ သို့တည်း မဟုတ်

(၄) အခြားအဖွဲ့အစည်း တခုခု

ပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် အသုံးပြုရန် လွှဲပြောင်းပေးအပ်ထားသည့်၊ သို့တည်းမဟုတ် သိမ်းဆည်းထားသည့် ငွေ၊ သို့လျှောဝ် ပစ္စည်းအသုံးအဆောင်၊ သို့တည်းမဟုတ် အခြားပစ္စည်း တရပ်ရပ်ကို ဆိုလိုသည်''။

၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ ကျူးလွန်သူကို ပြစ်ဒဏ်ချမှတ်ရန် ယင်းဥပဒေပုဒ်မ ၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

၁၉၈၂
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့) နှင့် ဦးကြည်ရင်*

**ပုဒ်မ ၃။** ။မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားမှု၊ သို့တည်းမဟုတ် လိမ်လည်မှု ကျူးလွန်လျှင် တသက် တကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်အောက် မနည်းသည့်ထောင်ဒဏ်ဖြစ်စေ စီရင်ခြင်းခံရမည့်ပြင် ငွေဒဏ်လည်း စီရင်ခြင်း ခံရမည်။

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့မှ တင်ပြသည့် ပထမ အချက်နှင့် စေ့ဒကလျှောက်ထားခံရသူ ဦးကြည်ရင်ဘက်မှ အဓိကထားပြီးတင်ပြသည့်အချက်တို့မှာ ဥပဒေရေးရာနှင့် အကြောင်းခြင်းရာတို့ ရောထွေးပါဝင်နေကြောင်း ပေါ်ပေါက်သဖြင့် ယင်းအချက်များကို မူလတရားရုံးက အမှုတွင် ပေါ်ပေါက်သည့် သက်သေ အထောက်အထားများ အပေါ် အခြေခံ၍ တမှုချင်းအလိုက် ဆုံးဖြတ်ရမည်သာ ဖြစ်ပေသည်။

အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ ဦးကြည်ရင်သည် နေအိမ်ဆောက်လုပ်ရန်ဟု အကြောင်းပြ၍ အထပ်သားများနှင့် သစ်များဝယ်ယူခွင့်ပြုရန် လျှောက်ထားခဲ့သည် ဆိုသည့် အချက်၊ ဦးကြည်ရင်သည် အထပ်သားများနှင့် သစ်များကို ဝယ်ယူပြီးနောက် အချို့ကို တဆင့်အမြတ်တင်၍ ရောင်းချခဲ့သည် ဆိုသည့် အချက်နှင့် ဦးကြည်ရင်သည် လက်ကျန်သစ်များ ဝယ်ယူခွင့် ပါမစ်ကို ရောင်းစားသည်ဆိုသည့်အချက်များအပေါ် မြို့နယ်တရားရုံး တိုင်းတရားရုံးနှင့် ဗဟိုတရားစီရင်ရေးအဖွဲ့တို့က တွေ့ရှိချက်များမှာ ကွဲလွဲခြင်း မရှိချေ။

၁၉၈၂
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့) နှင့် ဦးကြည်ရင်*

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ ပါ ပြဋ္ဌာန်းချက်အရ တရားခံက ခုခံချေပခြင်းမပြုသည့်တိုင်အောင် တရားလိုဘက်မှ တင်ပြသော သက်သေခံချက်များအရ တရားခံအပေါ် အပြစ်ပေးနိုင်ဖွယ်ရာ မတွေ့ရသည့် အခါမှသာ တရားရုံးက စွဲချက်မတင်ပဲ လွှတ်နိုင်မည်ဖြစ်သဖြင့် ဤအမှုတွင် တရားခံကို စွဲချက်မတင်ပဲ လွှတ်ရန် သင့်မည်မဟုတ်ပေ။ တရားခံကို ပြစ်မှု ထင်ရှားတွေ့ရှိမှသာ အပြစ်ပေးနိုင်မည် ဖြစ်သော်လည်း တရားခံသည် ပြစ်မှု တစုံတရာကို ကျူးလွန် ခဲ့သည်ဟု ယူဆရန် အကြောင်းရှိသည်ဟု ထင်မြင်လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၄ အရ တရားရုံးသည် တရားခံအပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည်ဖြစ်သဖြင့် မြို့နယ်တရားရုံးက ဦးကြည်ရင်အပေါ် စွဲချက်တင်ခြင်းနှင့် တိုင်းတရားရုံးက စွဲချက်ကို အတည်ပြုခြင်းသည် မှားယွင်းသည်ဟု မဆိုသာချေ။

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တင်ပြသည့် ဒုတိယအချက်နှင့် စပ်လျဉ်း၍ ဦးကြည်ရင်သည် သူဝယ်ယူခွင့်ရရှိသည့်ပါမစ်ဖြင့် ဝယ်ယူထားသည့် အထပ်သားများနှင့် သစ်များအနက် အချို့ အဝက်ကိုလည်းကောင်း၊ လက်ကျန်သစ်များ ထုတ်ယူရန် ပါမစ်ကို လည်းကောင်း၊ တဆင့်အမြတ်တင်၍ ပြန်လည်ရောင်းချခဲ့ကြောင်း တရားလိုဘက်က စွပ်စွဲထားသည့် စွပ်စွဲချက်များ ရှိနေပေသည်။ ယင်းစွပ်စွဲချက်များအရ ယခုအခြေအနေတွင် ဦးကြည်ရင်အပေါ် ပြစ်မှုနှင့် လုံးဝငြိစွန်းခြင်းမရှိဟု မဆိုနိုင်သေးပေ။ ထို့ကြောင့် ယင်းစွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ဦးကြည်ရင်က ကျူးလွန်ခြင်း မရှိကြောင်း၊ သို့မဟုတ် သူ၏ပြုလုပ်မှုသည် ပြစ်မှုကြောင်းအရ အပြစ်မရှိကြောင်း ဖြေရှင်းရန် တာဝန်ရှိနေသည်။

သို့ဖြစ်၍ ဗဟိုတရားစီရင်ရေးအဖွဲ့၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ မူလ မြို့နယ်တရားရုံးသည် ဤအမှုများကို မူလ အမှတ်စဉ်များဖြင့် ပြန်လည်လက်ခံ၍ ဥပဒေနှင့်အညီ ဆက်လက်ကြားနာစစ်ဆေးသွားရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်**

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် † ၁၉၈၂ ဇွန်လ ၁၉ ရက်

နှင့်

မရွှေ့တင် (ခ) မရီ *

**၁၉၇၄-ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ၌ ပြဋ္ဌာန်းချက် မပါရှိသော ကိစ္စရပ်များတွင် ဘိန်း အက် ဥပဒေအရ အရေးယူနိုင်ခြင်း ရှိမရှိ။**

**ဘိန်းအက်ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ အရ ခံဝန် တောင်းဆိုရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပါ နည်းလမ်းများအတိုင်း ဆောင် ရွက်ရမည်ဖြစ်ခြင်း။**

**ယင်း နည်းလမ်းများ အတိုင်း ဆောင် ရွက် ရန် ပျက်ကွက်မှု၏ အကျိုးဆက်။**

**ဆုံးဖြတ်ချက်။** ။၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ် သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေပုဒ်မ ၇၅ ပြဋ္ဌာန်းချက် အရ တည်ဆဲ ဥပဒေတရပ်ဖြစ်သော ဘိန်း အက်ဥပဒေကို ဖျက်သိမ်းလိုက်ခြင်း မဟုတ်ပဲ ဥပဒေ နှစ်မျိုးလုံးနှင့် အကျုံးဝင်သော ကိစ္စများ၌ မူးယစ် ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပါ ပြဋ္ဌာန်းချက် များက လွှမ်းမိုး သွားကြောင်းကိုသာ ပြဋ္ဌာန်းထားခြင်း ဖြစ်သဖြင့် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ၌ ပြဋ္ဌာန်းချက်မပါရှိသော ကိစ္စရပ်များတွင် ဘိန်းအက်ဥပဒေ အရ အရေးယူနိုင်ခွင့်ရှိကြောင်းမှာ ထင်ရှားသည်။

---

* ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃ (က)

† လသာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအထွေထွေမှု အမှတ် ၄၁/၇၄ တွင် လျှောက်ထားခံရသူအပေါ် အရေးယူ ဆောင်ရွက်ခဲ့ခြင်း သည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ စိစစ်ရန်ဖွင့်လှစ်သော ပြင်ဆင်မှု။

**ထပ်မံဆုံးဖြတ်ချက်။** ။ဘိန်းအက်ဥပဒေ ဒုတိယပိုင်းပုဒ်မ ၃-အရ

၁၉၈၂ ကောင်းစွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်တောင်းဆိုရာတွင် ပြစ်မှု
ပြည်ထောင်စု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၁၀ နှင့်နောက်တွင်ပါရှိသည့် ပုဒ်မများ၌
ဆိုရှယ်လစ် ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဟု
သမ္မတ ပြဋ္ဌာန်းချက်ရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၁၁၀ အရအရေးယူ
မြန်မာ ဆောင်ရွက်ရာ၌ ထိုသို့ အရေး ယူခြင်း ခံရသူ အပေါ်ပုဒ်မ ၁၁၂ အရ
နိုင်ငံတော် ခံဝန်ပေးစေရန် ရှေးဦးအမိန့်ကို စာဖြင့် ရေးသားချမှတ်ရမည့် အပြင်
နှင့် ယင်းရှေးဦးအမိန့်ကို အတည်မပြုနိုင်မီ တရားရုံးက အရေးယူဆောင်
မရှော့တင် ရွက်သော သတင်းချက်မှန် မမှန်ကို ပုဒ်မ ၁၁၇ အရ စုံစမ်းစစ်ဆေးရန်
(ခ) မရှိ * လည်း လိုအပ်ပေသည်။ ကောင်းစွာကျင့်ကြံနေထိုင်ရန် ခံဝန်တောင်းဆို မှုနှင့်ပတ်သက်လျှင် စုံစမ်းစစ်ဆေးမှုကို ဝရမ်းမှုများ ကြားနာ စစ်ဆေးရာ၌ ကျင့်သုံးသည့် နည်းလမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရပေမည်။ မူလတရားရုံးသည် မရှော့တင်(ခ)မရှိအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ၁၁၂ အရ လိုအပ်သော ရှေးဦးအမိန့်ကို မချမှတ် ခဲ့သည့် အပြင် မရှော့တင် (ခ) မရှိကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ အရ လိုအပ်သော ခုခံ ချေပခွင့် မပေးခဲ့သည်ကိုလည်း တွေ့ရ သည်။ ယင်းပျက်ကွက်မှုများသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ကုစားနိုင်သော ပျက်ကွက်မှုများ မဟုတ်သည့်အလျောက် အမှုတခုလုံး ကို ထိခိုက်ပျက်ပြားစေကြောင်း တွေ့ရသည်။

**လျှောက်ထားသူအတွက်။** ။ဦးဘရွှေ၊ ဥပဒေဝန်ထမ်း။

**လျှောက်ထားခံရသူအတွက်။** ။မလာရောက်။

လသာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အထွေထွေအမှုအမှတ်၄၁/၇၄ တွင် ဘိန်းအက် ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ အရ အရေးယူခြင်းခံရသူ မရှော့တင်(ခ) မရှိကို အမှုပယ်ဖျက်ပေးရန် ဗဟိုတရားရုံး ပြစ်မှုဆိုင်ရာ အထွေထွေအမှုအမှတ် ၂၉/၇၉ အရ လျှောက်ထားခဲ့ရာ၊ အမှုပယ်ဖျက် ပေးရန် အကြောင်းမပေါ်ပေါက်ခဲ့သဖြင့် ယင်းလျှောက်လွှာကို ပလပ် လိုက်သော်လည်း ပြစ်မှုဆိုင်ရာ အထွေထွေ အမှုအမှတ် ၄၁/၇၄ တွင် မရှော့တင် (ခ) မရှိ အပေါ် အရေးယူဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စစ်ဆေးရန် လိုအပ်ကြောင်း မှတ်ချက်ပြုခဲ့သဖြင့် ဗဟို တရားရုံးမှ ပြင်ဆင်မှုကို အလိုအလျောက် ဖွင့်လှစ်၍ ကြားနာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လသာမြို့နယ် တရားရုံး၊ပြစ်မှုဆိုင်ရာအထွေထွေအမှုအမှတ် ၄၁/၇၄ တွင် လသာမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး ဦးတင်ရွှေက မရှော့တင် (ခ) မရီသည် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ပြုပြင်စီမံခြင်း၊ ရောင်းချခြင်းကိုပြုလုပ်ကြောင်း သတင်းကျော်စောမှုဖြင့် ဘိန်းအက်ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ အရ အရေးယူဆောင်ရွက်ပေးရန် လသာမြို့နယ်တရားရုံး၌ လျှောက်ထားစွဲဆိုခဲ့ခြင်းဖြစ်ရာ မရှော့တင် (ခ) မရီအပေါ် ဘိန်းအက်ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ အရ မြို့နယ်တရားရုံးက အရေးယူဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ၊ ထိုသို့အရေးယူ ဆောင်ရွက်ရာ၌ လုပ်ထုံးလုပ်နည်း မှန်ကန်မှုရှိ မရှိနှင့် ပတ်သက်၍ ဤပြင်ဆင်မှု၌ စဉ်းစားဆုံးဖြတ်ရန်ရှိပေသည်။ ၁၉၈၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နှင့် မရှော့တင် (ခ) မရီ

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများ ဆိုင်ရာနည်းဥပဒေပုဒ်မ ၇၅ တွင်—

"၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေး ဖြစ်စေတတ်သော ဆေးဝါးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဘိန်းပင်၊ ကိုကာပင်နှင့် ဆေးခြောက်ပင် စသည်တို့ကိုစိုက်ပျိုးခြင်း၊ ဘိန်း၊ ဆေးခြောက်၊ ကိုကာပင် စသည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများထုတ်လုပ်ခြင်း၊ ပြင်ဆင်ပြုလုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်ပနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းစသည်တို့ ပါရှိသည့် ယခင်က ပြဋ္ဌာန်းထားသော—

(က) ဘိန်းအက်ဥပဒေ

× × × × ×

× × ×

(ည) × × ×

ကို မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသွားပြီဖြစ်သဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းထားသည့် အချက်များနှင့် သက်ဆိုင်သည့် ကိစ္စများကို အထက်တွင်ဖော်ပြသည့် တည်ဆဲဥပဒေများ၊ အမိန့်များ၊ သို့မဟုတ် သက်ဆိုင်ရာပြဋ္ဌာန်း

ချက်များအရ အရေးယူ ဆောင်ရွက်ခြင်း မပြုရ၊ ဤ ဥပဒေအရသာလျှင် အရေးယူ ဆောင်ရွက်ရမည် ဖြစ်သည်''...

၁၉၈၂

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နှင့် မရှော့တင် (ခ) မရီ

ဟု ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ တည်ဆဲ ဥပဒေတရပ် ဖြစ်သော ဘိန်းအက်ဥပဒေကို ဖျက်သိမ်းလိုက်ခြင်း မဟုတ်ပဲ ဥပဒေ နှစ်မျိုးလုံးနှင့် အကျုံးဝင်သောကိစ္စများ၌ မူးယစ်ထုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါးများဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသွား ကြောင်းကိုသာ ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ၁၉၇၄ ခုနှစ် မူးယစ် ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ၌ ပြဋ္ဌာန်းချက် မပါရှိသော ကိစ္စရပ်များတွင် ဘိန်းအက်ဥပဒေအရ အရေးယူနိုင်ခွင့် ရှိကြောင်းမှာ ထင်ရှားသည်။

မူးယစ်ဆေးဝါး ဖြစ်မှုများ ကျူးလွန်ကြောင်း ကျော်စောသတင်း ရှိသူများနှင့် ပတ်သက်၍ ၁၉၇၄ ခုနှစ်၊ မူးယစ်ဆုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါးများ ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း ဘိန်းအက်ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ တွင်ကား ဘိန်း၊ သို့တည်းမဟုတ် ယစ်မျိုးဝင် ဝတ္ထုတစုံတရာကို ဥပဒေနှင့်ဆန့်ကျင်၍ပြုလုပ်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ပြည်တွင်းသို့သွင်းခြင်း၊ ပြည်ပသို့ထုတ်ခြင်း၊ ရောင်း ခြင်း၊ သို့တည်းမဟုတ် ဝယ်ခြင်းဖြင့် သော်လည်းကောင်း၊ ထိုသို့ လုပ်ကိုင် ခြင်းတွင် အားပေးကူညီခြင်းဖြင့် သော်လည်းကောင်း လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ အသက်မွေးမှုပြုသူတို့ကို ယင်းပုဒ်မ ၃ အရ အကြောင်းအားလျော်စွာ ခံဝန်ပေးစေဟု အမိန့်ချမှတ်နိုင်သည် ဟူ၍ လည်းကောင်း၊ ထိုသို့ အသက်မွေးမှု ပြုမပြုကို ကျော်စောသတင်းဖြင့် သက်သေထင်ရှား ပြယူနိုင်သည် ဟူ၍လည်းကောင်း ပြဋ္ဌာန်းချက် ရှိပေ သည်။ ထို့ကြောင့် မရှော့တင် (ခ) မရီအပေါ် လသာမြို့နယ် တရားရုံး က ကျော်စောမှုဖြင့် ဘိန်းအက်ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ အရ အရေး ယူခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဘိန်းအက်ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ အရ ကောင်းစွာကျင့်ကြံနေထိုင် ရေးအတွက် ခံဝန်တောင်းဆိုရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ နှင့် နောက်တွင်ပါရှိသည့် ပုဒ်မများ၌ ပြဋ္ဌာန်းထားသည့် နည်းလမ်း များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်ရှိသည်။ ပြစ်မှု ဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ အရ အရေးယူဆောင်ရွက်ရာ၌ ထိုသို့ အရေးယူခြင်းခံရသူအပေါ် ပုဒ်မ ၁၁၂ အရ ခံဝန်ပေးစေရန် ရှေးဦး

၁၉၈၂
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
နှင့်
မရှော့တင်
(ခ) မရီ

အမိန့်ကို စာဖြင့် ရေးသား ချမှတ်ရမည့်အပြင် ယင်းရှေးဦး အမိန့်ကို အတည်မပြုနိုင်မီ တရားရုံးက အရေးယူဆောင်ရွက်သော သတင်းချက် မှန်မမှန်ကို ပုဒ်မ ၁၁၇ အရ စုံစမ်းစစ်ဆေးရန်လည်း လိုအပ်ပေသည်။ ကောင်းစွာ ကျင့်ကြံနေထိုင်ရန် ခံဝန်တောင်းဆိုမှုနှင့် ပတ်သက်လျှင် စုံစမ်းစစ်ဆေးမှုကို ဝရမ်းမှုများ ကြားနာစစ်ဆေးရာ၌ ကျင့်သုံးသည့် နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရပေမည်။

မှုလရုံးအမှုတွဲကို လေ့လာရာ၌ မှုလတရားရုံးသည် မရှော့တင်(ခ) မရီအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၂ အရ လိုအပ်သော ရှေးဦးအမိန့်ကို မချမှတ်ခဲ့သည့်အပြင် မရှော့တင်(ခ)မရီကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ အရ လိုအပ်သော ခုခံချေပခွင့် မပေးခဲ့ သည်ကိုလည်း တွေ့ရသည်။ ယင်းပျက်ကွက်မှုများသည် ဥပဒေအရ မလုပ်မနေရ သဘောသက်ရောက်သည့် ပြဋ္ဌာန်းချက်များကို မှုလရုံးက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း ဖြစ်သည့်အပြင် ယင်းပျက်ကွက် မှုများကြောင့် တရားခံတွင်ထိခိုက်နစ်နာမှုရှိသည်ဖြစ်၍ ပြစ်မှုဆိုင်ရာကျင့် ထုံးဥပဒေပုဒ်မ ၅၃၇ အရ ကုစားနိုင်သော ပျက်ကွက်မှုများ မဟုတ် သည့်အလျောက် အမှုတစ်ခုလုံးကို ထိခိုက်ပျက်ပြားစေကြောင်း တွေ့ရ သည်။

ထို့ကြောင့် မရှော့တင်(ခ) မရီအပေါ် လသာမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၄၁/၇၄ တွင် ဘိန်း အက်ဥပဒေ ဒုတိယပိုင်း ပုဒ်မ ၃ အရ ခံဝန်(၂)ဦးဖြင့် တစ်နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်စေရန် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်၍ ၎င်းအပေါ် ယခင် တရားစီရင်ရေး အဖွဲ့မှအပ လသာမြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌမှ ရွေးချယ်ပေးသော အခြားတရားစီရင်ရေးအဖွဲ့က ဥပဒေနှင့်အညီ ပြန် လည် စစ်ဆေး ကြားနာစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးမွန်စံလှိုင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၂ နိုဝင်ဘာလ ၁၂ ရက်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
နှင့်
ဦးလှထွန်း*

**တရားရုံးကို မထီမဲ့မြင် ပြုလုပ်ခြင်းအတွက် အရေးယူခြင်း။**

ဗဟိုတရားစီရင်ရေးအဖွဲ့ ရုံးထိုင်ရာတွင် အမှုကို ခေါ်သည့်အခါ ရှေ့နေ ဦးလှထွန်းသည် ဗဟိုတရားစီရင်ရေးအဖွဲ့ ရုံးထိုင်သည့် ရုံးခန်းတွင်း၌ ရှိနေသော်လည်း လျှောက်လဲချက် မပေးသည့်အပြင်၊ ၎င်းရောက်ရှိကြောင်းကိုလည်း မတင်ပြကြောင်း၊ နောက်တစ်မှုနှင့် စပ်လျဉ်း၍ ဦးလှထွန်းအား ကြားနာသည့်အခါ ၎င်းသည် ထိုအမှုနှင့် စပ်လျဉ်း၍ လျှောက်လဲချက်ပေးရန် အဘယ့်ကြောင့် ပျက်ကွက်ရသည်ကိုရှင်းလင်းခြင်း မပြုကြောင်း၊ ဦးလှထွန်း၏အပြုအမူသည် တရားစီရင်ရေးအဖွဲ့အား မထီမဲ့မြင် ပြုရာရောက်သည်ဟု ယူဆရန် အကြောင်းပေါ်ပေါက်သဖြင့် ဦးလှထွန်းအပေါ် တရားရုံးများကို မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေ ပုဒ်မ ၃ အရ အရေးယူမှုဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဦးလှထွန်းက သူသည်သဘောရိုးဖြင့် ပေါ့လျော့မိခဲ့ခြင်းဖြစ်ကြောင်း တင်ပြချက်မှာ ဟုတ်မှန်ခြင်းမရှိပဲ ဗဟိုတရားရုံးတော်အား မထီမဲ့မြင်ပြုကြောင်း ပေါ်လွင်ထင်ရှားသည်။

ဦးလှထွန်းသည် သူ၏ အပြုအမူနှင့် စပ်လျဉ်း၍ အပြစ်ရှိကြောင်း ရိုးသားစွာ ဝန်ခံခြင်းမပြုပဲ သူ့တွင် အပြစ်မရှိကြောင်း သဘောသက်ရောက်သည့် လျှောက်လဲတင်ပြချက် ပြုသဖြင့် သူ၏ ဝန်ချတောင်းပန်ချက်သည် ခြွင်းချက်မရှိ၊ အကြွင်းမဲ့ ဝန်ချတောင်းပန်ခြင်း မဟုတ်ကြောင်း တွေ့ရှိရ၍ သူ၏ ဝန်ချတောင်းပန်မှုကို လက်မခံနိုင်ပေ။

---

* ၁၉၈၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၈၀။

† ၁၉၈၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၉၁ (ခ) တွင် ချမှတ်သော (၆-၈-၈၂) နေ့စွဲပါ ဗဟိုတရားစီရင်ရေး အဖွဲ့၏ အမိန့်အရ အရေးယူမှု။

**လျှောက်ထားသူအတွက်**— ဦးအုန်းဇနန်၊ ဥပဒေဝန်ထမ်းအဆင့်(၁)။
**လျှောက်ထားခံရသူအတွက်** — ဦးလှထွန်း၊ ဗဟိုတရားရုံးရှေ့နေ၊

၁၉၈၂
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နှင့် ဦးလှထွန်း*

ဗဟိုတရားစီရင်ရေးအဖွဲ့က လျှောက်ထားခံရသူ-ဗဟိုတရားရုံးရှေ့နေ ဦးလှထွန်းအပေါ် တရားရုံးများကို မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေ ပုဒ်မ ၃ အရ အရေးယူပြီး အမှုဖွင့်လှစ်ခြင်းဖြစ်သည်။

၆-၈-၈၂ နေ့၌ ဗဟိုတရားစီရင်ရေးအဖွဲ့ ရုံးထိုင်ရာတွင် ၁၉၈၂ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၉၁ (ခ) အမှုကို ခေါ်သည့်အခါ လျှောက်ထားသူ၏ ရှေ့နေ ဦးလှထွန်းသည် ဗဟိုတရားစီရင်ရေးအဖွဲ့ ရုံးထိုင်သည့် ရုံးခန်းတွင်း၌ ရှိနေသော်လည်း အမှုနှင့် စပ်လျဉ်း၍ လျှောက်လဲခြင်း မပြုသည့်အပြင် ၎င်းရောက်ရှိကြောင်းကိုလည်း ဗဟို တရားစီရင်ရေးအဖွဲ့ထံ တင်ပြခြင်း မပြုကြောင်း၊ နောက်တစ်မှုနှင့် စပ် လျဉ်း၍ ဦးလှထွန်းအား ကြားနာသည့်အခါ ၎င်းသည် ထိုအမှုနှင့် စပ် ၍ လျှောက်လဲချက်ပေးရန် အဘယ့်ကြောင့် ပျက်ကွက်ရသည်ကို ရှင်း လင်းခြင်းမပြုကြောင်း ဦးလှထွန်း၏ အပြုအမူသည် ဗဟိုတရားစီရင်ရေး အဖွဲ့အား မထီမဲ့မြင် ပြုရာရောက်သည်ဟု ယူဆရန် အကြောင်းပေါ် ပေါက်သည်ဖြစ်၍ ဦးလှထွန်းအပေါ် အမှုဖွင့်လှစ်ပြီး တရားရုံးများ ကို မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၃ အရ အရေးယူရန် ဖြစ် ကြောင်း ဗဟိုတရားစီရင်ရေးအဖွဲ့က အမိန့်ချမှတ်ခဲ့သည်။

ဦးလှထွန်းက သူသည် ဗဟိုတရားရုံးမှ ကြိုတင်သတိပေး အမှုခေါ် စာရင်းကို ဖတ်ရှုရာတွင် သူလိုက်ပါရမည့် အမှုနှစ်မှုအနက် တစ်မှုကိုသာ သတိထားမိပြီး အခြားတစ်မှုကို သတိမထားမိခဲ့ပါကြောင်းဖြင့် တင်ပြ သော်လည်း သူ၏ တင်ပြချက်မှာ ယုတ္တိမရှိ လက်ခံဖွယ်ရာ မရှိကြောင်း တွေ့ရသည်။ အမှုကို ခေါ်နေစဉ်က ‘‘ဦးလှထွန်း’’ ဟူသော အမည်ကို ကြားပါလျက် အမည်တူ ဦးလှထွန်းရှိနေခြင်းကြောင့် သူ့အမှုအား ခေါ်ခြင်းမဟုတ်ဟု ထင်မြင်မိခဲ့ကြောင်းဖြင့် တင်ပြထားသည်။အဆိုပါ နေ့က ဦးလှထွန်းအမည်တူ အခြားအကျိုးဆောင်ရှေ့နေသော် လည်း ကောင်း၊ အမှုသည်သော်လည်းကောင်း၊ ရုံးခန်းတွင်း၌ မရှိကြောင်း မှာ ကြိုတင်သတိပေး အမှုခေါ်စာရင်းနှင့် နေ့စဉ်အမှုခေါ် စာရင်းတို့ အရ ပေါ်လွင်နေသဖြင့် သူ၏ ရှင်းလင်းတင်ပြချက်မှာ လက်ခံဖွယ်ရာ မသင့်ချေ။

နေ့လယ်ပိုင်းတွင် ဗဟိုတရားစီရင်ရေးအဖွဲ့ ခေတ္တရပ်နားချိန်၌ ဗဟို တရားစီရင်ရေး အကြံပေးက ဦးလှထွန်းအား လျှောက်လဲချက်မပေးခဲ့

ခြင်း အတွက် မေးမြန်းပါလျက်နှင့် ဦးလှထွန်းသည် နောက်တစ်မှုနှင့် စပ်လျဉ်း၍ ကြားနာသည့်အခါ ပထမအမှု၌ လျှောက်လဲချက်ပေးရန် ပျက်ကွက်ရခြင်းအတွက် ဗဟိုတရားစီရင်ရေးအဖွဲ့အား တစုံတရာ တင်ပြ ရှင်းလင်းခြင်း မပြုခဲ့ပေ။

၁၉၈၂
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးလှထွန်း

သို့ဖြစ်၍ ဦးလှထွန်းက သူသည် သဘောရိုးဖြင့် ပေါ့လျော့မိခဲ့ခြင်း ဖြစ်ကြောင်း တင်ပြချက်မှာ ဟုတ်မှန်ခြင်း မရှိပဲ ဗဟိုတရားရုံးတော်အား မထီမဲ့မြင်ပြုကြောင်း ပေါ်လွင်ထင်ရှားသည်။

လျှောက်ထားခံရသူ ဦးလှထွန်းက သူသည် ဗဟိုတရားရုံးတော်ကို မထီမဲ့မြင်ပြုလိုသော ရည်ရွယ်ချက်စိတ်ဆန္ဒ လုံးဝမရှိခဲ့ရိုး အမှန်ပင် ဖြစ်ပြီး သဘောရိုးဖြင့် ပေါ့လျော့မှုဖြစ်ခဲ့ကြောင်း၊ သူ၏ ပျက်ကွက်မှု သည် ဗဟိုတရားရုံးတော်ကို မထီမဲ့မြင်ပြုရာ ရောက်သည်ဟု ယူဆရန် အကြောင်းပေ ါ်ပေါက်ခဲ့သည်မှာ မှန်၍ ဝန်ခံပါကြောင်း၊ သဘောရိုး ဖြင့် ဖြစ်ခဲ့သော ထိုအပြစ်အတွက် သူ့အား ခွင့်လွှတ်ပါရန် အနူးအညွတ် ဝန်ချတောင်းပန်ပါကြောင်း တင်ပြသည်။

ဦးလှထွန်းသည် သူ၏ အပြုအမူနှင့် စပ်လျဉ်း၍ အပြစ်ရှိကြောင်း ရိုးသားစွာ ဝန်ခံခြင်းမပြုပဲ သူ့တွင် အပြစ်မရှိကြောင်း သဘောသက် ရောက်သည့် လျှောက်လဲတင်ပြချက် ပြုသဖြင့် သူ၏ ဝန်ချတောင်းပန် ချက်သည် ချွင်းချက်မရှိ အကြွင်းမဲ့ ဝန်ချတောင်းပန်ခြင်း မဟုတ် ကြောင်း တွေ့ရှိရ၍ သူ၏ ဝန်ချတောင်းပန်မှုကို လက်မခံနိုင်ပေ။

ထို့ကြောင့် လျှောက်ထားခံရသူ ဦးလှထွန်းအပေါ် တရားရုံးများကို မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၃အရ ဒဏ်ငွေကျပ် ၃၀၀/-ဆောင် စေရန်နှင့် ဒဏ်ငွေမဆောင် ပျက်ကွက်က အလုပ်မဲ့ ထောင်ဒဏ်တလ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအယူခံမှု

**ဥက္ကဋ္ဌအဖြစ် ဦးထွန်းလှသုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နှင့်

မောင်အေးကို*

†၁၉၈၀၂
စက်တင်ဘာလ
၈ ရက်

**ကျောင်းဝင် မှတ်ပုံတင် မှတ်တမ်း နှင့် အမျိုးသား မှတ်ပုံတင် တို့ရှိ အသက်နှင့် ဆရာဝန်၏ ဆေး စစ်ဆေးချက်အရ အသက်တို့ ကွဲပြား လျှင် သက်သေခံဥပဒေအရ မည်သို့ လိုက်နာရမည် ဖြစ်ခြင်း**

**ဆုံးဖြတ်ချက်။** ။ကျောင်းဝင်မှတ်ပုံတင်မှတ်တမ်းနှင့် အမျိုးသား မှတ်ပုံတင်တို့မှာ သက်သေခံဥပဒေပုဒ်မ ၃၅ အရ သက်သေခံဝင်သော အများပြည်သူဆိုင်ရာ မှတ်တမ်းမှတ်ရာများ ဖြစ်ပေသည်။ ဆရာဝန်၏ ဆေးစစ်ဆေးချက်နှင့် တင်ပြချက်တို့မှာ အခြား လွတ်လပ်သော သက်သေခံအထောက်အထားများ ရှိမှသာ အထောက်အကူ အဖြစ် အသုံးပြုနိုင်သော သက်သေခံချက်သာ ဖြစ်ပေသည်။

**လျှောက်ထားသူအတွက်** — ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်း။

**လျှောက်ထားခံရသူအတွက်** — ဦးမောင်မောင်အေး (လှိုင်) ဗဟို တရားရုံးရှေ့နေ။

မင်းဘူးမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၁၄/၇၇ တွင် မောင်အေးကိုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ တရားစွဲဆို တင်ပို့ခဲ့ရာ **မောင်အေးကိုအား** အမှုမှ အပြီး အပြတ် လွှတ်ခဲ့သည်။ ဗဟိုဥပဒေရုံးက မင်းဘူးမြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ဗဟို တရားရုံးသို့ ဤအယူခံမှုကို တင်သွင်းသည်။

---

* ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံအမှတ် ၈၁။

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၆၁၄ တွင်ချမှတ်သော (၂၉-၅-၇၈) နေ့စွဲပါ မင်းဘူးမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၂

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်အေးကို*

၁၂-၆-၇၇ ရက်နေ့ ည (၁၂) နာရီ အချိန်ခန့်တွင် မင်းဘူး စကုမြို့နယ် ခြင်ကုန်း (၁)ရွာနေ မတင်ရီသည် နေအိမ်၌ မိခင်ဖြစ်သူ ဒေါ်သိန်းနှင့်အတူ အိပ်နေရာမှ ပျောက်သွားသဖြင့် ဒေါ်သိန်းက လိုက်လံစုံစမ်းရာ တရွာတည်းနေ မယားကြီးရှိသူ မောင်အေးကိုက မတင်ရီအား ခိုးယူခေါ်ဆောင်သွားကြောင်း သိရှိရသဖြင့် ဒေါ်သိန်း က မောင်အေးကို အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ တိုင်တန်းစွဲဆိုသော အမှုဖြစ်သည်။

ဗဟိုဥပဒေရုံးက ဤအမှုနှင့်ပတ်သက်၍ တင်ပြရာတွင် တရားခံ မောင်အေးကို အပါအဝင် သက်သေများ၏ ထွက်ဆိုချက်အရ မောင်အေးကိုက မတင်ရီအား ခိုးယူပေါင်းသင်းခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ ကျောင်းဝင်မှတ်ပုံတင်နှင့် အမျိုးသား မှတ်ပုံတင်တို့တွင် မတင်ရီသည် အသက် (၁၆) နှစ်အောက် မိန်းကလေး ဖြစ်ကြောင်း ပေါ်လွင်၍ မတင်ရီကိုယ်တိုင်ကပင် သူ၏အသက်မှာ (၁၄) နှစ် ဖြစ်သည်ဟု ထွက်ဆိုထားကြောင်း၊ ဆရာဝန်၏ ထင်မြင်ချက်အပေါ် အမှီပြု၍ ကျန်အချက်အလက်များကို မျက်ကွယ်ပြုပြီး မတင်ရီ၏ အသက်မှာ (၁၆)နှစ် ပြည့်ပြီးကြောင်း ကောက်ယူ ဆုံးဖြတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ မောင်အေးကိုက မတင်ရီအား ခိုးယူ ပေါင်းသင်းခြင်းမှာ အငြင်းမပွား၍ မတင်ရီသည် အသက်(၁၆)နှစ် မပြည့်သေးသူ ဖြစ်ကြောင်း ပေါ်လွင်နေသဖြင့် မောင်အေးကိုအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း တင်ပြသည်။

မူလရုံး အမှုတွဲကို လေ့လာကြည့်ရှုသောအခါ မောင်အေးကိုက မတင်ရီအား နေအိမ်မှ ခိုးယူခေါ်ဆောင်သွား၍ ပေါင်းသင်းခဲ့ကြောင်း အငြင်းမပွားပေ။ သက်သေခံ (ဂ) ကျောင်းဝင်မှတ်ပုံတင်မှတ်တမ်းအရ မတင်ရီ မွေးနေ့မှာ ၁၃၂၅ ခုနှစ်၊ တပေါင်းလဆန်း (၁)ရက် (၁၂-၂-၆၄)နေ့ ဖြစ်ကြောင်း တွေ့ရှိရ၍ အမျိုးသားမှတ်ပုံတင် အမှတ် ဝ၈၂၀၆၀ အရ မတင်ရီ၏ မွေးနေ့မှာ ၁၃၂၃ ခုနှစ်၊ တပေါင်း လဆန်း(၁၁)ရက်နေ့ ဖြစ်သည်ကို တွေ့ရှိရသည်။ သို့ဖြစ်ရာ ကျောင်းဝင် မှတ်တမ်းနှင့် အမျိုးသား မှတ်ပုံတင်တို့အရ မတင်ရီ၏ အသက်မှာ အချင်းဖြစ်သည့်အချိန်တွင် အသက်(၁၆)နှစ် မပြည့်သေးကြောင်း ပေါ်ပေါက်နေပေသည်။

သို့ရာတွင် ဆေးစစ်ဆေးချက်အရ မတင်ရီ၏အသက်မှာ အချင်းဖြစ်ချိန်တွင် အသက်(၁၇)နှစ် (၁၈)နှစ် အကြားတွင်ရှိကြောင်း ဆရာဝန် ဒေါ်ခင်မျိုးသူ (လိုပြ--၅)က ထင်မြင်ချက်ပေး၍ ထွက်ဆိုထားသည်ကို တွေ့ရသည်။

၁၉၀၂
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် မောင်အေးကို*

အထက်ပါ အကြောင်းခြင်းရာအချက်အလက်များကို ပေါင်းစပ်လေ့လာကြည့်ရှုရာတွင် ကျောင်းဝင်မှတ်ပုံတင်မှတ်တမ်းနှင့် အမျိုးသားမှတ်ပုံတင်တို့မှာ သက်သေခံ ဥပဒေပုဒ်မ ၃၅အရ သက်သေခံဝင်သော အများပြည်သူဆိုင်ရာ မှတ်တမ်း မှတ်ရာများ ဖြစ်ပေသည်။ ဆေးစစ်ဆေးချက်နှင့် တင်ပြချက်တို့မှာ အခြား လွတ် လပ် သော သက်သေခံ အထောက်အထားများ ရှိမှသာ အထောက်အကူအဖြစ် အသုံးပြုနိုင်သော သက်သေခံချက်သာ ဖြစ်ပေသည်။ မတင်ရီ ကိုယ်တိုင်ကပင် တရားရုံး၏ ရှေ့မှောက်တွင် မိမိ၏အသက်မှာ (၁၄)နှစ်ဖြစ်ကြောင်း တင်ပြ ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ရာ မတင်ရီ၏ ကိုယ်တိုင်ထွက်ချက်၊ ကျောင်းဝင်မှတ်ပုံတင် မှတ်တမ်းနှင့် အမျိုးသား မှတ်ပုံတင် တို့အရ မတင်ရီ၏ အသက်မှာ အချင်းဖြစ်ချိန်တွင် (၁၆)နှစ် မပြည့်သေးကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် မောင်အေးကိုသည် အသက် (၁၆)နှစ် မပြည့်သေးသော မတင်ရီအား ခိုးယူပေါင်းသင်းခဲ့ကြောင်း ပေါ်ပေါက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ အပြစ်ရှိကြောင်း တွေ့ရှိရသဖြင့် မင်းဘူးမြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။

မောင်အေးကို ကျူးလွန်သည့် ပြစ်မှုမှာ ၂၀-၅-၀၀ ရက်နေ့စွဲပါ နိုင်ငံတော်ကောင်စီ အမိန့်ကြေငြာချက်အမှတ် ၂/၀၀(လွတ်ငြိမ်းချမ်းသာခွင့်အမိန့်)နှင့် အကျုံးဝင်နေသဖြင့် ယင်းအမိန့်ကြေငြာချက် အပိုဒ် ၀ ပါ အကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်းစားလျက် မောင်အေးကိုအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ အရ ထောင်ဒဏ် (၂)နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးထွန်းရှိန် တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

ဦးမာမွတ်(ခေါ်)ဦးမောင်ကြီး

နှင့်

† ၁၉၇၂
အောက်တိုဘာလ ၂ရက်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ ဦးဘထွန်း*

**သမ္မန်မှုကို ဝရမ်းမှုစစ်ဆေးနည်းဖြင့် စစ်ဆေးခြင်း၊ ထိုအမှုမျိုး၌ စွဲချက်ကို ပယ်ဖျက်ပေးရန် အကြောင်းရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။သမ္မန်မှုကို ဝရမ်းမှုအဖြစ် စစ်ဆေးရုံမျှဖြင့် သမ္မန်မှုသည် ဝရမ်းမှု ဖြစ်မလာနိုင်ပေ။

သမ္မန်မှုကို စစ်ဆေးရာတွင် တရားလိုနှင့် တရားခံ နှစ်ဘက်စလုံးကို စစ်ဆေးရမည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၄ တွင် ပြဋ္ဌာန်းထားသည်ဖြစ်ရာ အမှုတွင် ဦးမာမွတ်ဘက်ကို မလွဲမသွေ စစ်ဆေးရမည်ဖြစ်သည့်အလျောက် သူ့အပေါ်တင်ထားသည့် စွဲချက်ကို ပယ်ဖျက်ပေးရန် အကြောင်းမပေါ်ပေါက်ပေ၊

**လျှောက်ထားသူအတွက်** — ကိုယ်တိုင်(မလာ)။

**လျှောက်ထားခံရသူအတွက်** — ၁။ ဦးစံသာကျော်၊ဥပဒေဝန်ထမ်း အဆင့် (၁)။
၂။ ဦးနေမင်း၊ဗဟိုတရားရုံးရှေ့နေ။

မရမ်းကုန်းမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၁၀၂/၇၆ တွင် လျှောက်ထားခံရသူ ဦးဘထွန်းက လျှောက်ထားသူ ဦးမာမွတ် (ခ) ဦးမောင်ကြီးသည် ကွယ်လွန်သူ မိမိ၏သား မောင်ခင်မောင်ပိုင်

* ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၁ (ခ)
† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၃၂ တွင် ချမှတ်သော (၂၀-၇-၇၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၂
ဦးမာမွတ်
(ခေါ်)
ဦးမောင်ကြီး
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးဘထွန်း*

ဖြစ်သည့် မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက်၊ (၇) လမ်း အိမ်အမှတ် ၄၆၆/၇၅ အတွင်းရှိအခန်းမှ အကာအရံများကိုဖြုတ်ပစ်သည် ဟုဆိုကာ ပြစ်မှုကြောင်းအရ တရားစွဲဆိုရာ မြို့နယ်တရားရုံးက တရားလိုဘက်ကို စစ်ဆေးပြီးနောက် ဦးမာမွတ်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၆ အရ စွဲချက်တင်သည်။ ဦးမာမွတ်က မြို့နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု ထပ်မံလျှောက်ထားခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၆ အရ၊ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုမှာ ထောင်ဒဏ် (၃) လအထိသာ ချမှတ်နိုင်သည်ဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၊ (၁) (ဖ) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသော သမ္မန်မှုဖြစ်သည်။ ယင်းအမှုမျိုးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအခန်း (၂၀)ပါ လုပ်ထုံးလုပ်နည်းများအရ စစ်ဆေးရမည် ဖြစ်သော်လည်း မြို့နယ်တရားရုံးက အခန်း( ၂၁ )ပါ လုပ်ထုံးလုပ်နည်းများအရ စစ်ဆေးပြီး လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၆ အရစွဲချက်တင်ခဲ့သည်ကို တွေ့ရှိရသည်။ သမ္မန်မှုကို ဝရမ်းမှုအဖြစ် စစ်ဆေးရုံမျှဖြင့် သမ္မန်မှုသည် ဝရမ်းမှု ဖြစ်မလာနိုင်ပေ။

သမ္မန်မှုကို စစ်ဆေးရာတွင် တရားလိုနှင့်တရားခံ နှစ်ဘက်စလုံးကို စစ်ဆေးရမည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၄ တွင် ပြဋ္ဌာန်းထားသည်ဖြစ်ရာ အမှုတွင် ဦးမာမွတ်ဘက်ကို မလွှဲမသွေစစ်ဆေးရမည် ဖြစ်သည့်အလျောက် သူ့အပေါ်တင်ထားသည့်စွဲချက်ကို ပယ်ဖျက်ပေးရန် အကြောင်း မပေါ်ပေါက်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပယ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

**ဥက္ကဋ္ဌ အဖြစ်  ဦးလှဘုန်း၊  အဖွဲ့ဝင်များ အဖြစ်  ဦးခင်ဇာမို နှင့် ဦးအေးမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

ဦးမြဟန်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

၂။ မောင်လှမြင့်*

† ၁၉၇၂
ဇန်နဝါရီ
၁ ရက်

**ပြင်ဆင်မှုတရားရုံး၏ စီရင်ပိုင်ခွင့် ပြင်ဆင်မှုတရားရုံးသည် မူလရုံးကချမှတ်သောပြစ်ဒဏ်ကို မိမိထင်မြင်ချက်နှင့် ကွာခြားရုံဖြင့် မစွက်ဖက်သင့်ခြင်း။ တရားမျှတမှု ကင်းမဲ့သည်ဟု ထင်ရှားစွာ ပေါ်ပေါက်သော အမှုမျိုးမှသာ ဝင်ရောက်စွက်ဖက်သင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြင်ဆင်မှုကိုကြားနာသော တရားရုံးအနေဖြင့် မူလရုံးကချမှတ်ထားသောပြစ်ဒဏ်ကို မိမိ၏ထင်မြင်ချက်နှင့် ကွာခြားရုံမျှဖြင့် ဝင်ရောက်စွက်ဖက်အပ်သည် မဟုတ်ပေ။ တရားမျှတမှု ကင်းမဲ့လောက်အောင် အလွန်အမင်းလျော့နည်းလွန်းသည်ဟု သိသာထင်ရှားစွာပေါ်ပေါက်သောအမှုမျိုး၌သာ ပြင်ဆင်မှုကို ကြားနာသော တရားရုံးက ဝင်ရောက်စွက်ဖက်၍ ပြစ်ဒဏ်တိုးမြှင့်ပေးလေ့ရှိပေသည်။

**လျှောက်ထားသူအတွက်** — ဦးသိန်းထွန်း၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံသူအတွက်** — (၁) ဦးဝင်းဖေ၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

(၂) ဦးထွန်းအုံ၊ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၉၁ (ခ)

† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၇၄ တွင် ချမှတ်သော (၃၁-၁၂-၇၀) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

စစ်ကိုင်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၂၅/၇၇ တွင် မောင်လှမြင့်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က အရ ထောင်ဒဏ်(၁) ရက်နှင့် ဒဏ်ငွေကျပ် ၁၀၀၀/-ပေးဆောင်ရန်၊ ဒဏ်ငွေ ပေးဆောင်ပါက နစ်နာသူအား ငွေကျပ် ၈၀၀/-ပေးစေရန်၊ ဒဏ်ငွေ မဆောင် ပျက်ကွက်ပါက ထောင်ဒဏ်(၁)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို သေသူမသန်းစိန်၏ခင်ပွန်း ဦးမြဟန်က မကျေနပ်၍ ပြစ်ဒဏ်တိုးမြှင့်ပေးရေးအတွက် စစ်ကိုင်းတိုင်း တရားရုံး၌ အမှုအမှတ် ၁၇၄/၈၀ အရ ပြင်ဆင်မှု တင်သွင်းရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို ထပ်မံတင်သွင်းသည်။

၁၉၈၂
ဦးမြဟန်
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ မောင်လှမြင့်*

အမှုမှာ ၂.၆-၇၇ ရက်နေ့နံနက်က သစ်တောအုပ် ဦးဘိုလေးနှင့် တောခေါင်း မောင်လှမြင့်တို့သည် ဧရာဝတီမြစ်အလယ် အုန်းတဇင်ရွာအနီးတွင် စုန်ဆင်းလာသော "စိန်ဝင်းရွှေ"အမည်ရှိ မော်တော်တစ်စီးကို ရပ်တန့်၍ လိုင်စင်မဲ့ သစ်တောထွက် ပစ္စည်းများ ပါ မပါ ရှာဖွေစစ်ဆေးရာ လိုင်စင်မဲ့ သနပ်ခါးခြမ်းများ တွေ့ရှိသဖြင့် မော်တော်ကို မင်းကွန်းဆိပ်ကမ်းသို့ ဆိုက်ကပ်စေ၍ သနပ်ခါးခြမ်းများ ချထားရန် ဆောင်ရွက်ကြစဉ် မောင်လှမြင့်ကိုင်ဆောင်ထားသော ကာဘိုင်သေနတ်မှ မတော်တဆ ကျည်ထွက်၍ မော်တော်ပေါ်၌ လိုက်ပါလာသော မသန်းစိန်ဆိုသူ အမျိုးသမီးတဦးအား ထိမှန်သောကြောင့် မသန်းစိန် သေဆုံးမှုဖြင့် မောင်လှမြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က အရ တရားစွဲ တင်ပို့သော အမှုဖြစ်သည်။

လျှောက်ထားသူ၏ အကျိုးဆောင်က တရားခံသည် မလိုအပ်ပဲ သေနတ် မောင်းတင်ထားခြင်းကြောင့် ဤအမှုဖြစ်ပွားခဲ့ရခြင်း ဖြစ်၍ သေနတ်ကို အလွန် ပေါ့လျော့စွာ ကိုင်တွယ်ခဲ့ကြောင်း ပေါ်လွင်၍လည်းကောင်း၊ ခရီးသွား လုပ်သားပြည်သူများ၏ လုံခြုံရေးအတွက် အဟန့်အတား ဖြစ်စေလောက်သော ပြစ်ဒဏ်များ ချမှတ်ထိုက်သည် ဖြစ်၍ လည်းကောင်း ပြစ်ဒဏ် တိုးမြှင့် ပေးသင့်ကြောင်း အဓိက အကြောင်းပြု၍ လျှောက်ထားသည်။

အမှုတွဲရှိ သက်သေခံချက်များအရလျှောက်ထားခံရသူသည် အချင်းဖြစ် မော်တော်တွင် သာမန်ခရီးသည်အဖြစ် လိုက်ပါလာရာမှ ဤပြစ်မှုကို ကျူးလွန်ခဲ့ခြင်းမဟုတ်ပဲ လိုင်စင်မဲ့ သစ်တောထွက် ပစ္စည်းများကို မင်းကွန်းဆိပ်ကမ်းတွင် ချထားရန်တာဝန်ဖြင့် အချင်းဖြစ်မော်တော်တွင် လိုက်ပါလာရာမှ ၎င်းကိုင်ဆောင်ထားသော ကာဘိုင်သေနတ်မှ မတော်

| | |
|---|---|
| ၁၉၈၂<br>ဦးမြဟန်နှင့်<br>၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်<br>၂။ မောင်လှမြင့် | တာဆ ကျည်ထွက်၍ မသန်းစိန်အား ထိမှန်သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။<br><br>ပြင်ဆင်မှုကို ကြားနာသော တရားရုံးအနေဖြင့် မူလရုံးက ချမှတ်ထားသောပြစ်ဒဏ်ကို မိမိ၏ထင်မြင်ချက်နှင့် ကွာခြားရုံမျှဖြင့် ဝင်ရောက်စွက်ဖက်အပ်သည် မဟုတ်ပေ။ တရားမျှတမှု ကင်းမဲ့လောက်အောင် အလွန်အမင်း လျော့နည်းလွန်းသည်ဟု သိသာထင်ရှားစွာ ပေါ်ပေါက်သောအမှုမျိုး၌သာ ပြင်ဆင်မှုကို ကြားနာသောတရားရုံးက ဝင်ရောက်စွက်ဖက်၍ပြင်ဆင်တိုးမြှင့်ပေးလေ့ရှိပေသည်။ ဤအမှုတွင် ပေါ်ပေါက်သော အခြေအနေများအရ မူလ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ ဆုံးဖြတ်ချက်များသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။<br><br>ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်ကြောင်းအမိန့်ချမှတ်သည်။ |

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များ အဖြစ် ဦးလှဘုန်း နှင့် ဦးထွန်းရှိန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

ဦးရဲမြင့်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ ဒေါ်ခင်ခင်ချော*

+ ၁၉၈၂ ဩဂုတ်လ ၁၈ ရက်

**ရုံးပြောင်းပေးရန် လျှောက်ထားရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၂၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရန် လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ရုံးပြောင်းပေးရန် ပြည်နယ်တရားရုံး၌လျှောက်ထားရာတွင် မအောင်မြင်ပါက ဗဟိုတရားရုံး၌ ထပ်မံ လျှောက်ထားရမည်။ ရုံးပြောင်းလျှောက်လွှာနှင့်အတူ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၆ အပိုဒ်ခွဲ(၄)အရ လိုအပ်သောကတိသစ္စာပြုလွှာ ပူးတွဲပါရှိရမည့်အပြင် ရုံးပြောင်း လျှောက်လွှာ မိတ္တူတစောင်ကို ပုဒ်မ ၅၂၆ အပိုဒ်ခွဲ(၆) အရ ဥပဒေရုံးသို့ ပေးပို့ရန်လည်း လိုပေသည်။ ဤအမှုတွင် လျှောက်ထားသူသည် ပုဒ်မ ၅၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် ရုံးပြောင်းပေးရန် လျှောက်လွှာ တင်သွင်းရမည့်အစား ပြင်ဆင်မှုလျှောက်လွှာကိုသာ တင်သွင်းခဲ့သည်ဖြစ်၍ ဤပြင်ဆင်မှုကို လက်ခံစဉ်းစားရန် အကြောင်း မပေါ်ပေါက်ချေ။

**လျှောက်ထားသူအတွက်** — ဦးခင်အောင်၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်**— ဦးခင်မောင်ဦး၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။
ဦးအောင်ကျော်စိန်၊ ဗဟိုတရားရုံး ရှေ့နေ။

---

* ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု ၅၁၀ (ခ)

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၄ တွင်ချမှတ်သော (၂၄-၇-၈၀) နေ့စွဲပါ ရခိုင်ပြည်နယ်တရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

သိတ္တဲမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃ဝ၆/၇၉ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄ဝ၆/၄၂ဝ အရ စွဲဆိုခြင်းခံရသူ ဒေါ်အုန်းစိန်နှင့် ဦးရဲမြင့်တို့ နှစ်ဦးအနက် ဦးရဲမြင့်က ထိုအမှုကို တောင်ကုပ်မြို့နယ် တရားရုံးသို့ ပြောင်းရွှေ့ စစ်ဆေးခွင့်ပြုရန် ရခိုင်ပြည်နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၄/၇၉ တွင် လျှောက်ထားရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၈၂

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ ဒေါ်ခင်ခင်ချော*

ပြင်ဆင်မှုလျှောက်လွှာတွင် အချင်းဖြစ်အမှုနှင့် ပတ်သက်၍ ငွေပေးငွေယူ ကိစ္စကို တောင်ကုပ်မြို့နယ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်၍လည်းကောင်း၊ လျှောက်ထားသူသည် တောင်ကုပ်မြို့နယ်တွင် အစဉ်တစိုက် နေထိုင်ခဲ့သူဖြစ်၍လည်းကောင်း၊ လျှောက်ထားသူ၏ သက်သေ များသည် တောင်ကုပ်မြို့နယ်တွင် နေထိုင်သူများဖြစ်၍ လည်းကောင်း ရုံးပြောင်းပေးသင့်ကြောင်း အဓိကအကြောင်းပြ၍ လျှောက်ထားသည်။

ရုံးပြောင်းပေးရန် ပြည်နယ် တရားရုံး၌ လျှောက်ထား ရာတွင် မအောင်မြင်ပါက ဗဟိုတရားရုံး၌ထပ်မံလျှောက်ထားရမည်။ ရုံးပြောင်းလျှောက်လွှာနှင့်အတူ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၆ အပိုဒ်ခွဲ (၄)အရ လိုအပ်သော ကတိသစ္စာပြုလွှာ ပူးတွဲ ပါရှိရမည့်အပြင် ရုံးပြောင်းလျှောက်လွှာ မိတ္တူတစ်စောင်ကို ပုဒ်မ ၅၂၆ အပိုဒ်ခွဲ (၆) အရ ဥပဒေရုံးသို့ ပေးပို့ရန်လည်း လိုပေသည်။ ဤအမှုတွင် လျှောက်ထားသူသည် ပုဒ်မ ၅၂၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မရှိသည့်အပြင် ရုံးပြောင်းပေးရန် လျှောက်လွှာ တင်သွင်းရမည့်အစား ပြင်ဆင်မှု လျှောက်လွှာကိုသာ တင်သွင်းခဲ့သည်ဖြစ်၍ ပြင်ဆင်မှုကို လက်ခံစဉ်းစားရန် အကြောင်း မပေါ်ပေါက်ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်ဦးမြကျော် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ရှိုး

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၂။ မောင်မြင့်သန်း *

† ၁၉၇၂
ဖေဖော်ဝါရီ
၁၀ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ ပြဋ္ဌာန်းချက်— အမှုကို အပြီးသတ် ဆုံးဖြတ်ပြီးချိန်တွင် သက်သေခံပစ္စည်း စီမံခန့်ခွဲခြင်း— ယင်းသို့ စီမံခန့်ခွဲရာ၌ တရား မကြောင်းဆိုင်ရာ အငြင်းပွားမှု များကို ထည့်သွင်းစဉ်းစားခြင်းဖြင့် စီရင်ပိုင်ခွင့် ကျော်လွန်ရာ ရောက်ခြင်း။**

**ဆုံ ဖြတ်ချက်။** အချင်းဖြစ် စက်လှေ အရောင်း အဝယ်နှင့် စပ်လျဉ်း၍ အတိုးငွေနှင့်ပတ်သက်ပြီး အငြင်းပွားမှုကို ပြစ်မှုဆိုင်ရာမှုခင်းတွင် သက်သေခံပစ္စည်းကို စီမံခန့်ခွဲရန်အတွက် ထည့်သွင်းစဉ်းစားရန် မလိုအပ်ပေ။ ထိုကိစ္စမှာ တရားမရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်နေသဖြင့် ပြစ်မှုဆိုင်ရာတရားရုံးမှ ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းမှာ မိမိ၏ စီရင်ပိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက်ရာ ရောက်နေပေသည်။ ပြစ်မှုဆိုင်ရာ မှုခင်းများကို အပြီးသတ် အဆုံးအဖြတ် ပေးပြီးသည့် အချိန်တွင် သက်သေခံ ပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ တွင် ပြဋ္ဌာန်း ထားသည့် အတိုင်းသာ လိုက်နာဆောင်ရွက်ရပေမည်။

**လျှောက်ထားသူအတွက်** — ရွှေနေ ဦးဘသန်း ကိုယ်စား ဦးသိန်းဇံ ရေးသားလျှောက်လဲချက်တင်သည်။

**လျှောက်ထားခံရသူအတွက်** — ဦးဝင်းမြင့်၊ ဥပဒေ ဝန် ထမ်း အဆင့် (၁)။

---

* ၁၉၇၇-ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၆၂ (ခ)]

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၁ တွင် ချမှတ်သော (၆-၆-၇၇) နေ့စွဲပါ တနင်္သာရီတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၂
မောင်ရိုးနှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
၂။ မောင်မြင့်သန်း

သရက်ချောင်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂၆/၇၄ တွင် မောင်မြင့်သန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ ထောင်ဒဏ်(၁)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့၍ သက်သေခံစက်၊ စက်ပစ္စည်းများနှင့် လှေသုံးကိရိယာများကို တရားလို မောင်ရိုးအား ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ မောင်မြင့်သန်းက သရက်ချောင်း မြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် တနင်္သာရီတိုင်း တရားရုံးသို့ အယူခံတင်သွင်းရာ မောင်မြင့်သန်းအား အပြီးအပြတ် လွှတ်၍ သက်သေခံစက်၊ စက်ပစ္စည်းများနှင့် လှေသုံးကိရိယာများကို တရားရုံးမှ ထိန်းသိမ်းထား၍ တရားမရုံး၏ အဆုံးအဖြတ်နှင့်အညီ ဆောင်ရွက်စေရန် အမိန့်ချမှတ်ခဲ့သည်။ မောင်ရိုးက တနင်္သာရီတိုင်း တရားရုံးမှ ယင်းသက်သေခံပစ္စည်းများနှင့် ပတ်သက်၍ ချမှတ်သည့်အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

သရက်ချောင်းမြို့နယ်၊ ရင့်ကျေးရွာနေ မောင်ရိုးက ၁-၉-၇၄ ရက်နေ့ နံနက် (၁၂)နာရီအချိန်ခန့်တွင် ပဲရစ်ဆိပ်ကမ်းတွင် ဆိုက်ထားသော သူပိုင်စက်လှေကို ဒေါ်သန်းရှုပါ (၈)ဦးတို့က ခိုးယူမောင်းနှင် သွားပါသည်ဆိုကာ သရက်ချောင်းမြို့နယ်၊ ပြည်သူ့ကောင်စီနှင့် ဝင်းဝ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းသို့ တိုင်ကြားစွဲဆိုခဲ့သည်။ သရက်ချောင်းမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂၆/၇၄ တွင် မောင်မြင့်သန်း အပါအဝင် တရားခံ (၇)ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ နှင့် ၁၁၄ တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ သက်သေခံစက်၊ စက်ပစ္စည်း များနှင့် လှေသုံးကိရိယာများကို တရားလို မောင်ရိုးအား ပြန်ပေး စေရန် အမိန့်ချမှတ်ခဲ့သည်။ .

လျှောက်ထားသူ မောင်ရိုးက အချင်းဖြစ် စက်လှေမှာ သူက မောင်သန်းမြင့်ထံမှ ဝယ်ယူထားသောစက်ဖြင့် ဦးစံဝင်း ဒေါ်ဆန်းရွှေ တို့ထံမှ ငှားယူထားသော လှေတွင် တပ်ဆင်ထားသော စက်လှေ ဖြစ် ကြောင်း၊ သူက မောင်မြင့်သန်းအား စက်ဖိုးငွေများကို အပြေအလည် ပေးဆပ်ပြီးဖြစ်ကြောင်း၊ အချင်းဖြစ် စက်လှေခိုးမှုနှင့် ပတ်သက်၍ သူက မောင်မြင့်သန်းပါ (၈)ဦးတို့အပေါ် တရားစွဲဆိုခဲ့ရာ မောင်မြင့်သန်း အပါအဝင်တရားခံအချို့ အပြစ်ပေးစီရင်ခြင်းခံရကြောင်း၊ သက်သေခံ လှေကို ပိုင်ရှင်ဦးစံဝင်းနှင့် ဒေါ်ဆန်းရွှေတို့အား ပြန်ပေးစေရန်နှင့် စက်၊ စက်ပစ္စည်းနှင့် လှသုံးကိရိယာများကို သူ့အားပြန်ပေးစေရန် မူလရုံးမှ အမိန့်ချမှတ်ခြင်းမှာ မှန်ကန်ကြောင်း၊ သူက ရောင်းသူ မောင်မြင့်သန်းထံမှ သက်သေခံစက်ကို တန်ဖိုးပေး၍ ဝယ်ယူပြီးလက်

ဝယ်ရရှိထားခဲ့သူ ဖြစ်သဖြင့် အချင်းဖြစ် သက်သေခံစက်၊ စက်ပစ္စည်း နှင့် လှေသုံးကိရိယာများ နှင့် ပတ်သက်၍ တိုင်းတရားရုံးမှ ချမှတ်ထားသော အမိန့်မှာ မှားယွင်းကြောင်း တင်ပြသည်။

၁၉၈၂

မောင်ရှိုး နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ မောင်မြင့်သန်း

မူလရုံး အမှုတွဲကို လေ့လာကြည့်ရှုသောအခါ အချင်းဖြစ် စက်လှေတွင် တပ်ဆင်ထားသော စက်မှာ မောင်ရှိုးက မောင်မြင့်သန်းထံမှ ဝယ်ယူ၍ လက်ဝယ်ရရှိထားကြောင်း ပေါ်လွင်၍ အငြင်းမပွားပေ။ မောင်မြင့်သန်းနှင့် အဖော်များက အချင်းဖြစ် စက်လှေကို ပဲရစ်ဆိပ်ကမ်းမှ အငှားအစမ့် မောင်းနှင်ယူဆောင်သွားခဲ့သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၇ အရ တရားစွဲဆိုခြင်း ခံခဲ့ကြရကြောင်း ပေါ်ပေါက်သည်။ အချင်းဖြစ် စက်လှေကို ခိုးမှုတွင် မောင်မြင့်သန်း အပါအဝင် တရားခံအချို့ကို အပြစ်ပေး စီရင်ခဲ့ပြီးဖြစ်သည့်အပြင် သက်သေခံစက်လှေမှာလည်း မောင်ရှိုး၏ လက်ဝယ်မှ ခိုးယူခြင်း ခံရခြင်း ဖြစ်သဖြင့် မူလတရားရုံးက အမှု ပြီးဆုံးသည့် အချိန်တွင် တရားလို မောင်ရှိုးအား ပြန်ပေးရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်း ချွတ်ချော်သည်ဟု မဆိုနိုင်ပေ။ အချင်းဖြစ် စက်လှေ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ အဖိုးငွေနှင့် ပတ်သက်ပြီး အငြင်းပွားမှုကို ပြစ်မှုဆိုင်ရာ မှုခင်းတွင် သက်သေခံပစ္စည်းကို စီမံခန့်ခွဲရန်အတွက် ထည့်သွင်း စဉ်းစားရန် မလိုအပ်ပေ။ ထိုကိစ္စမှာ တရားမရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်နေသဖြင့် ပြစ်မှုဆိုင်ရာ တရားရုံးမှ ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းမှာ မိမိ၏ စီရင်ပိုင်ခွင့်ကို ကျော်လွန် ဆောင်ရွက်ရာ ရောက်နေပေသည်။ ပြစ်မှုဆိုင်ရာ မှုခင်းများကို အပြီးသတ် အဆုံးအဖြတ် ပေးပြီးသည့်အချိန်တွင် သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းသာ လိုက်နာဆောင်ရွက် ရပေမည်။ အချင်းဖြစ် သက်သေခံစက်၊ စက်ပစ္စည်းနှင့် လှေသုံးကိရိယာများမှာ မောင်ရှိုးထံမှ ခိုးယူခြင်း ခံရသော ပစ္စည်းများဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ ပိုင်ထိုက်ပိုင်ခွင့်ရှိသူ မောင်ရှိုးအား ပြန်ပေးရန်သာ ဖြစ်ပေသည်။

အထက်ပါ အချက်အလက်များအရ မောင်ရှိုး၏ ပြင်ဆင်မှု လျှောက်လွှာကို ခွင့်ပြု၍ သက်သေခံစက်၊ စက်ပစ္စည်းနှင့်လှေသုံးကိရိယာများနှင့် ပတ်သက်၍ တနင်္သာရီတိုင်း တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး သရက်ချောင်းမြို့နယ် တရားရုံး၏ အမိန့်ကို အတည်ပြုလိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များ အဖြစ် ဦးခင်ဇာမုံနှင့် ဦးတင်အောင်ဟိန်းတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

၁။ ကိုလှမြင့်(ခ)ဘုံဘူ

၂ ကိုသက်တင် † ၁၉၈၂ ဇွန်လ ၃၀ရက်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ဦးအေး)*

**သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း- အထူးဥပဒေနှင့် ဒေသန္တရ ဥပဒေတို့တွင် သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ မည်သို့ စီမံခန့်ခွဲရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်မရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်ကို လိုက်နာရမည် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။အထူးဥပဒေနှင့် ဒေသန္တရ ဥပဒေတို့တွင် အတိအလင်း သီးခြား ပြဋ္ဌာန်းချက်များ မရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဟူ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁ ၌ ဖော်ပြထားသည်။ ရန်ကုန် ရဲ အက်ဥပဒေမှာ ဒေသန္တရဥပဒေ ဖြစ်သည့်အလျောက် ယင်းဥပဒေတွင် ပြစ်မှုနှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းများအပေါ် မည်ကဲ့သို့ အမိန့်ချမှတ်နိုင်ကြောင်း အတိအလင်း သီးခြား ပြဋ္ဌာန်းချက်များ မပါရှိသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ အမှုစစ်ဆေးပြီးသည့်အခါ အမှုစစ်ဆေးသည့် တရားရုံးက သက်သေခံပစ္စည်းများကို ဖျက်ဆီးခြင်းဖြင့်ဖြစ်စေ၊ တဦးတယောက်သို့ ပြန်လည်ပေးအပ်ခြင်းဖြင့် ဖြစ်စေ၊ အစိုးရဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဖြင့် ဖြစ်စေ သင့်လျော်သည့် နည်းဖြင့် စီမံခန့်ခွဲနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၁) တွင် ဖော်ပြထားသည်။

---

* ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၅၂၃ (ခ)၊

† ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၂၃ တွင် ချမှတ်သော (၂၄-၇-၈၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

သက်သေခံ ပစ္စည်းများကို အစိုးရဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်ခဲ့သည့် အမိန့်များမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

**လျှောက်ထားသူများအတွက်** — ဦးသန်းတင် မလာ။

**လျှောက်ထားခံရသူ အတွက်** — ဦးခင်အောင် ဥပဒေဝန်ထမ်း အဆင့် (၁)။

၁၉၈၂
၁။ ကိုလှမြင့် (ခ) ဘာဘူ
၂။ ကိုသက်တင် နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်
(ဦးအေး)*

ပုဇွန်တောင်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၅၇/၇၉ တွင် မောင်လှမြင့်(ခ) ဘာဘူ၊ မောင်သက်တင်၊ မအောင်အုံး၊ မခင်စိန်နှင့် မထွေးတင်တို့အပေါ် ရန်ကုန် ရဲ အက်ဥပဒေပုဒ်မ ၄၁အရ ဒဏ်ငွေ ၅၀/-ကျပ်စီ ထမ်းဆောင်ကြစေရန်၊ ဒဏ်ငွေ မထမ်းဆောင်လျှင် ထောင်ဒဏ် ၁၅ရက်စီ ကျခံကြစေရန်နှင့် သက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် မြို့နယ်တရားရုံးက အမိန့် ချမှတ်ခဲ့သည်။ မောင်လှမြင့်(ခ) ဘာဘူနှင့် မောင်သက်တင်တို့ နှစ်ဦးက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး၌ ပြင်ဆင်မှု တင်သွင်းရာတွင် တိုင်းတရားရုံးက ဒဏ်ငွေ မဆောင်နိုင်လျှင် ထောင်ဒဏ် ၁၅ ရက်စီ ကျခံကြစေရန်အစား ထောင်ဒဏ် ၈ ရက်သာ ကျခံကြစေရန် ပြင်ဆင်ချက်ဖြင့် မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြု၍ မောင်လှမြင့်တို့၏ ပြင်ဆင်မှုကို ပယ်ခဲ့သည်။ မောင်လှမြင့်တို့ နှစ်ဦးက သက်သေခံပစ္စည်းများအပေါ် ချမှတ်ခဲ့သည့် တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤ ပြင်ဆင်မှုကို တင်သွင်းသည်။

လျှောက်ထားသူ မောင်လှမြင့်တို့ နှစ်ဦးက ပြင်ဆင်မှု တင်သွင်းကြရာတွင် ရန်ကုန် ရဲအက်ဥပဒေတွင် သက်သေခံ ပစ္စည်းများကို သိမ်းဆည်းရန် ပြဋ္ဌာန်းချက်များ မရှိကြောင်း၊ သက်သေခံပစ္စည်းများ အပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ အမိန့်ချမှတ်ခဲ့သည်မှာ မှားယွင်းကြောင်းဖြင့် အဓိကထား၍ တင်ပြကြသည်။

ရန်ကုန် ရဲအက်ဥပဒေတွင် ယင်းဥပဒေအရ တရားစွဲဆို တင်ပို့သည့် အမှုများနှင့် စပ်လျဉ်း၍ တရားရုံးသို့ တင်ပို့သည့် သက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း ပြဋ္ဌာန်း ချက်များ မပါရှိပေ။ အထူး ဥပဒေနှင့် ဒေသန္တရ ဥပဒေတို့တွင် အတိအလင်း သီးခြားပြဋ္ဌာန်းချက်များ မရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး

ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဟူ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁ ၌ ဖော်ပြထားသည်။ ရန်ကုန် ရဲအက်ဥပဒေမှာ ဒေသန္တရ ဥပဒေဖြစ်သည့် အလျောက် ယင်းဥပဒေတွင် ပြစ်မှုနှင့် စပ်လျဉ်းသည့် သက်သေခံ ပစ္စည်းများအပေါ် မည်ကဲ့သို့ အမိန့်ချမှတ်နိုင်ကြောင်း အတိအလင်း သီခြား ပြဋ္ဌာန်းချက်များ မပါရှိသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရပေမည်။ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ အမှုစစ်ဆေးပြီးသည့် အခါ အမှုစစ်ဆေးသည့် တရားရုံးက သက်သေခံ ပစ္စည်းများကို ဖျက်ဆီးခြင်းဖြင့် ဖြစ်စေ၊ တဦးတယောက်သို့ ပြန်လည်ပေးအပ်စေခြင်းဖြင့် ဖြစ်စေ၊ အစိုးရ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဖြင့် ဖြစ်စေ သင့်လျော်သည့် နည်းဖြင့် စီမံခန့်ခွဲနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇(ခ)တွင် ဖော်ပြထားသည်။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က သက်သေခံပစ္စည်းများကို အစိုးရ ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်ခဲ့သည့် အမိန့်များမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ လျှောက်ထားသူ မောင်လှမြင့်တို့၏ ပြင်ဆင်မှုလျှောက်လွှာကို ပယ်လိုက်သည်။

၁၉၈၂

၁။ ကိုရွှေမြင့် (ခ) ဘာဘူ
၂။ ကိုသက်တင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**စုဏ္ဍကအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော် နှင့် ဦးတင်အောင်ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ကိုဝေလွင်

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ ဦးစောကျော်လီပါ(၄) ဦး *

† ၁၉၈၂
ဧပြီလ ၁၉ရက်

**တရားခံအပေါ် စွဲချက်တင်ထိုက် မတင်ထိုက် စဉ်းစားသောအချက်သည် ၎င်းအပေါ် အပြစ်ပေးထိုက် မပေးထိုက် စဉ်းစားသောအချက်နှင့် မတူခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားခံတဦး အပေါ် စွဲချက်တင်ထိုက် မတင်ထိုက် စဉ်းစားဆင်ခြင်ရန်ရှိသောအချက်အလက်မျိုးသည် တရားခံအား အပြစ်ပေးထိုက် မပေးထိုက် စဉ်းစားသည့်အခါ စဉ်းစား ဆင်ခြင်ရန်ရှိသော အချက်အလက်မျိုးနှင့် သဘောအားဖြင့် ကူညီခြင်း မရှိပေ။ စွဲဆိုသည့်ပြစ်မှုကို တရားခံက ကျူးလွန်သည်ဟု ထင်မြင်ယူဆရာ ရှိကြောင်း ညွှန်ပြသည့် သက်သေခံချက်များရှိပါက သူ့အပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည်သာ ဖြစ်ပေသည်။

**လျှောက်ထားသူအတွက်** — ဦးတင်ထွန်း၊ဗဟိုတရားရုံးရှေ့နေ။
**လျှောက်ထားခံရသူများအတွက်** — ဦးခင်မောင်ဦး၊ဥပဒေဝန်ထမ်း အဆင့် ( ၁ )။
ဦးလှသင်း၊ဗဟိုတရားရုံးရှေ့နေ။

လမ်းမတော်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၁၆/၇၉ တွင် တရားခံ ဦးစောကျော်လီ၊ ဒေါ်သန်းသန်းအေး၊ မမြနှင့်

* ၁၉၈၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၁၂ (ခ)

† ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၈၉ တွင် ချမှတ်သော (၁၀-၁၀-၈၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၂
ကိုဝေလွင်
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးစောကျင်လီပါ
(၄)ဦး *

မအေးရီတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ စွဲချက်တင်ခြင်းကို ရန်ကုန်တိုင်းတရားရုံးက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၈၉/၈၀ တွင် ပယ်ဖျက်ပြီး တရားခံများအား စွဲချက် မတင်ပဲ လွှတ်ခဲ့သည်။ ယင်းအမိန့်ကို မူလရုံး တရားလို ကိုဝေလွင်က မကျေနပ်သဖြင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုကို ထပ်မံတင်သွင်းသည်။

အမှုမှာ ၁၃-၂-၇၉ ရက်နေ့နံနက် ၉ နာရီအချိန်က လမ်းမတော်မြို့နယ် အမှတ် ၂၉၅ ကျုံးကြီးလမ်းရှိ (၄)ထပ်တိုက် အပေါ်ဆုံးထပ်နေ ကိုဝေလွင်နှင့် သူ၏အောက်ထပ် အခန်းတွင် နေထိုင်သူ မမြတို့သည် လှေခါး အတက်အဆင်းတွင် တွေ့ဆုံရာမှ မမြသည် ကိုဝေလွင်ကို အကြောင်းမဲ့ ပါးရိုက်ပြီး ကိုဝေလွင်၏ဇနီး မစန်းစန်းနှင့်သမီး မနုနုဝေတို့ကိုလည်း မမြနှင့် ဦးစောကျင်လီ၊ ဒေါ်သန်းသန်းအေး၊ မအေးရီတို့က ဝိုင်းဝန်းရိုက်နှက်ကြသဖြင့် ဒဏ်ရာများ ရရှိကြောင်း စွပ်စွဲလျက် ကိုဝေလွင်က တရားလိုပြုလုပ်၍ ဦးစောကျင်လီ၊ ဒေါ်သန်းသန်းအေး၊ မမြနှင့် မအေးရီတို့ (၄) ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၃၂ အရ တိုင်တန်းစွဲဆိုသော အမှုဖြစ်သည်။

ပြင်ဆင်မှုလျှောက်လွှာတွင် လျှောက်ထားသူ ကိုဝေလွင်၊ သူ၏ဇနီး မစန်းစန်းနှင့်သမီး မနုနုဝေတို့အား လျှောက်ထားခံရသူ မူလရုံးတရားခံများက ဝိုင်းဝန်းရိုက်နှက်၍ နာကျင်စေမှုပြုခဲ့ကြောင်း သက်သေခံချက်များ ရှိနေပါလျက် မြို့နယ်တရားရုံး၏ စွဲချက်အမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်ခဲ့ခြင်းသည် မှားယွင်းကြောင်း အဓိက အကြောင်းပြချက်အဖြစ် တင်ပြ၍ လျှောက်ထားသည်။

အမှုကို လေ့လာရာ ကိုဝေလွင် ( လိုပြ-၁ ) မစန်းစန်း (လိုပြ-၂) ဦးဖေသိန်း (လိုပြ-၃) မနုနုဝေ (လိုပြ ၄) တို့၏ ထွက်ချက်များတွင် လျှောက်ထားခံရသူ ဦးစောကျင်လီ၊ ဒေါ်သန်းသန်းအေး၊ မမြနှင့် မအေးရီတို့သည် လျှောက်ထားသူ ကိုဝေလွင်နှင့် သူ၏ဇနီးမစန်းစန်း၊ သမီး မနုနုဝေတို့အား ဝိုင်းဝန်းရိုက်နှက်၍ နာကျင်စေမှုပြုခဲ့ကြောင်း ထွက်ဆိုကြသည့်အပြင် ဆေးစာများဖြစ်သော သက်သေခံ ခ-ဃနှင့် စ-တို့ အရလည်း ကိုဝေလွင် မစန်းစန်းနှင့် မနုနုဝေတို့တွင် ပွန်းပဲ့သော ဒဏ်ရာများရရှိခဲ့ကြောင်း ဖော်ပြသည်ကို တွေ့ရသည်။

တရားခံတဦးအပေါ် စွဲချက်တင်ထိုက် မတင်ထိုက် စဉ်းစားသည့်အခါ စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက် မျိုးသည် တရားခံ

အား အပြစ်ပေးထိုက် မပေးထိုက် စဉ်းစားဆင်ခြင်သည့်အခါ စဉ်းစားဆင်ခြင်ရန်ရှိသောအချက်အလက်မျိုးနှင့် သဘောအားဖြင့် တူညီခြင်းမရှိပေ။ စွဲဆိုသည့်ပြစ်မှုကိုတရားခံက ကျူးလွန်သည်ဟု ထင်မြင်ဖွယ်ရာရှိကြောင်း ညွှန်ပြသည့်သက်သေခံချက်များရှိပါက၊ သူ့အပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ တိုင်းတရားရုံးမှ ချမှတ်ခဲ့သောအမိန့်ကိုပယ်ဖျက်လိုက်သည်။ လျှောက်ထားသူ ဦးစောကျင်လီ၊ ဒေါ်သန်းသန်းအေး၊ မမြနှင့် မအေးရီတို့အပေါ် စွဲချက်တင်ခဲ့သော မူလရုံးအမိန့်များကို အတည်ပြု၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးစေရန် အမိန့်ချမှတ်လိုက်သည်။

၁၉၈၂
---
ကိုဝေလွင်
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးစော
ကျင်လီပါ
(၄)ဦး*

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌ အဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များ အဖြစ် ဦးခင်ဇော်မှုံ နှင့်
ဦးဘွန်ရှိန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၂
ဧပြီလ ၃ ရက်

ဦးဝင်းမောင်
နှင့်
ဒေါ်ကြွေ*

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၉-ချိန်း၊ နေ့တွင် တရားလို မလာရောက်သဖြင့် တရားခံအား လွှတ်ရာတွင် ယင်းပုဒ်မက ရည်ညွှန်းသော အမှုများနှင့်သာ သက်ဆိုင်ခြင်း- တရားရုံးက အမှုကို ပယ်၍ ပိတ်ပြီးမှ ပြန်ဖွင့်ခြင်းသည် မိမိ၏အမိန့်ကို မိမိပြန်လည်ပြင်ဆင်ရာ ရောက်သဖြင့် မသင့်တော်ခြင်း။**

**ဆုံးဖြတ်ချက်။** ။စွဲဆိုထားသော ပြစ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ လိမ်လည်မှုဖြစ်ရာ ရဲအရေးပိုင်၍ ကျေအေးနိုင်ခွင့် မရှိသော ပြစ်မှုဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၉ အရ ဆိုလျှင် ရဲအရေးမပိုင်၍ ကျေအေးနိုင်ခွင့်ရှိသော ပြစ်မှုအရ ဦးတိုက်စွဲဆိုမှုများတွင်သာ တရားလိုမလာရောက်ပါက စွဲချက်မတင်မီ အဆင့်တွင် ရာဇဝတ်တရားသူကြီးက ဆင်ခြင်တုံတရားကို ကျင့်သုံး၍ တရားခံအား ပြန်လွှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပေသည်။ သို့ဖြစ်ရာ အချင်းဖြစ်အမှုတွင် တရားလိုနှင့် တရားခံတို့သည် တရားရုံးသို့ မလာရောက်သဖြင့် မြို့နယ်တရားရုံးက အမှုကိုပယ်၍ ပိတ်လိုက်သည်ဟု အမိန့်ချမှတ်ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်ပေ။ သို့ရာတွင် ကြည့်မြင်တိုင် မြို့နယ်တရားရုံးသည် အချင်းဖြစ်အမှုကို ပယ်၍ ပိတ်လိုက်သည်ဟု အမိန့်ချမှတ်၍ အမှုကို အဆုံးသတ် ရပ်တန့်စေခဲ့သဖြင့် မိမိ၏အမိန့်ကို မိမိ ပြန်လည်ပြင်ဆင်ရန် မသင့်ပေ။ တရားရုံးများသည် ပြစ်မှုဆိုင်ရာ မှုခင်းများကို စစ်ဆေးစီရင်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျမှန်ကန်စွာ လိုက်နာကျင့်သုံးရမည် ဖြစ်ပေသည်။

---

* ၁၉၇၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁၃ (ခ)

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၇၄ တွင် ချမှတ်သော (၃၀-၁-၇၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

**လျှောက်ထားသူအတွက်** — ဦးအောင်ကျော်၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်** — ဦးဝင်းစိန်၊ ဗဟိုတရားရုံးရှေ့နေ။

၁၉၈၂
ဦးဝင်းမောင်
နှင့်
ဒေါ်ကြွေ*

ကြည့်မြင်တိုင်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၁၉၅/၇၇ တွင် ဒေါ်ကြွေက ဦးဝင်းမောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲဆိုမှုကို စစ်ဆေး ကြားနာလျက် ရှိသည်။ ဦးဝင်းမောင်က သူ့အပေါ် စွဲဆိုသည့်အမှုကို ပိတ်ထားပြီးမှ အမှုကို ပြန်လည်ဖွင့်လှစ်ခြင်းကို မကျေနပ်သဖြင့် ကန့်ကွက်ကြောင်း လျှောက်ထားရာ ကြည့်မြင်တိုင်မြို့နယ်တရားရုံးက သူ၏လျှောက်လွှာကို ပလပ်ခဲ့သည်။ ဦးဝင်းမောင်က ကြည့်မြင်တိုင်မြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်မှု တင်သွင်းရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

၉-၁၂-၇၇ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ ပြင်ဆင်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁၉၅/၇၇ တွင် ဒေါ်ကြွေက ဦးဝင်းမောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ဦးတိုက် လျှောက်ထား စွဲဆိုခဲ့သည်။ ကြည့်မြင်တိုင်မြို့နယ်တရားရုံးက ဦးတိုက် လျှောက်ထား စွဲဆိုသူ တရားလိုဒေါ်ကြွေအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးခြင်းမပြုပဲ တရားခံ ဦးဝင်းမောင်အား ရုံးခေါ်ဆင့်စာဖြင့် ရုံးရှေ့သို့ လာရောက်ရန် ဆင့်ဆိုခဲ့သည်။ ၉-၁၁-၇၈ ရက်နေ့တွင် တရားခံ ဦးဝင်းမောင်သည် ရုံးရှေ့သို့ ရောက်ရှိသဖြင့် အမှုစစ်ဆေးရန် ၈-၁၂-၇၈ ရက်နေ့သို့ ချိန်းဆိုခဲ့သည်။ ၈-၁၂-၇၈ ရက်နေ့တွင် တရားခံ ဦးဝင်းမောင်၊ တရားလိုဒေါ်ကြွေနှင့် ဒေါ်ကြွေ၏ အကျိုးဆောင်တို့ မလာရောက်ကြသဖြင့် ကြည့်မြင်တိုင် မြို့နယ် တရားရုံးက ထိုနေ့မှာပင် အချင်းဖြစ်အမှုကို ပယ်၍ ပိတ်သည်ဟု အမိန့်ချမှတ်လိုက်သည်။ ထို့နောက် ၆-၁-၇၉ ရက်နေ့တွင် တရားလိုဒေါ်ကြွေ၏ လျှောက်ထားချက်အရ ကြည့်မြင်တိုင်မြို့နယ် တရားရုံးက အချင်းဖြစ် အမှုကို ပြန်လည်ဖွင့်လှစ်၍ တရားခံဦးဝင်းမောင်အပေါ် အရေးယူ စစ်ဆေး ကြားနာခဲ့သောအမှုဖြစ်သည်။

လျှောက်ထားသူ ဦးဝင်းမောင်က တင်ပြရာတွင် မြို့နယ်တရားရုံးသည် ဒေါ်ကြွေ၏ ဦးတိုက်လျှောက်ထား စွဲဆိုချက်ကို ပယ်လိုက်ပြီးမှ အမှုကို ပြန်လည်ဖွင့်လှစ်ခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် မပါရှိသည့် လုပ်ပိုင်ခွင့်ကို ပြုလုပ်ဆောင်ရွက်ခြင်း ဖြစ်သဖြင့် ဥပဒေပြဌာန်း

၁၉၈၂

ဦးဝင်းမောင် နှင့် ဒေါ်ကြွေ*

ချက်အရ မှားယွင်းနေကြောင်း၊ အမှုကိုပယ်လိုက်ပြီးမှ အမှုကိုပြန်ဖွင့်ရန် ဒေါ်ကြွေ၏လျှောက်ထားချက်ကို တဘက်သတ်လက်ခံခြင်းမှာ သူ့အား ခုခံချေပခွင့် မပေးပဲ အမိန့်ချမှတ် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဥပဒေအရ လွဲမှားကြောင်း၊ ကြည့်မြင်တိုင်မြို့နယ် တရားရုံးသည် ဒေါ်ကြွေ၏ စွဲဆိုမှုကို ပယ်လိုက်ပြီးမှ ပြန်လည်ဖွင့်လှစ်ခြင်းမှာ မိမိချမှတ်လိုက်သော အမိန့်ကို မိမိကပင် ပြန်လည်ပြင်ဆင်ခြင်း ဖြစ်သဖြင့် ဥပဒေအရ မှားယွင်းကြောင်း တင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုသောအခါ ကြည့်မြင်တိုင်မြို့နယ် တရားရုံးသည် ဦးတိုက်လျှောက်ထား စွဲဆိုသူ ဒေါ်ကြွေအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ နှင့် တရားရုံးများလက်စွဲ အပိုဒ် ၄၂၅ တို့အရ စစ်ဆေး ကြားနာ ဆောင်ရွက်ခြင်း မပြုသည့်ပြင် စွပ်စွဲခံရသူ တရားခံ ဦးဝင်းမောင်အပေါ် မည်သည့်ဥပဒေပုဒ်မဖြင့် အရေးယူကြောင်း အမိန့်တစုံတရာချမှတ်ခြင်းလည်း မရှိပဲ ဦးဝင်းမောင်အပေါ် သမ္မန်စာထုတ်၍ ရုံးရှေ့သို့ ဆင့်ခေါ်ခြင်းမှာလည်း ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်ပေ။

အမှုကို ကြားနာရန် ချိန်းဆိုသော ၈-၁၂-၇၈ ရက်နေ့တွင် တရားလို ဒေါ်ကြွေနှင့် တရားလို အကျိုးဆောင်တို့သည် လည်းကောင်း၊ တရားခံ ဦးဝင်းမောင်သည်လည်းကောင်း မလာရောက်သဖြင့် ကြည့်မြင်တိုင်မြို့နယ် တရားရုံးမှ အမှုကို ပယ်၍ ပိတ်လိုက်သည်ဟု အမိန့်ချမှတ်လိုက်ခြင်းမှာလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၉ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ပေ။ ဒေါ်ကြွေက ဦးဝင်းမောင်အပေါ် စွဲဆိုထားသော ပြစ်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ လိမ်လည်မှုဖြစ်ရာ ရဲအရေးပိုင်၍ ကြေအေးနိုင်ခွင့်မရှိသော ပြစ်မှုဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၉ အရဆိုလျှင် ရဲအရေးမပိုင်၍ ကျေအေးနိုင်ခွင့်ရှိသော ပြစ်မှုအရ ဦးတိုက်စွဲဆိုမှုများတွင်သာ တရားလို မလာရောက်ပါက စွဲချက်မတင်မီ အဆင့်တွင် ရာဇဝတ်တရားသူကြီးက ဆင်ခြင်ဘုံတရားကို ကျင့်သုံး၍ တရားခံအား ပြန်လွှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပေသည်။ သို့ဖြစ်ရာ အချင်းဖြစ်အမှုတွင် တရားလိုနှင့် တရားခံတို့သည် တရားရုံးသို့ မလာရောက်သဖြင့် မြို့နယ်တရားရုံးက အမှုကို ပယ်၍ ပိတ်လိုက်သည်ဟု အမိန့်ချမှတ်ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်ပေ။ သို့ရာတွင် ကြည့်မြင်တိုင်မြို့နယ် တရားရုံးသည် အချင်းဖြစ်အမှုကို ပယ်၍ ပိတ်လိုက်သည်ဟု အမိန့်ချမှတ်၍ အမှုကို

အဆုံးသတ် ရပ်တန့်စေခဲ့သဖြင့် မိမိ၏ အမိန့်ကို မိမိ ပြန်လည်ပြင်ဆင်ရန် မသင့်ပေ။ တရားရုံးများသည် ပြစ်မှုဆိုင်ရာ မှုခင်းများကို စစ်ဆေးစီရင်ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျမှန်ကန်စွာ လိုက်နာကျင့်သုံးရမည် ဖြစ်ပေသည်။

၁၉၀၂ — ဦးဝင်းမောင် နှင့် ဒေါ်ကြွေ*

အထက်ပါ အချက်အလက်များအရ ဦးဝင်းမောင်၏ ပြင်ဆင်မှုလျှောက်လွှာကို ခွင့်ပြု၍ ကြည့်မြင်တိုင်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁၉၅/၇၇ တွင် တရားလို ဒေါ်ကြွေ၏ လျှောက်ထားချက်အရ ပိတ်ထားသည့် အမှုကို ပြန်လည် ဖွင့်လှစ်သည့် ၆-၁-၇၉ ရက် နေ့စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်ကို ပယ်ဖျက်လိုက်သည်။ တရားလို ဒေါ်ကြွေက ထပ်မံစွဲဆိုပါက သီးခြားပြစ်မှုဆိုင်ရာ အမှုကြီး ဖွင့်လှစ်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ အရေးယူ ဆောင်ရွက်ရန် ဖြစ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

†၁၉၈၂
နိုဝင်ဘာလ
၂၄ ရက်

ဦးသက်ထွေးပါ(၃)ဦး
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

**အယူခံတရားလို မလာသဖြင့် အယူခံမှုကို ပလပ်နိုင်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၁ (၁) ၏ ခြွင်းချက်ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အယူခံတရားလိုကို ဖြစ်စေ သူ၏ အကျိုးဆောင်ကို ဖြစ်စေ ကြားနာရန် အခွင့်အလမ်းမပေးပဲ အယူခံလွှာကို ပလပ်ခြင်း မပြုနိုင်ပေ။

**လျှောက်ထားသူအတွက်** — (ကိုယ်တိုင်)။

**လျှောက်ထားခံရသူအတွက်** — ဦးမြင့်ဖောင်၊ ဥပဒေဝန်ထမ်း အဆင့်(၁)။

ဆိပ်ကမ်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အထွေထွေအမှုအမှတ် ၉၆/၇၆ တွင် လျှောက်ထားသူ ဦးသက်ထွေး၊ ဦးကြင်အောင်နှင့် ဒေါ်ခင်သန်းတင့်တို့အပေါ် အဆိုပါ မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၈၆/၇၈ တွင် ချုပ်ဆိုထားသည့် ခံဝန်ကို ဖောက်ဖျက်မှုဖြင့် ခံဝန်ငွေကျပ် ၅၀၀၀/-ကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းဖြစ်စေ ပေးလျော်စေရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၄ အရ အမိန့်ချမှတ်ခဲ့လေသည်။ ဦးသက်ထွေးတို့က ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးတွင် အယူခံတင်သွင်းရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

---

* ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၃၉ (ခ)

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅၁၀ တွင် ချမှတ်သော (၂၀-၈-၈၀) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

လျှောက်ထားသူတို့ဘက်မှ ရန်ကုန်တိုင်း တရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံတွင် လက်ခံသင့် မသင့် ကြားနာရန် ချိန်းဆိုသောအခါ အယူခံ တရားလိုဘက်မှ အကျိုးဆောင် မလာသဖြင့် ၂၆-၈-၈၀ နှင့် ၂၈-၈-၈၀ နေ့များသို့ ကြားနာရန် ချိန်းဆိုလိုက်သည်။ ၂၈-၈-၈၀ နေ့တွင် အောက်ပါအမိန့်ကို ချမှတ်လိုက်သည်–

၁၉၈၂
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်* နှင့် ဦးသက်ထွေး ပါ (၃)ဦး

"တရားစီရင်ရေးအဖွဲ့ စုံသည်။

လျှောက်ထားသူ အကျိုးဆောင်မလာ။

တရားလို အကျိုးဆောင်(၃)ချိန်းတိတိ လာရောက်ခြင်း မရှိ၊ ၎င်းအမှုကို စိတ်ဝင်စားမှု မရှိဟု ယူဆသဖြင့် ၎င်းအမှုကို ပလပ်လိုက်သည်။"

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၁(၁)၏ ခြွင်းချက်ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် အယူခံတရားလိုကို ဖြစ်စေ၊ သူ၏ အကျိုးဆောင်ကို ဖြစ်စေ ကြားနာရန် အခွင့်အလမ်းမပေးပဲ အယူခံလွှာကို ပလပ်ခြင်း မပြုနိုင်ပေ။ တိုင်းတရားရုံး၏ ၂၁-၈-၈၀ နှင့် ၂၆-၈-၈၀ ရက်စွဲပါ နေ့စဉ်မှတ်တမ်းများအရ ဆိုလျှင် အယူခံမှုကို ကြားနာရန်အတွက် ရုံးချိန်းနေ့ကို အယူခံတရားလိုအား ဖြစ်စေ၊ သူ၏ အကျိုးဆောင်ကို ဖြစ်စေ အကြောင်းကြားခဲ့ခြင်း မရှိကြောင်း ပေါ်ပေါက်နေပေသည်။ သို့ဖြစ်ရာ အယူခံတရားလိုကို ဖြစ်စေ၊ သူ၏ အကျိုးဆောင်ကို ဖြစ်စေ ကြားနာရန် အခွင့်အရေးမပေးပဲ အယူခံလွှာကို ပလပ်လိုက်ခြင်းမှာ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ တိုင်းတရားရုံး၏ ၂၈-၈-၈၀ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် အယူခံကို ဥပဒေနှင့်အညီ ကြားနာ အဆုံးဖြတ်ပေးရန် ညွှန်ကြားလိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များ အဖြစ် ဦးသုဘုန်း နှင့် ဦးခင်ဇော်မိုးတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၂
ဒီဇင်ဘာလ
၃ ရက်

ဦးသိန်းမြင့်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

**ပြင်ဆင်မှုတရားရုံး၏ စီရင်ပိုင်ခွင့်— ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၄)ပါ ပြဋ္ဌာန်းချက်— မူလရုံး၏ အပြီးအပြတ် လွှတ်သည့် ဆုံးဖြတ်ချက်ကို ပြစ်မှုထင်ရှား စီရင်သည့်ဆုံးဖြတ်ချက်သို့ ပြောင်းလဲ ပြင်ဆင်နိုင်သည့် စီရင်ပိုင်ခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တိုင်းတရားရုံးသည် မြို့နယ်တရားရုံး၏ အမှုတွဲများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ အရ ခေါ်ယူစစ်ဆေးပြီး လိုအပ်လျှင် ပြင်ဆင်မှုများဖွင့်၍ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုများဖွင့်၍ ဆောင်ရွက်ရာတွင် မြို့နယ်တရားရုံးက အမှုမှ အပြီးအပြတ်လွှတ်ထားသည့် ဆုံးဖြတ်ချက်များကို ပြစ်မှုထင်ရှား စီရင်သည့် ဆုံးဖြတ်ချက်များအဖြစ်သို့ ပြင်ဆင်ပြောင်းလဲနိုင်သည့် စီရင်ပိုင်ခွင့်ကို တိုင်းတရားရုံးသို့ အပ်နှင်းထားခြင်း မရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၄)၌ ပြဋ္ဌာန်းထားသည်။

**လျှောက်ထားသူအတွက်** — ဦးထွန်း (ပုသိမ်)ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်** — ဦးဇော်ဝင်း၊ ဥပဒေ ဝန် ထမ်း အဆင့်(၁)။

ပုသိမ်အနောက်မြို့နယ်တရားရုံး၊ ၁၉၇၀ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၅၂၀ ၌ ဦးသိန်းမြင့်နှင့် ဦးလှမော်အပေါ် လည်းကောင်း၊ အမှတ် ၁၅၁၉ ၌ ဦးသိန်းမြင့်နှင့် ဦးကြင်ပို၏သား ဦးတင်အေးအပေါ်

* ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၅၀၃ (ခ)၊ ၅၀၄ (ခ)နှင့် ၅၀၅ (ခ)။

† ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄ (ခ)၊ ၂၅ (ခ)၊ ၂၆ (ခ)တွင် ချမှတ်သော (၁၇-၀-၇၁) နေ့စွဲပါ ဧရာဝတီ တိုင်းတရားရုံး၏ အမိန့်များကို ပြင်ဆင်မှု။

၁၉၈၂
ဦးသိန်းမြင့်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော် *

လည်းကောင်း၊ အမှတ် ၁၉၇၇ ၌ ဦးသိန်းမြင့်နှင့် ဦးအို၏သား ဦးတင်အေးအပေါ် လည်းကောင်း ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁)အရ တရားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက ထိုအမှုများတွင် နှစ်ဘက်သက်သေများ စစ်ဆေးပြီးနောက် ဦးလှမော်နှင့် ဦးတင်အေး ၂ ယောက်တို့ အသီးသီးအပေါ် ပြစ်မှုထင်ရှား စီရင်ခဲ့သော်လည်း ဦးသိန်းမြင့်အပေါ် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းအရ အရေးယူ ဆောင်ရွက်စေရန် အမိန့်များ ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံးက ဦးသိန်းမြင့်နှင့် ပတ်သက်၍ ချမှတ်ခဲ့သောအမိန့်များသည် တရားဥပဒေနှင့် မညီညွတ်သော အမိန့်များဖြစ်သည့်အတွက် တရားဥပဒေနှင့် ညီညွတ်သော အမိန့်များ ပြင်ဆင်ချမှတ်ပေးရန်ဟူသောအကြောင်းပြချက်ဖြင့် ဧရာဝတီတိုင်းတရားရုံးက ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄(ခ)၊ အမှတ်၂၅(ခ)နှင့် အမှတ်၂၆(ခ) အသီးသီး ဖွင့်ပြီးလျှင် ဦးသိန်းမြင့်အပေါ် ပြင်ဆင်မှု ၃ ခုစလုံးတွင် ထောင်ဒဏ်တစ်ရက်နှင့် ဒဏ်ငွေကျပ် ၃၀၀/—စီ ဆောင်ရန်နှင့် မဆောင်ပါက ထောင်ဒဏ် ၄ လစီ ကျခံစေရန် အမိန့်များ ချမှတ်လိုက်သည်။ တိုင်းတရားရုံး၏ အမိန့်များကို ဦးသိန်းမြင့်က မကျေနပ်သဖြင့် ဗဟိုတရားရုံး ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၀၃(ခ)၊ အမှတ်၅၀၄(ခ)နှင့် အမှတ် ၅၀၅(ခ) အသီးသီးဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုများ တင်သွင်းသည်။ ဤစီရင်ချက်သည် အဆိုပါ ပြင်ဆင်မှုများနှင့် သက်ဆိုင်သည်။

တိုင်းတရားရုံး၏ စီရင်ချက်များကို လေ့လာရာတွင် မြို့နယ်တရားရုံးက ဦးသိန်းမြင့်အပေါ် ဌာနဆိုင်ရာ စုံစမ်း အရေးယူစေရန်ကိုသာ အမိန့်ချမှတ်ခဲ့ပြီး ဦးသိန်းမြင့်အား အမှုမှ အပြီးအပြတ် လွှတ်သည်၊ သို့မဟုတ် သတ်မှတ်ထားသော အပြစ်ဒဏ်အမျိုးပျိုးကို ချမှတ်ခဲ့သည်ဟု မသတ်မှတ်ခဲ့ခြင်းသည် ဥပဒေနှင့် မညီကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။

မြို့နယ်တရားရုံးက ဦးသိန်းမြင့်အပေါ် အမှုအသီးသီးတွင် စွဲချက်များ တင်ခဲ့ပြီးနောက် အမှုအသီးသီးအတွက် အဆုံးအဖြတ် ပေးသောအခါ သူ့အပေါ် ပြစ်မှုထင်ရှားစီရင်ခြင်း မပြုပဲ ဌာနဆိုင်ရာ စုံစမ်းအရေးယူစေရန်သာ စီရင်ချက်များတွင် ဖော်ပြပြီး ထိုစီရင်ချက်များ ချမှတ်သော ၁၉၈၁ ခုနှစ်၊ မတ်လ ၁၀ရက် နေ့စွဲပါ အမှုနေ့စဉ် မှတ်တမ်းများတွင် ဦးသိန်းမြင့်အား အမှုများမှ အပြီးအပြတ် လွှတ်သည့်အကြောင်းများကို မှတ်တမ်းတင်ထားကြောင်း တွေ့ရသည်။ စီရင်ချက်များနှင့် အမှုနေ့စဉ်

၁၉၀၂ ဦးသိန်းမြင့်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

မှတ်တမ်းများကို ပူးတွဲလေ့လာလျှင် မြို့နယ်တရားရုံးက ဦးသိန်းမြင့်အား အမှုအသီးသီးမှ အပြီးအပြတ် လွှတ်ခဲ့ကြောင်း ထင်ရှားသည်။ ထို့ကြောင့် မြို့နယ်တရားရုံးက ချမှတ်သော အမိန့်များသည် တရားဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု မဆိုသာချေ။

တိုင်းတရားရုံးသည် မြို့နယ်တရားရုံး၏ အမှုတွဲများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ အရ ခေါ်ယူကြည့်ရှု စစ်ဆေးပြီး လိုအပ်လျှင် ပြင်ဆင်မှုများ ဖွင့်၍ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုများ ဖွင့်၍ ဆောင်ရွက်ရာတွင် မြို့နယ်တရားရုံးက အမှုမှ အပြီးအပြတ် လွှတ်ထားသည့် ဆုံးဖြတ်ချက်များကို ပြစ်မှုထင်ရှား စီရသည့် ဆုံးဖြတ်ချက်များအဖြစ်သို့ ပြင်ဆင်ပြောင်းလဲနိုင်သည့် စီရင်ပိုင်ခွင့်ကို တိုင်းတရားရုံးသို့ အပ်နှင်းထားခြင်း မရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၄) ၌ ပြဋ္ဌာန်းထားသည်။ လက်ရှိအမှုများတွင် မြို့နယ် တရားရုံးက ဦးသိန်းမြင့်အား အမှုများမှ အပြီးအပြတ် လွှတ်ခဲ့ပြီးဖြစ်၍ တိုင်းတရားရုံးက ပြင်ဆင်မှုများဖွင့်ကာ သူ့အပေါ် ပြစ်မှုဆိုင်ရာ စီရင်ပြီး ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

အထက်ပါ အကြောင်းများကြောင့် ဦးသိန်းမြင့်၏ လျှောက်ထားမှုများကို လက်ခံပြီး တိုင်းတရားရုံးက သူ့အပေါ် ချမှတ်ထားသော အမိန့်များကို ပယ်ဖျက်လိုက်သည်။

ဒဏ်ငွေများ ဆောင်ပြီးပါက ဦးသန်းမြင့်အား ပြန်ပေးရန် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်ကျော်ဝင်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံ နှင့် ဦးအေးမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

အနော်တာလီ(ခ)ဦးမောင်စိန်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်* — † ၁၉၈၂ ဧပြီလ ၂၀ ရက်

**၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ အရေးယူရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း။**

**ဆုံးဖြတ်ချက်။** ။တရားရုံးသည် တဦးတယောက်သော သူအား ကောင်းမွန်စွာ ကျင့်ကြံ နေထိုင်ရေးအတွက် ခံဝန်ချုပ်ချုပ်ဆိုစေဟူသော အမိန့်ချမှတ်ရန်၊ သို့မဟုတ် ထိုသူ့အပေါ်တွင် ခြေချုပ်အမိန့် ချမှတ်ရန် လိုအပ်သည်ဟု ထင်မြင်လျှင် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေပုဒ်မ ၅ နှင့် ၆ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း မည်သည့်အကြောင်းကြောင့် ယင်းသို့သော အမိန့်ကို မချမှတ်သင့်ကြောင်း အကြောင်းပြ ထုချေရန် ဆင့်ဆိုသော အမိန့်ကို ဦးစွာချမှတ်ရမည် ဖြစ်သည်။ ထိုသို့ အမိန့်ချမှတ်ပြီးနောက် လိုအပ်သလို အရေးယူ စုံစမ်း စစ်ဆေးမှု ပြုပြီးမှသာ ပုဒ်မ ၁၁၊ သို့မဟုတ် ၁၂ အရ ခြေချုပ် အမိန့်၊ သို့မဟုတ် ခံဝန်ပေးရန် အမိန့်ကို ချမှတ်ရမည် ဖြစ်ပေသည်၊

**လျှောက်ထားသူအတွက်** — ဦးမင်းဆွေ၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်** — ဦးဇော်ဝင်း၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။

လျှောက်ထားသူ အနော်တာလီ(ခ) ဦးမောင်စိန်အပေါ်တွင် ခိုးယူမှု၊ ဒမြတိုက်မှု ကျူးလွန်သူများနှင့် ပေါင်းသင်းပြီး နိုင်ငံတော်၏ ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားအောင် ပြုလုပ်သည်ဟု စွပ်စွဲကာ ၁၉၅၀ ပြည့်နှစ် အရေးပေါ် စီမံမှု ဥပဒေပုဒ်မ ၅(ည)အရ တရားစွဲဆိုခဲ့သည်။ သာကေတ မြို့နယ် တရားရုံးက ပြစ်မှုကြီးအမှတ် ၁၀၂၃/၇၉ တွင်

* ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၂၀(ခ)

† ၁၉၈၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၄၉တွင် ချမှတ်သော (၁၃-၅-၈၀) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၈၂ အနေ်ာတာလီ (ခ) ဦးမောင်စိန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်*

စစ်ဆေးကြားနာ၍ စွဲဆိုသည့်အတိုင်း စွဲချက်တင်ခဲ့ပြီး လျှောက်ထားသူအား ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် ဥပဒေပုဒ်မ ၅(၁) (စ) (ဆ)အရ ကျပ် ၁၀၀၀ တန်ခံဝန်သူ ၂ ဦးဖြင့် ၃ နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်စေရန် ခံဝန်ချုပ်ချုပ်ဆိုရမည်ဟု အမိန့်ချမှတ်သည်။ လျှောက်ထားသူက ရန်ကုန်တိုင်း တရားရုံးသို့အယူခံဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤ ပြင်ဆင်မှုကို တင်သွင်းသည်။

သာကေတမြို့နယ်တရားရုံးက ပေါ်လွင်သော သက်သေခံအထောက်အထားများအရ လျှောက်ထားသူ၏ ပြုမူဆောင်ရွက်ချက် များသည် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု ဥပဒေပုဒ်မ ၅ (ည) အရပြစ်မှုတွေ့ရှိကြောင်း ဆုံးဖြတ်ခြင်း မပြုခဲ့ပေ။ သို့ရာတွင် လျှောက်ထားသူသည် သာကေတမြို့ ၂/က ရပ်ကွက်ရှိ အိမ်နှင့်ပတ်သက်၍ အငြင်းပွားမှုများရှိနေသဖြင့် ပြစ်မှုများမဖြစ်ပွားနိုင်စေရန်နှင့် မငြိမ်မသက်ဖြစ်ပွားမှုများကို ကာကွယ်စေရန် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ ခံဝန်ချုပ်ချုပ်ဆိုထားရန် လိုအပ်ကြောင်း ဖော်ပြပြီး ယင်း ဥပဒေပုဒ်မ ၅(၁) (စ) (ဆ) အရ ခံဝန်ချုပ် ချုပ်ဆိုရန် အမိန့်ချမှတ်သည်။

တရားရုံးသည်တဦးတယောက်သောသူအား ကောင်းမွန်စွာကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်ဆိုစေဟူသော အမိန့် ချမှတ်ရန်၊ သို့မဟုတ် သူ့အပေါ်တွင် ခြေချုပ်အမိန့်ချမှတ်ရန် လိုအပ်သည်ဟု ထင်မြင်လျှင် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန် ဥပဒေပုဒ်မ ၅ နှင့် ၆ တွင် ပြဋ္ဌာန်း ထားသည့် အတိုင်း မည်သည့်အကြောင်းကြောင့် ယင်းသို့သော အမိန့်ကို မချမှတ် သင့်ကြောင်း အကြောင်းပြ ထုချေရန် ဆင့်ဆိုသောအမိန့်ကို ဦးစွာချမှတ်ရမည် ဖြစ်သည်။ ထိုသို့အမိန့်ချမှတ်ပြီးနောက် လိုအပ်သလို အရေးယူ၍ စုံစမ်းစစ်ဆေးမှုပြုပြီးမှသာ ပုဒ်မ ၁၁၊သို့မဟုတ် ၁၂ အရ ခြေချုပ်အမိန့်၊ သို့မဟုတ် ခံဝန်ပေးရန်အမိန့်ကို ချမှတ်ရမည်ဖြစ်ပေသည်။ သာကေတမြို့နယ်တရားရုံးက လျှောက်ထားသူအပေါ်တွင် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်ဥပဒေအရ အရေးယူ ဆောင်ရွက်ချက်မှာ ဥပဒေနှင့် ညီညွတ်စွာ ဆောင်ရွက်ခြင်း မရှိကြောင်း တွေ့ရှင့်ပြုသည်။

ထို့ကြောင့်လျှောက်ထားသူ၏ ပြင်ဆင်မှုလျှောက်လွှာကို ရသည်။ သာကေတမြို့နယ်တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးတို့က ဤအမှုနှင့်ပတ်သက်၍ ချမှတ်ထားသည့်အမိန့်များကို ပယ်ဖျက်လိုက်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

### ဥက္ကဋ္ဌအဖြစ် ဦးခင်ဇော်မုံ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်အမာ

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၂။ ဦးဘုန်းကျော်ပါ ( ၃ ) *

† ၁၉၇၂
ဇန်နဝါရီလ
၁၆–ရက်

**သက်သေခံဥပဒေပုဒ်မ ၁၄၆ ပြဋ္ဌာန်းချက်—သက်သေ၏ထွက်ဆိုချက်မှန် မမှန် စမ်းသပ်ရန် လည်းကောင်း၊ ၎င်းအား ယုံကြည်နိုင်ခြင်းကို ယိမ်းယိုင်စေရန် လည်းကောင်း ပြန်လှန် မေးမြန်းနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သက်သေတစ်ဦးအားပြန်လှန်စစ်ဆေးသည့် အခါ သူ၏ထွက်ဆိုချက်များသည် မှန်မမှန် စမ်းသပ်နိုင်ရန် အလို့ငှာ လည်းကောင်း၊ သူ့အား ယုံကြည်နိုင်ခြင်းကို ယိမ်းယိုင် စေရန် အလို့ငှာ လည်းကောင်း မေးမြန်းနိုင်သည်ဟု သက်သေခံဥပဒေပုဒ်မ ၁၄၆ တွင် ပြဋ္ဌာန်းထားသည်။ လျှောက်ထားခံရသူတို့ ဘက်မှ ဒေါ်အမာသည် ဦးကျော်ဇံ သေဆုံးပြီး နောက်၊ ဦးကျော်ဇံ၏ အမည်ဖြင့် ကိုမြင့်စိုး ကိစ္စကိုကြေငြာခဲ့ခြင်းရှိမရှိ မေးမြန်းခဲ့ခြင်းမှာဒေါ်အမာ၏ထွက်ဆိုချက် မှန် မမှန် စိစစ်ရန် ရည်ရွယ်မေးမြန်းရာ ရောက်သောကြောင့် ထိုမေးခွန်း သည် သက်သေခံဥပဒေပုဒ်မ ၁၄၆(၁)အရ လျှောက်ထားခံရသူဘက်မှ မေးမြန်းခွင့်ရှိသော မေးခွန်းဖြစ်သည်ဟု ဆိုရပေမည်။

**လျှောက်ထားသူအတွက် —ဦးကံငြိမ်း၊ ဗဟိုတရားရုံးရှေ့နေ။**

**လျှောက်ထားခံရသူအတွက်— ဦးမြသောင်း၊ ဥပဒေဝန်ထမ်း အဆင့် ( ၁ )။**
**ဦးဝင်း၊ ဗဟိုတရားရုံးရှေ့နေ။**

---

* ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၀၀ (ခ)

† ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၃၂ (နွားထိုးကြီး) တွင် ချမှတ်သော (၁၉–၂–၇၁) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၂

ဒေါ်အမာ
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးဘုန်း
ကျော်ပါ (၃)

န္တာထိုးကြီးမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၀/၈၀ တွင် ဦးဘုန်းကျော်၊ ဒေါ်နီနီရွှေနှင့် ဒေါ်လှယဉ်မော်တို့ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ လျှောက်ထားသူ ဒေါ်အမာက တရားစွဲဆိုသည်။ လျှောက်ထားခံရသူများဘက်မှ မေးမြန်းထားသည့် မေးမြန်းချက်များကို လျှောက်ထားသူ ဒေါ်အမာက ဖြေကြားရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို မန္တလေးတိုင်း တရားရုံးက အတည်ပြုခဲ့သဖြင့် လျှောက်ထားသူ ဒေါ်အမာက ဗဟို တရားရုံးသို့ ပြင်ဆင်မှုကို တင်သွင်းသည်။

လျှောက်ထားသူဒေါ်အမာသည် ဦးကျော်ဇံ၏ဇနီးဖြစ်၍ လျှောက် *ထားခံရသူ ဦးဘုန်းကျော်၊ ဒေါ်နီနီရွှေနှင့် ဒေါ်လှယဉ်မော်တို့မှာ ဦးကျော်ဇံ၏တူ၊ တူမများဖြစ်ကြသည်။ ဦးဘုန်းကျော်တို့က ၁-၈-၇၉ ရက်နေ့စွဲပါ ကြေးမုံသတင်းစာတွင် ကွယ်လွန်သူ ဦးကျော်ဇံမှကျန်ရှိ ရစ်သော အမွေပစ္စည်းများသည် သူတို့နှင့် အမွေမခွဲဝေရသေးသော အမွေဆိုင်ပစ္စည်းများဖြစ်ပြီး လျှောက်ထားသူ ဒေါ်အမာမှာ ဦးကျော် ဇံ၏ တတိယဇနီးသာဖြစ်ကြောင်း ထည့်သွင်းကြေငြာခဲ့သည်။ ယင်း ကြေငြာချက်သည် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက် ကျဆင်းစေပါသည်ဟု ဒေါ်အမာက အဆိုပြု၍ ဦးဘုန်းကျော်တို့ ၃ ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ မြို့နယ်တရားရုံးတွင်တိုက်ရိုက်စွဲဆိုခြင်းဖြစ်သည်။

မြို့နယ်တရားရုံးတွင် လျှောက်ထားသူ ဒေါ်အမာအား လျှောက် ထားခံရသူများဘက်မှ ပြန်လှန်စစ်မေးရာတွင် အောက်ပါ မေးခွန်း နှစ်ရပ်ကို မေးမြန်းခဲ့သည်။

"(၁) ကိုမြင့်စိုးနှင့် ပတ်သက်သည့် ကြေငြာချက်မျိုး သတင်း စာတွင် ထည့်ဖူးသလား။

(၂) ဦးကျော်ဇံ သေပြီးနောက် ဦးကျော်ဇံ၏အမည်ဖြင့် ကိုမြင့် စိုးကိစ္စကို ကြေငြာခဲ့သည်ဆိုတာ မှန်သလား။"

လျှောက်ထားသူ ဒေါ်အမာက ဖော်ပြပါ မေးခွန်းနှစ်ရပ်မှာ သူ၏ မိသားစုပြဿနာနှင့်သက်ဆိုင်၍ စိတ်ငြိုငြင်စေရန် တမင်စော်ကားပြီး မေးမြန်းထားသည့် မေးခွန်းများဖြစ်သဖြင့် မေးမြန်းခွင့် မပြုသင့် ကြောင်း တင်ပြသည်။

၁၉၈၂
ဒေါ်အမာ
နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးတုန်းကျော်ပါ (၃) *

သက်သေခံဥပဒေပုဒ်မ ၁၅၂ တွင် စိတ်ငြိုငြင်စေရန်ရည်ရွယ်သည်ဟု ထင်မြင်ရသော မေးခွန်းကို တရားရုံးက တားမြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤဥပဒေပြဋ္ဌာန်းချက်အရ ဒေါ်အမာသည် စိတ်ငြိုငြင်စေရန် ရည်ရွယ်၍မေးသော မေးခွန်းဖြစ်ကြောင်းထင်မြင်ရလျှင် ယင်းမေးခွန်းကို မေးမြန်းခြင်းမပြုရန် တရားရုံးက တားမြစ်ရပေမည်။

လျှောက်ထားခံရသူတို့ဘက်မှ မေးမြန်းလိုသော အထက်ဖော်ပြပါ မေးခွန်းနှစ်ရပ်သည် မေးမြန်းခြင်းခံရသူ(ဒေါ်အမာ)အား စော်ကားရန်၊ သို့မဟုတ် စိတ်ငြိုငြင်စေရန် ရည်ရွယ်၍ မေးမြန်းသည်ဟု ထင်မြင်ရန် အကြောင်းမရှိဟု ယူဆသောကြောင့် ယင်း မေးခွန်းများကို မူလရုံးက အဆိုပါ ဥပဒေပုဒ်မ ၁၅၂ အရ ပိတ်ပင်ရန် အကြောင်း မရှိသဖြင့် ခွင့်ပြုခဲ့သည်ဟု ယူဆသည်။

လျှောက်ထားခံရသူတို့ဘက်မှ အထက်ဖော်ပြပါ မေးခွန်းနှစ်ရပ်ကို အဘယ့်ကြောင့် မေးမြန်းတိုက်ကြောင်း မူလရုံးတွင် အောက်ပါအတိုင်း လျှောက်ထားတင်ပြခဲ့သည်ကို တွေ့ရသည်—

"၅။ ထိုသို့ ပြန်လှန်မေးခွန်းမေးရာတွင် အခွင့်အရေးနှင့် ပတ်သက်ပြီး သက်သေခံဥပဒေပုဒ်မ ၁၄၆ (၁) (၂) (၃) တို့အရ သက်သေ၏ ဖြောင့်မှန်မှု၊ မမှန်မှု၊ မည်သို့သော အမျိုးအစား အခြေအနေ ရှိသည်၊ ယုံကြည်လောက်သူ ဖြစ်မဖြစ် စသည်တို့နှင့် ပတ်သက်ပြီး မေးမြန်းနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားပါသည်။

ယခု အမှုတွင်လည်း တနှစ် ကျော် လောက်က သေဆုံးသူ အား သတင်းစာ၌ ၎င်းအမည် အသုံးပြုပြီး ကြော်ငြာခဲ့သည်မှာ အထင်အရှား ဖြစ်သည့်အလျှောက် ရုံးတော်သို့ သိသာထင်ရှားစေရန် လိုအပ်ပါသည်။

၆။ ထို့ပြင် ယခုအမှုမှာ တရားလိုမှ ၎င်း၏ဂုဏ်သရေကို ထိခိုက်နစ်နာပါသည်ဟူ၍ စွဲသည့်အလျှောက် ၎င်း၏ သိက္ခာ၊ အကျင့်စရိုက်၊ ဂုဏ်နှင့်ပတ်သက်ပြီး ချင့်ချိန်ရန် လိုအပ်လျက် ရှိပါသည်။ ယခုအခါ တရားခံများမှမေးသော မေးခွန်းမှာလည်း ၎င်းအချက်အရ တိုက်ရိုက်စပ်ဆိုင်သည်ဖြစ်ပါသည်။ သက်သေခံ ဥပဒေပုဒ်မ— ၁၄၇၊ ၁၄၈ (၁) တို့အရလည်း သက်သေက မဖြေနိုင်ဟု ငြင်းဆန်၍ မရပါ။ ရုံးတော်မှ အတင်း အကျပ် ဖြေဆိုစေခိုင်းရပါမည်။"

၁၉၇၂

ဒေါ်အမာ နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးဘုန်းကျော်ပေါ်(၃)*

သက်သေတစ်ဦးအား ပြန်လှန်စစ်ဆေးသည့်အခါ သူ၏ထွက်ဆိုချက်သည် မှန် မမှန် စမ်းသပ်နိုင်ရန်အလို့ငှာ လည်းကောင်း၊ သူ့အား ယုံကြည်နိုင်ခြင်းကို ယိမ်းယိုင်စေရန်အလို့ငှာလည်းကောင်း မေးမြန်းနိုင်သည်ဟု သက်သေဥပဒေပုဒ်မ-၁၄၆ တွင် ပြဋ္ဌာန်းထားသည်။ လျှောက်ထားခံရသူတို့ဘက်မှ ဒေါ်အမာသည် ဦးကျော်ဇံ သေဆုံးပြီး နောက် ဦးကျော်ဇံ၏အမည်ဖြင့်ကိုမြင့်စိုးကိစ္စကို ကြေငြာခဲ့ခြင်းရှိ မရှိ မေးမြန်းခဲ့ခြင်းမှာ ဒေါ်အမာ၏ထွက်ဆိုချက်မှန်မမှန် စိစစ်ရန် ရည်ရွယ်မေးမြန်းရာ ရောက်သောကြောင့် ထိုမေးခွန်းသည် သက်သေခံ ဥပဒေပုဒ်မ ၁၄၆ (၁) အရ လျှောက်ထားခံရသူ ဘက်မှ မေးမြန်းခွင့်ရှိသော မေးခွန်း ဖြစ်သည်ဟု ဆိုရပေမည်။

မူလတရားရုံးသည် သက်သေခံဥပဒေပုဒ်မ ၁၄၇ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တင်ပြထားသည့် မေးခွန်းများကို ဖြေဆိုစေရန် သင့်မသင့် မိမိ၏ ဆင်ခြင်တုံတရားဖြင့် အဆုံးအဖြတ်ပေးခဲ့သည် ဖြစ်၍ ဗဟိုတရားရုံးက မူလရုံး၏အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် မသင့်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

**ဥက္ကဋ္ဌအဖြစ် ဦးခင်ဇော်မှ၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော် နှင့် ဦးအေးမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ဦးအောင်ပု

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

† ၁၉၇၂
အောက်တိုဘာ
လ ၂၂ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁) (င)ပါပြဋ္ဌာန်းချက်— တရားခံတစ်ဦးအပေါ် မမှန်သက်သေခံခြင်း ပြစ်မှုအတွက် တရားစွဲလျှင် ဗဟိုတရားရုံး၏ ခွင့်ပြုမိန့်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးအောင်ပုသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂(၁)အရ တရားခံပြု သက်သေတစ်ဦးအနေဖြင့် သက်သေခံခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ဤသို့ သက်သေအဖြစ် အစစ်ခံသော တရားခံတစ်ဦးအပေါ် ဗဟိုတရားရုံး၏ ခွင့်ပြုမိန့် ပါရှိမှသာလျှင် မမှန်သက်သေခံခြင်း ပြစ်မှုအတွက် တရားစွဲခွင့် ရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂(၁)(င)တွင် ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် ဗဟိုတရားရုံး၏ ခွင့်ပြုမိန့်မရှိပေ။ ထို့ကြောင့် ဦးသန်းတင် အနေနှင့် ဦးအောင်ပုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ စွဲဆိုခွင့်မရှိချေ။

**လျှောက်ထားသူအတွက်** —ဦးလှရှိန်၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်** —ဦးခင်မောင်ဦး၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။

ဘီးလင်းမြို့နယ်တရားရုံး၊ ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၂၀၌ ဦးသန်းတင်က ဦးအောင်ပုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲဆိုထားသဖြင့် ထိုအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ပယ်ဖျက်ပေးရန်အတွက် ဦးအောင်ပုက ဗဟိုတရားရုံးသို့ လျှောက်ထားသည်။

---

* ၁၉၇၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အမှတ် ၃၇။
† ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၂၀၊ ဘီးလင်းမြို့နယ် တရားရုံး၏ အမှုကို ပယ်ဖျက်ပေးရန် လျှောက်ထားမှု။

**၁၉၈၂**

**ဦးအောင်ပု နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်***

ကျိုက်ထိုမြို့နယ်တရားရုံး ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၇ ၌ ဦးမြင့်သိန်းက ဦးအောင်ပုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ တရားစွဲဆိုခဲ့သည်။ ထိုအမှုတွင် ဦးအောင်ပုအပေါ် စွဲချက်တင်သဖြင့် ဦးအောင်ပုက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂(၁) အရ သက်သေခံခဲ့သည်။ ထိုသို့သက်သေခံရာ၌ ဦးအောင်ပုသည် မမှန်သက်သေခံသည် ဟူ၍ ကျိုက်ထိုမြို့နယ် တရားစီရင်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းတင်က ဦးအောင်ပုအပေါ် စွပ်စွဲလျက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ ကျိုက်ထိုမြို့နယ် တရားရုံး ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၀၉ ၌ တိုက်ရိုက်တရားစွဲဆိုရာ မွန်ပြည်နယ် တရားရုံးက အဆိုပါအမှုကို ဘီးလင်းမြို့နယ်တရားရုံးသို့ လွှဲပြောင်းပေးခဲ့ရာမှ ဤအမှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ဦးအောင်ပုသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂(၁)အရ တရားခံပြသက်သေ တစ်ဦးအနေဖြင့် သက်သေခံခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ဤသို့ သက်သေအဖြစ် အစစ်ခံသော တရားခံတစ်ဦးအပေါ် ဗဟိုတရားရုံး၏ ခွင့်ပြုမိန့်ပါရှိမှသာလျှင် မမှန်သက်သေခံခြင်း ပြစ်မှုအတွက် တရားစွဲခွင့် ရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁) (င) တွင် ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် ဗဟိုတရားရုံး၏ ခွင့်ပြုမိန့်မရှိပေ။ ထို့ကြောင့် ဦးသန်းတင် အနေနှင့် ဦးအောင်ပုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ တရားစွဲခွင့်မရှိချေ။

အထက်ပါ အကြောင်းများကြောင့် ဦးအောင်ပု၏ လျှောက်ထားချက်ကို ခွင့်ပြု၍ သူ့အပေါ် စွဲဆိုထားသော ဘီးလင်းမြို့နယ် တရားရုံး၏ ၁၉၈၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၂၀ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂-က အရ ပယ်ဖျက်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

**ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းဘုန်းနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ဒေါ်အန်စူး

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

† ၁၉၈၂
ဇွန်လ
၂၄ ရက်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ တွင် အကျုံးဝင်ရန် လိုအပ်ချက်— ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ ထုတ်ပြန်ထားသောအမိန့်သည် အများနှင့်သက်ဆိုင်သော အမိန့်ဖြစ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ တွင် အကျုံးဝင်ရန် ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ အများနှင့် သက်ဆိုင်သော ထုတ်ပြန်ကြေငြာထားသည့် အမိန့်တရပ်ရှိရန် လိုအပ်ပေသည်။ ဤအမှုတွင် ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ လူမှုရေးအရ ဒေါ်အန်စူးထံသို့ ထုတ်ပေးခဲ့သည့် တားမြစ်စာသည် အများနှင့် သက်ဆိုင်သော အမိန့်မဟုတ်ပဲ အိမ်ရှင် အိမ်ငှားတို့အကြား ဖြစ်ပွားသည့် ပုဂ္ဂလိက အရေးအခင်းမျှသာ ဖြစ်ပေသည်။ ထို့ကြောင့် ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအေးသောင်၏ စွဲဆိုမှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ နှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

**လျှောက်ထားသူအတွက်** — ဦးကျော်မြိုင်၊ ဗဟိုတရားရုံး ရှေ့နေ။

**လျှောက်ထားခံရသူအတွက်** — ဦးဖိုးချမ်းအေး၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။

ဤအမှုမှာ ကျောက်ဆည်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၉၁၆/၈၁ တွင် လျှောက်ထားသူ ဒေါ်အန်စူးအပေါ် ပြစ်မှု

---

* ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ အမှတ် ၆၈

† ကျောက်ဆည်မြို့နယ်တရားရုံး ပြစ်မှုကြီး အမှတ် ၉၁၆/၈၁ ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

ဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုထားသောအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ပယ်ဖျက်ပေးရန် ဒေါ်အန်စူးက လျှောက်ထားသည့် အမှုဖြစ်သည်။

၁၉၈၂

ဒေါ်အန်စူး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်*

ကျောက်ဆည်မြို့၊ စုကြီးရပ်ကွက်ရှိ ဦးလှမောင်နှင့် ဒေါ်ခင်အုန်းကြည်တို့ပိုင်သည့်နေအိမ်ကို ဒေါ်အန်စူးက ငှားရမ်း နေထိုင်ခဲ့သည်။ အဆိုပါနေအိမ်ကို အိမ်ရှင် ဦးလှမောင်နှင့် ဒေါ်ခင်အုန်းကြည်တို့က အိမ်အမိုးနှင့် အကာအရံများကို ပြုပြင်မပေးသဖြင့် ဒေါ်အန်စူးက သက်ဆိုင်ရာ ရပ်ကွက် ပြည်သူ့ကောင်စီသို့ ပြင်ဆင်ခွင့် တောင်းခံခဲ့သော်လည်း ရပ်ကွက်ပြည်သူ့ကောင်စီမှ အကြောင်းပြန်ကြားခြင်းမပြုခဲ့ပေ။ ဒေါ်အန်စူးနေထိုင်လျက်ရှိသည့် နေအိမ်မှာ ပိုမိုဆိုးရွား ပျက်စီးလာသဖြင့် ဒေါ်အန်စူးသည် နေအိမ်ကို အမိုးမိုးရန်နှင့် အကာအရံများ ပြုလုပ်ရန် ပြင်ဆင်သောအခါ ဦးလှမောင်တို့က ရပ်ကွက် ပြည်သူ့ကောင်စီတွင် တိုင်ကြားခဲ့သည်။ ရပ်ကွက်ပြည်သူ့ကောင်စီက ဒေါ်အန်စူးနှင့် ဦးလှမောင်တို့အား ခေါ်ယူညှိနှိုင်းရာ ညှိနှိုင်းမရသဖြင့် ဒေါ်အန်စူးအား ငှားရမ်းနေထိုင်သည့်အိမ်ကို ပြုပ်ဆင်ခြင်းမပြုရန် တားမြစ်စာထုတ်ပေးခဲ့သည်။ ဒေါ်အန်စူးက ယင်းတားမြစ်စာကို မလိုက်နာပဲ နေအိမ်ကို အမိုးမိုးခြင်း၊ အကာအရံများ ကာရံခြင်းများပြုလုပ်ခဲ့သဖြင့် ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးဖြစ်သူ ဦးအေးသောင်က ရပ်ကွက်ပြည်သူ့ကောင်စီ၏ အမိန့်ကို ဖီဆန်မှုဖြင့် ဒေါ်အန်စူးအပေါ် အရေးယူပေးရန် မြို့နယ်တရားရုံးတွင် တိုက်ရိုက်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ တွင် အကျုံးဝင်ရန် ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ အမျိုးနှင့်သက်ဆိုင်သော ထုတ်ပြန်ကြေငြာထားသည့် အမိန့်တရပ်ရှိရန် လိုအပ်ပေသည်။ တရားခံသည် ယင်းကဲ့သို့ ထုတ်ပြန်ကြေငြာထားသောအမိန့်တွင် ပါရှိသည့် ရှောင်ကြဉ်ရမည့် တားမြစ်ချက်တခုခုကို သော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်း၏ စီမံခန့်ခွဲရသောပစ္စည်းနှင့်စပ်လျဉ်း၍ အမိန့်အတိုင်း ပြုလုပ်ရမည့်ကိစ္စရပ်တခုခုကိုသော်လည်းကောင်း သိလျက်နှင့် ဖီဆန်ခဲ့သဖြင့် ဥပဒေနှင့်အညီ စေခိုင်းခြင်းခံရသည့် ပြည်သူ့ဝန်ထမ်းအား အဟန့်အတားဖြစ်စေခဲ့ကြောင်း၊ စိတ်ငြိုငြင် စေခဲ့ကြောင်း၊ နစ်နာစေခဲ့ကြောင်း ပေါ်လွင်ရန် လိုပေသည်။ ဤအမှုတွင် ရပ်ကွက် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ လူမှုရေးအရ ဒေါ်အန်စူးထံသို့

ထုတ်ပေးခဲ့သည့် တားမြစ်စာသည် အများနှင့်သက်ဆိုင်သော အမိန့် မဟုတ်ပဲ အိမ်ရှင် အိမ်ငှားတို့အကြား ဖြစ်ပွားသည့် ပုဂ္ဂလိက အရေး အခင်းမျှသာ ဖြစ်ပေသည်။

ထို့ကြောင့် ရပ်ကွက်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ အတွင်းရေးမှူး ဦးအေးသောင်း၏ စွဲဆိုမှုသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ နှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ ကျောက်ဆည်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၁၆/၈၁ ကို ပယ်ဖျက် လိုက်သည်။

၁၉၈၂
ဒေါ်အန်ရှူး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်*

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

**ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးတင်အောင်ဟိန်းတို့ ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

† ၁၉၈၂
မတ်လ ၂၀ ရက်

၁။ သခင်အုန်းကျော်
၂။ ဒေါ်သိန်းရှင်
နှင့်
ဦးလှမြင့်*

**တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃-တရားရုံးက နှစ်ဘက်ကြားနာ၍ အဆုံးအဖြတ်ပေးမည့် ကိစ္စကို သတင်းစာမှ ကြော်ငြာခြင်း၊သည် တရားစီရင်ရေးလုပ်ငန်းကို အနှောင့်အယှက်ပြုရာ ရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သတင်းစာတွင် ထည့်သွင်းခဲ့သော သတိပေးတားမြစ်ချက်ပါ အရေးအသားများသည် တရားရုံးက တစုံတရာ အဆုံးအဖြတ်မပေးရသေးမီ ကြိုတင်၍ ဆုံးဖြတ်ချက် ချမှတ်ထားသည့် သဘောသက်ရောက်သော စာသားများ ပါရှိသည်ကို တွေ့ရသည်။ တရားရုံးက နှစ်ဘက်ကြားနာ၍ အဆုံးအဖြတ်ပေးမည့် ကိစ္စကို ယခုကဲ့သို့ သတင်းစာမှ ကြော်ငြာခြင်းသည် တရားရုံး၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းကို အနှောင့်အယှက်ပြုရာ ရောက်သည်မှာ ထင်ရှားသဖြင့် ဦးလှမြင့်သည် တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃ ကို ကျူးလွန်ကြောင်း ပေါ်လွင်ပေသည်။

**လျှောက်ထားသူများအတွက်** — ဦးတင်ဦး၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်** — ဦးသန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ။

လမ်းမတော်မြို့နယ် တရားရုံး ၁၉၈၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၈၂၄ ၌ ဦးလှမြင့်က ဦးအုန်းကျော်နှင့် ဒေါ်သိန်းရှင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၃၄၁ များအရ တရားစွဲဆို

---

* ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၁၅၃
† တရားရုံးတော်ကို မထီမဲ့မြင်ပြုမှု အက်ဥပဒေ ပုဒ်မ (၃) အရ လျှောက်ထားမှု။

**၁၉၈၂ — ၁။ သခင်အုန်းကျော် ၂။ ဒေါ်သိန်းရှင် နှင့် ဦးလှမြင့်***

ထားသည့် အဆိုပါအမှုကို ကိုးကား၍ ဦးလှမြင့်က ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၈ ရက် နေ့စွဲပါ ကြေးမုံသတင်းစာတွင် သတိပေးတား မြစ်ချက် ကြော်ငြာထည့်သွင်းခဲ့သည်။ ဤသို့ ကြော်ငြာထည့်သွင်း ခြင်းအားဖြင့် ဦးလှမြင့်သည် တရားရုံးက တရားစီရင်ရာ၌ တရားဖြောင့် မှန်ရေးကို နှောင့်ယှက်နိုင်သော အပြုအမူကို ပြုလုပ်ခဲ့သောကြောင့် ဦးလှမြင့်အပေါ် တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃ အရ အရေးယူရန် ဦးအုန်းကျော်(ခ)သခင်အုန်းကျော်နှင့် ဒေါ်သိန်းရှင်တို့ က ဗဟိုတရားရုံးသို့ လျှောက်ထားကြသည်။

ဦးလှမြင့်က ဦးအုန်းကျော်နှင့် ဒေါ်သိန်းရှင်တို့သည် သူတို့ပိုင် လမ်းမတော်မြို့နယ်၊ ၆ လမ်း၊ အမှတ် ၆၂ အောက်ထပ် တောင်ဘက် အခန်းကို စရန်ငွေ ကျပ် ၃၅၀၀၀/-တလီ၊ နောက်ထပ် ငွေကျပ် ၁၅၀၀၀/-တလီယူ၍ သူ့အား ငှားရမ်းခဲ့ကြောင်း၊ စရန်ငွေများအကြေ အလည်ရရှိပြီးနောက် အိမ်ခန်းကို ဖွင့်၍ သော့ပေးအပ်သဖြင့် သူပိုင် ပရိဘောဂပစ္စည်းအချို့ကို အိမ်ခန်းတွင် ထည့်သွင်း သိမ်းဆည်းခဲ့ပြီး ခရီးထွက်သွားကြောင်း၊ ခရီးထွက်ရာမှ ပြန်ရောက်သောအခါ သူ့အား ပေးအပ်ထားသည့် အခန်းကို ဦးအုန်းကျော်တို့က ညဥ့်အချိန် ဖောက် ထွင်းဖျက်ဆီးပြီး အခန်းပုံစံ ပြောင်းလဲ ဆောက်လုပ်သည်ကို တွေ့ရ ကြောင်း၊ အခန်းတွင် ထည့်ထားသည့် သူ့ပိုင် အိမ်ထောင်ပရိဘောဂ များ မရှိတော့ကြောင်း၊ အိမ်ခန်းကို အတွင်းမှ ခိုင်ခိုင်မာမာ ပိတ်ဆို့ ထားပြီး အိမ်ခန်းအတွင်းသို့ သူဝင်ရောက်မည် ပြုသောအခါ ဦးအုန်းကျော်တို့က အကျောက်အကန် တားဆီး၍ ကြိမ်းမောင်း ခြိမ်းခြောက်ကြောင်း စသည့် အကြောင်းများကို ဖော်ပြစွပ်စွဲလျက် ဦးအုန်းကျော်နှင့် ဒေါ်သိန်းရှင်တို့အပေါ် လမ်းမတော်မြို့နယ် ပြည်သူ့ ရဲတပ်ဖွဲ့စခန်းသို့ ၁၉၈၁ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် စာရေးတိုင်ကြားခဲ့သည်။ လမ်းမတော် ပြည်သူ့ရဲတပ်ဖွဲ့စခန်းက လိုအပ် သည့် စုံစမ်းမှုများပြုပြီး ဦးအုန်းကျော်နှင့် ဒေါ်သိန်းရှင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၃၄၁ များအရ ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် လမ်းမတော်မြို့နယ် တရားရုံး ၁၉၈၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၈၂၄ ၌ တရားစွဲဆိုခဲ့သည်။

ဦးအုန်းကျော်နှင့် ဒေါ်သိန်းရှင်တို့အပေါ် တရားရုံးသို့ တရား စွဲတင်ပြီးနောက် သက်သေတဦးတယောက်ကိုမျှ စစ်ဆေးခြင်း မပြုသေး မီ ဦးလှမြင့်က ရွှေနေမှတဆင့် အောက် ကောက်နုတ်ချက်ပါ စာသား

များ ပါသောသော သတိပေးတားမြစ်ချက်ကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ

၁၉၇၂ ၇ ရက် နေ့စွဲပါ ကြေးမုံသတင်းစာတွင် ထည့်သွင်းခဲ့သည်—

၁။ သခင်အုန်းကျော်
၂။ ဒေါ်သိန်းရှင်
နှင့်
ဦးလှမြင့်

× × × × × ×

အိမ် ပိုင် ရှင် များ ဖြစ် ကြ သော သ ခင် အုန်း ကျော် နှင့် ဒေါ်သိန်းရှင်တို့ထံမှ သက်ဆိုင်ရာ ရပ်ကွက်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်ပြည်သူ့ကောင်စီ လူကြီးအချို့၏ ရှေ့မှောက်တွင် တရားဝင် ငှားရမ်းပြီးနောက် အိမ်ခန်းသော့နှင့်အတူ အခန်းကို လက်ဝယ် ရရှိသည့်အပြင် အိမ်ထောင်စုစာရင်းပင် ဝင်ပြီးဖြစ်ပါသည်။ သို့သော် အိမ်ပိုင်ရှင်များက အဆိုပါ အခန်းကို ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရှိပဲ အဓမ္မဝင်ရောက် အသုံးပြုခဲ့ပါသည်။ ယင်းသို့ ဥပဒေမဲ့ ဆောင်ရွက်ခြင်းအတွက် ကျွန်ုပ်အမှုသည်က လမ်းမတော်မြို့နယ် ပြည်သူ့တရားရုံးတွင် ပြစ်မှုကြီးအမှတ် ၂၇၂၄/၇၁ အရ တရားစွဲဆိုထားပြီး ဖြစ်ပါသည်။

× × × × × ×

သတင်းစာတွင် ထည့်သွင်းခဲ့သော သတိပေး တားမြစ်ချက်ပါ အရေးအသားများသည် တရားရုံးက တစုံတရာ အဆုံးအဖြတ်မပေးရသေးမီ ကြိုတင်၍ ဆုံးဖြတ်ချက် ချမှတ်ထားသည့် သဘောသက်ရောက်သော စာသားများ ပါရှိသည်ကို တွေ့ရသည်။ တရားရုံးက နှစ်ဘက်ကြားနာ၍ အဆုံးအဖြတ်ပေးမည့် ကိစ္စကို ယခုကဲ့သို့ သတင်းစာမှ ကြော်ငြာခြင်းသည် တရားရုံး၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းကို အနှောင့်အယှက်ပြုရာ ရောက်သည်မှာ ထင်ရှားသဖြင့် ဦးလှမြင့်သည် တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃ ကို ကျူးလွန်ကြောင်း ပေါ်လွင်ပေသည်။

ဦးလှမြင့်သည် တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်သဖြင့် ဒဏ်ငွေကျပ် ၂၀၀/-ဆောင်ရန်၊ ပျက်ကွက်က အလုပ်မဲ့ ထောင်ဒဏ်တလ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

# ၁၉၈၂-ခု

# တရားမမှုများ

# စီရင်ထုံးပြုသောမှုခင်းများ

## တရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဦးကျော်ဇောပါ (၂)ဦး | နှင့် | ဦးခင်မောင်ဗိုလ် .... .... | ၁ |
| ဦးကျော်သိန်း | နှင့် | ဒေါ်ကြွင်မြင့် .... .... | ၄ |
| ဦးကြိုင် | နှင့် | ဦးသိန်း(ဦးသောင်း၏ အထွေထွေကိုယ်စားလှယ်) .... | ၇ |
| ဒေါ်ခင်နွဲမူ | နှင့် | ဦးထော်ဝန်ကန်(ကွယ်လွန်) ၎င်း၏တရားဝင်ကိုယ်စားပြုသူ ဒေါ်ရွှေ/ဦးရန်ရိဝါး .... .... | ၁၂ |
| ဒေါ်စောရှင် | နှင့် | ဦးဘသွင်ပါ (၂)ဦး .... .... | ၁၇ |
| ဒေါ်စန်း(ခ)ဒေါ်စန်းရီ | နှင့် | ဦးဥာဏ်(ခ)စွန်ဥာဏ်ဖတ် .... | ၂၀ |
| ဒေါ်စိန်မြင့် | နှင့် | ဒေါ်ညွန့်ရီ .... .... | ၂၃ |
| ဦးတင်မောင် | နှင့် | ဦးကြွင်သိန်းပါ (၅)ဦး.... .... | ၂၆ |
| ဦးတင်လှ | နှင့် | ဒေါ်ပု(ခ)ဒေါ်တင်တင်အေး .... | ၂၈ |
| ဦးတင်အောင်ပါ(၂)ဦး | နှင့် | ဦးသိန်းမောင်ပါ (၆)ဦး .... | ၃၂ |
| ဦးထွန်းမောင် | နှင့် | ဦးဘိုနီ .... .... | ၃၆ |
| နန်းမွေးအိမ် | နှင့် | စိုင်းမောင်အေး .... .... | ၃၉ |
| ဒေါ်ဖျန်း/ကိုတင်ရွှေပါ (၂)ဦး | နှင့် | မောင်ကျင်ဝင်း(ဦးမွှား၏တရားဝင်ကိုယ်စားလှယ်) .... | ၄၂ |
| ဦးဘစံပါ (၃)ဦး | နှင့် | ဦးဘိုးသိပါ(၂)ဦး .... .... | ၄၅ |
| ဒေါက်တာမိုးဇော် | နှင့် | ဒေါက်တာမျိုးသန့် .... .... | ၄၈ |
| ဒေါ်မြကြည် | နှင့် | ဒေါ်ခင်ဆွေပါ(၂)ဦး .... | ၅၄ |
| ဦးမြခင်ပါ (၃)ဦး | နှင့် | ဒေါ်မမကြီးပါ(၃)ဦး .... | ၅၇ |
| ဒေါ်မြရင် | နှင့် | ဒေါ်ရှုကြည် .... .... | ၆၀ |
| ဒေါ်မြသန်း | နှင့် | ဒေါ်တင်မေ .... .... | ၆၄ |
| ဒေါ်မြသန်းပါ (၅)ဦး | နှင့် | ဦးဘပို .... .... | ၆၈ |
| ဒေါ်ယဉ်ယဉ်ဝင်း | နှင့် | ဦးလှမြင့် .... .... | ၇၄ |
| ဦးရင်ကြီး | နှင့် | ဦးရင်လပ်ပါ (၂)ဦး.... .... | ၇၈ |
| ဒေါ်ရင်ရင်မေ | နှင့် | ဦးမင်းဒင် .... .... | ၈၂ |
| ရန်နရေးဆင်း | နှင့် | ရာဂျာရာမီ .... .... | ၈၆ |

| | | | စာမျက်နှာ |
|---|---|---|---|
| လင်ကီးချိန်ပါ (၂)ဦး | နှင့် | ဦးခွန်ဟော်(ကွယ်လွန်သူဒေါ်ဖွားသီ၏ တရားဝင်ကိုယ်စားလှယ်).... | ၈၉ |
| ဦးလှမြင့် | နှင့် | ဒေါ်ခင်မြင့် .... .... | ၉၂ |
| ဦးဝေရှု | နှင့် | ဦးကျော်ပါ(၂)ဦး.... .... | ၉၈ |
| ဦးသန်းလွင်ပါ (၂)ဦး | နှင့် | ဦးသာဇံ .... .... | ၁၀၂ |
| ဦးသိန်း | နှင့် | မကာသမရှန်နီရှား .... .... | ၁၀၅ |
| ဒေါ်ဟပ္ပါဘီပါ (၁၀)ဦး | နှင့် | မာမက်မေဒင်ပါ(၈)ဦး .... | ၁၀၉ |
| ဦးအေးမြင့် | နှင့် | ဦးတင်မောင် .... .... | ၁၁၂ |
| ဦးအောင်ထွန်း | နှင့် | ဦးတင်ထွန်း .... .... | ၁၁၆ |
| ဦးအောင်သန်းပါ (၂)ဦး | နှင့် | ဦးသာစိန် .... .... | ၁၂၀ |
| ဒေါ်အုန်းခင် | နှင့် | ဦးစံသိန်းပါ(၄)ဦး.... .... | ၁၂၄ |

## တရားမမှုများ

ဥပဒေများ— စာမျက်နှာ

ကာလစည်းကမ်းသတ် အက်ဥပဒေ၊
တရားမကျင့်ထုံးဥပဒေ၊
ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ၊
မြန်မာဓလေ့ထုံးတမ်းဥပဒေ၊
ရုံးခွန်အက်ဥပဒေ၊
သီးခြားသက်သာခွင့်အက်ဥပဒေ၊
သက်သေခံဥပဒေ၊
၁၉၄၄ ခုနှစ်၊ ခုံသမာဓိအက်ဥပဒေ၊
၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ၊

**ကာလစည်း ကမ်းသတ် အက်ဥပဒေ—ယင်းအက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂ (၅)ပါ ပြဋ္ဌာန်းချက်—ထိုပြဋ္ဌာန်းချက်တွင် ရည်ညွှန်းထားသော လျှောက်လွှာမျိုးနှင့် ကာလစည်းကမ်းသတ်ကာလ။**

ဆုံးဖြတ်ချက်။ ။ဒီကရီကို အတည်ပြုစေရန်ဖြစ်စေ၊ အတည်ပြုမှုအတွက် အထောက်အပံ့ဖြစ်စေသည့် အရေးယူမှု ပြုစေရန် ဖြစ်စေ ဆိုင်ရာတရားရုံးသို့ ဥပဒေနှင့်အညီ လျှောက်ထားမှုရှိပါက ယင်းလျှောက်ထားမှုအပေါ်၌ နောက်ဆုံး အမိန့်ချမှတ်သည့် နေ့ရက်ကစ၍ (၃)နှစ်အတွင်း ထိုဒီကရီကို အတည်ပြုနိုင်သည်ဟု ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂ (၅) တွင် ပြဋ္ဌာန်းထားသည်။ ဦးအောင်ထွန်းအား အချင်းဖြစ်အိမ်မှ နှင်ထုတ်ပေးရန် ဦးတင်ထွန်း လျှောက်ထားခဲ့သည့် ၁၅-၇-၇၇ ရက်စွဲပါ လျှောက်လွှာမှာ အဆိုပါ ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂(၅) တွင် ရည်ညွှန်းထားသော လျှောက်လွှာမျိုးဖြစ်ပေရာ ယင်းလျှောက်လွှာနှင့် စပ်လျဉ်း၍ ဗဟိုတရားရုံးက နောက်ဆုံးအမိန့်ချမှတ်သည့် ၂၀-၃-၈၁ နေ့မှ (၃)နှစ်အတွင်း အချင်းဖြစ်ဒီကရီကို အတည်ပြုခွင့်ရှိပေသည်။

ဦးအောင်ထွန်း နှင့် ဦးတင်ထွန်း ၁၁၆

**စာမျက်နှာ**

**ကွယ်လွန်သူ အမှုသည်၏ တရားဝင် ကိုယ်စားလှယ်**— တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၄ တွင် တရားဝင်ကိုယ်စားလှယ်ဟု ကေဝုစ် ကိန်းအဖြစ် ဖော်ပြထားသော်လည်း တရားဝင် ကိုယ်စားလှယ် တစ်ဦးထက်ပိုမိုရှိပါက ထိုစကားရပ်ကို ဗဟုဝုစ် ကိန်းအဖြစ် မှတ်ယူရမည် ဖြစ်ခြင်း။

**ဆုံးဖြတ်ချက်။** ။အယူခံတရားလိုတို့သည် ဦးမွှား၏တရားဝင် ကိုယ်စားလှယ်အားလုံးကို စည်းကမ်းသတ်ကာလအတွင်း အယူခံမှုများတွင် ထည့်သွင်းခဲ့ခြင်းမရှိသဖြင့် အယူခံတရားလိုတို့ တင်သွင်းသော အယူခံမှုများမှာ ရပ်စဲသွားသည်ဟု ကောက်ယူရပေမည်။အကြောင်းမူ တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၄ တွင် တရားဝင် ကိုယ်စားလှယ်ဟု ကေဝုစ် ကိန်းအဖြစ် ဖော်ပြထား သော်လည်း တရားဝင် ကိုယ်စားလှယ်တစ်ဦးထက် ပိုမိုရှိပါက ထိုစကားရပ်ကို ဗဟုဝုစ်ကိန်း အဖြစ် မှတ်ယူရမည်ဖြစ်သည်။

ဒေါ်ဖျန်း/ဦးတင်ရွှေပါ(၂)ဦး နှင့် မောင်ကျင်ဝင်း (ဦးမွှား၏ တရားဝင် ကိုယ်စားလှယ်)　　၄၂

**ဇာရီမှုတွင် တရားရုံး၏ ဆောင်ရွက်ပေးပိုင်ခွင့်**— **တရားရုံးသည် ဒီကရီ၌ ဖော်ပြထားသည့် ဆုံးဖြတ်ချက်များ အတိုင်းသာ ဇာရီမှု၌ ဆောင်ရွက်ပေးပိုင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများတွင် တရားရုံးက ချမှတ်သည့် ဒီကရီ၌ ပါရှိသည့် ဆုံးဖြတ်ချက်များကို အကျိုးသက်ရောက်ရေးအတွက် ဆောင်ရွက်ပေးရန် တရားနိုင်က တရားရုံးသို့ ဇာရီဖွင့် လျှောက်ထား ပိုင်ခွင့်ရှိသည်။ ထိုသို့လျှောက်ထားသည့်အခါ တရားရုံးသည် မိမိချမှတ် ထားသည့် ဒီကရီ၌ ဖော်ပြထားသည့် ဆုံးဖြတ်ချက်များ အတိုင်းသာ ဆောင်ရွက်ပေးခွင့် ရှိသည်။ ဒီကရီတွင် မပါရှိသည့် အချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပေးခွင့် မရှိချေ။

ဒေါ်စန်း (ခေါ်) ဒေါ်စန်းရီ နှင့် ဦးဉာဏ် (ခေါ်) စွန်ဉာဏ်ဖတ်　　၂၀

**စာမျက်နှာ**

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၂(၃)— အချင်းဖြစ် အကြောင်းခြင်းရာတစ်ခုတည်း အရ တောင်းဆိုခွင့်ရှိသော သက်သာခွင့်အရပ်ရပ်ကို တစ်မှုတည်းတွင်တောင်းဆိုရခြင်း— ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂၊ (၁) (က)အရ ပထမစွဲဆိုမှုနှင့် ပုဒ်မ ၁၂ (၁)(ဂ)အရ နောက်ထပ် စွဲဆိုမှုတို့မှာ အချင်းဖြစ်အကြောင်းခြင်းရာ မတူညီကြသဖြင့် အမိန့် ၂၊ နည်း ၂ က နောက်အမှုကို ပိတ်ပင်ခြင်းမရှိ။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်အကြောင်းအရာ တစ်ခုတည်း အရ တောင်းဆိုခွင့်ရှိသော သက်သာခွင့်အရပ်ရပ်ကို တစ်မှုတည်းတွင် တောင်းဆိုရမည်။ တရားရုံး၏ ခွင့်ပြုချက်မရပဲ သက်သာခွင့် အချို့အဝက်ကို ချန်လှပ်ထားပါက ထိုသို့ချန်လှပ်ထားသည့် သက်သာခွင့်ကိုရလိုကြောင်း နောက်ထပ် တရားတစ်ထုံး စွဲဆိုခွင့် မပြုနိုင်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်းဥပဒေ ၂ တွင် ပြဋ္ဌာန်းထားသည်။ ယင်းကဲ့သို့ ပြဋ္ဌာန်းထားရသည်မှာ အမှုပွားများခြင်းကို တားဆီးနိုင်ရန်အတွက်ဖြစ်သည်။ သပြေကုန်းရပ်ကွက် တရားရုံး၊ တရားမကြီးမှုအမှတ် ၂၀/၇၄ တွင် အယူခံတရားလိုတို့က ဦးသာစိန်အား နှင်လိုမှုစွဲဆိုရခြင်းမှာ အိမ်လခများ ပေးရန် ပျက်ကွက်ခြင်းကြောင့်ဖြစ်သည်။ အဆိုပါတရားရုံး တရားမကြီးမှုအမှတ် ၇/၇၇ တွင် အယူခံတရားလိုတို့က ဦးသာစိန်အား ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁) (ဂ)အရ ဖယ်ရှားပေးစေလိုမှု စွဲဆိုရခြင်းမှာ အိမ်ငှား ဦးသာစိန်၏ ဖြုန်းတီးမှု၊ သို့မဟုတ် ပေါ့လျော့မှု၊ သို့မဟုတ် ပျက်ကွက်မှုကြောင့် ငှားရမ်းထားသည့် ဥပစာ အခြေအနေ ဆိုးရွားသွားသည် ဆိုသော အချက်အပေါ် အခြေခံသည်။ သို့ဖြစ်ရာ ယင်းအမှုနှစ်မှုတွင် အချင်းဖြစ် အကြောင်းခြင်းရာနှစ်ရပ်မှာ မတူညီပေ။ ထို့ကြောင့် ပထမအမှုတွင် ပုဒ်မ ၁၂ (၁) (ဂ)အရ တရားစွဲခြင်း မရှိစေကာမူ စည်းကမ်းသတ်ကာလအတွင်း နောက်အမှုတွင် တရားစွဲဆိုခွင့် ရှိပေသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်များက နောက်အမှုကို ပိတ်ပင်ထားခြင်း မရှိပေ။

ဦးအောင်သန်းပါ(၂)ဦး နှင့် ဦးသာစိန်　　၁၂၀

စာမျက်နှာ

**တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂(၁၁)ပါ ပြဋ္ဌာန်းချက်— တရားဝင်ကိုယ်စားပြုသူ— ကွယ်လွန်သူအမှုသည်ထံမှ ပစ္စည်း ဝယ်ယူခဲ့သူတို့အား ယင်းကွယ်လွန်သူအမှုသည် အတွက် တရားဝင်ကိုယ်စားပြုသူများအဖြစ် ထည့်သွင်းရန် မဖြစ်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၁၁) တွင် တရားဝင်ကိုယ်စားပြုသူဆိုသော စကားရပ်များ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုထားသည်။ တရားဝင် ကိုယ်စားပြုသူသည် သေသူ၏ အမွေဆက်ခံသူများ၊ သို့မဟုတ် သေသူကျန်ရစ်ခဲ့သည့် အမွေပုံပစ္စည်းနှင့် ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်သူဟု ပြဆိုထားသည်။ အယူခံတရားပြိုင် ဦးချစ်မြနှင့် ဒေါ်တင်မြတို့သည် ကွယ်လွန်သူ ဒေါ်မမကြီး၏ အမွေဆက်ခံသူများ မဟုတ်ကြောင်းမှာ အငြင်းမထွက်ပေ။ သူတို့သည် အချင်းဖြစ်အိမ်နှင့် မြေကို ဒေါ်မမကြီးထံမှ ဝယ်ယူခဲ့သူများသာ ဖြစ်သည်။ ထို့အပြင် ဦးချစ်မြနှင့် ဒေါ်တင်မြတို့သည် အချင်းဖြစ်အိမ်ကို ဒေါ်မမကြီးထံမှ မူလတိုင်းတရားရုံးတွင် တရားမစွဲဆိုမီကပင် ဝယ်ယူခဲ့သူများဖြစ်ကြသည်။ ထို့ကြောင့် ဒေါ်မမကြီး သေဆုံးစဉ်အခါ၌ အချင်းဖြစ် ပစ္စည်းသည် ဒေါ်မမကြီး ကျန်ရစ်ခဲ့သည့် အမွေပုံ ပစ္စည်းတစ်ရပ် ဖြစ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဦးချစ်မြနှင့် ဒေါ်တင်မြတို့အား ဒေါ်မမကြီး၏ တရားဝင်ကိုယ်စားပြုသူများ အဖြစ် ထည့်သွင်းရန် မဖြစ်နိုင်ခြင်းကြောင့် အယူခံတရားလို ဦးမြခင်တို့၏ (၁၇-၇-၇၁)နေ့စွဲပါ လျှောက်လွှာကို ပလပ်လိုက်သည်။

ဦးမြခင်ပါ (၃) ဦး နှင့် ဒေါ်မမကြီးပါ (၃) ဦး ၁၇

**တရားမကျင့်ထုံးဥပဒေအမိန့် ၃၊ နည်း ၂ အရ ကိုယ်စားလှယ်စာရသူနှင့် ပုဒ်မ ၂(၁၁)အရ တရားဝင်ကိုယ်စားလှယ်တို့၏ ခြားနားချက်။**

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၃(၂)— တရားလို သေဆုံးသော်လည်း တရားစွဲဆိုခွင့် ဆက်လက် ကျန်ရှိသည့် အမှုမျိုးတွင် သေဆုံးသူ တရားလို၏ တရားဝင် ကိုယ်စားလှယ်ကို အမှုသည်အဖြစ် ထည့်သွင်းပေးရန် စည်းကမ်းသတ်ကာလတွင် လျှောက်ထားခြင်း မရှိလျှင် အမှုရပ်စဲသွားခြင်း။

**ဆုံးဖြတ်ချက်။** ။မူလအမှုတွဲကို သေလာသောအခါ ဦးအုန်းကြိုင်သည် အယူခံတရားပြိုင်အကျိုးဆောင်တင်ပြသကဲ့သို့ ဦးမင်းဒင်၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပဲ ဦးမင်းဒင်၏ ကိုယ်စားလှယ်စာရသူ တစ်ယောက်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၊ နည်း ၂ အရ ကိုယ်စားလှယ်စာရသူနှင့် ပုဒ်မ ၂(၁၁)အရ တရားဝင်ကိုယ်စားလှယ်တို့သည် မတူကြပေ။ ကိုယ်စားလှယ်စာရသူဆိုသည်မှာ အသက်ရှင်လျက်ရှိသူ အမှုသည် တစ်ဦး ဦး၏ကိုယ်စား အမှုတွင် ဆောင်ရွက်ရန် ကိုယ်စားလှယ်စာရသူဖြစ်သည်။ တရားဝင်ကိုယ်စားလှယ် ဆိုသည်မှာ အမှုအတောအတွင်း ကွယ်လွန်သူအမှုသည်တစ်ဦးဦး၏နေရာတွင် အမှုသည်အဖြစ် ကိုယ်စားပါဝင်ခွင့်ရသူဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားလိုအများကစွဲ၍ တရားလိုတစ်ဦးဦး သေဆုံးပြီးနောက် တရားစွဲဆိုပိုင်ခွင့် ဆက်လက်ကျန်ရှိနေသေးသည့်အမှုကိစ္စမျိုး၌ တရားရုံးသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၂ အရ အမှုကို ဆက်လက်စစ်ဆေးနိုင်ခွင့်ရှိသည် မှန်သော်လည်း ဤအမှုမှာကဲ့သို့ တရားလိုတစ်ဦးတည်းသာရှိပြီး တရားလို သေဆုံးပြီးနောက် တရားစွဲဆိုပိုင်ခွင့် ဆက်လက်ကျန်ရှိနေသေးသည့် အမှုကိစ္စမျိုး၌ မူကား သေဆုံးသူတရားလို၏ တရားဝင်ကိုယ်စားလှယ်ကို အမှုသည်အဖြစ်ထည့်သွင်းရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊နည်း ၃(၁)အရ လျှောက်ထားရန်လိုပေသည်။ စည်းကမ်းသတ်ကာလ ရက် ၉၀ အတွင်း ထိုသို့ လျှောက်ထားခြင်းမပြုလျှင် သေသူတရားလိုစွဲဆိုသောအမှုသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၃(၂)အရ ရပ်စဲမည်သာ ဖြစ်ပေသည်။

ဒေါ်ရင်ရင်မေ　နှင့်　ဦးမင်းဒင်　၇၂

စာမျက်နှာ

**တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း-၄ နှင့် နည်း-၈—အမှုကို ပလပ်သော အမိန့်အား ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း— လျှောက်ထားချက်ကိုပယ်သောအမိန့်ကို မည်သည့် အခြေအနေတွင် အယူခံဝင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ချိန်းဆိုသောနေ့တွင်တရားလိုမလာပါက အမှုကို ပလပ်ပုံပလပ်နည်း နှစ်မျိုးနှစ်စားရှိသည်။ အမှုကို ကြားနာရန် ခေါ်သောအခါ မည်သည့်အမှုသည်မျှလာရောက်ခြင်းမရှိလျှင် အမှုကို ပလပ်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ဥပဒေ ၃ အရ အမိန့်ချမှတ်နိုင်သည်။ တရားပြိုင်လာ၍ တရားလိုမလာလျှင်မူ အမှုကို ပလပ်ကြောင်း အမိန့် ၉၊ နည်းဥပဒေ ၈ အရ အမိန့်ချမှတ်ရမည်ဖြစ်သည်။ နည်း ၃ အရ အမှုကို ပလပ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် မူလရုံးတွင် နည်း ၄ အရ လျှောက်ထားနိုင်သည်။ ထိုလျှောက်ထားချက်ကို ပယ်လျှင် ထိုသို့ ပယ်သည့်အမိန့်ကို နောက်တဆင့်မြင့်သည့် တရားရုံးတွင် အယူခံဝင်ခွင့်မရှိတော့ချေ။ နည်း ၈ အရ အမှုကို ပလပ်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် မူလရုံးတွင် နည်း ၉ အရ လျှောက်ထားနိုင်သည့်ပြင် ထိုလျှောက်ထားချက်ကို ပယ်ချပါကလည်း ထိုသို့ပယ်သည့် အမိန့်ကို နောက်တဆင့်မြင့်သည့်တရားရုံးတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၃၊ နည်းဥပဒေ ၁(ဂ)အရ အယူခံဝင်နိုင်သည်။



**တရားမ ကျင့်ထုံး ဥပဒေအမိန့် ၁၆၊ နည်း ၁ ပြဋ္ဌာန်းချက်—အမှုသည် တစ်ဦးသည် တဘက်အမှုသည်တစ်ဦးအား မိမိတင်ပြသော သက်သေအဖြစ် ခေါ်ယူစစ်ဆေးနိုင်ခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများတွင် အမှုစွဲဆိုပြီး နောက်ပိုင်း အမှုသည်များသည် သူတို့တင်ပြလိုသည့်သက်သေများအား ရုံးသို့လာရောက်အစစ်ခံရန်အတွက် သမ္မန်စာချ၍ ဆင့်ခေါ်ပေးရန် လျှောက်ထားနိုင်သည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၁၆၊ နည်း ၁ က ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်တွင် မည်သူတို့ကို သက်သေအဖြစ်ဖြင့် ခေါ်နိုင်ကြောင်း သတ်မှတ်ချက်သော်လည်းကောင်း၊ မည်သူတို့ကို သက်သေ

အဖြစ် မခေါ်နိုင်ဟု ကန့်သတ်ပိတ်ပင်ခြင်းသော်လည်းကောင်း မရှိပေ။ တရားလိုတစ်ဦးသည် ထိုအမှုမှ တရားပြိုင်တစ်ဦးအား မိမိတင်ပြသော သက်သေအဖြစ်ဖြင့်ခေါ်၍ မစစ်ဆေးနိုင်၊ သို့မဟုတ် တရားပြိုင်တစ်ဦး သည် ထိုအမှုမှ တရားလိုတစ်ဦးအား မိမိတင်ပြသော သက်သေ အဖြစ် ဖြင့်ခေါ်၍ မစစ်ဆေးနိုင်ဟူ၍လည်း ပိတ်ပင်ကန့်သတ်ထားခြင်းမရှိပေ။

ဦးတင်မောင် နှင့် ဦးကြင်သိန်းပါ(၅)ဦး ၂၆

တရားလိုအဖြစ် တရားစွဲဆိုရမည့် သူသည် တရားစွဲဆိုရမည့် အချိန်၌ စိတ်ပေါ့သွပ်နေခြင်း— တရားမ ကျင့်ထုံးဥပဒေအမိန့် ၃၂ ပါ ပြဋ္ဌာန်းချက်— ရူးသွပ်သူ၏ နီးစပ်ရာမိတ်ဆွေအဖြစ် တရားစွဲဆိုရာတွင် တရားလိုမှာ တရားစွဲဆိုခွင့်ရှိသူဖြစ်၍ နီးစပ်ရာ မိတ်ဆွေက အမှုတွင် သူ့ကိုယ်စား ဆောင်ရွက်ပေးခြင်းသာ ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမ ကျင့်ထုံးဥပဒေအမိန့် ၃၂ အရ ရူးသွပ် သူ၏ နီးစပ်ရာမိတ်ဆွေအဖြစ် တရားစွဲဆိုရာတွင် တရားလိုမှာ တရားစွဲ ဆိုခွင့်ရှိသူဖြစ်၍ နီးစပ်ရာမိတ်ဆွေက အမှုတွင် သူ့ကိုယ်စား ဆောင်ရွက် ပေးခြင်းသာဖြစ်သည်။ ဤအမှု၌ တရားလို အမည်ကို ဒေါ်ကုလားမ အဖြစ် ဖော်ပြထားခြင်းမရှိချေ။ ဦးစံသိန်းက တရားလိုအဖြစ် တရား စွဲဆိုထားသော အမှုသာဖြစ်သည်။ အဆိုလွှာပါ ဖော်ပြချက်များအရ ဦးစံသိန်းသည် ဒေါ်ချစ်မေ၏အမွေကို ဆက်ခံခွင့်ရှိသူ ဖြစ်ကြောင်း မပေါ်ပေါက်သည့်အလျောက် သူစွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်းမရှိပေ။

ဒေါ်အုန်းခင် နှင့် ဦးစံသိန်းပါ (၄)ဦး ၁၂၄

စာမျက်နှာ

တရားဝင် ကိုယ်စားပြုသူ–တရားမမှုတွင် တရားလို သေဆုံးသွားလျှင် တရားစွဲဆိုခွင့် ဆက်လက် တည်ရှိနေသေးခြင်း ရှိ မရှိ စိစစ်ခြင်း– လက်ရောက်ရလိုမှု စွဲဆိုထားစဉ် တရားလို သေဆုံးသွားသည့်အခါ ကျန်ရစ်သူများက တရားပြိုင်အပေါ် အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုခွင့်ရှိတော့သည့် အခါမျိုး၌ တရားစွဲဆိုခွင့်သည် ဆက်လက် မတည်ရှိတော့ခြင်း။

ဒေါက်တာ ဘသန်း ဆိုသူက လျှောက်ထားခံရသူ ၎င်း၏သား ဒေါက်တာမျိုးသန်းကို တရားပြိုင်အဖြစ် ထားကာ အချင်းဖြစ်တိုက်၊ မြေနှင့် မော်တော်ကားတို့ကို ၎င်းပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် ဒေါက်တာမျိုးသန်း လက်ဝယ်ရှိ ပစ္စည်းများကို လက်ရောက်ရလိုမှု တရားစွဲဆိုသည်။ အမှုအတွင်း ဒေါက်တာဘသန်း သေဆုံးသဖြင့် သူ၏သားတစ်ဦးဖြစ်သူ ဒေါက်တာမိုးဇော်က ဒေါက်တာဘသန်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားရာ မူလရုံးက ပယ်လိုက်သည်။

ဆုံးဖြတ်ချက်။ ။ဒေါက်တာဘသန်း ကွယ်လွန်သွားသောအခါ ဒေါက်တာမျိုးသန်းအပါအဝင် သူ၏ သားသမီးတို့သည် ဒေါက်တာဘသန်းက သူပိုင်သည်ဟု အဆိုရှိသော အချင်းဖြစ် ပစ္စည်းများကို မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ အမွေဆက်ခံကြမည်ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် အချင်းဖြစ်ပစ္စည်းများ အပါအဝင် ဒေါက်တာဘသန်း ကျန်ရစ်သော ပစ္စည်းအရပ်ရပ်ကို တရားရုံးက စီမံခန့်ခွဲပေးရန် အလို့ငှာ အမွေမှု စွဲဆိုရမည်ဖြစ်သည်။ အကယ်၍ ဒေါက်တာမိုးဇော် လျှောက်ထားသည့်အတိုင်း သူ့အား ဒေါက်တာဘသန်း၏ နေရာတွင် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းလိုက်ပါမူ အမွေဆိုင်တစ်ဦးက အခြား အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါက်တာ မျိုးသန်းထံမှ အမွေဆိုင်ဖြစ်သည့် အချင်းဖြစ်ပစ္စည်းများကို လက်ရောက်ရလိုမှု စွဲဆိုခွင့်ပြုရာ ရောက်ပေလိမ့်မည်။ အမှန်ဆိုသော် အမွေဆိုင်တစ်ဦးသည် အမွေဆိုင်ပစ္စည်းကို အခြားအမွေဆိုင်တစ်ဦးထံမှ လက်ရောက်ရလိုမှု စွဲဆိုခွင့်မရှိပေ။ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုနိုင်သည်။ သို့ဖြစ်ရာ ဒေါက်တာမိုးဇော်ကို ဒေါက်တာဘသန်း၏ နေရာတွင် တရားဝင် ကိုယ်စားလှယ် အဖြစ် ထည့်သွင်းလိုက်ပါမူ အမှုကို အမွေမှုအဖြစ် မပြောင်းလဲပဲ ဆက်လက်၍ ဆောင်ရွက်နိုင်မည် မဟုတ်ချေ။ လက်ရောက်ရလိုမှုနှင့်

အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုတို့မှာ အခြေခံအားဖြင့် ခြားနားသည် ဖြစ်၍ လက်ရောက်ရလိုမှုကို အမွေပုံ စီမံခန့်ခွဲပေးစေလိုမှု အဖြစ်သို့ ပြောင်းလဲခွင့် မရှိချေ။ ဤအခြေအနေတွင် လျှောက်ထားခံရသူ ဒေါက်တာမျိုးသန်းအပေါ် စွဲဆိုထားသောအမှုမှာ ဒေါက်တာဘသန်း အနေဖြင့် စွဲဆိုခွင့်ရှိသော အမှုဖြစ်စေကာမူ သူကွယ်လွန်သောအခါ သူ၏အမွေစားအမွေခံတစ်ဦးက ဆက်လက်ဆောင်ရွက်ခွင့်ရှိသော အမှု မျိုး မဟုတ်ကြောင်း ပေါ်ပေါက်နေသည် ဖြစ်၍ တရားစွဲဆိုခွင့်မှာ ဒေါက်တာဘသန်း ကွယ်လွန်သည်နှင့် တပြိုင်နက် ချုပ်ငြိမ်းသွားသည့် **အလျှောက်** သူစွဲဆိုသော အမှုမှာ ရပ်စဲသွားပြီဟု ကောက်ယူရမည် **ဖြစ်ပေသည်။**

ဒေါက်တာမိုးဇော် နှင့် ဒေါက်တာမျိုးသန်း ၄၈

**ယာယီတားဝရမ်းထုတ်ဆင့်ခြင်း— တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်း ၁(က) အရ ယာယီတားဝရမ်း ထုတ်ရမည့် ပစ္စည်းမှာ အမှု တွင် အငြင်းပွားသော ပစ္စည်းဖြစ်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။**အမှုတစ်ခုတွင်** အငြင်းပွားသော ပစ္စည်းသည် ပျက်စီးယိုယွင်းမည့်၊သို့မဟုတ် ဖျက်ဆီးခံရမည့်၊သို့မဟုတ် လွှဲပြောင်းပေး ခြင်းခံရမည့် အန္တရာယ်ရှိနေကြောင်း ထင်ရှားလျှင် တရားရုံးက ယာယီ **တားဝရမ်း** ထုတ်ဆင့်နိုင်သည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ **နည်း**ဥပဒေ ၁ (က) တွင် ပြဋ္ဌာန်းထားသည်။ အယူခံ တရားပြိုင် ဦးခင်မောင်ဗိုလ်စွဲဆိုသောအမှုတွင်အငြင်းပွားနေသောပစ္စည်းမှာ"အသဲ ငှားစမ်းပါ"အမည်ရှိ ရုပ်ရှင်ကားဖြစ်သည်။ အယူခံ တရားလိုတို့အား ထုတ်ယူခြင်းမပြုရန် ယာယီတားဝရမ်း ထုတ်ဆင့်ခဲ့သည့်ငွေမှာ "အသဲ ငှားစမ်းပါ" ရုပ်ရှင်ကားကိုပြသ၍ ရရှိသည်ဆိုသောငွေများဖြစ်သဖြင့် အမှုတွင် အငြင်းပွားသော ပစ္စည်းဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ ထိုငွေနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ **နည်း**ဥပဒေ ၁ (က) အရ ယာယီတားဝရမ်း ထုတ်ဆင့်ခြင်း **ပြု**နိုင်မည် **မဟုတ်ပေ။**

ဦးကျော်ဇောပါ(၂)ဦး နှင့် ဦးခင်မောင်ဗိုလ် ၁

စာမျက်နှာ

**အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားပေးစေလိုမှု— အခွင့်အမိန့်အရ နေထိုင်သူဖြစ်ကြောင်း ထင်ရှားရန် လိုခြင်း— အိမ်သားတစ်ဦး အဖြစ်ဖြင့် အတူနေထိုင်သူတစ်ဦးအား အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားပေးရန် တရားစွဲဆိုခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အဆိုလွှာအပိုဒ်(၂)ပါအဆိုပြုထားချက်များအရ လည်းကောင်း၊ မူလရုံး အမှုတွဲရှိ သက်သေ ခံချက်များအရလည်း ကောင်း ဒေါ်တင်မေသည် ဦးထွန်းဖေတို့နှင့် ငယ်စဉ်ကတည်းက နေ ထိုင်လာခဲ့ကြောင်း ထင်ရှားသည်။ ဤအခြေအနေတွင် ဒေါ်တင်မေ သည် ဦးထွန်းဖေ၏ ခွင့်ပြုချက်အရ အချင်းဖြစ်အိမ်၌ နေထိုင်ခဲ့ခြင်း မဟုတ်ပဲ ဦးထွန်းဖေ၏ အိမ်သားတစ်ဦးအဖြစ် နေထိုင်လာခဲ့ကြောင်း ပေါ်လွင်နေပေသည်။ သို့ဖြစ်၍ ဒေါ်မြသန်းသည် ဒေါ်တင်မေအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားပေးရန် တရားစွဲဆိုခွင့် မရှိချေ။

ဒေါ်မြသန်း နှင့် ဒေါ်တင်မေ ၆၄

**နို့တစ်စာ၌ စာအရေးအသားနှင့် ဂဏန်းအရေးအသားတို့ ကွဲလွဲလျှင် စာအရေးအသားကိုအတည်ယူလေ့ရှိကြောင်း၊ သတိချပ်ရန်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်နို့တစ်စာကို ၁-၆-၇၉ ရက်စွဲတပ် ထားသည်ဖြစ်၍ "ဤလကုန်" ဆိုသည့်စကားရပ်နှင့် တွဲဖက်ဖတ်ရှုလျှင် အိမ်ငှားရမ်းခြင်းကို ဖြတ်တောက်သည့်နေ့မှာ ၃၀-၆-၇၉ ကို ဆိုလို ကြောင်း ပေါ်ပေါက်သည်။ နို့တစ်စာ၌ စာအရေးအသားနှင့် ဂဏန်း အရေးအသားတို့ ကွဲလွဲလျှင် စာအရေးအသားကို အတည်ယူလေ့ ရှိကြောင်း သတိချပ်ရန်လိုပေသည်။ နို့တစ်စာတွင် "ဤလကုန်"ဟု သုံးနှုန်းထားသည်ဖြစ်၍ အိမ်ငှားရမ်းခြင်းကို ၃၀-၆-၇၉ နေ့တွင် ရပ်စဲ ကြောင်း အိမ်ငှားများက သိရှိရန် အကြောင်း ရှိပေသည်။

ဦးသန်းလွင်ပါ(၂)ဦး နှင့် ဦးသာဇံ ၁၀၂

**ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆–အိမ်ငှားအဖြစ်မှ ရပ်စဲသည့် နို့တစ်စာ– နို့တစ်စာတွင် နို့တစ်စာပေးသည့် နေ့ကစ၍ အိမ်ရှင် အိမ်ငှား အဖြစ်မှ ဖြတ်တောက်ရပ်စဲသည်ဟု ဖော်ပြပါရှိခြင်းကြောင့် ယင်းနို့တစ်စာမှာ ယင်းပုဒ်မ ၁၀၆ အရ ပျက်ပြယ်သည်ဟု ဆိုနိုင် မဆိုနိုင်။**

**ဆုံးဖြတ်ချက်။** ။နို့တစ်စာပေးပို့သည့်နေ့ကစပြီး အိမ်ရှင် အိမ်ငှား ဖြတ်တောက်သည်ဟု ဆိုစေကာမူ ယင်းနို့တစ်စာတွင် လကုန်အထိ နေခွင့်ပေးထားကြောင်း ဖော်ပြပါရှိခြင်းကြောင့် ယင်း နို့တစ်စာမှာ ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၁၀၆ အရ ပျက်ပြယ်သည်ဟု မဆိုနိုင်ချေ။

လင်ကီးချိန်ပါ(၂)ဦး နှင့် ဦးခွန်ဟော့ ကွယ်လွန်သူ (ဒေါ်ဖွားသီ၏ တရားဝင်ကိုယ်စားလှယ်) ဂ၉

**မြန်မာဗလေ့ထုံးတမ်းဥပဒေအရ လင်မယားကွာရှင်းလိုမှု– မုဒိမ်းမှုသည် ကွာရှင်းခွင့်ရထိုက်သော အိမ်ထောင်ရေးပြစ်မှုဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင် စိုင်းမောင်အေးသည် မုဒိမ်းမှုကျူးလွန်သည့်အတွက် မယားဖြစ်သူ မနန်းမွှေးအိမ်မှာ အနည်းနှင့်အများ စိတ်ဆင်းရဲမှုဖြစ်ဖွယ်ရာအကြောင်း ရှိပေသည်။ အယူခံတရားလို၏ အကျိုးဆောင်က စိုင်းမောင်အေး၏အပြုအမူသည် လင်မယားကွာရှင်းခွင့်ရစေလောက်သည့် ရက်စက်မှုဖြစ်ကြောင်း ယူဆသင့်သည်ဟု လျှောက်လဲသော်လည်း စီရင်ထုံးအကိုးအကား တင်ပြနိုင်ခြင်းမရှိပေ။ ယောကျ်ားဖြစ်သူ မုဒိမ်းမှုကျူးလွန်ခြင်းသည် အိမ်ထောင်ရေးပြစ်မှုဖြစ်ကြောင်း မြန်မာဗလေ့ထုံးတမ်းဥပဒေတွင် ပြဆိုထားခြင်းမရှိသည်ကို တွေ့ရသည်။

နန်းမွှေးအိမ် နှင့် စိုင်းမောင်အေး ၃၉

စာမျက်နှာ

ရုံးခွန်အက်ဥပဒေပုဒ်မ ၇(၅)(င)ပါ ပြဋ္ဌာန်းချက်— ကျူးကျော်သူအား နှင်ထုတ်လိုမှုအတွက် ရုံးခွန်— ရုံးခွန်ကို အချင်းဖြစ်ပစ္စည်း၏ ကာလတန်ဖိုးအပေါ် တွက်ချက်၍ ထမ်းဆောင်ရခြင်း။

ဆုံးဖြတ်ချက်။ ။ကျူးကျော်သူအား နှင်လိုမှုသည် အနှစ်သာရအားဖြင့် အချင်းဖြစ် မြေနှင့် အိမ်ကို လက်ရောက်ရလိုမှုနှင့် သဘောချင်းတူသည်ဖြစ်၍ ရုံးခွန်ကို အချင်းဖြစ်ပစ္စည်း၏ ကာလတန်ဖိုးအလျောက် ရုံးခွန်အက်ဥပဒေပုဒ်မ ၇(၅)(င)အရ ထမ်းဆောင်ရမည်ဖြစ်သည်။

ဒေါ်မြကြည် နှင့် ဒေါ်ခင်ဆွေပါ (၂)ဦး ၅၄

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂— ယင်းပုဒ်မ၏ ခြွင်းချက်အရ အကျိုးဆက်သက်သာခွင့်— မိသားစုပင်စင် အကျိုးခံစားခွင့်ရှိကြောင်း ကြေငြာချက်သက်သက်ကို တောင်းဆိုခွင့်ရှိခြင်း— ထိုငွေရရှိရန်အတွက် အကျိုးဆက်သက်သာခွင့် ထည့်သွင်း တောင်းဆိုရန် မလိုခြင်း။

ဆုံးဖြတ်ချက်။ ။ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကြေငြာပေးရန် စွဲဆိုသောပစ္စည်းသည် တရားရုံးလက်တွင်လည်းကောင်း၊ တရားရုံးများက ခန့်ထားသည့် ပစ္စည်းထိန်းများလက်တွင်လည်းကောင်း ရှိနေလျှင် ထိုပစ္စည်းကို ပေးအပ်ရန် တောင်းဆိုခြင်းမရှိပဲ ပစ္စည်းသည် မိမိပိုင်ပစ္စည်းဖြစ်ကြောင်း သက်သေကြေငြာပေးစေရန် တရားစွဲဆိုခွင့်ရှိသည်။ ယခု မိသားစုပင်စင်သည်လည်း တရားလို တရားပြိုင် လက်ဝယ်တွင်မဟုတ်ပဲ နိုင်ငံတော်အစိုးရ၏ ဌာနတစ်ခုဖြစ်သော ကုန်သွယ်ရေးဦးစီးဌာနလက်ဝယ်တွင် တည်ရှိနေသည်။ တရားရုံးက ယင်းပင်စင်ကို မည်သူအကျိုးခံစားခွင့်ရှိသည်ဆိုသည့် အဆုံးအဖြတ်ပေးပါက ထိုအဆုံးအဖြတ်ကိုအခြေပြု၍ မိသားစုပင်စင်ပေးရေးကိစ္စကို ကုန်သွယ်ရေးဌာနမှ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ ကုန်သွယ်ရေးဦးစီးဌာန လက်ဝယ်ရှိ မိသားစုပင်စင်ကို ထုတ်ပေးရန် ယခုအမှုတွင် တောင်းဆိုရန် မလိုအပ်ပေ။ မိသားစုပင်စင် အကျိုးခံစားခွင့်ရှိကြောင်း ကြေငြာချက်သက်သက်ကို တောင်းဆိုခွင့်ရှိသည်။

ဒေါ်စိန်မြင့် နှင့် ဒေါ်ညွန့်ရီ ၂၉

**စာမျက်နှာ**

**သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်— နောက်ဆက်တွဲအကျိုးဆက် သက်သာခွင့်တောင်းဆိုရန် ရှိပါလျက် မတောင်းဆိုသဖြင့် အဆိုလွှာပြင်ဆင်ရန် တရားရုံးက ညွှန်ကြားသော်လည်း တရားလိုက မလိုက်နာခြင်း— ထိုအမှုမျိုးကို မူလတရားရုံးက ပလပ်ခြင်းမှာ မှန် မမှန်။**

**ဆုံးဖြတ်ချက်။** ။သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်တွင် နောက်ဆက်တွဲအကျိုးဆက် သက်သာခွင့်တောင်းဆိုရန် ဖြစ်သော်လည်း မတောင်းဆိုလျှင် တရားလိုစွဲဆိုသည့်အမှု၌ ဒီကရီမချမှတ်ပေးရဟု ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် နောက်ဆက်တွဲအကျိုးဆက် သက်သာခွင့်တောင်းဆိုနိုင်ရန် အဆိုလွှာပြင်ဆင်ခွင့်ကို တရားရုံးက ပေးခဲ့သော်လည်း အယူခံတရားလိုတို့သည် အဆိုလွှာမပြင်ဆင်ပဲ ငြင်းဆိုခဲ့သည်။ ထို့ကြောင့် ဤအမှုတွင် နောက်ဆက်တွဲအကျိုးဆက် သက်သာခွင့်တောင်းဆိုရန် လိုပါလျက်နှင့် မတောင်းဆိုခြင်းကြောင့် ဒီကရီချပေးနိုင်မည်မဟုတ်ပေ။

ဒေါ်ဟဝါဘီပါ(၁၀)ဦး နှင့် မာမက်မေဒင်ပါ(၈)ဦး ၁၀၉

**မြွက်ဟကြေငြာပေးစေလိုမှုနှင့် အကျိုးဆက်သက်သာခွင့်— အချင်းဖြစ်ကားကို တဘက်အမှုသည်၏ လက်ဝယ်၌ ထားရှိခြင်း မပြုရန် ပိတ်ပင်သည့် တားဝရမ်းရလိုမှုသည် မြွက်ဟကြေငြာသည့် ဒီကရီ၏ အကျိုးဆက် သက်သာခွင့်မဟုတ်ခြင်း—·မြို့နယ်တရားရုံးတွင် သက်သေခံပစ္စည်းအဖြစ် ရောက်ရှိနေသည့် အချင်းဖြစ်ကားမှာ တရားပြိုင်လက်ရှိ မဟုတ်သဖြင့် အကျိုးဆက် သက်သာခွင့်အဖြစ် လက်ရောက်ရလိုမှု စွဲဆိုရန်မဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်ကားကို ဒေါ်မြရင်လက်ဝယ်၌ ထားရှိခြင်းမပြုရန် ပိတ်ပင်သည့် တားဝရမ်းရလိုမှုသည် မြွက်ဟကြေငြာသည့် ဒီကရီ၏အကျိုးဆက်သက်သာခွင့် မဟုတ်ပေ။ အဆိုလွှာအပိုဒ် (၇)ပါ အဆိုပြုချက်များအရဆိုလျှင် အချင်းဖြစ် ကုန်ကားမှာ ပုဇွန်တောင်မြို့နယ်တရားရုံးတွင် သက်သေခံပစ္စည်းအဖြစ် ရောက်ရှိနေသည်ကို တွေ့ရသည်။ ထိုကုန်ကားမှာ တရားပြိုင် လက်ရှိမဟုတ်သဖြင့် တရားလိုအနေဖြင့် လက်ရောက်ရလိုမှု စွဲဆိုရန်မလိုပေ။ အကယ်

စာမျက်နှာ

၍ အချင်းဖြစ် ကုန်တင်ကား၏ ပိုင်ရှင်မှာ ဒေါ်ရှုကြည်ဖြစ်သည်ဟု မြွက်ဟကြေငြာလိုက်လျှင် ဒေါ်ရှုကြည်သည် မြွက်ဟကြေငြာသည့် ဒီကရီကို အဆိုပါတရားရုံးတွင် တင်ပြ၍ သက်သေခံကားကို ရလို ကြောင်း လျှောက်ထားခွင့်ရှိမည်ဖြစ်သည်။ ဤအခြေအနေတွင် မြွက်ဟ ကြေငြာသည့် ဒီကရီချမှတ်ရုံမျှဖြင့် လုံလောက်ကြောင်း ပေါ်လွင်နေ သည့်အလျောက် ဒေါ်ရှုကြည်အနေဖြင့် ထိုဒီကရီ၏ အကျိုးဆက် သက် သာခွင့်ကိုပါ လျှောက်ထားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ပေ။

ဒေါ်မြရင် နှင့် ဒေါ်ရှုကြည် ၆၀

အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုသည် မြွက်ဟကြေငြာချက် ဒီကရီ၏ အကျိုးဆက်သက်သာခွင့်အဖြစ်ဖြင့် တောင်းဆိုနိုင်သော အမှုမဟုတ်ခြင်း။

**ဆုံးဖြတ်ချက်။** ။ဦးတင်အောင်တို့သည် အချင်းဖြစ်မြေကို လက် ရှိရထားသူများမဟုတ်သဖြင့် ထိုမြေကို ပိုင်ဆိုင်ကြောင်း သီးခြားသက် သာခွင့်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုရာတွင် မြွက်ဟကြေငြာချက် ဒီကရီ၏ အကျိုးဆက်သက်သာခွင့်အဖြစ်ဖြင့် လက်ရောက် ရလိုမှုကိုပါ တောင်းဆိုရန် လိုအပ်ပေသည်။ အခွင့်အမိန့်အရ နေထိုင်သူတို့အား နှင်လိုမှုသည် မြွက်ဟကြေငြာချက်ဒီကရီ၏ အကျိုးဆက်သက်သာခွင့် အဖြစ်ဖြင့် တောင်းဆိုနိုင်သောအမှု မဟုတ်သဖြင့် အယူခံတရားလိုတို့ သည် အယူခံတရားပြိုင်တို့အား အခွင့်အမိန့်အရ နေထိုင်သူများအဖြစ် ဖြင့် ဖယ်ရှားပေးရန် တောင်းဆိုသော သက်သာခွင့်အစား အချင်း ဖြစ်မြေကို လက်ရောက်ရလိုကြောင်း သက်သာခွင့်ကို ပြင်ဆင်တောင်း ဆိုရန် လိုအပ်သည်။ ထို့အပြင် ထိုသက်သာခွင့်အတွက် အချင်းဖြစ် မြေ၏ တန်ဖိုးအလျောက် ရုံးခွန်ကိုထမ်းဆောင်ရမည်ဖြစ်သည်။

ဦးတင်အောင်ပါ(၂)ဦး နှင့် ဦးသိန်းမောင်ပါ (၆)ဦး ၃၂

**သက်သေပြရန်တာဝန်—** တရားပြိုင်က အိမ်ငှား မဟုတ်ကြောင်း ငြင်းဆိုလျှင် အိမ်ငှားဖြစ်ကြောင်း သက်သေပြရန်တာဝန်မှာ တရားလိုအပေါ် ကျရောက်ခြင်း။

**အမွေထိန်းစာ၌ ပါရှိသည့် ပစ္စည်းစာရင်းတွင် ဖော်ပြထားရုံမျှဖြင့် ယင်းပစ္စည်းမှာ သေသူပိုင်ပစ္စည်းဖြစ်သည်ဟု တထစ်ချမဆိုနိုင်ခြင်း၊**

ဆုံးဖြတ်ချက်။ ။အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုအပေါ် အခြေခံ၍ တရားစွဲဆိုသည့်အမှုများတွင် တရားပြိုင်က သူသည် တရားလို၏အိမ်ငှား မဟုတ်ပါဟု ငြင်းဆိုလာပါက အိမ်ငှားဖြစ်ကြောင်း ထင်ရှားစွာ သက်သေထူရန်တာဝန်မှာ တရားလိုအပေါ် ကျရောက်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပစ္စည်းတစ်ခုကို အမွေထိန်းစာ၌ပါရှိသည့် ပစ္စည်းစာရင်းတွင် ဖော်ပြထားရုံမျှဖြင့် သေဆုံးသူပိုင် ပစ္စည်းဖြစ်သည်ဟု တထစ်ချမဆိုနိုင်ပေ။

ဒေါ်စောရှင် နှင့် ဦးဘသွင်ပါ (၂)ဦး ၁၇

**ပြန်လှန်စစ်မေးခြင်း—** တရားပြိုင်အများ ရှိသည့်အမှု၌ တရားလိုအား ပြန်လှန်စစ်မေးခြင်း—တရားပြိုင်နှစ်ဦးသည် တစ်ဦးအပေါ် တစ်ဦး **တာဝန်ပုံချနေသည့် အခြေအနေမျိုးတွင် တရားလိုအား ပြန်လှန်စစ်မေးခွင့်ပြုရန် အစီအစဉ်။**

**ဆုံးဖြတ်ချက်။** ။သက်သေခံအက်ဥပဒေ ပုဒ်မ ၁၃၈ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် မူလရုံးတရားလို ဦးဘိုနီအား တရားလိုဘက်မှ အဓိကစစ်မေးပြီးနောက် တရားပြိုင်ဘက်မှ ပြန်လှန်စစ်မေးခွင့် ပြုရလိမ့်မည်။ အမှုတွင် တရားပြိုင်နှစ်ဦးရှိနေသည်ကို တွေ့ရသည်။ အချင်းဖြစ်ပွားစဉ်က ဦးထွန်းမောင်သည် အလှည့်ကျ တာဝန်ခံ ဂေါပကလူကြီး အဖြစ် ဆောင်ရွက်ခဲ့သောကြောင့် အမှုတွင်သူ့အား ဒုတိယတရားပြိုင် အဖြစ် ထည့်သွင်းတရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ဦးထွန်းမောင်က ဆူးလေ စေတီတော် ဂေါပကအဖွဲ့အား တရားပြိုင်ပြုလုပ် စွဲဆိုထားပြီး ဖြစ်၍

စာမျက်နှာ

မိမိအား တရားပြိုင်အဖြစ် ထည့်သွင်းရန် မလိုသောကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၁၀(၂)အရ အမှုမှ ဖယ်ထုတ်ပေးရန် လျှောက်၍ ဖော်ပြထားသည်။ ဆူးလေစေတီတော် ဂေါပက အဖွဲ့က တရားလိုထံမှ သစ်စေး ဝယ်ယူရန် ကတိစာချုပ်ကို ဦးထွန်းမောင်က ၎င်း၏ တစ်ဦးတည်းဆန္ဒဖြင့် ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း ထုချေသည်။ ဤအခြေအနေတွင် တရားပြိုင်နှစ်ဦးသည် တစ်ဦးအပေါ် တစ်ဦးတာဝန်ပုံချသည့် သဘောဆောင်နေကြကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ ဦးဘိုနီအား ပထမတရားပြိုင်ဖြစ်သည့် ဆူးလေစေတီတော် ဂေါပကအဖွဲ့က ပထမ ပြန်လှန်စစ်ဆေးပြီးနောက် ဦးထွန်းမောင်က ဦးဘိုနီအား ပြန်လှန်စစ်ဆေးခွင့် ရမှသာလျှင် ဦးထွန်းမောင် အနေဖြင့် အမှုတွင် အပြည့်အဝ ထုချေခွင့် ရမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းတရားရုံးက ဦးထွန်းမောင်၏ လျှောက်ထားချက်ကို ပယ်လိုက်ခြင်းမှာ မှားယွင်းပေသည်။

ဦးထွန်းမောင် နှင့် ဦးဘိုနီ ၃၆

**၁၉၄၄ ခုနှစ်၊ ခုံသမာဓိအက်ဥပဒေ ပုဒ်မ ၃၂— ခုံသမာဓိလူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် အခြေခံကာ တရားရုံး၏ အဆုံးအဖြတ် တစ်ရပ်ရပ်ကို ရယူရန်အတွက် တရားတစ်ထုံးမစွဲဆိုနိုင်ခြင်း။**

လျှောက်ထားခံရသူ ဒေါ်ခင်မြင့်က လျှောက်ထားသူ ဦးလှမြင့်အပေါ် အချင်းဖြစ်ဥပစာ၏ တဝက်ကို မိမိတို့ပိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ဦးလှမြင့်အား ခေတ္တနေခွင့် ပြုထားသည့် မြေညီထပ်မှ ဖယ်ရှားပေးရန် တရားစွဲဆိုသည်။ ဒေါ်ခင်မြင့်က အချင်းဖြစ်ဥပစာ၏ တဝက်ကို ၎င်းပိုင်ကြောင်းအဆိုပြုရာတွင် ၎င်းနှင့် ဦးလှမြင့်တို့ ကွာရှင်းပြတ်စဲရာ၌ ခုံသမာဓိလူကြီးများကအချင်းဖြစ် ဥပစာကိုတဝက်စီ ရယူရန် ဆုံးဖြတ်ပေးခဲ့ကြောင်း။ ယင်းဆုံးဖြတ်ချက်အရ ၎င်းက တဝက်ပိုင်ကြောင်းအဆိုပြု၍ တရားစွဲဆိုထားခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။အငြင်းပွားမှု တစ်ရပ်ကို တရားရုံး ပြင်ပတွင် ခုံသမာဓိလူကြီးများ၏ အဆုံးအဖြတ်ခံယူရာ၌ ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းကို ၁၉၄၄ ခုနှစ်၊ ခုံသမာဓိအက်ဥပဒေ၊ အခန်း (၂) တွင် ပြဋ္ဌာန်းထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်များအရ ဆိုလျှင် ခုံသမာဓိ

လူကြီးများ၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၃၁ (၁)တွင် ရှိသည့်အတိုင်း တရားရုံးတွင် ပုဒ်မ ၁၄ အရ တင်သွင်းရမည်ဖြစ်သည်။ ထိုတရားရုံးကသာ အဆိုပါဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု အစရှိသည့် ပြဿနာတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သည်ဟု ပုဒ်မ ၃၁ (၂) တွင် ပြဋ္ဌာန်းထားသည်။ ထို့ပြင် ခုံသမာဓိ လူကြီးများ၏ ဆုံးဖြတ်ချက် အပေါ် အခြေခံကာ တရားရုံး၏ အဆုံးအဖြတ်တစ်ရပ်ရပ်ကို ရယူရန် တရားတစ်ထုံးစွဲဆိုခြင်း မပြုရဟု ပုဒ်မ ၃၂ တွင် တားမြစ်ထားသည်။ ဤအမှုတွင် ဒေါ်ခင်မြင့်အနေဖြင့် အချင်းဖြစ်အိမ်နှင့် မြေတခြမ်းကို ပိုင်ဆိုင်ကြောင်း ပြဆိုရာတွင် ခုံသမာဓိလူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် တစ်နည်းမဟုတ် တစ်နည်းမှီငြမ်းပြုရမည်ဖြစ်ပေရာ ဒေါ်ခင်မြင့်တောင်းဆိုထားသည့်အတိုင်း ပိုင်ဆိုင်ကြောင်း မြွက်ဟဒီကရီ ချမှတ် ပေးနိုင်သည် မပေးနိုင်သည် ဆိုသော အချက်မှာ အဆိုပါ ဆုံးဖြတ်ချက်၏ အကျိုးဆက်သက်ရောက်မှုအပေါ် မူတည်၍ အဆုံးအဖြတ် ပေးရမည့် ပြဿနာဖြစ်ပေသည်။ ဒေါ်ခင်မြင့်စွဲဆိုသောအမှုမှာ ခုံသမာဓိလူကြီးများ၏ ဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် သွယ်ဝိုက်၍စွဲဆိုသော အမှုမျိုးဖြစ်ကြောင်း ပေါ်ပေါက်နေသည့် အလျောက် ၁၉၄၄ ခုနှစ်၊ ခုံသမာဓိအက်ဥပဒေ ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များက ယင်းအမှုကို ပိတ်ပင်ထားကြောင်း ထင်ရှားနေပေသည်။

### ဦးလှမြင့် နှင့် ဒေါ်ခင်မြင့် ၉၂

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ပါ ပြဋ္ဌာန်းချက်— ယင်း ပြဋ္ဌာန်းချက်တွင် ရည်ညွှန်းသော ရက်သတ္တသုံးပတ် ကုန်ဆုံးသည့် နေ့သည် ငှားရမ်းခြင်းကို အဆုံးသတ်သည့်ရက်နှင့် ကိုက်ညီရန် မလိုခြင်း။

နို့တစ်စာတွင် ဖော်ပြတောင်းခံထားသော ငှားရမ်းခသည် တရားဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခသာ ဖြစ်ရမည်ဖြစ်ခြင်း— နို့တစ်စာမှာ ပုဒ်မ ၁၂ (၁)(က)ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်လျှင် ယင်းနို့တစ်စာအပေါ် အခြေခံကာ အိမ်ငှားအား ယင်းပုဒ်မအရ နှင်လိုမှု စွဲဆိုနိုင်မည် မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ရက်သတ္တသုံးပတ်ကုန်ဆုံးသည့်နေ့သည် ငှားရမ်းခြင်းကို အဆုံးသတ်သည့်ရက်နှင့် ကိုက်ညီရမည်။ နို့တစ်စာရသည့်နေ့

**စာမျက်နှာ**

သည် ငှားရမ်းခြင်းရပ်စဲသည့်နေ့နှင့် အနည်းဆုံး သုံးပတ်ခြား ရမည်ဟု ပြဋ္ဌာန်းချက်တစုံတရာမရှိပေ။ အယူခံတရားပြိုင်သည် ၁၃-၄-၇၈ နေ့ ကျမှ ဤအမှုကို စတင်စွဲဆိုသည်ဖြစ်ရာ နို့တစ်စာ ပေးပြီးနောက် ရက်သတ္တသုံးပတ်ကျော်လွန်မှ တရားစွဲဆိုခဲ့ကြောင်း ပေါ်လွင်ထင်ရှား နေပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။သက်သေခံ 'ဂ' နို့တစ်စာ၏ နေ့စွဲသည် ၂၇-၂-၇၈ နေ့ဖြစ်သည်။ ယင်းနို့တစ်စာတွင် "၂၈-၂-၇၈ နေ့ ကုန်ဆုံးသော ၃ နှစ်အတွက် အိမ်လခ နှစ်ခန်းအတွက် တစ်လလျှင် ၄၀ိ နှုန်းဖြင့် သင့်ငွေ ၁၄၄၀ိ (တစ်ထောင့်လေးရာ လေးဆယ်ကျပ်တိတိ)ကို ဤနို့တစ်စာရသည့်နေ့မှ ၂၁ ရက်အတွင်း ကျွန်ုပ်အမှုသည် ဦးသိန်းသို့ ပေးရန် တောင်းဆိုပါကြောင်း" ဟု ပါရှိရာ ၁၉၇၈ ခုနှစ်၊ ဖေဖော် ဝါရီလအတွက် အိမ်လခကိုပါ ထည့်သွင်း တောင်းခံထားကြောင်း ပေါ်ပေါက်နေပေသည်။ ပုဒ်မ ၁၂ (၁)(က)ပါ ပြဋ္ဌာန်းချက်များအရ ဆိုလျှင် အိမ်ငှားထံမှ တရားဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခကို သာ နို့တစ်စာတွင် တောင်းခံရမည်ဖြစ်သည်။ သက်သေခံ "ဂ" နို့တစ် စာကို ပေးစဉ်က ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် အိမ်လခကို ပေးရန် မစေ့ရောက်သေးသဖြင့် ထိုလအတွက် လခမှာ တရားဥပဒေနှင့် အညီ ရထိုက်သော ငှားရမ်းခ မဟုတ်သည့် အလျောက် ထိုတောင်းဆို ထားသည့် သက်သေခံ "ဂ" နို့တစ်စာမှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က)ပါ ပြဋ္ဌာန်း ချက်များနှင့် မညီညွတ်ပေ။ သို့ဖြစ်၍ ယင်းနို့တစ်စာအပေါ် အခြေခံ ကာ အိမ်ငှားအား အဆိုပါ ဥပဒေပုဒ်မ ၁၂ (၁) (က)အရ နှင်ထုတ် လိုမှု စွဲဆိုနိုင်မည်မဟုတ်ပေ။

ဦးကြိုင် နှင့် ဦးသိန်း(ဦးသောင်း၏အထွေထွေ ကိုယ်စားလှယ်) ၇

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ စွဲလိုသည့်အမှုတွင် နို့တစ်စာ— အိမ်ငှားထံမှ ရရန်ရှိသော ငှားရမ်းခတောင်းခံသည့် နို့တစ်စာနှင့် အငှားချထားမှုကို ရပ်စဲကြောင်း နို့တစ်စာ— ယင်းနို့တစ်စာ နှစ်စောင်ကို သီးခြားဖြစ်စေ၊ တစ်စောင်တည်းနှင့် ပေါင်း၍ဖြစ်စေ ပေးပို့နိုင်ခြင်း။

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ အိမ်ငှားအား နှင်လိုမှု စွဲလိုလျှင် တရားလိုသည် အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်များ အရ လိုအပ်သည့်အတိုင်း အိမ်ငှားထံမှ ရရန်ရှိသော ငှားရမ်းခများ တောင်းဆိုသည့်စာကို မှတ်ပုံတင်၍ ပေးပို့ရမည်ဖြစ်သည်။ ထို့ပြင် အငှားချထားမှုကို ရပ်စဲကြောင်း ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နို့တစ်စာလည်း ပေးပို့ရန် လိုပေသည်။ ထိုအကြောင်းကြားစာ နှစ်စောင်ကို တသီးတခြား ရေးသားနိုင်သည့်နည်းတူ တစ်စောင်တည်းတွင်လည်း ပေါင်း၍ ရေးသားနိုင်ပေသည်။ ထိုသို့ရေးသားရာတွင် ငှားရမ်းခအကြွေးတောင်းသည့် အကြောင်းအရာကို ပထမရေးပြီးမှ ငှားရမ်းခြင်းကို ဖြတ်တောက်သည့် အကြောင်းကြားစာကို ရေးရမည်ဟူ၍ ပြဋ္ဌာန်းချက် တစုံတရာ မရှိပေ။

ဦးအေးမြင့် နှင့် ဦးတင်မေစင် ၁၁၂

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ)— ယင်းပုဒ်မပါ "ဆိုခဲ့သည့် ဥပစာ" ဆိုသည့်စကားရပ်သည် ယင်းပုဒ်မ ပထမအပိုဒ်တွင် ပါရှိသော "ဤဥပဒေနှင့် သက်ဆိုင်သည့် အဆောက်အအုံ (သို့မဟုတ်) အဆောက်အအုံ အစိတ်အပိုင်း"ကို ရည်ညွှန်းခြင်း— ယင်းပုဒ်မတွင် အကျုံးဝင်သည့် ဥပစာမှာ (၁-၅-၄၅) နေ့၌ တည်ရှိသော အဆောက်အအုံ (သို့မဟုတ်) အဆောက်အအုံအစိတ်အပိုင်း ဖြစ်ရခြင်း။

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)— ယင်းပုဒ်မအရ အိမ်ငှားအား နှင်လိုမှုမစွဲမီ အိမ်ငှားထံမှ ဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခ တောင်းဆိုသည့် နို့တစ်စာတွင် ရထိုက်သည့် ငှားရမ်းခအကြွေးထက် မပိုရခြင်း။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (စ)၏ ဒုတိယ အပိုဒ်တွင် ပါရှိသော "ဆိုခဲ့သည့်ဥပစာ" ဆိုသည့် စကားရပ်သည် ပထမ အပိုဒ်တွင်ပါရှိသော "ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် အဆောက်အအုံ (သို့မဟုတ်) အဆောက်အအုံ အစိတ်အပိုင်း"ကို ရည်ညွှန်းသည်ဖြစ်ရာ ထိုအပိုဒ်နှစ်ပိုဒ်ကို ပူးတွဲဖတ်ရှုပါက ယင်းပုဒ်မတွင် အကျုံးဝင်သည့် ဥပစာသည် (၁-၅-၄၅) နေ့၌ တည်ရှိသော အဆောက်အအုံ၊ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်း ဖြစ်ရပေမည်။ ထိုနေ့ရက်နောက်ပိုင်းမှ ဆောက်လုပ်သော အဆောက်အအုံသည် ယင်းပုဒ်မတွင် အကျုံးဝင်မည်မဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင် အိမ်ရှင် ဦးဘပိုသည် အိမ်ငှား ဒေါ်မြသန်းထံမှ လက်ခံရရှိပြီးဖြစ်သည့် ၁၉၇၃ ခုနှစ်၊ မတ်လနှင့် ဧပြီလ အိမ်လခများကို သက်သေခံ (က) နို့တစ်စာတွင် ထည့်သွင်း တောင်းဆိုထားသည့် အလျောက် ယင်းနို့တစ်စာ၌ ဖော်ပြထားသော ငှားရမ်းခအကြွေးများမှာ တရားဥပဒေနှင့်အညီ ရထိုက်သည်ထက် ပိုနေသဖြင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁) (က) ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော နို့တစ်စာဖြစ်သည်ဟု မဆိုနိုင်ပေ။

ဒေါ်မြသန်း ပါ (၅) ဦး နှင့် ဦးဘပို ၆၇

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (စ) ပါ "ပိုင်ရှင်" ဆိုသည့်စကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင် ဖြစ်လာသူမှတပါး အခြားမည်သူမျှ မပါဝင်ရဟု ပြဋ္ဌာန်းထားခြင်း— ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ**

**ပုဒ်မ ၁၂ (၁) (စ) တွင် အကျုံးဝင်သော 'ပိုင်ရှင်'— ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့ နောက်ပိုင်းတွင် ဆောက်လုပ်သော အဆောက်အအုံ၏ ပိုင်ရှင်သည် ယင်းဥပဒေ ပုဒ်မတွင် အကျုံးဝင်သော ပိုင်ရှင်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (စ) တွင် "ဤအပိုဒ်ပါ ကိစ္စအလို့ငှာ "ပိုင်ရှင်" ဆိုသည့် စကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက် နောက်မှ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင် ဖြစ်လာသူမှတပါး အခြားမည်သူမျှ မပါဝင်စေရ" ဟူ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ဒေါ်ယဉ်ယဉ်ဝင်းက အချင်းဖြစ်အခန်း ပါဝင်သည့် တိုက်ကို အမွေရရှိပြီး ပိုင်ဆိုင်လာသည်ဟု ဆိုသော်လည်း အဆိုပါတိုက်ကို ၁၉၅၆ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်း ဖြစ်သဖြင့် ဒေါ်ယဉ်ယဉ်ဝင်းသည် ဖော်ပြပါ ပုဒ်မ ၁၂ (၁) (စ) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် စကားရပ်တွင် အကျုံးဝင်သော ပိုင်ရှင်ဖြစ်သည်ဟု မဆိုနိုင်ပေ။

　　ဒေါ်ယဉ်ယဉ်ဝင်း နှင့် ဦးလှမြင့်　　၇၄

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) ပါ ပြဋ္ဌာန်းချက်— ယင်း ပြဋ္ဌာန်းချက်အရ ဒီကရီချမှတ်ခြင်း— အိမ်ရှင်သည် အချင်းဖြစ်အိမ်ကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလိုခြင်း ဖြစ်ကြောင်း ပေါ်လွင်ရန် လိုခြင်း— ကိုယ်ကိုင် နေထိုင်ရန်ကိစ္စအတွက် မဟုတ်လျှင် ဒီကရီ မရထိုက်ခြင်း။**

ဆုံးဖြတ်ချက်။ ။ယင်း ဥပဒေပုဒ်မ ၁၂(၁) (စ) အရ အမိန့်ဒီကရီ ချမှတ်နိုင်ရန်မှာ တရားလိုသည် အချင်းဖြစ်အိမ်ကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက် ရယူလိုခြင်းဖြစ်ကြောင်း ပေါ်လွင်ရန် လိုသည်။ ဤအမှုတွင် မူလရုံး တရားလို၏ အဆိုလွှာနှင့် အစစ်ခံချက်များအရပင် အချင်းဖြစ်ဥပစာကို နွားမွေးမြူရန် အတွက်

**စာမျက်နှာ**

ရယူလိုခြင်း ဖြစ်ကြောင်း ပေါ်ပေါက်လေရာ ကိုယ်တိုင်နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလိုခြင်း ဖြစ်သည်ဟု မဆိုနိုင်သဖြင့် ၎င်းသည် ပုဒ်မ ၁၂(၁)(စ)အရ အနိုင်ဒီကရီရရှိထိုက်သူ မဟုတ်ကြောင်း ထင်ရှားသည်။

ရန်နရေးဆင်း နှင့် ရာဂျာရာနီ ၈၆

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၄(၁)(ဂ)ပါ ပြဋ္ဌာန်းချက်–ယင်းပုဒ်မအရ အိမ်ငှားအား ဥပစာမှ ဖယ်ရှားပိုင်ခွင့်။**

**ဆုံးဖြတ်ချက်။** ။ငှားရမ်းထားသည့် ဥပစာမှာ ပျက်စီးယိုယွင်းနေ၍ ပြန်လည်ဆောက်လုပ်ရန် လိုအပ်သည်ဟု လုံလောက်သည့် သက်သေအထောက်အထားအမှု၌ ပေါ်လွင်လျှင် တရားရုံးသည် ယင်းဥပစာမှ အိမ်ငှားအား ပုဒ်မ ၁၄ (၁) (ဂ) အရ ဖယ်ရှားပေးနိုင်သည်ဟု ဆိုရပေမည်။

ဒေါ်ခင်နွဲ့မူ နှင့် ဦးထော်ဝန်ကန်(ကွယ်လွန်)
၎င်း၏ တရားဝင်ကိုယ်စားပြုသူ
ဒေါ်ရွှေ/ဦးရန်ရီဝါး ၁၂

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅(၁) ပါ ပြဋ္ဌာန်းချက်– ဇာရီမှုတွင် ပုဒ်မ ၁၅(၁) အရ သက်သာခွင့် တောင်းဆိုခြင်း– ဇာရီမှုကို အယူခံတင်သွင်းထားစဉ် အချိန်အတွင်း အချင်းဖြစ်အိမ်ကို တရားနိုင်သို့ ပေးအပ်ခြင်း– ထိုသို့ ပေးအပ်ပြီးဖြစ်ခြင်းကြောင့် ပုဒ်မ ၁၅(၁)အရ သက်သာခွင့် ပေးနိုင် မပေးနိုင်။**

**ဆုံးဖြတ်ချက်။** ။ဤအယူခံတွင် ပေါ်ပေါက်လာသည့် ဥပဒေပြဿနာတစ်ရပ်မှာ ဦးတင်လှက ဤအယူခံကို တင်သွင်းပြီးနောက် အချင်းဖြစ်အိမ်ကို တရားနိုင် ဒေါ်ပုအားပေးအပ်ပြီးဖြစ်၍ အယူခံတရား

လိုအား ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ သက်သာခွင့်ပေးနိုင် မပေးနိုင်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဦးတင်လှသည် အချုပ်ဖြစ်အိမ်ကို ပေးအပ်ခြင်း မပြုမီကပင် ပုဒ်မ ၁၅(၁)အရ သက်သာခွင့်ကို လျော့ကျထားတောင်းဆိုခဲ့သည်။ ဤအယူခံမှာ မူလရုံးဇာရီမှု၏ အဆက်ဖြစ်သည့်အလျောက် ဤအယူခံကို အဆုံးအဖြတ်မပေးမီ မူလ ဇာရီမှုမှာ ဆောင်ရွက်ဆဲ ဖြစ်သည်ဟု ဆိုရပေမည်။ ဤအယူခံကို တင်သွင်းထားစဉ် အချိန်အတွင်း အချုပ်ဖြစ်အိမ်ကို တရားနိုင်အား ပေးအပ်ခဲ့သည် ဖြစ်ရာ ထိုသို့ ပေးအပ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု ဆိုရပေမည်။ သို့မဟုတ်ပါက ၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်များကို လွယ်လွယ်ကူကူ တိမ်းရှောင်နိုင်ကြပေလိမ့်မည်။

ဦးတင်လှ နှင့် ဒေါ်ပု(ခ)ဒေါ်တင်တင်အေး ၂၀

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၅ (၁)ပါ ပြဋ္ဌာန်းချက် အရ တရားရှုံး၏ဇနီးသည် တရားရှုံးနှင့်အတူ နေထိုင်ပါမူ တရားရှုံး အပေါ် ချမှတ်သည့် ဒီကရီကို လိုက်နာရန် တာဝန်ရှိခြင်း—တရားရှုံး နှင့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူတို့သည် ကွဲပြားခြားနား ခြင်း— ဒီကရီကို လိုက်နာရန် တာဝန်ရှိရုံမျှဖြင့် တရားရှုံးအဖြစ်သို့ မရောက်ရှိခြင်း။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅(၁)အရ ဒီကရီကို ဖျက်သိမ်းရန်ဖြစ်စေ၊ ဆိုင်းငံ့ပေးရန် ဖြစ်စေ တရားရှုံး၏ဇနီးက တရားရှုံး အသက်ထင်ရှားရှိနေစဉ် လျှောက်ထားခွင့် မရှိခြင်း။

**ဆုံးဖြတ်ချက်။** ။ဒေါ်ကြင်မြင့်သည် တရားရှုံး၏ ဇနီးဖြစ်ပြီး အချုပ်ဖြစ်အိမ်တွင် တရားရှုံးနှင့်အတူ နေထိုင်ပါမူ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅ (၁) အရ ဦးစောငါးအပေါ် ချမှတ်သည့်ဒီကရီကို လိုက်နာရန် တာဝန်ရှိပေသည်။ သို့သော် ထိုသို့

လိုက်နာရန် တာဝန်ရှိရုံမျှဖြင့် ဒေါ်ကြင်မြင့်သည် တရားရုံးအဖြစ်သို့ မရောက်ရှိပေ။ တရားရုံးနှင့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူတို့သည် ကွဲပြားခြားနားပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင် တရားရုံး ဦးစောဝါးမှာ အသက်ထင်ရှားရှိနေသေးသည့်အလျောက် ဒေါ်ကြင်မြင့်သည် တရားနိုင် ဦးကျော်သိန်း၏ အိမ်ငှားအဖြစ်သို့ မည်သည့်နည်းနှင့်မျှ ရောက်ရှိမလာနိုင်ပေ။ သို့ဖြစ်၍ သူသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)အရ အချင်းဖြစ် ဒီကရီကို ဖျက်သိမ်းရန်ဖြစ်စေ၊ ဆိုင်းငံ့ပေးရန်ဖြစ်စေ လျှောက်ထားခွင့်မရှိပေ။

ဦးကျော်သိန်း နှင့် ဒေါ်ကြင်မြင့် ၄

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)ပါ ပြဋ္ဌာန်းချက်—ပုဒ်မ ၁၅(၁)အရ လျှောက်လွှာကို ဇာရီရုံးတွင်သာ တင်သွင်းခွင့်ရှိသည်ဟု ယင်းပုဒ်မတွင် ပြဋ္ဌာန်းထားချက်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင်တို့၏ အကျိုးဆောင်က အယူခံတရားလိုတို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)အရ လျှောက်လွှာကို မြို့နယ်တရားရုံးတွင် တင်သွင်းခဲ့သည်ဟု ဆိုသော်လည်း မြို့နယ်တရားရုံး၏ မှတ်တမ်းများတွင် ထိုသို့ တင်သွင်းခဲ့ကြောင်း အထောက်အထားမရှိကြောင်း၊ အယူခံရုံးဖြစ်သည့် ပဲခူးတိုင်းတရားရုံးရောက်မှ ယခုကဲ့သို့ လျှောက်ထားတင်ပြခဲ့ခြင်းဖြစ်၍ လက်ခံရန် အကြောင်းမရှိကြောင်းဖြင့် လျှောက်ထားသည်။ ပုဒ်မ ၁၅(၁) အရ လျှောက်လွှာကို ဇာရီရုံးတွင်သာ တင်သွင်းခွင့်ရှိသည်ဟု ယင်းပုဒ်မတွင် ပြဋ္ဌာန်းထားခြင်း မရှိပေ။ ပုဒ်မ ၁၅(၁)အရ လျှောက်လွှာကို ဦးဘစံတို့က တိုင်းတရားရုံးတွင် တင်ပြလျှောက်ထားစဉ်အခါက ဒီကရီကို အတည်မပြုရသေးသဖြင့် ဦးဘစံတို့၏ လျှောက်ထားချက်သည် နောက်ကျသည်ဟု ကောက်ယူရန်မသင့်ပေ။

ဦးဘစံပါ(၃)ဦး နှင့် ဦးဘိုးသိပါ(၂)ဦး ၄၅

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)ပါ"ပေးရန်ကျန်ရှိသော ငှားရမ်းခ"၏အဓိပ္ပာယ်။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)ပါ"ပေးရန် ကျန်ရှိသေးသော ငှားရမ်းခ" ဆိုသည်မှာ မူလအမှုမစွဲဆိုမီ (၃) နှစ်အတွင်း အိမ်ရှင်က ရရန်ရှိသော ငှားရမ်းခများနှင့် တရားစွဲဆိုသည့် နေ့မှ ဒီကရီချမှတ်သည့်နေ့အထိ ရရန်ရှိသော ငှားရမ်းခများကို ဆိုလိုသည်။

ဦးသိန်း နှင့် မကာာမရွန်နီရှား　　　　၁၀၅

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၃၂—တိုင်းတရားရုံးသည် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်က သတ်မှတ်ပေးသော စံငှားရမ်းခနှုန်းကို ပြင်ဆင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တိုင်းတရားရုံးသည် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်က သတ်မှတ်ပေးသော စံငှားရမ်းခနှုန်းအရ အိမ်လခအကြွေးများကို တွက်ချက်ခွင့်ပြုထားကြောင်း တွေ့ရှိရသည်။ လွှဲအပ်မှုအမှတ်-၄/၇၆ တွင် တိုင်းတရားရုံးသည် ထိုနှုန်းကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၂ အရ ပြင်ဆင်လိုက်ကြောင်း တွေ့ရသည်။ ထို့ကြောင့် တိုင်းတရားရုံးက နောက်ဆုံးသတ်မှတ်ပေးသောနှုန်းသည် ငှားရမ်းခကြီးကြပ်ရေးဝန်က သတ်မှတ်ပေးသောနှုန်းကို လွှမ်းမိုးသွားသည့်အတွက် ဦးဝေဠုသည် တိုင်းတရားရုံးက သတ်မှတ်ပေးသည့် စံငှားရမ်းခနှုန်းထားအတိုင်းသာလျှင် အိမ်လခကြွေးများကိုပေးရန် တာဝန်ရှိပေသည်။

ဦးဝေဠု နှင့် ဦးကျော်ပါ(၂)ဦး　　　　၉၇

---

## တရားမအထွေထွေအယူခံမှု

**ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးအေးမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ဦးကျော်ဇောပါ (၂)

နှင့်

ဦးခင်မောင်ဗိုလ်*

† ၁၉၈၂
ဇွန်လ
၂ ရက်

**ယာယီတားဝရမ်းထုတ်ဆင့်ခြင်း—တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉-နည်း ၁(က) အရ ယာယီ တားဝရမ်း ထုတ်ရမည့် ပစ္စည်းမှာ အမှုအတွင်းအငြင်းပွားသောပစ္စည်းဖြစ်ခြင်း—**

**ဆုံးဖြတ်ချက်။** ။အမှုတစ်ခုတွင် အငြင်းပွားသော ပစ္စည်းသည် ပျက်စီးယိုယွင်းမည့်၊ သို့မဟုတ်ဖျက်ဆီးခံရမည့်၊ သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရမည့် အန္တရာယ်ရှိနေကြောင်း ထင်ရှားလျှင်တရားရုံးက ယာယီတားဝရမ်းထုတ်ဆင့်နိုင်သည်ဟုတရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊နည်းဥပဒေ ၁(က)တွင်ပြဋ္ဌာန်းထားသည်။အယူခံတရားပြိုင်ဦးခင်မောင်ဗိုလ်စွဲဆိုသောအမှုတွင် အငြင်းပွားနေသော ပစ္စည်းမှာ "အသဲငှားစမ်းပါ" အမည်ရှိ ရုပ်ရှင်ကားဖြစ်သည်။ အယူခံ တရားလိုတို့အား ထုတ်ယူခြင်းမပြုရန် ယာယီတားဝရမ်း ထုတ်ဆင့်ခဲ့သည့်ငွေမှာ "အသဲငှားစမ်းပါ" ရုပ်ရှင်ကားကို ပြသ၍ ရရှိသည်ဆိုသော ငွေများဖြစ်သဖြင့် အမှုတွင် အငြင်းပွားသော ပစ္စည်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ ထိုငွေနှင့်စပ်လျဉ်း၍ တရားမ ကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁(က)အရ ယာယီတားဝရမ်း ထုတ်ဆင့်ခြင်း ပြုနိုင်မည်မဟုတ်ပေ။

**အယူခံတရားလိုများအတွက်** — ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ဒေါ်မြင့်မြင့်ခင်၊ ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၇၉။

† ၁၉၈၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၈၃ (ကမာရွတ်)တွင် ချမှတ်ထားသော (၆-၁၁-၈၀) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၂
ဦးကျော်ဇော
ပါ(၂)
နှင့်
ဦးခင်မောင်
ဗိုလ်

ဤအယူခံမှုတွင် အမှုသည်အဖြစ် မပါဝင်သူ ဒေါ်ခင်နွယ်နီသည် စိုးလွင်မိသားစုရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ရိုက်ကူးသော "အသဲငှားစမ်းပါ" အမည်ရှိ ရုပ်ရှင်ကားကို ထုတ်လုပ်သူဖြစ်သည်။ အယူခံတရားပြိုင် ဦးခင်မောင်ဗိုလ်က ဒေါ်နွယ်နီသည် အဆိုပါ ရုပ်ရှင်ကားကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများ အပါအဝင် အောက်မြန်မာပြည်ရှိ ရုပ်ရှင်ရုံများ၌ ပြသရန်အတွက် မိမိအား တန်ဖိုးငွေကျပ် တစ်သိန်းဖြင့် ရောင်းချခဲ့ပြီးနောက် အယူခံတရားလို ဦးကျော်ဇောတို့အားအဆိုပါရုပ်ရှင်ရုံများတွင် အဆိုပါ ရုပ်ရှင်ကားကို ပြသခွင့် ပေးခဲ့သည်ဟုဆိုကာ အဆိုပါ ရုပ်ရှင်ကားကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများနှင့် အောက်မြန်မာပြည်ရှိ ရုပ်ရှင်ရုံများတွင် မိမိအား ပြသခွင့်ပေးစေရန်အတွက် စာချုပ်ပါအဆိုအတိုင်း သီးခြားဆောင်ရွက်ပေးရန်၊ သို့တည်းမဟုတ်ဒေါ်ခင်နွယ်နီတို့ကမိမိအား လျော်ကြေးငွေကျပ် ၁၃၁၅၀၀/-ပေးစေရန် ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးအမှုအမှတ်၈၃/၇၀-(ကမာရွတ်)တွင်တရားစွဲဆိုလေသည်။ အမှုဆိုင်ဆဲတွင် အဆိုပါ "အသဲငှားစမ်းပါ" ရုပ်ရှင် ဇာတ်ကားကို အောက်မြန်မာပြည်ရှိ ရုပ်ရှင်ရုံများနှင့် ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံ များတွင် ပြသ၍ ရရှိသည့်ငွေများအနက်မှ ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်း လက်ဝယ်ရှိ ငွေကျပ် ၁၃၇၀၀၀/-ကို ထုတ်ယူခြင်းမပြုရန် ဦးခင်မောင်ဗိုလ်၏ လျှောက်ထားချက်အရ တိုင်း တရားရုံးက ဒေါ်ခင်နွယ်နီတို့ (၄) ဦးအပေါ် တဘက်သတ် ယာယီတားဝရမ်း ထုတ်ဆင့်ပြီးနောက် ထိုတားဝရမ်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၄အရ၊အတည်ပြုလိုက်သဖြင့် ဦးကျော်ဇောနှင့် ဒေါ်မာလေးတို့က ဗဟိုတရားရုံးတွင် ဤတရားမအထွေထွေအယူခံမှုကို တင်သွင်းသည်။

အမှုတစ်ခုတွင် အငြင်းပွားသောပစ္စည်းသည် ပျက်စီး ယိုယွင်းမည့်၊ သို့မဟုတ် ဖျက်ဆီးခံရမည့်၊ သို့မဟုတ် လွှဲပြောင်း ပေးခြင်း ခံရမည့် အန္တရာယ်ရှိနေကြောင်း ထင်ရှားလျှင် တရားရုံးက ယာယီ တားဝရမ်း ထုတ်ဆင့်နိုင်သည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁(က)တွင် ပြဋ္ဌာန်း ထားသည်။ အယူခံ တရားပြိုင် ဦးခင်မောင်ဗိုလ် စွဲဆိုသောအမှုတွင် အငြင်းပွားနေသော ပစ္စည်းမှာ"အသဲငှားစမ်းပါ" အမည်ရှိ ရုပ်ရှင်ကားဖြစ်သည်။ အယူခံ တရားလိုတို့အား ထုတ်ယူခြင်း မပြုရန် ယာယီတားဝရမ်းထုတ်ဆင့်ခဲ့သည့် ငွေမှာ "အသဲငှားစမ်းပါ" ရုပ်ရှင်ကားကို ပြသ၍ ရရှိသည်ဆိုသော ငွေများဖြစ်သဖြင့် အမှုတွင် အငြင်းပွားသောပစ္စည်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ ထိုငွေနှင့်စပ်လျဉ်း၍တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊နည်းဥပဒေ ၁(က) အရ ယာယီတားဝရမ်းထုတ်ဆင့်ခြင်းပြုနိုင်မည် မဟုတ်ပေ။

၁၉၀၂
ဦးကျော်ဇော
ပါ (၂)
နှင့်
ဦးခင်မောင်
ဗိုလ်*

အယူခံတရားပြိုင်၏ အကျိုးဆောင်က ဒေါ်ခင်နွယ်နီ၊ ဦးကျော်ဇော နှင့် ဒေါ်မာလေးတို့သည် ဦးခင်မောင်ဗိုလ်အား "အသဲငှားစမ်းပါ" ရုပ်ရှင်ကားကို ပြသခွင့် မရရှိစေရန် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း ပေါ်လွင် ထင်ရှားပါသည်။ အဆိုပါရုပ်ရှင်ကား ပြသ၍ ရရှိသောငွေ များကိုလည်း ဦးခင်မောင်ဗိုလ် ခံစားခွင့်မရရှိအောင် ဆောင်ရွက်ခဲ့ကြ ပါသည်။ သို့ဖြစ်၍ ယခုကိစ္စသည် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ဥပဒေ ၁ (ခ) အရ ယာယီတားဝရမ်းထုတ်ဆင့်ပေးသင့်သော အမှုဖြစ်ပါ သည်ဟုလည်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ အမှုတစ်မှု တွင် တရားပြိုင်သည် မြီရှင်များအား လိမ်လည်လှည့်ဖြားရန်အကြံဖြင့် မိမိပစ္စည်းကိုပြောင်းရွှေ့ရန်၊ သို့မဟုတ် ထုခွဲရန်ကြံရွယ်ပါက ယာယီတား ဝရမ်းထုတ်ဆင့်ပေးနိုင်သည်ဟု အဆိုပါအမိန့် ၃၉၊ နည်းဥပဒေ ၁ (ခ) တွင် ပြဋ္ဌာန်းထားသည်။ ဦးခင်မောင်ဗိုလ်၏ အဆိုလွှာပါ အဆိုပြုချက် များအရဆိုလျှင် သူ့အား အချင်းဖြစ်ဇာတ်ကားကို အောက်မြန်မာပြည် ရုပ်ရှင်ရုံများနှင့် ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများတွင် ပြသခွင့်ပြုရန် ဒေါ်ခင် နွယ်နီက ကတိထားရှိခဲ့သည့် ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေရန် တရားစွဲဆိုထားခြင်း ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးနိုင်သည့် အခြေ အနေဆိုက်ရောက်လျှင် လျော်ကြေးငွေ ရလိုကြောင်းလည်း တောင်းဆို ထားသည်။ သို့ဖြစ်ရာ ဦးခင်မောင်ဗိုလ်နှင့် ဒေါ်ခင်နွယ်နီတို့အကြားတွင် မြီရှင်-မြီစား ဆက်သွယ်မှုမရှိကြောင်း ပေါ်လွင်နေပေသည်။ ထို့ပြင် ဦးခင်မောင်ဗိုလ်က မိမိသည် ဦးကျော်ဇောနှင့် ဒေါ်မာလေးတို့၏ မြီရှင် ဖြစ်သည်ဟု စွပ်စွဲထားခြင်းမရှိပေ။ ဤအခြေအနေတွင် ဦးခင်မောင် ဗိုလ်၏ လျှောက်ထားချက်သည် တရားမ ကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ (ခ) တွင် အကျုံးဝင်သည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ တိုင်းတရားရုံးကအယူခံတရားလို ဦးကျော်ဇောနှင့် ဒေါ်မာလေးတို့အပေါ် ထုတ်ဆင့်ထားသည့် ယာယီ တားဝရမ်းကို ပယ်ဖျက်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/- ဟု သတ် မှတ်သည်။

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်ဟိန်း နှင့် ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၁

စက်တင်ဘာလ

၆ ရက်

ဦးကျော်သိန်း

နှင့်

ဒေါ်ကြင်မြင့်*

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၅ (၁)ပါ ပြဋ္ဌာန်းချက်အရ တရားရှုံး၏ဇနီးသည် တရားရှုံးနှင့်အတူ နေထိုင်ပါမူ တရားရှုံးအပေါ် ချမှတ်သည့် ဒီကရီကို လိုက်နာရန် တာဝန်ရှိခြင်း—တရားရှုံးနှင့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူတို့သည် ကွဲပြားခြားနားခြင်း— ဒီကရီကို လိုက်နာရန် တာဝန်ရှိရုံမျှဖြင့် တရားရှုံးအဖြစ်သို့ မရောက်ရှိခြင်း။**

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁)အရ ဒီကရီကို ဖျက်သိမ်းရန်ဖြစ်စေ၊ ဆိုင်းငံ့ပေးရန် ဖြစ်စေ တရားရှုံး၏ဇနီးက တရားရှုံး အသက်ထင်ရှားရှိနေစဉ် လျှောက်ထားခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဒေါ်ကြင်မြင့်သည် တရားရှုံး၏ ဇနီးဖြစ်ပြီး အချင်းဖြစ်အိမ်တွင် တရားရှုံးနှင့်အတူ နေထိုင်ပါမူ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅ (၁) အရ ဦးစောငါးအပေါ် ချမှတ်သည့်ဒီကရီကို လိုက်နာရန် တာဝန်ရှိပေသည်။ သို့သော် ထိုသို့ လိုက်နာရန် တာဝန်ရှိရုံမျှဖြင့် ဒေါ်ကြင်မြင့်သည် တရားရှုံးအဖြစ်သို့ မရောက်ရှိပေ။ တရားရှုံးနှင့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူတို့သည် ကွဲပြားခြားနားပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင် တရားရှုံး ဦးစောငါးမှာ အသက်ထင်ရှားရှိနေသေးသည့်အလျှောက် ဒေါ်ကြင်မြင့်သည် တရားနိုင် ဦးကျော်သိန်း၏ အိမ်ငှားအဖြစ်သို့ မည်သည့်နည်းနှင့်မျှ ရောက်ရှိမလာနိုင်ပေ။ သို့ဖြစ်၍ သူသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)အရ အချင်းဖြစ် ဒီကရီကို ဖျက်သိမ်းရန်ဖြစ်စေ၊ ဆိုင်းငံ့ပေးရန်ဖြစ်စေ လျှောက်ထားခွင့်မရှိပေ။

**အယူခံတရားလိုအတွက်** —ဦးထွန်းအောင်ဇံ၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** —ဦးမြင့်ဦး (၁)မလာ။

---

* ၁၉၈၁ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၅၂။

† ၁၉၈၀ ပြည့်နှစ်၊ တရားမအယူခံမှုအမှတ် ၈၇ တွင် ချမှတ်ထားသည့် (၁၀-၄-၈၁) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်တရားရုံး တရားမ ဇာရီအမှတ် ၄/၈၀ တွင် အယူခံတရားလို ဦးကျော်သိန်းက ဦးစောငါးဆိုသူအပေါ် အဆိုပါ တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၆/၇၄ တွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁)(က)အရ ချမှတ်ထားသည့် ဒီဂရီကို အတည်ပြုရာ ဦးစောငါး၏ဇနီးဆိုသူ အယူခံ တရားပြိုင် ဒေါ်ကြင်မြင့် (ခ) ဒေါ်ကြည်မြင့်၏ လျှောက်ထားချက်အရ မြို့နယ်တရားရုံးကပေးရန် ကျန်ရှိနေသော ငှားရမ်းခအကြွေးငွေများကို အရစ်ကျပေးဆောင်ခွင့် ပြုလိုက်လေသည်။ ဦးကျော်သိန်းက မြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ပဲခူးတိုင်း တရားရုံးတွင် အယူခံ ဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံကို တင် သွင်းခြင်းဖြစ်သည်။

၁၉၈၂
ဦးကျော်သိန်း
နှင့်
ဒေါ်ကြင်မြင့်*

ပဲခူးမြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ် ၁၀၆/၇၄ တွင် ဦးစောငါး အပေါ် ချမှတ်ထားသည့် ဒီဂရီမှာ ဦးစောငါးအနေဖြင့် အိမ်လခများ ပေးရန် ပျက်ကွက်သည်ကိုအကြောင်းပြု၍ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က)အရ ချမှတ်သည့် ဒီဂရီဖြစ်သည်။ ထိုဒီဂရီကို ဖျက်သိမ်းပေးရန် တရားရှုံး ဦးစောငါး၏ ဇနီးဆိုသူ ဒေါ်ကြင်မြင့်က ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)အရ လျှောက်ထားခဲ့သည်။ အဆိုပါပုဒ်မတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များအနက် ဤအမှုနှင့် သက် ဆိုင်သမျှမှာ အောက်ပါအတိုင်းဖြစ်သည်-

> "ဤ အက်ဥပဒေနှင့် သက်ဆိုင်သည့် ဥပစာမှ × × × အိမ်ငှားကို × × × × နှင်ထုတ်ရန်အတွက် × × ဒီဂရီချမှတ် ထားသော်လည်း အိမ်ရှင်က × ×' × ထိုဒီဂရီကို အတည်ပြုရန် လျှောက်ထားသည့် အခါတွင်ဖြစ်စေ၊ အိမ်ငှားက × × ထို ဒီဂရီကို အတည်မပြုရန် လျှောက်ထားသည့် အခါတွင် ဖြစ် စေ × × ထိုဒီဂရီကို အတည်မပြုရသေးသည့် ကိစ္စ၌ သော် လည်းကောင်း တရားရုံးသည် × × × ထိုဒီဂရီ အတည်ပြုခြင်း ကို ရပ်ဆိုင်းထားရမည်၊ သို့တည်းမဟုတ် ဆိုင်းငံ့ထားရမည်။"

ဤပြဋ္ဌာန်းချက်များအရဆိုလျှင် နှင်ထုတ်သည့် ဒီဂရီအတည်ပြုခြင်း ကို ဆိုင်းငံ့ထားရန် လျှောက်ထားနိုင်သည့် အိမ်ငှားသည် နှင်ထုတ်သည့် ဒီဂရီ ချမှတ်ခြင်းခံရသူဖြစ်ကြောင်း ပေါ်ပေါက်နေပေသည်။ သို့ဖြစ်ရာ မြို့နယ်တရားရုံးတွင် ဒီဂရီကို အတည်မပြုပဲ ဆိုင်းငံ့ပေးရန် လျှောက်

၁၉၈၂

ဦးကျော်သိန်း နှင့် ဒေါ်ကြင်မြင့်*

ထားခွင့်ရှိသူသည် တရားရှိ ဦးစောငါးသာ ဖြစ်သည်။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ဦးစောငါး၏ဇနီးဖြစ်သူ ဒေါ်ကြင်မြင့်သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (ဆ) လာ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အချင်းဖြစ် ဥပစာ၏ အိမ်ငှားဖြစ်သည်ဟု ကောက်ယူ သုံးသပ်ထားသည်ကို တွေ့ရသည်။ ဤအမှုတွင် ထိုအချက်မှာ ပဓာနကျသည့်အချက် မဟုတ်ချေ။ ဒေါ်ကြင်မြင့်သည် အထက်ဖော်ပြပါ ပုဒ်မ ၁၅ (၁)တွင် ရည်ညွှန်းသော ဒီကရီချမှတ်ခြင်း ခံရသူ ဟုတ် မဟုတ် အဓိကထား၍ စိစစ်ရန် လိုအပ်ပေသည်။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ဦးစောငါး အပေါ် ချမှတ်သော ဒီကရီမှာ သူ၏ဇနီးဖြစ်သူ ဒေါ်ကြင်မြင့်အပေါ် သက်ရောက်သည့်အလျောက် ဒေါ်ကြင်မြင့်သည် တရားနိုင်၏ အိမ်ငှားဖြစ်သည်ဟု အဆုံးအဖြတ်ပေးထားသည်ကို တွေ့ရသည်။ ဒေါ်ကြင်မြင့်သည် တရားရှုံး၏ဇနီး ဖြစ်ပြီး အချင်းဖြစ်အိမ်တွင် တရားရှုံးနှင့်အတူ နေထိုင်ပါမူ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅ (၁)အရ ဦးစောငါး အပေါ် ချမှတ်သည့် ဒီကရီကို လိုက်နာရန်တာဝန်ရှိပေသည်။ သို့သော် ထိုသို့လိုက်နာရန် တာဝန်ရှိရုံမျှဖြင့် ဒေါ်ကြင်မြင့်သည် တရားရှုံးအဖြစ်သို့ မရောက်ရှိပေ။ တရားရှုံးနှင့် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူတို့သည် ကွဲပြားခြားနားပေသည်။

ဤအမှုတွင် တရားရှုံးဦးစောငါးမှာ အသက်ထင်ရှားရှိနေသေးသည့်အလျောက် ဒေါ်ကြင်မြင့်သည် တရားနိုင် ဦးကျော်သိန်း၏ အိမ်ငှား အဖြစ်သို့ မည်သည့်နည်းနှင့်မျှ ရောက်ရှိမလာနိုင်ပေ။ သို့ဖြစ်၍ သူသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၅ (၁)အရ အချင်းဖြစ်ဒီကရီကို ဖျက်သိမ်းရန်ဖြစ်စေ၊ ဆိုင်းငံ့ပေးရန် ဖြစ်စေ လျှောက်ထားခွင့်မရှိပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံး တို့၏ အမိန့်များကို ပယ်ဖျက်ပြီး ဒေါ်ကြင်မြင့်၏ လျှောက်လွှာကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/- ဟု သတ်မှတ်သည်။

## တရားမ ဒုတိယအယူခံမှု

**ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးခင်ဇာမုံတို့ ပါဝင်သော ဗဟို တရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ဦးကြိုင်
နှင့်
ဦးသိန်း(ဦးသောင်း၏ အထွေထွေကိုယ်စားလှယ်) *

† ၁၉၇၂
စက်တင်ဘာလ
၁၃ ရက်

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)ပါ ပြဋ္ဌာန်းချက်— ယင်းပြဋ္ဌာန်းချက်တွင် ရည်ညွှန်းသော ရက်သတ္တ သုံးပတ်ကုန်ဆုံးသည့်နေ့သည် ငှားရမ်းခြင်းကို အဆုံးသတ်သည့်ရက်နှင့် ကိုက်ညီရန် မလိုခြင်း။**

**နို့တစ်စာတွင် ဖော်ပြတောင်းခံထားသော ငှားရမ်းခသည် တရားဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခသာ ဖြစ်ရမည်ဖြစ်ခြင်း— နို့တစ်စာမှာ ပုဒ်မ ၁၂(၁)(က)ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်လျှင် ယင်းနို့တစ်စာအပေါ် အခြေခံကာ အိမ်ငှားအား ယင်းပုဒ်မအရ နှင်လိုမှု စွဲဆိုနိုင်မည် မဟုတ်ခြင်း။**

ဆုံးဖြတ်ချက်။ ။ရက်သတ္တသုံးပတ် ကုန်ဆုံးသည့်နေ့သည် ငှားရမ်းခြင်းကို အဆုံးသတ်သည့် ရက်နှင့် ကိုက်ညီရမည်။ နို့တစ်စာ ရသည့်နေ့သည် ငှားရမ်းခြင်းရပ်စဲသည့် နေ့နှင့် အနည်းဆုံး သုံးပတ်ခြားရမည်ဟု ပြဋ္ဌာန်းချက် တစုံ တရာ မရှိပေ။ အယူခံ တရားပြိုင်သည် ၁၃-၄-၇၀ နေ့ကျမှ ဤအမှုကို စတင်စွဲဆိုသည်ဖြစ်ရာ နို့တစ်စာပေးပြီးနောက် ရက်သတ္တ သုံးပတ်ကျော်လွန်မှ တရားစွဲဆိုခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေခံ 'ဂ' နို့တစ်စာ၏ နေ့စွဲသည် ၂၇-၂-၇၀ နေ့ဖြစ်သည်။ ယင်းနို့တစ်စာတွင် "၂၈-၂-၇၀ နေ့ကုန်ဆုံးသော၃-နှစ်အတွက် အိမ်လခ၂-ခန်းအတွက် တစ်လလျှင်၄ဝိန္နုန်းဖြင့် သင့်ငွေ ၁၄၄ဝိ(တစ်ထောင့် လေးရာလေးဆယ်ကျပ်တိတိ)ကို ဤနို့တစ်စာ

---

* ၁၉၇၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၆၄။

† ၁၉၇၀ ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၆၀ တွင် ချမှတ်ထားသော ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၇၂

ဦးကြိုင်နှင့် ဦးသိန်း (ဦးသောင်း၏ အထွေထွေကိုယ်စားလှယ်) *

ရသည့်နေ့မှ ၂၁-ရက်အတွင်း ကျွန်ုပ် အမှုသည် ဦးသိန်းသို့ ပေးရန် တောင်းဆိုပါကြောင်း''ဟု ပါရှိရာ ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ အတွက် အိမ်လခကိုပါ ထည့်သွင်းတောင်းခံထားကြောင်း ပေါ်ပေါက် နေပေသည်။ ပုဒ်မ ၁၂ (၁) (က) ပါ ပြဋ္ဌာန်းချက်များအရ ဆိုလျှင် အိမ်ငှားထံမှ တရားဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခ ကိုသာ နို့တစ်စာတွင် တောင်းခံရမည်ဖြစ်သည်။သက်သေခံ 'ဂ'နို့တစ်စာကို ပေး စဉ်က၁၉၇၀ခုနှစ်၊ဖေဖော်ဝါရီလအတွက်အိမ်လခကိုပေးရန်မစေ့ရောက် သေးသဖြင့် ထိုလအတွက် လခမှာ တရားဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခမဟုတ်သည့်အလျောက် ထိုတောင်းဆိုထားသည့် သက်သေခံ 'ဂ'နို့တစ်စာမှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ပေ။ သို့ဖြစ်၍ ယင်းနို့တစ်စာအပေါ် အခြေခံကာ အိမ်ငှားအား အဆိုပါ ဥပဒေပုဒ်မ ၁၂ (၁) (က)အရ နှင်ထုတ်လိုမှု စွဲဆိုနိုင်မည်မဟုတ်ပေ။

**အယူခံတရားလိုအတွက်** —ဦးသန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** —ဦးစံထွန်း၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်း၊လှိုင်မြို့နယ်တရားရုံး တရားမကြီးအမှုအမှတ် ၁၅/၇၀ တွင် ဦးသိန်းက ဦးကြိုင်အပေါ် ငှားရမ်းထားသည့် အိမ်ခန်းမှ ဖယ်ရှား ပေးရန် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဦးကြိုင်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင်အယူခံ ဝင်ရောက်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံကို တင်သွင်းသည်။

ဦးသိန်းက အချင်းဖြစ်အိမ်ခန်းမှာ မိမိနှင့် ညီ ဦးသောင်းတို့ပိုင်ဖြစ် ကြောင်း၊ ဦးသောင်းက မိမိအား သူ၏အထွေထွေကိုယ်စားလှယ်အဖြစ် ခန့်ထားခဲ့ကြောင်း၊တရားပြိုင်သည်အချင်းဖြစ်အိမ်ခန်းတွင် ၁၉၆၀ပြည့် နှစ်မှစ၍ အိမ်ငှားအဖြစ်နေထိုင်လာခဲ့ရာ ၁၉၆၄ ခုနှစ်၊ဖေဖော်ဝါရီလမှ စ၍ အိမ်လခများပေးရန် ပျက်ကွက်ခဲ့ကြောင်း၊ အကြောင်းကြားထုတ် ဆင့်၍ တောင်းသော်လည်း မရကြောင်း၊ အချင်းဖြစ်အိမ်မှာ ပျက်စီး ယိုယွင်းနေသဖြင့် ပြင်ဆင်လိုသောကြောင့် ဦးကြိုင်အား အချင်းဖြစ် အိမ်ခန်းမှ၃၁-၃-၇၀နေ့ နောက်ဆုံးထား၍ဖယ်ရှားပေးရန်အကြောင်း ကြားသော်လည်း ဦးကြိုင်က လိုက်နာ ဆောင်ရွက်ခြင်း မပြုကြောင်း စသည်ဖြင့် အဆိုပြုကာ သူ့အား ၁၉၆၀ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခ

ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (င) အရ ဖယ်ရှား ပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။ ၁၉၈၂

ဦးကိုင် နှင့် ဦးသိန်း (ဦးသောင်း၏ အထွေထွေ ကိုယ်စားလှယ်) *

အယူခံတရားလို၏ အကျိုးဆောင်က အိမ်ရှင်ဦးသိန်း၏ရှေ့နေသည် သက်သေခံ 'ဂ' အကြောင်းကြားစာတွင် ၁၉၇၀ ခုနှစ် ဖေဖော်ဝါရီလ အတွက် လခတောင်းဆိုထားသည်ကတကြောင်း၊ အိမ်ငှားဦးကြိုင်သည် ထို နို့တစ်စာကို ၁၀-၃-၇၀ ရက်နေ့တွင် ရရှိခဲ့ရာအိမ်ခန်းငှားရမ်းခြင်း ကို ၃၁-၃-၇၀ ရက်နေ့တွင် ရပ်စဲထားသည် ဖြစ်၍ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) တွင် ခွင့်ပြုထားသည့် အတိုင်း အိမ်လခ ပေးဆောင်ရန် အချိန် ရက် သတ္တသုံးပတ် မရသည်က တကြောင်းကြောင့် အဆိုပါ ဥပဒေ ပုဒ်မ ၁၂ (၁)၊ ၁၂ (၁) (က)ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ကြောင်းဖြင့် တင်ပြလျှောက်ထားသည်။ အဆိုပါ ဥပဒေပုဒ်မ ၁၂ (၁)(က) တွင် ငှားရမ်းခ တောင်းဆိုသည့် စာပေးပို့ပြီးနောက် ထိုသို့တောင်းဆိုသည့် နေ့ရက်မှစ၍ ရက်သတ္တသုံးပတ်အတွင်း အိမ်ငှားက ငှားရမ်းခကို မပေးပဲ နေလျှင် နှင်လိုမှုစွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ရက်သတ္တ သုံးပတ် ကုန်ဆုံးသည့်နေ့သည် ငှားရမ်းခြင်းကို အဆုံးသတ်သည့်ရက်နှင့် ကိုက်ညီ ရမည်။ နို့တစ်စာရသည့်နေ့သည် ငှားရမ်းခြင်းကို ရပ်စဲသည့်နေ့နှင့် အနည်းဆုံး သုံးပတ်ခြားရမည်ဟု ပြဋ္ဌာန်းချက် တစုံတရာ မရှိပေ။ အယူခံ တရားပြိုင်သည် ၁၃-၄-၇၀ နေ့ကျမှစ၍ အမှုကို စတင်စွဲဆိုသည်ဖြစ်ရာ နို့တစ်စာပေးပြီးနောက် ရက်သတ္တ သုံးပတ်ကျော်လွန်မှ တရားစွဲဆိုခဲ့ ကြောင်း ပေါ်လွင်ထင်ရှားနေပေသည်။

သက်သေခံ 'ဂ' နို့တစ်စာ၏နေ့စွဲသည် ၂၇-၂-၇၀ နေ့ဖြစ်သည်။ ယင်းနို့တစ်စာတွင် "၂၀-၂-၇၀ နေ့တွင် ကုန်ဆုံးသော ၃ နှစ် အတွက် အိမ်လခ နှစ်ခန်းအတွက် တလလျှင် ၄၀ိ နှုန်းဖြင့် သင့်ငွေ ၁၄၄၀ိ (တစ်ထောင့်လေးရာ လေးဆယ်ကျပ်တိတိ) ကို ဤနို့တစ်စာ ရသည့်နေ့မှ ၂၁ ရက်အတွင်း ကျွန်ုပ်၏အမှုသည် ဦးသိန်းသို့ ပေးရန် တောင်းဆိုပါကြောင်း" ဟု ပါရှိရာ ၁၉၇၀ ခုနှစ် ဖေဖော်ဝါရီလ အတွက် အိမ်လခကိုပါ ထည့်သွင်းတောင်းခံထားကြောင်း ပေါ်ပေါက် နေပါသည်။ ပုဒ်မ ၁၂(၁) (က)ပါ ပြဋ္ဌာန်းချက်များ အရ ဆိုလျှင် အိမ်ငှားထံမှ တရားဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခကိုသာ နို့တစ်စာတွင် တောင်းခံရမည်ဖြစ်သည်။ သက်သေခံ 'ဂ' နို့တစ်စာကို ပေးစဉ်က ၁၉၇၀ ခုနှစ် ဖေဖော်ဝါရီလအတွက် အိမ်လခကို ပေးရန်

မစေ့ရောက်သေးသဖြင့် ထိုလအတွက် လခမှာ တရားဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခမဟုတ်သည့်အလျောက် ထိုတောင်းဆိုထားသည့် သက်သေခံ 'ဂ' နှိ့တစ်စာမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁) (က)ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ပေ။ သို့ဖြစ်၍ ယင်းနှိ့တစ်စာအပေါ် အခြေခံကာ အိမ်ငှား အား အဆိုပါဥပဒေပုဒ်မ ၁၂(၁)(က)အရ နှင်ထုတ်လိုမှု စွဲဆိုနိုင်မည် မဟုတ်ပေ။

၁၉၈၂
ဦးကြိုင်
နှင့်
ဦးသိန်း
(ဦးသောင်း
၏
အထွေထွေ
ကိုယ်စား
လှယ်) *

ဤအမှုတွင် အချင်းဖြစ်အိမ်နှင့် အိမ်ချင်းကပ်လျက် နေထိုင်သူ မောင်စိန်ဝင်း(လိုပြသက်သေ)က "တရားပြိုင်များနေသော(၄)ခန်းတွဲ အိမ်ကြီးသည် ကျွန်တော်နေသော အိမ်ဘက်သို့ ယိုင်ပြီး ပိနေသော ကြောင့် ကျွန်တော့်အိမ်မှ ဘုရားစင်ပြတင်းပေါက်နှင့် အခြားပြကင်း ပေါက်တခု ဖွင့်မရပါ။ ဤကဲ့သို့ ကျွန်တော့်အိမ်ဘက် ပိနေကြောင်း ရလက လက်ထက်က ကျွန်တော် ရလကသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တိုင်ကြားခဲ့ပါသည်။ × × × × ယနေ့ထိအောင် ဤအတိုင်း ဖြစ်ပါသည်" ဟု ထွက်ဆိုထားရာ ဦးလှသန်း (လိုပြသက်သေ) က သူ့အား ထောက်ခံထွက်ဆိုထားသည်။ တရားပြိုင် ဦးကြိုင်ကလည်း "၁၉၆၉ ခုနှစ်မတိုင်ခင်ကတည်းက အိမ်နည်းနည်း ပျက်တယ်ဆိုတာ မှန်ပါသည်။ ပြင်လိုက်ပျက်လိုက် ဖြစ်ခဲ့ပါသည်" ဟု ဝန်ခံထွက်ဆို ထားသည်။

အယူခံတရားလို၏ အကျိုးဆောင်ဦးသိန်းသည် သက်သေခံ 'က' အိမ်ပြင်ဆင်ခွင့်ပါမစ်ကို အမှုစွဲဆိုပြီး ကာလ အတော်အတန်ကြာမှ တင်သွင်းခဲ့သည်ကတကြောင်း၊ အိမ်ပြင်ဆင်ရန်အတွက် လိုအပ်သည့် အစီအစဉ်များပြုလုပ်ပြီးကြောင်း အထောက်အထား တင်ပြနိုင်ခြင်းမရှိ သည်က တကြောင်းကြောင့် အချင်းဖြစ်အိမ်ကို ပြန်လည် ပြုပြင်ရန် အတွက် အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူ လိုသည်ဟု မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ကောက်ယူခြင်းမှာ မှားယွင်းကြောင်းဖြင့် တင်ပြလျှောက်ထားသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(င)အရ တရားစွဲဆိုရာတွင် သက်ဆိုင်ရာဌာနမှ အိမ်ပြင်ဆင်ရန်ခွင့်ပြုသည့် ပါမစ် တင်ပြရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။ အိမ်ပြင်ဆင်ရန် လိုအပ်သည့် အစီအစဉ်များပြုလုပ်ပြီးမှသာ အိမ်ငှားအား နှင်လိုမှု စွဲဆိုရမည်ဟူ၍ လည်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ အမှုတွဲရှိ သက်သေခံချက်များ အရ

အချင်းဖြစ်အိမ်မှာ ပျက်စီးနေကြောင်း ပေါ်ပေါက်သည်။ သို့သော် အယူခံတရားလို၏ အကျိုးဆောင်က လူနေ၍မရလောက်အောင် ပျက်စီးကြောင်း မထင်ရှားပါဟု တင်ပြသည်။ ငှားရမ်းထားသည့် အိမ်မှာ လူနေ၍မရလောက်အောင် ပျက်စီးမှသာ အိမ်ငှားအား နှင်ထုတ်နိုင်သည်ဟု ဥပဒေက မဆိုပေ။ သို့ဖြစ်၍ အိမ်ရှင်ဦးသိန်းသည် အချင်းဖြစ်အိမ်ကို ပြန်လည်ပြုပြင်ရန်အတွက် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည်ဟု အောက်ရုံးများက ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၁၉၈၂
ဦးကြိုင် နှင့် ဦးသိန်း (ဦးသောင်း၏ အထွေထွေ ကိုယ်စားလှယ်) *

အယူခံတရားလို၏ အကျိုးဆောင်က ဦးသိန်းသည် အိမ်ရှင် မဟုတ်ကြောင်း၊ အိမ်ရှင်အမှန်မှာ ဦးသောင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ဦးသောင်းကသာလျှင် တရားလိုအဖြစ် တရားစွဲဆိုခွင့်ရှိကြောင်းဖြင့် တင်ပြလျှောက်ထားသည်။ ဦးသိန်းသည် ဦးသောင်း၏ အထွေထွေ ကိုယ်စားလှယ်ရရှိသူဖြစ်ကြောင်း အငြင်းမပွားပေ။ ဦးသိန်းသည် တရား စွဲဆိုခွင့်မရှိကြောင်း အယူခံတရားလိုက မူလရုံးတွင် ထုချေခဲ့ခြင်းမရှိပဲ အယူခံရုံးရောက်မှ ထိုအချက်ကိုတင်ပြလာခြင်းဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၉ အရ အယူခံတရားလို အကျိုးဆောင်၏တင်ပြချက်ကို လက်ခံရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် အယူခံတရားလို ဦးကြိုင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) အရ ချမှတ်ထားသော မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ ပုဒ်မ ၁၂(၁) (င) အရ ချမှတ်ထားသည့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကိုမူ အတည်ပြုလိုက်သည်။ နှစ်ဘက်အမှုသည်များသည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမဒုတိယအယူခံမှု

**စုံညီခုံရုံးအဖွဲ့အဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးတင်အောင်ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

ဒေါ်ခင်နွဲ့မူ

**နှင့်**

* ၁၉၈၂
ဧပြီလ ၂ရက်

ဦးထော်ဝန်ကန် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားပြုသူ ဒေါ်ရွှေ/ဦးရန်ရီဝါး *

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၄ (၁)(ဂ) ပါ ပြဋ္ဌာန်းချက်— ယင်းပုဒ်မအရ အိမ်ငှားအား ဥပစာမှ ဖယ်ရှားပိုင်ခွင့်။**

**ဆုံးဖြတ်ချက်။** ။ငှားရမ်းထားသည့်ဥပစာမှာ ပျက်စီးယိုယွင်းနေ၍ ပြန်လည်ဆောက်လုပ်ရန်လိုအပ်သည်ဟု လုံလောက်သည့် သက်သေအထောက်အထား အမှု၌ ပေါ်လွင်လျှင် တရားရုံးသည် ယင်းဥပစာမှ အိမ်ငှားအား ပုဒ်မ ၁၄(၁)(ဂ) အရ ဖယ်ရှား ပေးနိုင်သည်ဟု ဆိုရပေမည်။

**အယူခံတရားလိုအတွက်** — ဦးကိုကို၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ဦးဝင်းမောင် (ပဲခူး)၊ ဗဟိုတရားရုံးရှေ့နေ။

ပဲခူးမြို့နယ်တရားရုံး၊ တရားမကြီးအမှုအမှတ် ၂၀/၇၀ တွင် အယူခံတရားလို ဒေါ်ခင်နွဲ့မူက တယူခံတရားပြိုင် ဦးထော်ဝန်ကန် အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၄(၁)(ဂ)အရ ပဲခူးမြို့ ဈေးပိုင်းရပ် ၁၉ လမ်းရှိ အိမ်အမှတ် ၆၆ ရှိ

* ၁၉၈၀ ပြည့်နှစ်၊ တရားမဒုတိယအယူခံအမှုအမှတ် ၁၀၃/၁၀၄

† ၁၉၈၀ ပြည့်နှစ်၊ တရားမအယူခံအမှု အမှတ်၁ဂ/၁၉တို့တွင်ချမှတ်ထားသော (၃၀-၄-၈၀) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

အခန်းနံပါတ် ၂ မှ ဖယ်ရှားပေးရန် တရားစွဲဆိုခဲ့သည်။ အလားတူပင် အယူခံတရားလိုဒေါ်ခင်နွဲ့မှုက အယူခံတရားပြိုင် ဦးရန်ရိဝါး အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၄ (၁) (ဂ) အရ အထက်ဖော်ပြပါအဆောက်အအုံရှိ အခန်းအမှတ်(၁) မှ ဖယ်ရှားပေးစေလိုမှု တရားစွဲဆိုခဲ့သည်။ ယင်းအမှု နှစ်မှုလုံးတွင် မြို့နယ်တရားရုံးကအယူခံတရားလို ဒေါ်ခင်နွဲ့မှု စွဲဆိုသည့်အတိုင်း အနိုင် ဒီဂရီများချမှတ်ပေးခဲ့သည်။ ယင်းအမိန့်များကို အယူခံတရားပြိုင်တို့က မကျေနပ်၍ ပဲခူးတိုင်း တရားရုံး တရားမ အယူခံမှုအမှတ် ၁၇/၇၀ နှင့် ၁၉/၇၀ တို့ အသီးသီးတွင် အယူခံဝင်ခဲ့ရာ တိုင်းတရားရုံးက မြို့နယ် တရားရုံး၏စီရင်ချက်နှင့်ဒီဂရီများကို ပယ်ဖျက်၍ ဒေါ်ခင်နွဲ့မှု စွဲဆိုသည့် အမှုများကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ယင်းအမိန့် များကို ဒေါ်ခင်နွဲ့မှုက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှု နှစ်မှုကို တင်သွင်းသည်။

**၁၉၇၂**

**ဒေါ်ခင်နွဲ့မှု နှင့် ဦးထော်ဝန်ကန် (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားပြုသူ ဒေါ်ရွှေ/ ဦးရန်ရိဝါး***

ဤ ဒုတိယအယူခံမှုနှစ်မှုတို့တွင် ပေါ်ပေါက်သည့်အကြောင်းခြင်းရာ အချက်အလက်နှင့် ဥပဒေအချက်အလက်တို့မှာ တူညီနေသဖြင့် ဤအမိန့် သည် ယင်းအမှုနှစ်ခုလုံးနှင့် သက်ဆိုင်စေရမည်။

ဤ ဒုတိယ အယူခံမှုများတွင် စဉ်းစားရန်အဓိကအချက်မှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၄ (၁) (ဂ)အရ စွဲဆိုသည့် အမှုများတွင်အိမ်ရှင်ကဥပစာမှာ ပျက်စီးယိုယွင်းနေ သဖြင့် ယင်းဥပစာတခုလုံးကို ဖျက်၍ **အဆောက်အအုံသစ် ဆောက်လုပ် ရန်အတွက်ဟု** အကြောင်းပြ၍ အိမ်ငှားအား ဖယ်ရှားပေးစေရန် သက် သာခွင့် တောင်းဆိုသည့်အခါ တရားရုံးက ယင်းသက်သာခွင့်ကို ပေးပိုင် ခွင့် ရှိ မရှိဟူသောအချက်ဖြစ်သည်။

ဤ အမှုများတွင် အယူခံ တရားပြိုင်တို့သည် အယူခံ တရားလို၏ ပဋိညာဉ်အရ အိမ်ငှားများမဟုတ်ပဲ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှား ရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃ (၁)အရ **နေထိုင်သည့်** အိမ်ငှားများ ဖြစ်ကြောင်း နှစ်ဘက်အငြင်းမထွက်ချေ။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၄(၁)(ဂ)က အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

(ဂ) ဥပစာကိုအကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘော ဖြင့် **အိမ်ရှင်က မိမိ ကိုယ်တိုင်၊ သို့တည်းမဟုတ် မိမိ၏ အိမ်**

၁၉၀၂
ဒေါ်ခင်နွဲ့မူ
နှင့်
ဦးထော်ဝန်ကန်
(ကွယ်လွန်)
၎င်း၏
တရားဝင်
ကိုယ်စားပြုသူ
ဒေါ်ရွှေ/
ဦးရန်ရှိဝါး

ထောင်စုတွင် ပါဝင်သူ တဦးတယောက် နေထိုင်ရန် အတွက်ဖြစ်စေ၊ ဥပစာ၏အကျိုးခံစားခွင့်ရှိသူ တဦးတယောက်နေထိုင်ရန်အတွက်ဖြစ်စေ တရားရုံးက ကျေနပ်လောက်သည်ဟု ယူဆသည့် အခြားကိစ္စတခုခုအတွက်ဖြစ်စေ ရယူလို၍ ထို ဥပစာကို မိမိကိုယ်တိုင်၊သို့တည်းမဟုတ် မိမိ၏ အိမ်ထောင်သားစုတွင် ပါဝင်သူ၊သို့တည်းမဟုတ် အကျိုးခံစားခွင့်ရှိသူ နေထိုင်ပါမည်ဟူ၍သော်လည်းကောင်း၊ တရားရုံးက သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း ထိုကိစ္စကိုပြီးစီးအောင်ဆောင်ရွက်ပါမည်ဟူ၍ သော်လည်းကောင်း တစ်ရုံးရုံးက သင့်သည် ထင်မြင်သည့်ငွေအာမခံအတွက်ဖြင့် ဝန်ခံချုပ်ဆိုသည့်ကိစ္စ။

အထက်ဖော်ပြထားသည့် ပုဒ်မခွဲတွင် အိမ်ရှင်က ကိုယ်တိုင်ရှိးဖြောင့်သော သဘောဖြင့်နေထိုင်ရန်အတွက်သာမဟုတ်ပဲ တရားရုံးက ကျေနပ်လောက်သည်ဟု ယူဆပြီး တခြားကိစ္စတစ်ခုခု အတွက်ဖြစ်စေ အိမ်ငှားအား ဥပစာမှ ဖယ်ရှားပေးနိုင်သည်ဟု ပြဌာန်းထားသည်။ ထို့ကြောင့် ငှားရမ်းထားသည့် ဥပစာမှာ ပျက်စီးယိုယွင်းနေ၍ ပြန်လည်ဆောက်လုပ်ရန် လိုအပ်သည်ဟု လုံလောက်သည့် သက်သေအထောက်အထား အမှု၌ပေါ်လွင်လျှင် တရားရုံးသည် ယင်းဥပစာမှ အိမ်ငှားအား ပုဒ်မ ၁၄ (၁)(ဂ)အရ ဖယ်ရှားပေးနိုင်သည်ဟု ဆိုရပေမည်။

မူလမြို့နယ်တရားရုံးတွင် အောက်ပါ ကောက်ချက်ကို ထုတ်ခဲ့သည်။
"အချင်းဖြစ်နေအိမ်သည်လူနေထိုင်ရန် မသင့်လျော်လောက်အောင် လုံးဝပျက်စီးနေသဖြင့် ဖြိုဖျက်ပြီး ပြန်လည် ဆောက်လုပ်ရန် လိုအပ်သည် ဆိုခြင်းမှာ မှန်ပါသလား။

သို့မဟုတ်

အချင်းဖြစ် အဆောက်အအုံသည် ဖျက်၍အသစ်ဆောက်လုပ်ရန် လိုအပ်သည့် အခြေအနေတွင် မရှိသေးပဲ အသေးအဖွဲ့ဖြစ်ရုံမျှသာ လိုအပ်သည့် အခြေအနေတွင် ရှိသည်ဆိုသည်မှာ မှန်ပါသလား။"

ယင်းကောက်ချက်နှင့် ပတ်သက်ပြီး မူလမြို့နယ် တရားရုံးက အမှုတွဲရှိ သက်သေ အထောက်အထားများအရ အချင်းဖြစ် ဥပစာကို ပြန်လည် ပြင်ဆင်ရန်လိုအပ်ကြောင်း ဆုံးဖြတ်ပြီး မူလရုံးတရားလိုဖြစ်သည့် အယူခံ တရားလိုအား အသာပေး၍ ဖြေဆိုခဲ့သည်။ ယင်းကောက်ချက်အပေါ် မူလမြို့နယ်တရားရုံး၏ သုံးသပ်ဆုံးဖြတ်ချက်သည် မှားသည်ဟု

**၁၉၈၂**
ဒေါ်ခင်နွဲ့မူ
နှင့်
ဦးထော်ဝန်
ကန်
(ကွယ်လွန်)
ရင်း၏
တရားဝင်
ကိုယ်စားပြုသူ
ဒေါ်ရွှေ/
ဦးရန်ရိဝါး*

တိုင်းတရားရုံး၏ စီရင်ချက်အရ သုံးသပ်ထားကြောင်း မတွေ့ရချေ။ ထို့ကြောင့် တိုင်းတရားရုံးက ယင်းကောက်ချက်အပေါ် မူလမြို့နယ်တရားရုံး၏ သုံးသပ် ဆုံးဖြတ်ချက်ကို လက်ခံခဲ့သည် ဟု ကောက်ယူရမည်။ တိုင်းတရားရုံးအနေနှင့် မြို့နယ်တရားရုံးက တရားလို တောင်းဆိုသည့် သက်သာခွင့်ထက် ပိုမိုပေးခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်းနှင့် တရားလိုဖြစ်သည့် အိမ်ရှင်သည် အချင်းဖြစ် ဥပစာကို ၁၉၄၅ခုနှစ်၊ မေလ ၁ရက်နေ့ နောက်ပိုင်းမှ ပိုင်လာသည့် အတွက် သဘောရိုးဖြင့် မိမိကိုယ်တိုင် ပြန်လည် နေထိုင်လိုသည်ဟု အကြောင်းပြကာ အိမ်နှင်လိုမှု သက်သာခွင့်မရထိုက်ဟုသာ သုံးသပ်ပြီး မူလမြို့နယ်တရားရုံး၏ စီရင်ချက်ဒီကရီကို ပယ်ဖျက်လိုက်ကြောင်း တွေ့ရသည်။

အချင်းဖြစ် ဥပစာမှာ ပျက်စီး ယိုယွင်း၍ ပြန်လည် ပြင်ဆင်ရန် လိုအပ်ကြောင်း မူလမြို့နယ် တရားရုံးက သုံးသပ်ဆုံးဖြတ်ခဲ့သည်။ယင်းကဲ့သို့ သုံးသပ်ဆုံးဖြတ်ခြင်းမှာ မှားသည်ဟု ပထမအယူခံ တိုင်းတရားရုံးက မဆိုပေ။ ထို့ကြောင့် အချင်းဖြစ်ဥပစာသည် ပျက်စီး ယိုယွင်းနေသဖြင့် ပြန်လည်ပြင်ဆင်ရန် လိုအပ်ကြောင်း လက်ခံရပေမည်။

ဤအမှုများတွင် အိမ်ရှင်ဖြစ်သည့် အယူခံ တရားလိုက အိမ်သစ်ဆောက်လုပ်ပြီးပါက တရားလို ကိုယ်တိုင် အဆိုပါ အိမ်သစ်တွင် နေထိုင်မည် ဖြစ်ကြောင်းကိုလည်း အဆိုလွှာတွင် ဖော်ပြထားသည်။ အိမ်ရှင်က ဆောက်လုပ်မည့် အိမ်သစ်သည် ဤအမှု နှင့် သက်ဆိုင်သည့် ဥပစာမဟုတ်သဖြင့် ဤအချက်ကို ဤအမှုတွင် ထည့်သွင်း စဉ်းစားရန် အကြောင်း မပေါ်ပေါက်ပေ။

သို့ဖြစ်၍ ပထမအယူခံ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်၍ မူလမြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။ သို့သော် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၄(၂)က အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်။

ဥပစာကို ပြန်လည်သိမ်းပိုက်ရန် ပုဒ်မခွဲ(၁)အပိုဒ်(ဂ)အရ အမိန့်၊ သို့တည်းမဟုတ် ဒီကရီ ချမှတ်ရာ၌ တရားရုံးသည် ထိုဥပစာကို မည်သည့် ကိစ္စအလို့ငှာ အိမ်ရှင်က ရလိုကြောင်း သီးခြား ဖော်ပြရမည့် အပြင် ဆိုခဲ့သည့်အမိန့်၊ သို့တည်းမဟုတ် ဒီကရီမိတ္တူကိုလည်းကောင်း၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ဂ)ပါ ပြဋ္ဌာန်းချက်များအရ အိမ်ရှင်က ချုပ်ဆို

သည့် ခံဝန်ချုပ် မိတ္တူကိုလည်းကောင်း ကြီးကြပ်ရေးဝန်ထံ ပေးပို့ရမည်။

၁၉၈၂

ဒေါ်ခင်နွဲ့မူ နှင့် ဦးထော်ဝန်ကန် (ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားပြုသူ ဒေါ်ရွှေ/ ဦးရန်ရှိဝါး*

ဤပြဋ္ဌာန်းချက်များကြောင့် အချင်းဖြစ်ဥပစာမှာ ပျက်စီးယိုယွင်း၍ ယင်းဥပစာကို ဖြိုချပြီး ဥပစာအသစ် ဆောက်လုပ်ရန်အတွက် အိမ်ရှင်က ယင်းဥပစာကို ရယူလိုကြောင်း ဖြစ်သည်ဟု သတ်မှတ်လိုက်သည်။ ထို့ပြင် ပုဒ်မ ၁၄(၁)(ဂ)အရ အိမ်ရှင်သည် မြို့နယ် တရားရုံးက သတ်မှတ်သည့် ငွေပမာဏဖြင့် ခံဝန်ချုပ် ချုပ်ဆိုရမည်။ ယင်းခံဝန်နှင့် ဤရုံးမှ ဒီဂရီမိတ္တူများကို သက်ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်၏တာဝန်ဝတ္တရားများ ဆောင်ရွက်သည့် မြို့နယ်ပြည်သူ့ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့သို့ ပေးပို့ရန်လည်း မူလမြို့နယ်တရားရုံးကို ညွှန်ကြားလိုက်သည်။ တရားရုံး အဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်ကျစေရန် အမိန့်ချမှတ်သည်။

**တရားမ ဒုတိယအယူခံမှု**

**ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့်ဦးသန့်စင်**
**တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

ဒေါ်စောရှင်

နှင့်

ဦးဘသွင်ပါ(၂)*

† ၁၉၈၂
ဒီဇင်ဘာလ
၂၇ရက်

**သက်သေပြရန် တာဝန်— တရားပြိုင်က အိမ်ငှားမဟုတ်ကြောင်း ငြင်းဆို လျှင် အိမ်ငှားဖြစ်ကြောင်း သက်သေပြရန် တာဝန်မှာ တရားလို အပေါ် ကျရောက်ခြင်း—အမွေထိန်းစာ၌ ပါရှိသည့်ပစ္စည်းစာရင်း တွင် ဖော်ပြထားရုံမျှဖြင့် ယင်းပစ္စည်းမှာ သေသူပိုင်ပစ္စည်း ဖြစ် သည်ဟု တထစ်ချ မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုအပေါ် အခြေခံ၍ တရားစွဲဆိုသည့် အမှုများတွင် တရားပြိုင်က သူသည် တရားလို၏ အိမ်ငှား မဟုတ်ပါဟု ငြင်းဆိုလာပါက အိမ်ငှားဖြစ်ကြောင်း ထင်ရှားစွာ သက်သေထူရန် တာဝန်မှာ တရားလိုအပေါ် ကျရောက်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပစ္စည်းတခုကို အမွေထိန်းစာ၌ ပါရှိသည့် ပစ္စည်းစာရင်းတွင် ဖော်ပြထားရုံမျှဖြင့် သေဆုံးသူပိုင် ပစ္စည်းဖြစ်သည် ဟု တထစ်ချ မဆိုနိုင်ပေ။

**အယူခံတရားလိုအတွက်** — ဦးထွန်းတင်၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံ တရားပြိုင်များအတွက်** — ဦးလှကျော်၊ ဦးဇော်သိန်း၊ ဗဟို တရားရုံးရှေ့နေ။

မြိတ်အရှေ့မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၂/၇၆ တွင် အယူခံ တရားလိုဒေါ်စောရှင်က အယူခံတရားပြိုင် ဦးဘသွင်ပါ ၂ ဦးတို့အပေါ်

---

* ၁၉၈၁ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၁၉။

† ၁၉၇၉ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၄ တွင် ချမှတ်ထားသော (၂၅-၃-၈၁)၊ နေ့စွဲပါ တနင်္သာရီတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၁ ၂
ဒေါ်စောရှင်
နှင့်
ဦးဘသွင်ပါ
(၂)*

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (က)အရ တရားစွဲဆို၍ အနိုင်ဒီဂရီရရှိခဲ့သည်။ ယင်းအမိန့်ကို ဦးဘသွင်တို့က မကျေနပ်၍ တနင်္သာရီတိုင်း တရားရုံး တရားမ အယူခံမှု အမှတ် ၄/၇၉ တွင် အယူခံဝင်ခဲ့ရာ ပထမအယူခံ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကို ပယ်ဖျက်၍ ဒေါ်စောရှင် စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ယင်းအမိန့်ကို ဒေါ် စောရှင်က မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤ ဒုတိယအယူခံမှုကို တင် သွင်းသည်။

အချင်းဖြစ်အိမ်ကို ကွယ်လွန်သူ ဒေါ်တင်ဆိုသူပိုင်ကြောင်း၊ သူသည် ဒေါ်တင်ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့်ပတ်သက်၍ ထိန်းသိမ်း စောင့် ရှောက်ရန် တရားရုံးကထုတ်ပေးသည့် အမွေထိန်းစာရရှိပြီးဖြစ်ကြောင်း၊ ဦးဘသွင်တို့သည် ဒေါ်တင်၏ အိမ်ငှားများဖြစ်ကြောင်း အစရှိသည်ဖြင့် ဒေါ်စောရှင်က အဆိုပြုခဲ့သည်။ ဦးဘသွင်တို့က သူတို့သည် အချင်းဖြစ် ဉပစာနှင့် ပတ်သက်ပြီး ဒေါ်တင်၏အိမ်ငှားများ မဟုတ်ကြောင်း ထုချေ ခဲ့သည်။

မြို့နယ်တရားရုံးက ဒေါ်စောရှင်သည် ဒေါ်တင် ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်ပြီး အမွေထိန်းစာ ရရှိသူဖြစ်ကြောင်း၊ အချင်း ဖြစ်ပစ္စည်းသည် အမွေထိန်းစာတွင် ဖော်ပြထားသည့် ပစ္စည်း ဖြစ် ကြောင်း၊ ထို့ကြောင့် အချင်းဖြစ်ပစ္စည်းကို ဒေါ်တင် ပိုင်ကြောင်း၊ အချင်းဖြစ်ပစ္စည်းမှာ ဒေါ်တင်ပိုင်သဖြင့် ဦးဘသွင်တို့သည် ဒေါ်တင် ၏ အိမ်ငှားဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသည်ကို တွေ့ရ၏။

ဤအမှုမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က)အရ စွဲဆိုသည့်အမှုဖြစ်ရာ ဦးဘသွင်တို့က ဒေါ်စောရှင်၏ အိမ်ငှားမဟုတ်ကြောင်း ငြင်းဆိုထားသည့် အတွက် အိမ် ရှင် အိမ်ငှားဆက်သွယ်မှုရှိကြောင်း ဒေါ်စောရှင်က ထင်ရှားစွာ မတင်ပြ နိုင်ခြင်းကြောင့် မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကို ပယ်ဖျက် ရခြင်းဖြစ်ကြောင်း ပထမအယူခံ တိုင်းတရားရုံးက သုံးသပ်ဆုံးဖြတ်ထား သည်ကို တွေ့ရသည်။

အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုအပေါ် အခြေခံ၍ တရားစွဲဆိုသည့် အမှုများတွင် တရားပြိုင်က သူသည် တရားလို၏အိမ်ငှား မဟုတ်ပါဟု ငြင်းဆိုလာပါက အိမ်ငှားဖြစ်ကြောင်း ထင်ရှားစွာ သက်သေထူရန်

တာဝန်မှာ တရားလိုအပေါ် ကျရောက်ပေသည်။ အမှုတွဲကို လေ့လာ လိုက်သည့်အခါ ပထမ အယူခံ တိုင်းတရားရုံး သုံးသပ်သည့်အတိုင်း ဦး ဘသွင်တို့သည် အချင်းဖြစ်ဥပစာ၌ ဒေါ်တင်၏ အိမ်ငှားများအဖြစ် နေထိုင်သူများ ဖြစ်ကြောင်း လက်ခံနိုင်လောက်သည့် သက်သေ အထောက်အထား မတွေ့ရှိရပေ။

၁၉၈၂

ဒေါ်စောရှင် နှင့် ဦးဘသွင်ပါ (၂)*

ထို့အပြင် ဒေါ်စောရှင်ရရှိသည့် အမွေထိန်းစာ၌ အချင်းဖြစ်ပစ္စည်း ကို ဖော်ပြထားသည့်အတွက် ယင်းပစ္စည်းမှာ ဒေါ်တင်ပိုင်သော ပစ္စည်း ဖြစ်သည်ဟု မူလမြို့နယ်တရားရုံးက ကောက်ယူသုံးသပ်ချက်မှာ ဥပဒေ အရ မှားယွင်းပေသည်။ ပစ္စည်းတစ်ခုကို အမွေထိန်းစာ၌ ပါရှိသည့် ပစ္စည်းစာရင်းတွင် ဖော်ပြထားရုံမျှဖြင့် သေဆုံးသူပိုင် ပစ္စည်းဖြစ်သည် ဟု တထစ်ချ မဆိုနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို တရားရုံး အဆင့်ဆင့် စရိတ်များဖြင့် ပလပ်လိုက်သည်။

## တရားမ အထွေထွေအယူခံမှု

### ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်စန်း(ခေါ်)ဒေါ်စန်းရီ

နှင့်

ဦးညဏ်(ခေါ်)စွန်ညဏ်ဖတ် *

† ၁၉၈၂
နိုဝင်ဘာ ၂၉

**ဒီကရီမှုတွင် တရားရုံး၏ ဆောင်ရွက်ပေးနိုင်ခွင့်— တရားရုံးသည် ဒီကရီ၌ ဖော်ပြထားသည့် ဆုံးဖြတ်ချက်များအတိုင်းသာ ဒီကရီမှု၌ ဆောင်ရွက်ပေးပိုင်ခွင့် ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများတွင် တရားရုံးကချမှတ်သည့်ဒီကရီ၌ ပါရှိသည့် ဆုံးဖြတ်ချက်များကို အကျိုး သက်ရောက်ရေး အတွက် ဆောင်ရွက်ပေးရန် တရားနိုင်က တရားရုံးသို့ ဒီကရီဖွင့် လျှောက်ထားပိုင်ခွင့်ရှိသည်။ ထိုသို့လျှောက်ထားသည့် အခါ တရားရုံးသည် မိမိ ချမှတ်ထားသည့် ဒီကရီ၌ ဖော်ပြထားသည့် ဆုံးဖြတ်ချက်များ အတိုင်းသာ ဆောင်ရွက်ပေးခွင့်ရှိသည်။ ဒီကရီတွင်မပါရှိသည့်အချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပေးခွင့်မရှိချေ။

**အယူခံတရားလိုအတွက်** — ဦးမျိုးသန့်။

**အယူခံတရားပြိုင်အတွက်** — ဦးတင်မောင်။

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၁၈/၇၇ တွင် ဦးညဏ်(ခ)စွန်ညဏ်ဖတ်က အယူခံတရားလို **ဒေါ်စန်း**(ခ)ဒေါ်**စန်း**ရီအပေါ် လင်မယားကွာရှင်းပြတ်စဲကြောင်း မြွက်ဟကြေငြာပေးရန်နှင့် အချင်းဖြစ် ဥပစာကို လက်ရောက် ရလိုကြောင်း တရား စွဲဆိုခဲ့သည်။ မူလတိုင်းတရားရုံးက အမှုစစ်ဆေးကြားနာပြီးဒေါ်စန်းရီသည်

---

* ၁၉၈၁ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၅၁။

† ၁၉၈၀ ပြည့်နှစ်၊ တရားမ ဒီကရီမှုအမှတ် ၄၅ တွင်ချမှတ်ထားသော (၂၈-၄-၈၁) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

အိမ်ထောင်ရေးပြစ်မှုကျူးလွန်ခဲ့သဖြင့် ဦးညာဏ်နှင့် လင်ခန်း မယားခန်း ပြတ်စဲကြောင်းနှင့် နှစ်ဦးပိုင်ပစ္စည်းများတွင် ပိုင်ဆိုင် အကျိုးခံစားခွင့် မရှိတော့ကြောင်း စရိတ်နှင့်တကွ မြွက်ဟကြေငြာချက်ဒီဂရီကို ချမှတ် ပေးလိုက်သည်။ ယင်းဒီဂရီအရ ဦးညာဏ်က ရန်ကုန်တိုင်း တရားရုံးတွင် တရားမ ဇာရီမှု အမှတ် ၄၅/၈၀ တွင် ဖွင့်လှစ်၍ အချုပ်းဖြစ် ဥပစာကို လက်ရောက် အပ်ပေးရေးအတွက် ဝရမ်းထုတ်ပေးရန် လျှောက်ထားခဲ့ သည်။ ယင်းဇာရီလျှောက်လွှာကို တိုင်းတရားရုံးက ခွင့်ပြုလိုက်သဖြင့် ဒေါ်စန်းရီက မကျေနပ်သောကြောင့် ဤတိုတရားရုံးသို့ ဤအထွေထွေ အယူခံမှု တင်သွင်းသည်။

၁၉၈၂
ဒေါ်စန်း (ခေါ်) ဒေါ်စန်းရီ နှင့် ဦးညာဏ် (ခေါ်) စွနီညာဏ်ဖတ် *

တရားမမှုများတွင် တရားရုံးက ချမှတ်သည့် ဒီဂရီ၌ ပါရှိသည့် ဆုံးဖြတ်ချက်များကို အကျိုးသက်ရောက်စေရေး အတွက် ဆောင်ရွက် ပေးရန် တရားနိုင်က တရားရုံးသို့ ဇာရီမှုဖွင့်လှစ် လျှောက်ထားပိုင်ခွင့်ရှိ သည်။ ထိုသို့လျှောက်ထားသည့်အခါ တရားရုံးသည် မိမိ ချမှတ်ထား သည့် ဒီဂရီ၌ဖော်ပြထားသည့် ဆုံးဖြတ်ချက်များ အတိုင်းသာ ဆောင် ရွက်ပေးပိုင်ခွင့်ရှိသည်။ ဒီဂရီတွင်မပါရှိသည့်အချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပေးပိုင်ခွင့် မရှိချေ။

တရားမကြီးအမှုအမှတ် ၂၀၀/၇၇ တွင် ရန်ကုန်တိုင်း တရားရုံး က ချမှတ်သည့်ဒီဂရီမှာ အောက်ပါအတိုင်းဖြစ်သည်—

> "တရားပြိုင်သည် အိမ်ထောင်ရေးပြစ်မှုကိုကျူးလွန်ခဲ့သဖြင့် တရားလိုနှင့် လင်ခန်းမယားခန်း ပြတ်စဲကြောင်းနှင့် နှစ်ဦးပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်း တို့တွင်ပိုင်ဆိုင်အကျိုးခံစားခွင့် မရှိတော့ကြောင်း စရိတ်နှင့်တကွ မြွက်ဟ ကြေငြာပေးလိုက်သည်။"

ရန်ကုန်တိုင်းတရားရုံးက ချမှတ်ခဲ့သည့်စီရင်ချက်တွင်လည်း အထက် ဖော်ပြပါ ဒီဂရီအတိုင်းဖြစ်ကြောင်း တွေ့ရသည်။ ယင်း စီရင်ချက်နှင့် ဒီဂရီတွင် အချုပ်းဖြစ်ဥပစာကို တရားနိုင်ဖြစ်သည့် ဦးညာဏ်၏ လက်သို့ အပ်ပေးရန် အမိန့်မပါရှိပေ။ ထို့ကြောင့် ရန်ကုန်တိုင်း တရားရုံးက ဇာရီမှုအမှတ် ၄၅/၈၀ တွင် အချုပ်းဖြစ်ဥပစာကို ဦးညာဏ်အားအပ်ရန် ဝရမ်းထုတ်ပေးခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းပေသည်။

တရားနိုင်ဖြစ်သည့်ဦးညာဏ်သည် အချုပ်းဖြစ် ဥပစာကို သူ့အား လက်ရောက်ပေးအပ်ရန် အဆိုလွှာအရ တောင်းဆိုခဲ့သည့်အပြင် လိုအပ်

၁၉၀၂

ဒေါ်စန်း (ခေါ်) ဒေါ်စန်းရှိ နှင့် ဦးဉာဏ် (ခေါ်) စွန်ဉာဏ်ဖတ်*

သည့် ရုံးခွန်တော် များလည်း ထမ်းဆောင်ထားသဖြင့် ယင်းကဲ့သို့ တောင်းဆိုထားသည့် သက်သာခွင့်ကို ရထိုက်သည်ဟု ယူဆလျှင် စီရင်ချက်နှင့် ဒီဂရီကို ပြင်ဆင်ပေးရန် တိုင်းတရားရုံးသို့ ဥပဒေနှင့် အညီ လျှောက်ထားရန်သာ ရှိပေသည်။

သို့ဖြစ်၍ ဤအယူခံမှုကို ခွင့်ပြုသည်။ တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။ တရားစရိတ်ငွေ ကျပ် ၅၀/–ခွင့်ပြုသည်။

---

## တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့်ဦးမြကျော်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်စိန်မြင့်
နှင့်
ဒေါ်ညွန့်ရီ*

† ၁၉၈၂
ဇူလိုင် ၁၇

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂—ယင်းပုဒ်မ၏ ခြွင်းချက်အရ အကျိုးဆက် သက်သာခွင့်—မိသားစု ပင်စင် အကျိုးခံစားခွင့်ရှိကြောင်း ကြေငြာချက်သက်သက်ကို တောင်းဆိုခွင့်ရှိခြင်း— ထိုငွေရရှိရန်အတွက် အကျိုးဆက် သက်သာခွင့် ထည့်သွင်းတောင်းဆိုရန် မလိုခြင်း။

ဆုံးဖြတ်ချက်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကြေငြာပေးရန် စွဲဆိုသော ပစ္စည်းသည် တရားရုံးလက်တွင် လည်းကောင်း၊ တရားရုံးများက ခန့်ထားသည့် ပစ္စည်းထိန်းများလက်တွင် လည်းကောင်း ရှိနေလျှင် ထိုပစ္စည်းကို ပေးအပ်ရန် တောင်းဆိုခြင်းမရှိပဲ ပစ္စည်းသည် မိမိပိုင်ပစ္စည်းဖြစ်ကြောင်း သက်သက် ကြေငြာပေးစေရန် တရားစွဲဆိုခွင့်ရှိသည်။ ယခု မိသားစုပင်စင်သည်လည်း တရားလို တရားပြိုင်လက်ဝယ်တွင် မဟုတ်ပဲ နိုင်ငံတော်အစိုးရ၏ ဌာနတစ်ခုဖြစ်သော ကုန်သွယ်ရေးဦးစီးဌာန လက်ဝယ်တွင် တည်ရှိနေသည်။တရားရုံးက ယင်းပင်စင်ကို မည်သူ အကျိုးခံစားခွင့် ရှိသည်ဆိုသည့် အဆုံးအဖြတ်ပေးပါက ထိုအဆုံးအဖြတ်ကို အခြေပြု၍ မိသားစုပင်စင်ပေးရေးကိစ္စကို ကုန်သွယ်ရေးဌာနမှ ဆက်လက်ဆောင်ရွက်မည် ဖြစ်သည်။ ကုန်သွယ်ရေးဦးစီးဌာနလက်ဝယ်ရှိ မိသားစုပင်စင်ကို ထုတ်ပေးရန် ယခုအမှုတွင် တောင်းဆိုရန် မလိုအပ်ပေ။ မိသားစုပင်စင် အကျိုးခံစားခွင့်ရှိကြောင်း ကြေငြာချက် သက်သက်ကို တောင်းဆိုခွင့် ရှိသည်။

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၀၅။

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှု အမှတ်၈၀ (တောင်ဥက္ကလာပ) တွင် ချမှတ်သော ၁၇-၆ ၈၀ နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်ပေးမှု။

လျှောက်ထားသူအတွက် —ဦးခင်မောင်ရီ၊ ဗဟိုတရားရုံး ရှေ့နေ။

၁၉၇၂

ဒေါ်စိန်မြင့်
နှင့်
ဒေါ်ညွန့်ရီ*

လျှောက်ထားခံရသူအတွက်—ဒေါ်စောစောနု၊ဗဟိုတရားရုံးရှေ့နေ။

ရင်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၀၊ (တောင်ဥက္ကလာပ) ၇၉ တွင် လျှောက်ထားသူ ဒေါ်စိန်မြင့်က ယင်းသည် ကွယ်လွန်သူ ဦးတင်မောင်၏ တရားဝင်ဇနီး ဖြစ်၍ ကွယ်လွန်သူ ဦးတင်မောင်၏ မိသားစုပင်စင် အကျိုးခံစားခွင့်များကို တစ်ဦးတည်း ဆက်ခံခွင့်ရှိကြောင်း ကြေငြာပြဋ္ဌာန်းပေးရန် သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ လျှောက်ထားခံရသူ ဒေါ်ညွန့်ရီအား တရားပြိုင်ထား၍ တရားစွဲဆိုခဲ့သည်။ လျှောက်ထားခံရသူဒေါ်ညွန့်ရီက အကျိုးဆက်ဖြစ်သော သက်သာခွင့်ကိုပါ တောင်းဆိုရန်ရှိသော်လည်း တောင်းဆိုခြင်းမရှိ၍ အမှုကို ပလပ်ပေးရန် ချေလွှာတင်သွင်းသည်။ တိုင်းတရားရုံးက ယင်းအချက်နှင့်ပတ်သက်ပြီး ပဏာမငြင်းချက်တစ်ရပ် ထုတ်ပေးပြီး နှစ်ဘက်အကျိုးဆောင်များကို ကြားနာ၍ နောက်ဆက်တွဲ သက်သာခွင့်ကိုပါ ထည့်သွင်းတောင်းဆိုရမည် ဖြစ်၍ တရားလိုသည် အဆိုလွှာကို လိုအပ်သလိုပြင်ဆင်၍ ကျသင့်သော ရုံးခွန်ကို ထမ်းဆောင်ရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို လျှောက်ထားသူ ဒေါ်စိန်မြင့်က မကျေနပ်၍ ဤရုံးတွင် ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ပုဇွန်တောင်မြို့နယ်၊ ကုန်သွယ်ရေးဌာန၏ ပထမစာရေးအဖြစ် အမှုထမ်းခဲ့သူ ဦးတင်မောင် ကွယ်လွန်သွားသည့်အခါ ယင်း၏ မိသားစုပင်စင် အကျိုးခံစားခွင့်များကို ထုတ်ယူခွင့်ပြုရန် လျှောက်ထားသူ ဒေါ်စိန်မြင့်၊ လျှောက်ထားခံရသူ ဒေါ်ညွန့်ရီတို့က ဇနီးဖြစ်ပါသည်ဟု အကြောင်းပြလျှောက်ထားရာ ရန်ကုန်တိုင်း ကုန်သွယ်ရေး၊ စီမံခန့်ခွဲရေးဌာနမှ မည်သူသည် တည်ဆဲဥပဒေအရ အမွေဆက်ခံခွင့်ရှိကြောင်း၊ မိသားစုပင်စင် ခံစားခွင့်ရှိကြောင်း တရားရုံးအဆုံးအဖြတ်ကို ရယူ၍ တင်ပြရန် ညွှန်ကြားခဲ့သည်။ ရန်ကုန်တိုင်း ကုန်သွယ်ရေး၏ ညွှန်ကြားချက်အရ ဒေါ်စိန်မြင့်က ရန်ကုန်တိုင်း တရားရုံးတွင် ယင်းသည် ကွယ်လွန်သူဦးတင်မောင်၏ တရားဝင်ဇနီးဖြစ်၍ ကွယ်လွန်သူ ဦးတင်မောင်၏ မိသားစုပင်စင် အကျိုးခံစားခွင့်များကို တစ်ဦးတည်း ဆက်ခံခွင့်ရှိကြောင်း ကြေငြာပေးရန် စွဲဆိုသောအမှု ဖြစ်သည်။

ဤပြင်ဆင်မှုတွင် တင်ပြသည့် အဓိက အကြောင်းပြချက်များမှာ အကျိုးခံစားရမည့် ပင်စင်မှာ နိုင်ငံတော်အစိုးရ၏ ဌာနတစ်ခုဖြစ်သော

၁၉၇၂
ဒေါ်စိန်မြင့်
နှင့်
ဒေါ်ညွန့်ရီ*

ကုန်သွယ်ရေးဦးစီးဌာန၏ လက်ဝယ်တွင်ရှိ၍ တရားပြိုင်၏ လက်ဝယ်တွင် မရှိသောကြောင့် တရားပြိုင်အား စွဲဆိုသောအမှုတွင် နောက်ဆက်တွဲ သက်သာခွင့်ကို ထည့်သွင်းတောင်းဆိုရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ လျှောက်ထားသူသည် တရားပြိုင်ထံမှ ပင်စင်ထုတ်ပေးရန် တောင်းဆိုခြင်း မဟုတ်ပဲ တိုင်းတရားရုံးတော်က ပင်စင်လစာငွေကို လျှောက်ထားသူအား ထုတ်ပေးရန် တောင်းဆိုခြင်း ဖြစ်သည်ဟု မှတ်ယူပြီး နောက်ဆက်တွဲ သက်သာခွင့်ပါ ထည့်သွင်း တောင်းဆိုရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း စသည်တို့ကို တင်ပြသည်။

ယခုအမှုတွင် ဒေါ်ညွန့်ရီတစ်ဦးတည်းကို တရားပြိုင်ထား၍ စွဲဆိုသော အမှုဖြစ်သည်။ ကုန်သွယ်ရေးဦးစီးဌာနကို တရားပြိုင်အဖြစ် စွဲဆိုထားခြင်း မရှိပေ။ ဒေါ်ညွန့်ရီသည် မိသားစုပင်စင်ငွေကို ထုတ်ပေးနိုင်မည့်သူ မဟုတ်၍ ယင်းထံမှ မိသားစုပင်စင် ထုတ်ပေးရန် နောက်ဆက်တွဲ သက်သာခွင့်ကိုပါ တောင်းဆိုရန် မဖြစ်နိုင်ပေ။

ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကြေငြာပေးရန် စွဲဆိုသော ပစ္စည်းသည် တရားရုံးလက်တွင် လည်းကောင်း၊ တရားရုံးများက ခန့်ထားသည့် ပစ္စည်းထိန်းများ လက်တွင် လည်းကောင်း ရှိနေလျှင် ထိုပစ္စည်းကိုပေးအပ်ရန် တောင်းဆိုခြင်းမရှိပဲ ပစ္စည်းသည်မိမိပိုင်ပစ္စည်းဖြစ်ကြောင်း သက်သက်ကြေငြာပေးစေရန်တရားစွဲဆိုခွင့်ရှိသည်။ ယခုမိသားစုပင်စင်သည်လည်း တရားလိုတရားပြိုင် လက်ဝယ်တွင် မဟုတ်ပဲ နိုင်ငံတော်အစိုးရ၏ ဌာနတစ်ခုဖြစ်သော ကုန်သွယ်ရေးဦးစီးဌာန လက်ဝယ်တွင် တည်ရှိနေသည်။ တရားရုံးက ယင်းပင်စင်ကို မည်သူအကျိုးခံစားခွင့်ရှိသည်ဆိုသည့် အဆုံးအဖြတ်ပေးပါက ထိုအဆုံးအဖြတ်ကို အခြေပြု၍ မိသားစုပင်စင် ပေးရေး ကိစ္စကို ကုန်သွယ်ရေး ဌာနမှ ဆက်လက်ဆောင်ရွက်မည် ဖြစ်သည်။ ကုန်သွယ်ရေး ဦးစီးဌာန လက်ဝယ်ရှိ မိသားစုပင်စင်ကို ထုတ်ပေးရန် ယခုအမှုတွင် တောင်းဆိုရန် ပလိုအပ်ပေ။ မိသားစုပင်စင် အကျိုးခံစားခွင့်ရှိကြောင်း ကြေငြာချက် သက်သက်ကို တောင်းဆိုခွင့်ရှိသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ခွင့်ပြုလိုက်သည်။ ရန်ကုန်တိုင်း တရားရုံးသည် အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးသွားရန် ညွှန်ကြား လိုက်သည်။ ဤရုံး ရှေ့နေခအဖြစ် ငွေကျပ် ၈၀/-သတ်မှတ်သည်။

## တရားမ ပြင်ဆင်မှု

ညက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်ဟိန်းနှင့် ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၂
အောက်တိုဘာ
၄ ရက်

ဦးတင်မောင် *
နှင့်
ဦးကြွင်သိန်းပါ(၅)ဦး

**တရားမကျင့်ထုံးဥပဒေ အမိန့် ၁၆၊ နည်း ၁-ပြဋ္ဌာန်းချက်— အမှုသည် တစ်ဦးသည် တဘက်အမှုသည် တစ်ဦးအား မိမိတင်ပြသောသက်သေ အဖြစ် ခေါ်ယူစစ်ဆေးနိုင်ခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။တရားမမှုများတွင် အမှုစွဲဆိုပြီး နောက်ပိုင်း အမှုသည်များသည် သူတို့တင်ပြလိုသည့် သက်သေများအား ရုံးသို့လာရောက်အစစ်ခံရန်အတွက် သမ္မန်စာချ၍ ဆင့်ခေါ်ပေးရန် လျှောက်ထားနိုင်သည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၁၆၊နည်း ၁-က ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်တွင် မည်သူတို့ကို သက်သေအဖြစ်ဖြင့် ခေါ်နိုင်ကြောင်း သက်မှတ်ချက်သော်လည်းကောင်း၊ မည်သူတို့ကို သက်သေအဖြစ် မခေါ်နိုင်ဟု ကန့်သတ်ပိတ်ပင်ခြင်းသော်လည်းကောင်း မရှိပေ။တရားလိုတစ်ဦးသည် ထိုအမှုမှတရားပြိုင်တစ်ဦးအားမိမိတင်ပြသော သက်သေအဖြစ်ဖြင့်ခေါ်၍ မစစ်ဆေးနိုင်၊ သို့မဟုတ် တရားပြိုင် တစ်ဦးသည် ထိုအမှုမှတရားလိုတစ်ဦးအား မိမိတင်ပြသော သက်သေအဖြစ်ဖြင့် ခေါ်၍ မစစ်ဆေးနိုင်ဟူ၍လည်း ပိတ်ပင်ကန့်သတ်ထားခြင်း မရှိပေ။

| | |
|---|---|
| **လျှောက်ထားသူအတွက်** | — ဦးအေးမောင်(ပန်းတနော်) ဗဟိုတရားရုံးရှေ့နေ။ |
| **လျှောက်ထားခံရသူများအတွက်** | — ဦးဘစိန်၊ ဦးမြင့်သိန်း၊ ဦးထွန်းရှိန်၊ ဗဟိုတရားရုံး ရှေ့နေများ။ |

---

* ၁၉၇၁ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၁။

† ၁၉၇၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၂၅၅(အလုံ)တွင် ချမှတ်သော (၁၂-၁၁-၇၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၂၅၅/၇၀-တွင် လျှောက်ထားသူ ဦးတင်မောင်က လျှောက်ထားခံရသူ ဦးကြင်သိန်းပါ (၅)ဦးတို့အပေါ် အမွေပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲပေးစေလို မှု တရားစွဲဆိုခဲ့သည်။ ယင်းအမှုတွင် တရားလိုဦးတင်မောင်က တရားပြိုင် တစ်ဦးဖြစ်သည့် တရားပြိုင် အမှတ် ( ၃ ) မကျင်မြင့်အား တရားလို သက်သေအဖြစ်ဖြင့် ဆင့်ခေါ် စစ်ဆေးခဲ့သည်။ အဓိက မေးခွန်းများ မေးပြီး အပြန်အလှန် မေးခွန်းထုတ်သည့်အခါ တရားပြိုင်အမှတ်(၁) (၄)နှင့်(၅)တို့၏ အကျိုးဆောင်က မကျင်မြင့်အား တရားလို သက်သေ အဖြစ်ဖြင့် စစ်ဆေးခြင်းနှင့် ပတ်သက်ပြီး ကန့်ကွက်ခဲ့သည်။ ထို အခါ မူလတိုင်းတရားရုံးက နှစ်ဘက်အကျိုးဆောင်များ ကြားနာပြီး တရားပြိုင်တစ်ဦးဖြစ်သည့် မကျင်မြင့်အား တရားလိုပြ သက်သေအဖြစ် ဖြင့် စစ်ဆေးခွင့် မပြုကြောင်း အမိန့်ချမှတ်သည့် အပြင် တရားလိုပြ သက်သေအဖြစ်ဖြင့် မကျင်မြင့် ထွက်ဆိုထားသည့် အစစ်ခံချက်များကို ပယ်ဖျက်လိုက်ကြောင်း အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကိုမကျေ နပ်၍ ဦးတင်မောင်က ဗဟို တရားရုံးသို့ ဤပြင်ဆင်မှု လျှောက်လွှာ တင်သည်။ ၁၉၈၂ ဦးတင်မောင်* နှင့် ဦးကြင်သိန်းပါ (၅) ဦး *

တရားမမှုများတွင် အမှုစွဲဆိုပြီး နောက်ပိုင်း အမှုသည် များသည် သူတို့တင်ပြလိုသည့် သက်သေများအား ရုံးသို့ လာရောက်အစစ်ခံရန် အတွက် သမ္မန်စာချ၍ ဆင့်ခေါ်ပေးရန် လျှောက်ထား နိုင်သည် ဟု တရားမကျင့်ထုံးဥပဒေ အမိန့် ၁၆၊ နည်း ၁ က ပြဋ္ဌာန်းထားသည်။ယင်း ပြဋ္ဌာန်းချက်တွင် မည်သူတို့ကိုသက်သေအဖြစ်ဖြင့်ခေါ်နိုင်ကြောင်းသတ် မှတ်ချက်သော်လည်းကောင်း၊ မည်သူတို့ကို သက်သေအဖြစ်ဖြင့် မခေါ် နိုင်ဟုကန့်သတ်ပိတ်ပင်ခြင်းသော်လည်းကောင်းမရှိပေ။တရားလို တစ်ဦး သည် ထိုအမှုမှ တရားပြိုင်တစ်ဦးအား မိမိတင်ပြသော သက်သေအဖြစ် ဖြင့်ခေါ်၍ မစစ်ဆေးနိုင်၊ သို့မဟုတ် တရားပြိုင်တစ်ဦးသည် ထိုအမှုမှ တရားလိုတစ်ဦးအား မိမိတင်ပြသော သက်သေအဖြစ်ဖြင့်ခေါ်၍ မစစ် ဆေးနိုင် ဟူ၍လည်း ပိတ်ပင်ကန့်သတ်ထားခြင်း မရှိပေ။ ထို့ကြောင့် ဤအမှုတွင် တရားလိုဦးတင်မောင်က တရားပြိုင်တစ်ဦးဖြစ်သူ မကျင်မြင့် အား မိမိတင်ပြသောသက်သေအဖြစ်ဖြင့်ဆင့်ခေါ် စစ်ဆေးခွင့်မရှိဟု မိမိ မူလတိုင်းတရားရုံး၏ဆုံးဖြတ်ချက်နှင့် မကျင်မြင့်၏ အစစ်ခံချက်များကို ပယ်ဖျက်ကြောင်း ချမှတ်သည့်အမိန့်မှာ ဥပဒေနှင့် ညီညွတ်သည် ဟု မဆိုနိုင်။

သို့ဖြစ်၍ ဤပြင်ဆင်မှု လျှောက်လွှာကို ခွင့်ပြုပြီး တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ စရိတ်ငွေကျပ် ၅၀/-ခွင့်ပြုသည်။

## တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးတင်အောင် ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၁၂
ဇူလိုင်လ
၁၇

ဦးတင်လှ

နှင့်

ဒေါ်ပု (ခ) ဒေါ်တင်တင်အေး*

**၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)ပါပြဋ္ဌာန်းချက်—ဇာရီမှုတွင် ပုဒ်မ ၁၅ (၁)အရ သက်သာခွင့်တောင်းဆိုခြင်း— ဇာရီမှုကို အယူခံ တင်သွင်းထားစဉ် အချိန်အတွင်း အချင်းဖြစ်အိမ်ကိုတရားနိုင်သို့ပေးအပ်ခြင်း—ထိုသို့ပေးအပ်ပြီး ဖြစ်ခြင်းကြောင့် ပုဒ်မ ၁၅(၁)အရ သက်သာခွင့် ပေးနိုင်မပေးနိုင်။**

**ဆုံးဖြတ်ချက်။** ။ဤအယူခံတွင် ပေါ်ပေါက်လာသည့် ဥပဒေပြဿနာတရပ်မှာ ဦးတင်လှက ဤအယူခံကို တင်သွင်းပြီးနောက် အချင်းဖြစ်အိမ်ကို တရားနိုင်ဒေါ်ပုအား ပေးအပ်ပြီးဖြစ်၍ အယူခံ တရားလိုအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅(၁)အရ သက်သာခွင့်ပေးနိုင် မပေးနိုင်ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဦးတင်လှသည် အချင်းဖြစ်အိမ်ကို ပေးအပ်ခြင်းမပြုမီကပင် ပုဒ်မ ၁၅ (၁)အရ သက်သာခွင့်ကို လျှောက်ထားတောင်းဆိုခဲ့သည်။ ဤအယူခံမှာ မူလရုံး ဇာရီမှု၏ အဆက်ဖြစ်သည့် အလျောက် ဤအယူခံကို အဆုံးအဖြတ်မပေးမီ မူလရီဇာမှုမှာ ဆောင်ရွက်ဆဲဖြစ်သည်ဟု ဆိုရပေမည်။ဤအယူခံကို တင်သွင်းထားစဉ် အချိန်အတွင်း အချင်းဖြစ်အိမ်ကို တရားနိုင်အား ပေးအပ်ခဲ့သည်ဖြစ်ရာ ထိုသို့ပေးအပ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု ဆိုရပေမည်။ သို့မဟုတ်ပါက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃၁။

† ၁၉၈၀ ပြည့်နှစ်၊ တရားမအယူခံမှုအမှတ် ၉၄ တွင် ချမှတ်ထားသော ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်များကို လွယ်လွယ်ကူကူ တိမ်းရှောင်နိုင်ကြပေလိမ့်မည်။ ၁၉၈၂

ဦးတင်လှ နှင့် ဒေါ်ပု (ခ) ဒေါ်တင်တင် အေး*

**အယူခံတရားလိုအတွက်**— ဦးဌေးလှိုင်၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်**— ဦးမင်းစိန်၊ ဗဟိုတရားရုံးရှေ့နေ။

ကြည့်မြင်တိုင်မြို့နယ် တရားရုံး၊ တရားမဇာရီမှုအမှတ် ၅/၇၉ တွင် အယူခံတရားပြိုင် ဒေါ်ပု (ခေါ်)ဒေါ်တင်တင်အေးက အယူခံတရားလို ဦးတင်လှအပေါ် ယင်းတရားရုံး တရားမကြီးမှုအမှတ် ၄၉/၇၅ တွင် ချမှတ်ထားသည် ဆိုသော ဒီဂရီကို အတည်ပြုရာ ဦးတင်လှက ထိုဒီဂရီကို ချမှတ်ပြီးနောက် မိမိသည် တရားနိုင်ဒေါ်ပုအား အိမ်လခကြွေးကျန်များကို ပေးဆပ်ပြီးဖြစ်ကြောင်း၊ ၁၉၇၀ ခုနှစ်၊ ဇန်နဝါရီလမှ စ၍ ပေးရန်ကျန်ရှိနေသော အိမ်လခများကို ပေးသွင်းမည် ဖြစ်ကြောင်း အကြောင်းပြကာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)အရ လျှောက်ထားရာ မြို့နယ်တရားရုံးက ယင်းလျှောက်ထားချက်ကို ခွင့်မပြုပဲ အိမ်အပ်ဝရမ်း ထုတ်ဆင့်လိုက်သည်။ ဦးတင်လှက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်သောအခါ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

ဦးတင်လှက ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမ ဇာရီမှု အမှတ် ၅/၇၉ ၌ တင်သွင်းသည့် ၂-၅-၈၀ ရက်စွဲပါ လျှောက်လွှာ အပိုဒ် (၁)မှ (၃)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

"(၁) တရားနိုင်သည် တရားရှုံးအပေါ် တရားမကြီးမှု အမှတ် (၄၉/၇၅)တွင် အနိုင်ဒီဂရီ ရရှိခဲ့ပြီးနောက် တရားရှုံးသည် တရားနိုင် တရားစွဲဆိုတောင်းခံသော နေအိမ်လခကြွေးကျန်များကို ပုဒ်မ ၁၅ (၁) အရ ပေးသွင်းခဲ့ပြီးဖြစ်သည်။

(၂) မူလတရားမကြီးမှုအမှတ်(၄၉/၇၅)တွင် တရားနိုင် (တရားလို)သည် နေအိမ်လခ ကြွေးကျန်များကို ၁၉၇၅ ခုနှစ် အထိသာ တောင်းခံ၍ ပုဒ်မ ၁၂ (၁) (စ) အရ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

(၃) သို့ရာတွင် တရားရှုံးသည် တရား စွဲဆို တောင်းခံသော ၁၉၇၅ ခုနှစ်ကာလအထိသာမကပဲ ၁၉၇၇ ခုနှစ် ဒီဇင်

ဘာလအထိ နေအိမ်လခများကို ပေးသွင်းပြီးဖြစ်ပါသည်။

၁၉၈၂ (ပြေစာများ တင်ပြနိုင်ပါသည်။)"

ဦးတင်လှ နှင့် ဒေါ်ပု (ခေါ်) ဒေါ်တင်တင် အေး*

ဦးတင်လှလျှောက်လွှာတင်သွင်းစဉ်က အိမ်အပ် ဝရမ်းထုတ်ဆင့်ထားခြင်း မရှိသေးသဖြင့် အချင်းဖြစ် ဒီဂရီကို အတည်မပြုရသေးသည့် အလျှောက် ယင်းလျှောက်လွှာမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) တွင် အကျုံးဝင်ကြောင်း ထင်ရှားနေပေသည်။

ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၄၉/၇၅ တွင် တင်သွင်းခဲ့သော အဆိုလွှာအပိုဒ်(၅) အရ အယူခံတရားလိုသည် ၁-၆-၇၁ နေ့မှစ၍ အိမ်လခများ ပေးဆောင်ရန် ပျက်ကွက်ကြောင်း ပေါ်ပေါက်သည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)ပါ "ပေးရန် ကျန်ရှိသေးသောငှားရမ်းခ" ဆိုသည်မှာ အမှုမစွဲဆိုမီ ၃ နှစ်အတွင်း ရရန်ရှိသော ငှားရမ်းခများနှင့် အမှုစွဲဆိုသည့်နေ့မှ ဒီဂရီ ချမှတ်သည့်နေ့အထိ တင်ရှိသော အိမ်လခများကို ဆိုလိုသည်။ တရားမကြီးအမှု အမှတ် ၄၉/၇၅ ကို ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလတွင် စွဲဆိုခဲ့ဟန် တူသဖြင့် တရားနိုင် ဒေါ်ပု ရရန်ရှိသော အိမ်လခကြွေးများမှာ အမှုမစွဲဆိုမီ ၃ နှစ်အတွင်း ငှားရမ်းခများနှင့် အမှုစွဲဆိုသည့်နေ့မှ ဒီဂရီ ချမှတ်သည့် ၁၂-၃-၇၇ နေ့အထိ တင်ရှိသော ငှားရမ်းခများဖြစ်ပေသည်။ ဦးတင်လှ၏လျှောက်လွှာပါ ဖော်ပြချက်များအရဆိုလျှင် ယင်းငှားရမ်းခများတို့ ပေးသွင်းပြီးဖြစ်သည့် သဘောဖြစ်သည်။ ထိုအတိုင်းမှန်လျှင် မြို့နယ် တရားရုံးအနေဖြင့် မိမိချမှတ်ထားသည့်ဒီဂရီကို ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)အရ ဖျက်သိမ်း ပေးရမည်ဖြစ်သည်။ မြို့နယ် တရားရုံးသည် ဦးတင်လှ တင်ပြချက် မှန်မမှန် စစ်ဆေးခြင်း မပြုပဲ အိမ်အပ် ဝရမ်း ထုတ်ဆင့်လိုက် ခြင်းမှာ မှားယွင်းပေသည်။

ဤအယူခံတွင်ပေါ်ပေါက်သည့်ဥပဒေပြဿနာတရပ်မှာဦးတင်လှက ဤ အယူခံကိုတင်သွင်းပြီးနောက် အချင်းဖြစ်အိမ်ကို တရားနိုင်ဒေါ်ပု အား ပေးအပ်ပြီးဖြစ်၍ အယူခံတရားလိုအား ၁၉၆၀ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)အရ သက်သာခွင့်ကို ပေးနိုင် မပေးနိုင်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဦးတင်လှသည် အချင်းဖြစ်အိမ်ကို ပေးအပ်ခြင်းမပြုမီ ကပင်

ပုဒ်မ ၁၅(၁)အရ ထက်သာခွင့်ကို လျှောက်ထား တောင်းဆိုခဲ့သည်။ ဤ အယူခံမှုမှာ မူလရုံး ဇာရီမှု၏ အဆက် ဖြစ်သည့် အလျှောက် ဤအယူခံကို အဆုံးအဖြတ်မပေးမီ မူလဇာရီမှုမှာ ဆောင်ရွက်ဆဲ ဖြစ်သည်ဟု ဆိုရပေမည်။ ဤအယူခံကို တင်သွင်းထားစဉ်အချိန်အတွင်း အချင်းဖြစ်အိမ်ကို တရားနိုင်အား ပေးအပ်ခဲ့သည်ဖြစ်ရာ ထိုသို့ပေးအပ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်သည်ဟု ဆိုရပေမည်။ သို့မဟုတ် ပါက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်များကို လွယ်လွယ်ကူကူ တိမ်းရှောင် နိုင်ကြပေလိမ့်မည်။

၁၉၈၂

ဦးတင်လှ နှင့် ဒေါ်ပု (ခေါ်) ဒေါ်တင်တင် အေး*

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ မြို့နယ်တရားရုံးသည် ဦးတင်လှတင်ပြသည့်အတိုင်း သူပေးရန်ရှိသော အိမ်လခကြွေးများကို ပေးဆပ်ပြီး ဟုတ်မဟုတ် စိစစ်၍ ပေးဆပ်ပြီးဖြစ်ကြောင်း တွေ့ရှိရပါက တရားမကြီးမှု အမှတ် ၄၉/၇၅ တွင် ချမှတ်ထားသော ဒီကရီကို ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ ဖျက်သိမ်းပေးရန် ညွှန်ကြားလိုက်သည်။ အကယ်၍ တရားမကြီးမှု အမှတ် ၄၉/၇၅ တွင် ချမှတ်ထားသောဒီကရီနှင့်စပ်လျဉ်း၍ အိမ်လခကြွေးကျန်များ ပေးဆပ်ပြီးကြောင်း မပေါ်ပေါက်လျှင် ပုဒ်မ ၁၅(၁) အရ လျှောက်ထားချက်ကို စိစစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ညွှန်ကြားလိုက်သည်။

ရှေ့နေခ ကျပ် ၅၀/-သတ်မှတ်သည်။

## တရားမ ပထမအယူခံမှု

**ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ်ဦးလှဘုန်းနှင့်ဦးခင်ဇာမုံ တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

†၁၉၇၂
ဇန်နဝါရီလ
၁၅-ရက်

ဦးတင်အောင်ပါ (၂)

နှင့်

ဦးသိန်းမောင်ပါ (၆)*

**အခွင့်အမိန့်အရနေထိုင်သူအား နှင်လိုမှုသည် မြွက်ဟကြေငြာချက်ဒီဂရီ အကျိုးဆက် သက်သာခွင့်အဖြစ်ဖြင့် တောင်းဆိုနိုင်သော အမှု မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ဦးတင်အောင်တို့သည် အချင်းဖြစ် မြေကိုလက်ရှိ ရထားသူများမဟုတ်သဖြင့် ထိုမြေကို ပိုင်ဆိုင်ကြောင်း သီးခြား သက်သာ ခွင့် ဥပဒေ ပုဒ်မ ၄၂ အရ တရားစွဲဆိုရာတွင် မြွက်ဟကြေငြာချက် ဒီဂရီ၏ အကျိုးဆက် သက်သာခွင့်အဖြစ်ဖြင့် လက်ရောက်ရလိုမှုကိုပါ တောင်းဆိုရန် လိုအပ်ပေသည်။ အခွင့်အမိန့်အရ နေထိုင်သူတို့အား နှင်လိုမှုသည် မြွက်ဟကြေငြာချက် ဒီဂရီ၏ အကျိုးဆက် သက်သာခွင့် အဖြစ်ဖြင့် တောင်းဆိုနိုင်သော အမှုမဟုတ်သဖြင့် အယူခံတရားလိုတို့ သည် အယူခံ တရားပြိုင်တို့အား အခွင့် အမိန့် အရ နေထိုင်သူများ အဖြစ်ဖြင့် ဖယ်ရှားပေးရန် တောင်းဆိုသော သက်သာခွင့် အစား အချင် ဖြစ် မြေကို လက်ရောက်ရလိုကြောင်း သက်သာခွင့်ကို ပြင်ဆင် တောင်းဆိုရန် လိုအပ်သည်။ ထို့အပြင် ထိုသက်သာခွင့်အတွက် အချင်း ဖြစ် မြေ၏တန်ဖိုးအလျောက် ရုံးခွန်ကို ထမ်းဆောင်ရမည် ဖြစ်သည်။

**အယူခံတရားလိုများအတွက်**—ဒေါ်ခင်မြမြဝင်း၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်များအတွက်**— ဦးညွန့်မြိုင်၊ ဗဟို တရားရုံးရှေ့နေ၊ ကိုယ်တိုင်။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ်—၃၆။

† ၁၉၇၆ ခုနှစ်၊ တရားမကြီးမှုအမှတ်—၂တွင် ချမှတ်သော (၃၀-၇-၇၉) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီဂရီ ကို အယူခံမှု။

၁၉၈၂ ဦးဇင်အောင် ပါ (၂) နှင့် ဦးသိန်းမောင် ပါ (၆) *

မန္တလေးတိုင်း တရားရုံး၊တရားမကြီးမှု အမှတ် ၂/၇၆ (အရွှေ တောင်)တွင် အယူခံတရားလို ဦးတင်အောင်နှင့် ဒေါ်ခင်အေး တို့က အယူခံ တရားပြိုင် ဦးသိန်းမောင်၊ မောင်လှမြင့်(ခ) ကျော်ကျော်၊ မခင်မိ(ခ)မိမိ၊ ဦးမောင်ကလေး၊ ဒေါ်လှတင်နှင့် ဦးမောင်မောင်အေး (ခ) ဘဟန်တို့ အပေါ် အချင်းဖြစ် မြေမှာ မိမိတို့ပိုင် ဖြစ်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် သူတို့အား ထိုမြေမှ အခွင့်အမိန့်အရ နေ ထိုင်သူများအဖြစ်ဖြင့် ဖယ်ရှားပေးစေရန် တရားစွဲဆိုရာ တိုင်းတရား ရုံးက မြွက်ဟကြေငြာပေးရန် တောင်းဆိုသည့် သက်သာခွင့်ကို ပယ်၍ ဦးမောင်ကလေး၊ဒေါ်လှတင်နှင့်ဦးမောင်မောင်အေးတို့အပေါ်အချင်း ဖြစ်မြေမှဖယ်ရှားပေးရန် ဒီဂရီချမှတ်သည်။ဦးသိန်းမောင်၊မောင်လှမြင့် နှင့် မခင်မိတို့အပေါ် စွဲဆိုသောအမှုကိုမူ ပလပ်လိုက်သည်။ ဦးတင် အောင်တို့က တိုင်းတရားရုံး၏ စီရင်ချက် ဒီဂရီကို မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ဤတရားမ ပထမအယူခံမှုကို တင်သွင်းသည်။

အယူခံတရားလို ဦးတင်အောင်နှင့် ဒေါ်ခင်အေး တို့က ဦးတင် အောင်၏ဖခင်ဖြစ်သူ ဦးဘစောသည် မန္တလေးမြို့၊ရတနာဘုမ္မိအနောက်၊ အကွက်အမှတ်(၅၃၃)၊ ဦးပိုင်အမှတ်(၄၂) ပေါက်သော ဘိုးဘပိုင် မြေကို အယူခံတရားပြိုင် ဦးသိန်းမောင်၊ဦးမောင်ကလေး၊ဒေါ်လှတင် နှင့် ဦးသိန်းမောင်၏ဇနီး ဒေါ်အေးကြည်နှင့် ဦးသန်းမောင် တို့ထံမှ မှတ်ပုံတင် အရောင်းစာချုပ်အရ ၁၉၅၀ ပြည့်နှစ် တွင် ဝယ်ယူခဲ့ပြီး နောက် ဦးဘစောသည် ညီအရင်းဖြစ်သူ ဦးမောင်ကလေးနှင့် ဇနီး ဒေါ်လှတင်တို့အား မြေပေါ်တွင် အခမဲ့ နေထိုင်ခွင့် ပေးခဲ့ကြောင်း၊ ဒေါ်လှတင်၏ညီမ ဒေါ်အေးကြည်နှင့် ခင်ပွန်းဖြစ်သူ ဦးသိန်းမောင် တို့သည် ဦးမောင်ကလေးတို့ မိသားစုအား မှီခို၍ ဤသူတို့နှင့် အတူ လာရောက်နေထိုင်ခဲ့ကြောင်း၊ မောင်လှမြင့်နှင့် မခင်မိတို့မှာ ဦးသိန်း မောင်နှင့် ဒေါ်အေးကြည်တို့၏ သားသမီးများ ဖြစ်ကြပြီး ဦးမောင် မောင်အေးမှာ ဦးမောင်ကလေးနှင့် ဒေါ်လှတင်တို့၏သားဖြစ်ကြောင်း၊ တရားမစွဲဆိုမီ တနှစ်ခွဲခန့်က ဦးသိန်းမောင်သည် အချင်းဖြစ် မြေပေါ် တွင် အဆောက်အအုံသစ် တခု ဆောက်လုပ်ရာ ဦးတင်အောင် က ကန့်ကွက်ရာမှ အချင်းများကြကြောင်း၊ သို့ဖြစ်၍ အယူခံတရားပြိုင်တို့ အား အချင်းဖြစ် မြေမှ ဖယ်ရှားစေရန် ပြောဆိုခဲ့ကြောင်း၊ သို့သော် သူတို့သည် မြေမှထွက်သွားရန် ငြင်းဆန်နေကြောင်း၊စသည်ဖြင့် အဆိုပြု ကာ အချင်းဖြစ်မြေမှာ မိမိတို့ပိုင်ဖြစ်သွားကြောင်း မြွက်ဟကြေငြာ ပေးရန်နှင့် ခေတ္တနေခွင့်ပြုထားသော အယူခံတရားပြိုင်တို့အား အချင်း ဖြစ်မြေမှ ဖယ်ရှားပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ကျွံအမှုတွင် အငြင်းမပွားသည့်အချက်မှာ အယူခံတရားပြိုင် ဦးသိန်း
၁၉၈၂ မောင်၊ ဦးမောင်ကလေးနှင့် ဒေါ်လှတင်တို့သည် အချင်းဖြစ် မြေကို
ဦးတင်အောင် အယူခံ တရားပြိုင် ဦးတင်အောင်၏ ဖခင် ဦးဘစောထံ ရောင်းချ
ပါ(၂) ကြောင်း ၂-၅-၅၀ရက်စွဲပါ သက်သေခံ(က) မှတ်ပုံတင် အရောင်း
နှင့် စာချုပ်ကို ချုပ်ဆိုခဲ့သည် ဆိုသောအချက် ဖြစ်သည်။ သို့သော် ဦးသိန်း
ဦးသိန်းမောင် မောင်က အချင်းဖြစ်မြေကို ဒေါ်မေဆိုသူထံမှ ပြန်လည် ရွေးနုတ်လို
ပါ(၆)* သဖြင့် ဦးဘစောထံမှ ငွေကျပ် ၂၀၀ိ/- ချေးယူခဲ့ရာ ဦးဘစောက
အချင်းဖြစ်မြေကို အပေါင်မခံနိုင်ကြောင်း၊ အရောင်းစာချုပ် ချုပ်ဆို
ပေးမှသာ ငွေချေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုသဖြင့် သက်သေခံ
စာချုပ်ကို ဟန်ဆောင်ချုပ်ဆိုပေးခဲ့ရပါသည်ဟု ထွက်ဆိုသည်။ အယူခံ
တရားပြိုင် ဦးမောင်ကလေးကမူ မြေကိုအမှန်တကယ် ရောင်းချခြင်း ဖြစ်
ပါသည်ဟု ထွက်ဆိုသည်။ ဦးသိန်းမောင်တို့ အရောင်းစာချုပ်အဖြစ်
ချုပ်ဆိုခဲ့ရသော စာချုပ်သည် အမှန်တကယ် အရောင်းစာချုပ် မဟုတ်
သဖြင့် မိမိတို့အပေါ် အတည်မဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်း
ကမ်းသတ် ကာလအတွင်း တရားစွဲဆိုခြင်းဖြင့် အရေးယူ ဆောင်ရွက်ခဲ့
ကြောင်း မတွေ့ရချေ။ သို့ဖြစ်၍ သက်သေခံ (က) အရောင်းအဝယ်
စာချုပ်မှာ အတည်ဖြစ်လျက်ရှိသည်ဟု ယူဆရပေမည်။

ဦးဘစောသည် ကွယ်လွန်သွားပြီဖြစ်ရာ အမွေဆိုင်တဦးဖြစ်သူ ဒေါ်စက်ရီက အချင်းဖြစ်မြေတွင် သူ၏ရပိုင်ခွင့်ကို စွန့်လွှတ်ကြောင်း မှတ်ပုံတင် စာချုပ် ချုပ်ဆိုခဲ့သည့် အလျောက် ဦးဘစော၏ သားဖြစ်သူ ဦးတင်အောင်နှင့် ဇနီး ဒေါ်ခင်အေး တို့သည် အချင်းဖြစ် မြေ၏ ပိုင်ရှင်အဖြစ်သို့ ရောက်ရှိလာသည်ဟု ဆိုရပေမည်။

အယူခံ တရားလိုတို့က အယူခံတရားပြိုင်တို့အား အခွင့် အမိန့်အရ နေထိုင်သူများအဖြစ် ဖယ်ရှားပေးရန် တရားစွဲဆိုထားသည်ကို တွေ့ရသည်။ ဦးတင်အောင်တို့သည် အချင်းဖြစ်မြေကို လက်ရှိ ရထားသူများ မဟုတ်သဖြင့် ထိုမြေကို ပိုင်ဆိုင်ကြောင်း သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုရာတွင် မြွက်ဟကြေငြာချက် ဒီဂရီ၏ အကျိုးဆက်သက်သာခွင့်အဖြစ်ဖြင့် လက်ရောက်ရလိုမှုကိုပါ တောင်းဆိုရန် လိုအပ်ပေသည်။ အခွင့် အမိန့်အရ နေထိုင်သူတို့အား နှင်လိုမှုသည် မြွက်ဟကြေငြာချက် ဒီဂရီအကျိုးဆက် သက်သာခွင့်အဖြစ်ဖြင့် တောင်းဆိုနိုင်သော အမှုမဟုတ်သဖြင့် အယူခံတရားလိုတို့သည် အယူခံတရားပြိုင်တို့အား အခွင့် အမိန့်အရ နေထိုင်သူများ အဖြစ်ဖြင့် ဖယ်ရှားပေးရန် တောင်းဆိုသော သက်သာခွင့်အစား အချင်းဖြစ်မြေကို လက်ရောက်

ရလိုကြောင်း သက်သာခွင့်ကို ပြင်ဆင်တောင်းဆိုရန် လိုအပ်သည်။ ထို့ပြင် ထိုသက်သာခွင့်အတွက် အချင်းဖြစ်မြေ၏ တန်ဖိုးအလျောက် ရုံးခွန်ကို ထမ်းဆောင်ရမည် ဖြစ်သည်။

၁၉၈၂
ဦးတင်အောင်
ပါ (၂)
နှင့်
ဦးသိန်းမောင်
ပါ (၆) *

အထက်ပါအကြောင်းများကြောင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီး အမှုကို တိုင်းတရားရုံးသို့ ပြန်လည် ပေးပို့လိုက်သည်။ တိုင်းတရားရုံးသည် ဦးတင်အောင်တို့အား မူလ အမှုတွဲဥပဒေသူတို့၏ အဆိုလွှာကို ဥပဒေနှင့်အညီ ပြင်ဆင်၍လိုအပ်သည့် ရုံးခွန်များကို ဖြည့်စွက် ထမ်းဆောင်ခွင့်ပြုပြီး အယူခံတရားပြိုင် ဦးသိန်းမေင်တို့က ပြင်ဆင်ချက်ချေလွှာတင်လိုလျှင် တင်ခွင့်ပြုကာ အမှုကို တရားဥပဒေအရ ဆက်လက်စီရင်ဆုံးဖြတ်ရန် ညွှန်ကြားလိုက်သည်။ နှစ်ဘက် အမှုသည်များသည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

## တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့်ဦးတင်အောင် ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၂
ဒီဇင်ဘာလ
၃၀ ရက်

ဦးထွန်းမောင်

နှင့်

မ
ဦးဘိုနီ*

**ပြန်လှန်စစ်မေးခြင်း— တရားပြိုင်အများ ရှိသည့်အမှု၌ တရားလိုအား ပြန်လှန်စစ်မေးခြင်း– တရားပြိုင်နှစ်ဦးသည် တစ်ဦးအပေါ် တစ်ဦး တာဝန် ပုံချနေသည့် အခြေအနေမျိုးတွင် တရားလိုအား ပြန်လှန် စစ်မေးခွင့်ပြုရန် အစီအစဉ်။**

**ဆုံးဖြတ်ချက်။** ။သက်သေခံအက်ဥပဒေ ပုဒ်မ ၁၃၈ ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် မူလရုံး တရားလို ဦးဘိုနီအား တရားလိုဘက်မှ အဓိက စစ်မေးပြီးနောက် တရားပြိုင်ဘက်မှ ပြန်လှန်စစ်မေးခွင့် ပြုရ လိမ့်မည်။ အမှုတွင် တရားပြိုင်နှစ်ဦးရှိနေသည်ကို တွေ့ရသည်။ အချင်း ဖြစ်ပွားစဉ်က ဦးထွန်းမောင်သည် အလှည့်ကျ တာဝန်ခံ ဂေါပကလူကြီး အဖြစ် ဆောင်ရွက်ခဲ့သောကြောင့် အမှုတွင် သူ့အား ဒုတိယတရားပြိုင် အဖြစ် ထည့်သွင်းတရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ ဦးထွန်းမောင်က ဆူးလေ စေတီတော် ဂေါပကအဖွဲ့အား တရားပြိုင်ပြုလုပ် စွဲဆိုထားပြီး ဖြစ်၍ မိမိအား တရားပြိုင်အဖြစ် ထည့်သွင်းရန် မလိုသောကြောင့် တရားမ ကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်း ၁၀(၂)အရ အမှုမှ ဖယ်ထုတ်ပေးရန် ချေလွှာ၌ ဖော်ပြထားသည်။ ဆူးလေစေတီတော် ဂေါပကအဖွဲ့က တရားလိုထံမှ သစ်စေးဝယ်ယူရန် ကတိစာချုပ်ကို ဦးထွန်းမောင်က ၎င်း၏ တဦးတည်းဆန္ဒဖြင့် ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း ထုချေသည်။ ဤ အခြေအနေတွင် တရားပြိုင်နှစ်ဦးသည် တစ်ဦးအပေါ် တစ်ဦး တာဝန်ပုံချသည့် သဘော ဆောင်နေကြကြောင်း ပေါ်ပေါက်သည်။

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၂၀၀။

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၀ တွင် ချမှတ်ထားသော (၄-၁၀-၈၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

သို့ဖြစ်ရာ ဦးတိုနီအား ပထမတရားပိုင်ဖြစ်သည့် ဆူးလေ စေတီတော် ဂေါပကအဖွဲ့က ပထမ ပြန်လှန်စစ်ဆေးပြီးနောက် ဦးထွန်းမောင်က ဦးတိုနီအား ပြန်လှန်စစ်ဆေးခွင့် ရမှသာလျှင် ဦးထွန်းမောင်အနေဖြင့် အမှုတွင် အပြည့်အဝ တုချေခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် တိုင်း တရားရုံးက ဦးထွန်းမောင်၏ လျှောက်ထားချက်ကို ပယ်လိုက်ခြင်းမှာ မှားယွင်းပေသည်။

၁၉၈၂
ဦးထွန်းမောင်
နှင့်
ဦးတိုနီ *

**လျှောက်ထားသူအတွက်** — ဒေါ်ခင်မမ၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်** — ဦးမြင့်သိန်း၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၀၇/၇၉ တွင် လျှောက်ထားခံရသူ ဦးတိုနီက တရားလိုပြုလုပ်လျက် ဆူးလေစေတီတော် ဂေါပကအဖွဲ့နှင့် လျှောက်ထားသူ ဦးထွန်းမောင်တို့အပေါ် သစ်စေး ပုံး ၂၀ အတွက် နစ်နာကြေးငွေ ကျပ် ၁၂၇၀၀/-ရလိုကြောင်း တရားစွဲဆိုရာ တရားလိုဦးတိုနီအား အဓိကစစ်မေးပြီးနောက် တရားပိုင် ဘက်မှ ပြန်လှန်စစ်မေးရန်အလှည့် ကျရောက်သောအခါ ပထမတရား ပိုင်ဖြစ်သော ဆူးလေစေတီတော် ဂေါပကအဖွဲ့မှ လိုက်ပါဆောင်ရွက် သည့် အကျိုးဆောင်က နေမကောင်းသဖြင့် နောက်တနေ့မှ ပြန်လှန် စစ်မေးလိုကြောင်း တင်ပြသည်။ လျှောက်ထားသူ ဦးထွန်းမောင်က လည်း ပထမတရားပိုင်၏ အကျိုးဆောင် စစ်ဆေးပြီးမှ တရားလိုအား ပြန်လှန်စစ်မေးလိုကြောင်း တင်ပြရာ တိုင်းတရားရုံးက ယင်းတင်ပြချက် ကို ပယ်လိုက်သဖြင့် ဦးထွန်းမောင်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

သက်သေခံ အက်ဥပဒေပုဒ်မ ၁၃၈ ပါ ပြဋ္ဌာန်းချက်များအရ ဆိုလျှင် မူလရုံးတရားလို ဦးတိုနီအား တရားလိုဘက်မှ အဓိကစစ်မေး ပြီးနောက် တရားပိုင်ဘက်မှ ပြန်လှန်စစ်မေးခွင့် ပြုရလိမ့်မည်။ အမှု တွင် တရားပိုင်နှစ်ဦးရှိနေသည်ကို တွေ့ရသည်။ အချင်းဖြစ်ပွားစဉ်က ဦးထွန်းမောင်သည် အလှည့်ကျတာဝန်ခံ ဂေါပကလူကြီးအဖြစ် ဆောင် ရွက်ခဲ့သောကြောင့် အမှုတွင် သူ့အား ဒုတိယတရားပိုင်အဖြစ် ထည့် သွင်းတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ဦးထွန်းမောင်က ဆူးလေစေတီတော် ဂေါပကအဖွဲ့အား တရားပိုင်ပြုလုပ် စွဲဆိုထားပြီးဖြစ်၍ မိမိအား တရား ပိုင်အဖြစ် ထည့်သွင်းရန် မလိုသောကြောင့် တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၊ နည်း ၁၀(၂) အရ အမှုမှ ပယ်ထုတ်ပေးရန် လျှောက်ထား၍ ဖော်

၁၉၇၂
ဦးထွန်းမောင်
နှင့်
ဦးဘိုနီ*

ပြထားသည်။ ဆူးလေစေတီတော် ဂေါပကအဖွဲ့က တရားလိုထံမှ သစ်စေးဝယ်ယူရန် ကတိစာချုပ်ကို ဦးထွန်းမောင်က ၎င်း၏ တဦးတည်းဆန္ဒဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း ထုချေသည်။ ဤအခြေအနေတွင် တရားပြိုင်နှစ်ဦးသည် တစ်ဦးအပေါ် တစ်ဦး တာဝန်ပုံချသည့် သဘောဆောင်နေကြကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ ဦးဘိုနီအား ပထမ တရားပြိုင်ဖြစ်သည့် ဆူးလေစေတီတော် ဂေါပကအဖွဲ့က ပထမ ပြန်လှန်စစ်ဆေးပြီးနောက် ဦးထွန်းမောင်က ဦးဘိုနီအား ပြန်လှန်စစ်ဆေးခွင့် ရမှသာလျှင် ဦးထွန်းမောင်အနေဖြင့် အမှုတွင် အပြည့်အဝ ထုချေခွင့်ရမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းတရားရုံးက ဦးထွန်းမောင်၏ လျှောက်ထားချက်ကို ပယ်လိုက်ခြင်းမှာ မှားယွင်းပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ တိုင်းတရားရုံး၏ ၄-၁၀-၇၀ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ ဦးဘိုနီအား ပထမအယူခံတရားပြိုင်က ပြန်လှန် စစ်ဆေးပြီးမှသာ ဦးထွန်းမောင်က ပြန်လှန်စစ်ဆေးခွင့်ပြုရန် တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။

ရှေ့နေခကို ကျပ် ၅၀/—ဟု သတ်မှတ်သည်။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်ဟိန်းနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

နန်းမွေးအိမ်

နှင့်

စိုင်းမောင်အေး*

† ၁၉၈၂
ဇွန် ၂၂ ရက်

**မြန်မာဓလေ့ထုံးတမ်းဥပဒေအရလင်မယားကွာရှင်းလိုမှု—မုဒိမ်းမှုသည် ကွာရှင်းခွင့်ရထိုက်သော အိမ်ထောင်ရေးပြစ်မှုဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အယူခံဘရားပြိုင် စိုင်းမောင်အေးသည် မုဒိမ်းမှု ကျူးလွန်သည့်အတွက် မယားဖြစ်သူ မနန်းမွေးအိမ်မှာ အနည်းနှင့် အများ စိတ်ဆင်းရဲမှုဖြစ်ဖွယ်ရာ အကြောင်းရှိပေသည်။ အယူခံ တရားလို၏ အကျိုးဆောင်က စိုင်းမောင်အေး၏ အပြုအမူသည် လင်မယား ကွာရှင်းခွင့်ရစေလောက်သည့် ရက်စက်မှုဖြစ်ကြောင်း ယူဆသင့်သည်ဟု လျှောက်လဲသော်လည်း စီရင်ထုံး အကိုးအကား တင်ပြနိုင်ခြင်း မရှိပေ။ ယောကျ်ားဖြစ်သူ မုဒိမ်းမှု ကျူးလွန်ခြင်းသည် အိမ်ထောင်ရေး ပြစ်မှု ဖြစ်ကြောင်း မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် ပြဆိုထားခြင်းမရှိသည်ကို တွေ့ရသည်။

**အယူခံတရားလိုအတွက်** — ဦးစိုင်းမြင့်မောင်၊ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ကိုယ်တိုင်။

သီပေါမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃/၇၉ တွင် အယူခံ တရားလို မနန်းမွေးအိမ်က အယူခံတရားပြိုင် စိုင်းမောင်အေးအပေါ် လင်မယားကွာရှင်းပေးစေလိုမှုစွဲဆိုရာ အမှုပလပ်ခြင်းခံရသဖြင့် မကျေ နပ်၍ ရှမ်းပြည်နယ်တရားရုံး၊ တရားမအယူခံမှုအမှတ် ၁၀/၈၀ တွင်

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၈၀။

† ၁၉၈၀ ပြည့်နှစ်၊ တရားမ အယူခံမှု အမှတ် ၁၀ တွင် ချမှတ်သော (၁၃-၈-၈၀) နေ့စွဲပါ ရှမ်းပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံဝင်ရောက်ရာတွင်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၌
၁၉၈၂ ဤဒုတိယအယူခံကို တင်သွင်းသည်။

နန်းမွေးအိမ် နှင့် စိုင်းမောင်အေး*

အမှုမှာ မူလရုံး တရားလို မနန်းမွေးအိမ်က သူနှင့် တရားပြိုင် စိုင်းမောင်အေးတို့သည် ရှမ်းအမျိုးသား ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥပဒေအရ ၁၉၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်နေ့က သီပေါမြို့နယ် ဆွန်လုံကျေးရွာအုပ်စု တတ်လျှန်ကျေးရွာ၌ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥပဒေနှင့်အညီ လက်ထပ်ထိမ်းမြား၍ တတ်လျှန် ကျေးရွာရှိ တရားလို၏ မိဘများအိမ်တွင် အတူတကွ ပေါင်းသင်း နေထိုင်ခဲ့ကြောင်း၊ ထိုသို့ပေါင်းသင်းနေထိုင်ရာမှ တလကျော်အရောက် တွင် တရားပြိုင်သည် မနန်းမြဆိုသူ အခြားအမျိုးသမီးတစ်ဦးအား အလို မတူပဲ သားမယားပြုကျင့်မှုဖြင့် သီပေါမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၄/၇၇ တွင် အလုပ်နှင့် ထောင်ဒဏ် (၃) နှစ် ချမှတ် ခြင်း ခံရကြောင်း၊ တရားပြိုင်သည် တရွာတည်းနေ အခြားမိန်းမပျို တဦးအပေါ် မုဒိမ်းမှုကျူးလွန်ခဲ့ခြင်းဖြင့် ကြီးမားသော အိမ်ထောင် ရေး ပြစ်မှုကို ကျူးလွန်ခဲ့သူဖြစ်သည့်အလျောက် ၎င်းအပေါ် ကွာရှင်း ခွင့် ရထိုက်ကြောင်း စသည်ဖြင့် အဆိုပြုလျက် မနန်းမွေးအိမ်က စိုင်းမောင်အေးအပေါ် ဤအမှုကို စွဲဆိုသည်။

မူလရုံးတရားပြိုင် စိုင်းမောင်အေးက မုဒိမ်းမှုဖြင့် ထောင်ဒဏ်(၃)နှစ် ကျခံခဲ့ရခြင်းကို မငြင်းပဲ မမျှော်လင့်ပဲဖြစ်ပွားခဲ့သော ကိစ္စတရပ်သာ ဖြစ်ကြောင်း၊ တရားလိုကို ချစ်ခင်မြတ်နိုးသဖြင့် ငွေကျပ် ၄၅၀၀/- အကုန်ခံ၍ လူကြီးမိဘများရှေ့တွင် တောင်းရမ်း လက်ထပ်ခဲ့ခြင်း ဖြစ်သဖြင့် တရားလိုအား ကွာရှင်းခွင့် မပေးနိုင်ကြောင်း စသည်ဖြင့် ချေပလေသည်။ မြို့နယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့က တရားပြိုင် ကျူးလွန်သောပြစ်မှုသည် လင်မယား ကွာရှင်းမှု ရထိုက်အောင် ကြီးလေးသော အိမ်ထောင်ရေး ပြစ်မှုမဟုတ်ကြောင်း သုံးသပ်လျက် တရားလိုစွဲဆိုသောအမှုကို ပလပ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဤအယူခံတွင် အဓိကအကြောင်းပြချက်မှာ အယူခံတရားပြိုင်သည် မုဒိမ်းမှုကျူးလွန်ခြင်းမှာ အယူခံတရားလို မနန်းမွေးအိမ် အနေဖြင့် မိမိယောကျ်ားအပေါ် တသက်လုံး ခွင့်မလွှတ်နိုင်လောက်သည့် စိတ်၏ ညှဉ်းပမ်းနှိပ်စက်မှုဖြစ်ကြောင်းဟူ၍ ဖြစ်သည်။

အယူခံတရားပြိုင် စိုင်းမောင်အေးသည် မုဒိမ်းမှု ကျူးလွန်သည့် အတွက် မယားဖြစ်သူမနန်းမွေးအိမ်မှာ အနည်းနှင့်အများ စိတ်ဆင်းရဲမှု

ဖြစ်ဖွယ်ရာ အကြောင်းရှိပေသည်။ အယူခံတရားလို၏ အကျိုးဆောင်က စိုင်းမောင်အေး အပြုအမူသည် လင်မယားကွာရှင်းခွင့် ရစေလောက်သည့် ရက်စက်မှုဖြစ်ကြောင်း ယူဆသင့်သည်ဟု လျှောက်လဲသော်လည်း စီရင်ထုံး အကိုးအကား တင်ပြနိုင်ခြင်း မရှိပေ။ ယောကျ်ား ဖြစ်သူမှုဒိမ်းမှု ကျူးလွန်ခြင်းသည် အိမ်ထောင်ရေး ပြစ်မှုဖြစ်ကြောင်း မြန်မာမလေ့ထုံးတမ်းဥပဒေတွင် ပြဆိုထားခြင်း မရှိသည်ကို တွေ့ရသည်။ ဤအခြေအနေတွင် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က မနန်းမွှေးအိမ်၏ အမှုကို ပလပ်လိုက်ခြင်းမှာ မှားယွင်းသည်ဟု မဆိုသာပေ။

၁၉၈၂

နန်းမွှေးအိမ်
နှင့်
စိုင်းမောင်
အေး *

ထို့ကြောင့် မြို့နယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီဂရီကို အတည်ပြု၍ အယူခံတရားလို၏ အယူခံလွှာကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ နှစ်ဘက် အမှုသည်တို့သည် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ်ဦးခင်ဇော်မုံနှင့် ဦးမြကျော်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ဖျန်း/ဦးတင်ရွှေပေါ (၂)

နှင့်

† ၁၉၈၂
ဇွန်လ ၂ရက်

မောင်ကျင်ဝင်း(ဦးမွှား၏တရားဝင်ကိုယ်စားလှယ်) *

**ကွယ်လွန်သူအမှုသည်၏ တရားဝင် ကိုယ်စားလှယ်—တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၂၂၊ နည်း ၄ တွင် တရား ဝင် ကိုယ်စားလှယ်ဟု ကေဝုစ်ကိန်းအဖြစ် ဖော်ပြထားသော်လည်း တရားဝင် ကိုယ်စား လှယ် တစ်ဦးထက် ပိုမိုရှိပါက ထိုစကားရပ်ကို ဗဟုဝုစ်ကိန်းအဖြစ် မှတ်ယူရမည် ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** အယူခံတရားလိုတို့သည် ဦးမွှား၏တရားဝင်ကိုယ် စားလှယ်အားလုံးကို စည်းကမ်းသတ်ကာလအတွင်း အယူခံမှုများတွင် ထည့်သွင်းခဲ့ခြင်းမရှိသဖြင့် အယူခံတရားလိုတို့ တင်သွင်းသော အယူခံ မှုများမှာ ရပ်စဲသွား သည်ဟု ကောက်ယူရ ပေမည်။ အကြောင်းမူ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၄ တွင် တရားဝင် ကိုယ်စားလှယ်ဟု ကေဝုစ်ကိန်းအဖြစ်ဖော်ပြထားသော်လည်း တရားဝင် ကိုယ်စားလှယ် တစ်ဦးထက် ပိုမိုရှိပါက ထိုစကားရပ်ကို ဗဟုဝုစ်ကိန်း အဖြစ် မှတ်ယူရမည်ဖြစ်သည်။

**အယူခံတရားလိုများအတွက်** — ဦးဘထွန်း၊ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်များအတွက်** - ဦးသန်းစိန်နှင့် ဦးကျော်လှိုင်(ကိုယ်စား) ဦးလှသောင်း ဗဟိုတရားရုံးရှေ့နေများ။

ပဲခူးတိုင်းညောင်လေးပင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၇၇နှင့် ၁၁/၇၇ တို့တွင် ဦးမွှားက အယူခံတရားလို ဒေါ်ဖျန်း၊ဦးဟုန်

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃၀၊ ၁၃၉။

† ၁၉၇၉ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၉၉၊ ၁၀၀ တွင် ချမှတ် ထားသော (၂၉-၅-၈၀)နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက် နှင့် ဒီကရီကို အယူခံမှု။

နှင့် ကိုတင်ရွှေမလှကြည်တို့အသီးသီးအပေါ် သူတို့အား ငှားရမ်းထားသော အိမ်ခန်းများကို မိမိကိုယ်တိုင်နေထိုင်ရန်အတွက် သဘောရိုးဖြင့် ရယူလိုသည်ဟုဆိုကာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)အရ တရားစွဲဆိုရာ အရေး နိမ့်ခဲ့သည်။ ဦးမွားက မြို့နယ်တရားရုံး၏စီရင်ချက်နှင့် ဒီဂရီကိုမကျေနပ်သဖြင့် ပဲခူးတိုင်းတရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကိုပယ်ဖျက်ပြီး ဦးမွား စွဲဆိုသည့်အတိုင်း ဒီဂရီချမှတ်လိုက်သောကြောင့် ဒေါ်ဖျန်းက ဗဟိုတရားရုံး တရားမ ဒုတိယအယူခံမှုအမှတ် ၁၃၈/၈၀ တွင်လည်းကောင်း၊ ကိုတင်ရွှေတို့က တရားမ ဒုတိယအယူခံမှုအမှတ် ၁၃၉/၈၀ တွင်လည်းကောင်း အသီးသီးအယူခံဝင်ကြသည်။ အမှုနှစ်မှုတွင် အဆုံးအဖြတ်ပေးရမည့် ဥပဒေပြဿနာမှာ ဆိုညီနေသည်ဖြစ်၍ ဤစီရင်ချက်သည် အဆိုပါ အယူခံမှုများနှင့် သက်ဆိုင်သည်။

၁၉၈၂

ဒေါ်ဖျန်း/ ဦးတင်ရွှေပါ (၂) နှင့် မောင်ကျော်ဝင်း (ဦးမွား၏ တရားဝင် ကိုယ်စားလှယ်)*

ဗဟိုတရားရုံးတွင် ဤအယူခံမှုကို တင်သွင်းထားစဉ် အတွင်း အယူခံတရားပြိုင်ဖြစ်သူ ဦးမွားသည် ၂၇-၂-၈၁နေ့တွင် ကွယ်လွန်သွားသဖြင့် သူ၏နေရာတွင် သားဖြစ်သူ မောင်ကျော်ဝင်းအား တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် အယူခံတရားလိုတို့ဘက်မှ လျှောက်ထားခဲ့သည်ကို တွေ့ရသည်။

ဦးမွား၏ အဆိုလွှာအပိုဒ် (၂)တွင် အချင်းဖြစ် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြထားသည်။

> "တရားလိုသည် တရားပြိုင်များအား အိမ်ငှားရမ်း စဉ်က တရားလို၏ မိသားစုတွင် အိမ်သားဦးရေ နည်းပါးခဲ့ပါသည်။ ယခုအခါတွင် တရားလို၏မိသားစုတွင် အိမ်သား ဦးရေ တိုးပွားသည့်အပြင် ကျောင်းသူ/ကျောင်းသား၊ လူပျို/အပျိုများရှိလာပါသည်။ သို့ဖြစ်၍ တရားလို လက်ရှိနေထိုင်သော အိမ်ခန်းသည် တရားလို၏မိသားစုအတွက် နေထိုင်ရန် လုံလောက်ခြင်း မရှိတော့ပါ"

ဦးမွားကိုယ်စား သက်သေခံရာတွင် မောင်ကျော်ဝင်းက "ဦးမွား၊ ဒေါ်ခင်စိန်တွင် သားသမီးသုံးဦး ပါသည်။ သားများမှာ အသက် ၂၅ နှစ်၊ ၂၀ နှစ်အရွယ် လူပျိုများဖြစ်ပါသည်။ သမီးမှာ အသက်၁၈ နှစ်အရွယ် ကျောင်းသူဖြစ်ပါသည်"ဟု ထွက်ဆိုသည်။

၁၉၈၂
ဒေါ်ဖျန်း/
ဦးတင်ရွှေပါ
(၂)
နှင့်
မောင်ကျင်ဝင်း
(ဦးမွှား၏
တရားဝင်
ကိုယ်စား
လှယ်)*

ဦးမွှား၏နေရာတွင် မောင်ကျင်ဝင်းအား တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားရာ၌ ဦးမွှား သေဆုံးကြောင်း အထောက်အထားအဖြစ်ဖြင့် အသုဘရှုတရားတော်နာ ဖိတ်ကြားစာကို အယူခံတရားလိုများဘက်မှ တင်ပြခဲ့ရာ ယင်းဖိတ်ကြားစာပါ ဖော်ပြချက်များအရ ဆိုလျှင်လည်း မောင်ကျင်ဝင်းထွက်ဆိုခဲ့သည့်အတိုင်း ဦးမွှား ကွယ်လွန်သောအခါ ဇနီးဖြစ်သူ ဒေါ်ခင်စိန်နှင့် မောင်ကျင်ဝင်းအပါအဝင် သားသမီးများကျန်ရစ်ကြောင်း ပေါ်လွင်သည်။ သို့ဖြစ်ရာ မောင်ကျင်ဝင်းသည် ဦးမွှား၏တဦးတည်းသော တရားဝင်ကိုယ်စားလှယ်မဟုတ်ကြောင်း ထင်ရှားနေပေသည်။ အယူခံတရားလို တို့သည် ဦးမွှား၏ တရားဝင်ကိုယ်စားလှယ် အားလုံးကို စည်းကမ်းသတ် ကာလ အတွင်း အယူခံမှုများတွင် ထည့်သွင်းခဲ့ခြင်းမရှိသဖြင့် အယူခံတရားလိုတို့ တင်သွင်းသော အယူခံမှုများမှာ ရပ်စဲသွားပြီဟု ကောက်ယူရ ပေမည်။ အကြောင်းမှု တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၄ တွင် တရားဝင် ကိုယ်စားလှယ်ဟု စကားရပ်ကို ဖော်ပြထားသော်လည်း တရားဝင် ကိုယ်စားလှယ်တစ်ဦးထက်ပိုမိုရှိပါက ထိုစကားရပ်ကို ဗဟုဝုစ်ကိန်းအဖြစ် မှတ်ယူရမည် ဖြစ်သည်။

ထို့ကြောင့် ဤအယူခံမှုများမှာ ရပ်စဲသွားသည့် အလျောက် ပလပ်လိုက်သည်။ နှစ်ဘက်အမှုသည်များသည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

---

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ်ဦးလှဘုန်းနှင့်ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးဘစံပါ ၃

နှင့်

ဦးဘိုးသိပါ ၂ *

† ၁၉၇၂
ဧပြီလ ၂၉ ရက်

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)ပါ ပြဋ္ဌာန်းချက်— ပုဒ်မ ၁၅ (၁) အရ လျှောက်လွှာကို ဇာရီရုံးတွင်သာ တင်သွင်းခွင့်ရှိသည်ဟု ယင်းပုဒ်မတွင် ပြဋ္ဌာန်းထားချက်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အယူခံတရားပြိုင်တို့၏ အကျိုးဆောင်က အယူခံတရားလိုတို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)အရ လျှောက်လွှာကို မြို့နယ် တရားရုံးတွင် တင်သွင်းခဲ့သည်ဟု ဆိုသော်လည်း မြို့နယ်တရားရုံး၏ မှတ်တမ်းများတွင် ထိုသို့တင်သွင်းခဲ့ကြောင်း အထောက်အထားမရှိကြောင်း၊ အယူခံရုံးဖြစ်သည့် ပဲခူးတိုင်း တရားရုံးရောက်မှ ယခုကဲ့သို့ လျှောက်ထားတင်ပြခဲ့ခြင်းဖြစ်၍ လက်ခံရန် အကြောင်းမရှိကြောင်းဖြင့် လျှောက်ထားသည်။ ပုဒ်မ ၁၅ (၁)အရ လျှောက်လွှာကို ဇာရီရုံးတွင်သာ တင်သွင်းခွင့်ရှိသည်ဟု ယင်းပုဒ်မတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။ ပုဒ်မ ၁၅(၁) အရ လျှောက်လွှာကို ဦးဘစံတို့က တိုင်းတရားရုံးတွင် တင်ပြ လျှောက်ထားစဉ်အခါက ဒီဂရီကို အတည် မပြုရသေးသဖြင့် ဦးဘစံတို့၏ လျှောက်ထားချက်သည် နောက်ကျသည်ဟု ကောက်ယူရန် မသင့်ပေ။

**အယူခံတရားလိုများအတွက်—** ကိုယ်တိုင်။

**အယူခံတရားပြိုင်များအတွက်—** ဦးမျိုးဟန်၊ ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၇၁ ပြည့်နှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၀၉။

† ၁၉၇၀ ပြည့်နှစ်၊ တရားမအယူခံမှုအမှတ် ၄၉ တွင် ချမှတ်ထားသော (၉-၆-၇၀) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကို အယူခံမှု။

၁၉၈၂ ပဲခူးတိုင်း ဝေါမြို့နယ်တရားရုံး တရားမ ဇာရီမှုအမှတ် ၂/၇၉ တွင်

ဦးဘစံပါ ၃ နှင့် ဦးဘိုးသီ ပါ ၂* အယူခံ တရားပြိုင် ဦးဘိုးသီနှင့် ဒေါ်ကျောင်လှတို့က ယင်း တရားရုံး တရားမကြီးမှုအမှတ် ၁/၇၄ တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က)အရ ချမှတ်ထားသော ဒီဂရီကို အယူခံတရားလို ဦးဘစံ ဒေါ်ခင်မြနှင့် ဒေါ်ခင်မမတို့အပေါ် အတည်ပြုရာ ဦးဘစံတို့က အကြောင်းအမျိုးမျိုး ပြ၍ ကန့်ကွက်ခဲ့သည်၊ မြို့နယ်တရားရုံးက ကန့်ကွက်ချက်များကို ပယ်ချ၍ အိမ်လခအကြွေးများနှင့် တရားစရိတ်များ ပေးဆောင်စေရန်နှင့် အချင်းဖြစ်အိမ်ကို တရားနိုင်တို့အား ပေးအပ်စေရန် အမိန့် ချမှတ်ခဲ့သည်။ အယူခံတရားလိုတို့က မြို့နယ်တရားရုံး၏ အမိန့်ကို ပဲခူးတိုင်းတရားရုံးတွင် အယူခံဝင်ရာ ပေးရန်ကျန်ရှိသေးသော ငှားရမ်းခများ ပေးဆပ်ခွင့်ပြုရန်နှင့် ဒီဂရီကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)အရ ဖျက်သိမ်းပေးရန် လျှောက်ထားသည်။ သို့သော် တိုင်းတရားရုံးက ဦးဘစံတို့၏ လျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဦးဘစံတို့က ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် သက်ဆိုင်သည့် ဥပစာမှ အိမ်ငှားကို နှင်ထုတ်ရန်အတွက် ဒီဂရီချမှတ်ထားရာ၌ အိမ်ရှင်က ထိုဒီဂရီကို အတည်ပြုရန် လျှောက်ထားသည့် အခါတွင်ဖြစ်စေ၊ အိမ်ငှားဖြစ်သူက ထိုဒီဂရီကို အတည်မပြုရန် လျှောက်ထားသည့်အခါတွင်ဖြစ်စေ ထိုဒီဂရီကို အတည်မပြုရသေးပါက သင့်သည် ထင်မြင်သည့်ကာလ အပိုင်းအခြား၊ သို့တည်းမဟုတ် ကာလအပိုင်းအခြားများတွင် အိမ်ငှားကပေးရန် ကျန်ရှိသေးသောငှားရမ်းခပေးခြင်းနှင့် စပ်လျဉ်း၍ သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များအရ လက်ရှိဖြစ်သော ဥပစာပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ထိုဒီဂရီအတည်ပြုခြင်းကို ရွှေ့ဆိုင်းထားရမည်။ ထို့ပြင် အဆိုပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်လျှင် တရားရုံးသည် ထိုဒီဂရီကို ပယ်ဖျက်ရမည်ဟု အဆိုပါဥပဒေပုဒ်မ ၁၅ (၁)တွင် ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် တရားနိုင် ဦးဘိုးစီတို့သည် မိမိတို့ရရှိထားသော ဒီဂရီကို အတည်မပြုရသေးသည့်အလျောက် ဦးဘစံတို့၏ လျှောက်ထားချက်မှာ ၁၉၆၀-ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) တွင် အကျုံးဝင်နေသည်ကို တွေ့ရသည်။

အယူခံတရားပြိုင်တို့၏ အကျိုးဆောင်က အယူခံ တရားလိုတို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ လျှောက်လွှာကို မြို့နယ်တရားရုံးတွင် တင်သွင်းခဲ့သည်ဟု ဆိုသော်လည်း မြို့နယ်တရားရုံး၏ မှတ်တမ်းများတွင် ထိုသို့ တင်သွင်းခဲ့ကြောင်း အထောက်အထားမရှိကြောင်း၊ အယူခံရုံးဖြစ်သည့် ပဲခူးတိုင်းတရားရုံး ရောက်မှ ယခုကဲ့သို့ လျှောက်ထားတင်ပြခဲ့ခြင်းဖြစ်၍ လက်ခံရန် အကြောင်းမရှိကြောင်းဖြင့် လျှောထားသည်။ ပုဒ်မ ၁၅ (၁) အရ လျှောက်လွှာကို ဇာရီရုံးတွင်သာ တင်သွင်းခွင့်ရှိသည်ဟု ယင်းပုဒ်မတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။ ပုဒ်မ ၁၅ (၁)အရ လျှောက်လွှာကို ဦးဘစံတို့က တိုင်းတရားရုံးတွင် တင်ပြလျှောက်ထားစဉ် အခါက ဒီဂရီကို အတည်မပြုရသေးသဖြင့် ဦးဘစံတို့၏ လျှောက်ထားချက်သည် နောက်ကျသည်ဟု ကောက်ယူရန် မသင့်ပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ အယူခံ တရားလို တို့သည် မြို့နယ်တရားရုံးက ရက်သတ်မှတ်ပေးသည့်အတိုင်းပေးရန် ကျန်ရှိနေသေးသည့် ငှားရမ်းခများကို လစဉ် အရစ်ကျဖြင့်(၄)ရစ်နှင့် အကျေ ပေးဆောင်ပါက ဝေါမြို့နယ်တရားရုံးသည် တရားမကြီးမှုအမှတ် ၁/၇၄ တွင် ချမှတ်ထားသော ဒီဂရီကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)အရ ဖျက်သိမ်းပေးရန် ညွှန်ကြားလိုက်သည်။ အယူခံတရားလိုတို့၏ လျှောက်ထားချက်နှင့် ပတ်သက်၍ နှစ်ဘက်အမှုသည်များသည် တရားရုံးအဆင့်ဆင့်တွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

၁၉၈၂

ဦးဘစံပါ ၃ နှင့် ဦးဘိုးသီ ပါ ၂ *

## တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးတင်အောင်ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါက်တာမိုးဇော်

† ၁၉၀၂
ဇူလိုင်၁၆ ရက်

နှင့်

ဒေါက်တာမျိုးသန်း*

**တရားဝင်ကိုယ်စားပြုသူ— တရားမမှုတွင် တရားလိုသေဆုံးသွားလျှင် တရားစွဲဆိုခွင့် ဆက်လက်တည်ရှိနေသေးခြင်း ရှိမရှိ စိစစ်ခြင်း— လက်ရောက်ရလိုမှု စွဲဆိုထားစဉ် တရားလို သေဆုံးသွားသည့်အခါ ကျန်ရစ်သူများကတရားပြိုင်အပေါ် အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုခွင့် ရှိတော့သည့် အခါမျိုး၌ တရားစွဲဆိုခွင့်သည် ဆက်လက်မတည်ရှိတော့ခြင်း။**

ဒေါက်တာ ဘသန်းဆိုသူက လျှောက်ထားခံရသူ ၎င်း၏သား ဒေါက်တာမျိုးသန်းကို တရားပြိုင်အဖြစ်ထားကာ အချင်းဖြစ်တိုက်မြေနှင့် မော်တော်ကားတို့ကို ၎င်းပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် ဒေါက်တာမျိုးသန်းလက်ဝယ်ရှိ ပစ္စည်းများကို လက်ရောက်ရလိုမှု တရားစွဲဆိုသည်။ အမှုအတွင်း ဒေါက်တာဘသန်း သေဆုံးသဖြင့် သူ၏ သားတစ်ဦးဖြစ်သူ ဒေါက်တာမိုးဇော်က ဒေါက်တာဘသန်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားရာ မူလရုံးက ပယ်လိုက်သည်။

**ဆုံးဖြတ်ချက်။** ။ဒေါက်တာဘသန်း ကွယ်လွန်သွားသောအခါ ဒေါက်တာမျိုးသန်းအပါအဝင် သူ၏သားသမီးတို့သည် ဒေါက်တာဘသန်းက သူပိုင်သည်ဟု အဆိုရှိသော အချင်းဖြစ် ပစ္စည်းများကို မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ အမွေဆက်ခံကြမည်ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် အချင်းဖြစ်ပစ္စည်းများ အပါအဝင် ဒေါက်တာဘသန်း

---

* ၁၉၈၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆။

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၇၄ တွင် ချမှတ်ထားသော (၃၁-၁၂-၈၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၂

ဒေါက်တာမိုးဇော်နှင့် ဒေါက်တာမျိုးသန့်*

ကျန်ရစ်သော ပစ္စည်းအရပ်ရပ်ကို တရားရုံးက စီမံခန့်ခွဲပေးရန် အလို့ငှာ အမွေမှုစွဲဆိုရမည် ဖြစ်သည်။ အကယ်၍ ဒေါက်တာမိုးဇော် လျှောက်ထားသည့်အတိုင်း သူ့အား ဒေါက်တာဘသန်း၏ နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းလိုက်ပါမူ အမွေဆိုင်တစ်ဦးက အခြားအမွေဆိုင်တစ်ဦးဖြစ်သူ ဒေါက်တာ မျိုးသန့်ထံမှအမွေဆိုင်ဖြစ်သည့် အချင်းဖြစ်ပစ္စည်းများကို လက်ရောက်ရလိုမှု စွဲဆိုခွင့်ပြုရာ ရောက်ပေလိမ့်မည်။ အမှန်ဆိုသော် အမွေဆိုင်တစ်ဦးသည် အမွေဆိုင်ပစ္စည်းကို အခြားအမွေဆိုင်တစ်ဦးထံမှ လက်ရောက်ရလိုမှု စွဲဆိုခွင့် မရှိပေ။ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုနိုင်သည်။ သို့ဖြစ်ရာ ဒေါက်တာမိုးဇော်ကို ဒေါက်တာဘသန်း၏နေရာတွင် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းလိုက်ပါမူ အမှုကို အမွေမှုအဖြစ် မပြောင်းလဲပဲ ဆက်လက်၍ ဆောင်ရွက်နိုင်မည် မဟုတ်ချေ။ လက်ရောက်ရလိုမှုနှင့် အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုတို့မှာ အခြေခံအားဖြင့် ခြားနားသည် ဖြစ်၍ လက်ရောက်ရလိုမှုကို အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှု အဖြစ်သို့ ပြောင်းလဲခွင့် မရှိချေ။ ဤအခြေအနေတွင် လျှောက်ထား ခံရသူ ဒေါက်တာမျိုးသန့်အပေါ် စွဲဆိုထားသောအမှုမှာ ဒေါက်တာဘသန်း အနေဖြင့် စွဲဆိုခွင့်ရှိသော အမှုဖြစ်စေကာမူ သူကွယ်လွန်သော အခါ သူ၏အမွေစားအမွေခံတစ်ဦးကဆက်လက်ဆောင်ရွက်ခွင့်ရှိသောအမှုမျိုး မဟုတ်ကြောင်းပေါ်ပေါက်နေသည်ဖြစ်၍ တရားစွဲဆိုခွင့်မှာ ဒေါက်တာဘသန်း ကွယ်လွန်သည်နှင့်တပြိုင်နက် ချုပ်ငြိမ်းသွားသည့် အလျှောက်သူစွဲဆိုသောအမှုမှာ ရပ်စဲသွားပြီဟု ကောက်ယူရမည် ဖြစ်ပေသည်။

**လျှောက်ထားသူအတွက်** — ဦးသန်းတင်၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်** — ဦးကျော်၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၅၇၄/၇၇ (ဒဂုံ)တွင် တရားလို ဒေါက်တာဘသန်းက လျှောက်ထားခံရသူ ဒေါက်တာမျိုးသန့်အပေါ် ရန်ကုန်မြို့ ဆင်းဒဝစ်လမ်း တိုက်အမှတ် (၅၆)နှင့် ထိုတိုက်တည်ရှိရာ မြေနှင့်မေ်တော်ကားအမှတ် ၈/၃၇၁၇ မှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ဒေါက်တာမျိုးသန့်အမည်ဖြင့် ဘဏ်စာရင်းဖွင့်ထားသော ငွေကျပ် ၄၀၀၀၀ိ/-နှင့် ဒေါက်တာမျိုးသန့် လက်ဝယ်ရှိ ကွယ်လွန်သူ ဒေါ်တင်တင်အေး ကျန်ရစ်သော လက်ဝတ်ရတနာများကို ပေးအပ်စေလိုကြောင်းဖြင့် တရားစွဲဆိုရာ အမှုဆိုင်ဆဲတွင် ဒေါက်တာဘသန်း ကွယ်လွန်သွားသည်။ လျှောက်ထားသူ

၁၉၈၂ ဒေါက်တာမိုးဇော်နှင့် ဒေါက်တာမျိုးသန်း *

ဒေါက်တာမိုးဇော်က ဒေါက်တာဘသန်း၏နေရာတွင် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် တိုင်းတရားရုံးတွင် လျှောက်ထားရာ တိုင်းတရားရုံးက ယင်းလျှောက်လွှာကို ပလပ် လိုက်သောကြောင့် ဒေါက်တာမိုးဇော်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားခြင်း ဖြစ်သည်။

တိုင်းတရားရုံးတွင် ဒေါက်တာမိုးဇော်က ကွယ်လွန်သူ တရားလို ဒေါက်တာဘသန်း၏နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားချက်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၃(၁)တွင် အကျုံးဝင်သည်။ တရားမမှုတစ်မှုတွင် တစ်ဦးတည်းသောတရားလိုသေဆုံးသွားရာ၌ တရားစွဲဆိုခွင့်မှာ ဆက်လက်တည်ရှိနေသေးလျှင် ၎င်း၏နေရာတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန် စည်းကမ်းသတ်ကာလအတွင်း လျှောက်ထားလာပါက ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ယင်းနည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ ဤအမှုတွင် ဒေါက်တာဘသန်း၏နေရာ၌ လျှောက်ထားသူ ဒေါက်တာမိုးဇော်အား ထည့်သွင်းပြီးနောက် အမှုကို ဆက်လက်၍ ဆောင်ရွက်ရ-မရ စိစစ်ရန် လိုအပ်ပေသည်။

လျှောက်ထားသူ၏ အကျိုးဆောင်က အမှုတွင် "တရားပြိုင်သည် တရားလို၏အမွေကို ရရှိထိုက်သော သားမဟုတ်ဆိုရာ မှန်သလား" ဆိုသောကောက်ချက်တရပ် ထုတ်နုတ်ထားကြောင်း၊ သို့ဖြစ်၍ အမှုမှာ ဆက်လက်တည်မြဲနေသေးကြောင်း ပေါ်လွင်ထင်ရှားပါသည်ဟု တင်ပြလျှောက်ထားသည်။လျှောက်ထားခံရသူ၏အကျိုးဆောင်က ဒေါက်တာဘသန်းစွဲဆိုသောအမှုမှာ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်ကြောင်း၊အချင်းဖြစ် ပစ္စည်းများကို ဒေါက်တာ ဘသန်းပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာ၍ လက်ရောက်ပေးအပ်စေရန် စွဲဆိုထားသည်ဖြစ်သောကြောင့် သူကွယ်လွန်သောအခါ သူတောင်းဆိုထားသော မြွက်ဟကြေငြာပြဋ္ဌာန်းပေးစေလိုမှုမှာ ဆိတ်သုဉ်းသွားပြီ ဖြစ်ကြောင်း၊ အမွေ ဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၄ ပါ ပြဋ္ဌာန်းချက်များအရလည်း ကွယ်လွန်သူ ရရန်ရှိသည့် ငွေများကို အမွေဆက်ခံခွင့်လက်မှတ် တင်ပြနိုင်ခြင်းမရှိပဲ တောင်းခံခြင်းမပြုနိုင်သည့်အလျောက် လျှောက်ထားသူသည် တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်နိုင်ခွင့်မရှိကြောင်း ပေါ်လွင်ပါသည်ဟု တင်ပြလျှောက်ထားသည်။

အဆိုလွှာအပိုဒ် (၁)ပါ အဆိုပြုချက်များအရဆိုလျှင် ဒေါက်တာဘာသန်းသည် ဒေါ်တင်တင်အေးနှင့် တရားဝင်ပေါင်းသင်းစဉ် လျှောက်ထားခံရသူ ဒေါက်တာမျိုးသန်း ထွန်းကားခဲ့ကြောင်း ပေါ်လွင်သည်။ သို့ဖြစ်ရာ သက်သေခံဥပဒေပုဒ်မ ၁၁၂ ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာမျိုးသန်းသည် ဒေါက်တာဘာသန်း၏ သားဖြစ်သည်ဟု ဆိုရပေမည်။ မူလရုံးသည် အဆိုလွှာအပိုဒ်(၅)နှင့် (၆)ပါ အဆိုပြုချက်များအရ အထက်ဖော်ပြပါငြင်းချက်ကို ထုတ်နုတ်ခဲ့ဟန်တူသည်။ ယင်းအဆိုပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

၁၉၈၂
ဒေါက်တာမိုးဇော်နှင့် ဒေါက်တာမျိုးသန်း*

"၅။ တရားပြိုင်၏မိခင် ဒေါ်တင်တင်အေးသည် ၁၉၆၅ ခုနှစ်က ကွယ်လွန်ခဲ့သောအခါ တရားလိုက ထောက်ညှာသောအားဖြင့် တရားပြိုင်အမည်နှင့် အမွေထိန်း လက်မှတ်လျှောက်ထား ပေးခဲ့ပါသည်။ သို့သော် တရားပြိုင်သည် အမွေရထိုက်သူတစ်ဦး မဟုတ်ခဲ့၍ ဖော်ပြပါအမွေထိန်းစာမှာ မူလကပင် မမှန်ကန်ခဲ့ပါ။ (Void ab initio)ဖြစ်ပါသည်။

၆။ တရားပြိုင်က အမွေထိန်းလက်မှတ်နှင့် ထိန်းသိမ်းထားခဲ့သော ပစ္စည်းများမှာ—

(က) အမှတ် ၅၆- ဆင်းဒဝစ်လမ်းမြေနှင့် အိမ်၊

(ခ) ၂၅၀၀၀ိ/-တန် ဒေါ်တင်တင်အေးပိုင် လက်ဝတ်လက်စားများ ဖြစ်ပါသည်။ သို့သော် အထက်အပိုဒ်တွင် ဖော်ပြခဲ့သည့်အတိုင်း တရားပြိုင်သည် အမွေရထိုက်သူတစ်ဦး မဟုတ်၍ ဖော်ပြပါ အမွေထိန်း စာမှာလည်း တရားမဝင်ဖြစ်ခဲ့ပါသည်။"

ဤအဆိုပြုချက်များအရဆိုလျှင် ဒေါက်တာ မျိုးသန်းသည် ဒေါ်တင်တင်အေး၏ အမွေကို ရထိုက်သူမဟုတ်ကြောင်း၊ ဒေါက်တာဘာသန်းက စွပ်စွဲလိုရင်း ဖြစ်ကြောင်း ထင်ရှားနေပေသည်။ အဆိုလွှာတွင် ဒေါက်တာမျိုးသန်းသည် ဒေါက်တာဘာသန်း၏ သားမဟုတ် ဟူ၍လည်းကောင်း၊ သူ၏အမွေကို ရထိုက်သူမဟုတ်ဟူ၍ လည်းကောင်း အဆိုပြုထားခြင်းမရှိပေ။ တရားမမှုတစ်မှုတွင် ငြင်းချက်များကို တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄ နည်းဥပဒေ ၃ တွင် ဖော်ပြထားသည့်အချက်အလက် များအပေါ် အခြေခံကာ ထုတ်နုတ်ရသည်။ အမှုတွင် ဒေါက်တာဘာသန်းနှင့် ဒေါက်တာမျိုးသန်းတို့အကြား သူ၏အမွေရထိုက်

မှုပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားမှု မရှိပါပဲလျက် မူလရုံးက ငြင်းချက်အမှတ် (၁)ကို ထုတ်နုတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း ထင်ရှားနေပေသည်။ အမှန်ဆိုသော် ဤအမှုကို စွဲဆိုစဉ်က ဒေါက်တာဘသန်းသည် အသက်ထင်ရှား ရှိနေသည့်အလျောက် ဒေါက်တာမျိုးသန်းသည် သူ၏ အမွေကို ရထိုက်သောသား ဟုတ် မဟုတ် ဆိုသည့်ပြဿနာ ပေါ်ပေါက်ရန် အကြောင်းမရှိသေးပေ။

၁၉၈၂

ဒေါက်တာ မိုးဇော် နှင့် ဒေါက်တာ မျိုးသန်း*

ဒေါက်တာဘသန်း ကွယ်လွန်သွားသောအခါ ဒေါက်တာမျိုးသန်း အပါအဝင် သူ၏သားသမီးတို့သည် ဒေါက်တာဘသန်းက သူပိုင်သည်ဟု အဆိုရှိသော အချင်းဖြစ်ပစ္စည်းများကို မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ အမွေဆက်ခံကြမည် ဖြစ်သည်။ သို့ဖြစ်ရာ သူတို့သည် အချင်းဖြစ်ပစ္စည်းများအပါအဝင် ဒေါက်တာဘသန်း ကျန်ရစ်သော ပစ္စည်းအရပ်ရပ်ကို တရားရုံးက စီမံခန့်ခွဲပေးရန် အလို့ငှာ အမွေမှုစွဲဆိုရမည် ဖြစ်သည်။ အကယ်၍ ဒေါက်တာမိုးဇော် လျှောက်ထားသည့်အတိုင်း သူ့အား ဒေါက်တာဘသန်း၏ နေရာတွင် တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းလိုက်ပါမူ အမွေဆိုင်တစ်ဦးက တခြားအမွေဆိုင်တစ်ဦး ဖြစ်သူ ဒေါက်တာမျိုးသန်းထံမှ အမွေဆိုင်ဖြစ်သည့် အချင်းဖြစ်ပစ္စည်းများကို လက်ရောက်ရလိုမှု စွဲဆိုခွင့်ပြုရာ ရောက်ပေလိမ့်မည်။ အမှန်ဆိုသော် အမွေဆိုင်တစ်ဦးသည် အမွေဆိုင်ပစ္စည်းကို အခြားအမွေဆိုင်တစ်ဦးထံမှ လက်ရောက်ရလိုမှု စွဲဆိုခွင့်မရှိပေ။ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုနိုင်သည်။ သို့ဖြစ်ရာ ဒေါက်တာ မိုးဇော်ကို ဒေါက်တာဘသန်း၏ နေရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းလိုက်ပါမူ အမှုကို အမွေမှုအဖြစ် မပြောင်းလဲပဲ ဆက်လက်၍ ဆောင်ရွက်နိုင်မည် မဟုတ်ချေ။ လက်ရောက်ရလိုမှုနှင့် အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုတို့မှာ အခြေခံအားဖြင့် ခြားနားသည်ဖြစ်၍ လက်ရောက်ရလိုမှု အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှု အဖြစ်သို့ ပြောင်းလဲခွင့်မရှိချေ။ ဤအခြေအနေတွင် လျှောက်ထားခံရသူ ဒေါက်တာမျိုးသန်း အပေါ် စွဲဆိုထားသောအမှုမှာ ဒေါက်တာဘသန်း အနေဖြင့် စွဲဆိုခွင့်ရှိသောအမှု ဖြစ်စေကာမူ သူကွယ်လွန်သောအခါ သူ၏ အမွေစား အမွေခံတစ်ဦးက ဆက်လက် ဆောင်ရွက်ခွင့် ရှိသော အမှုမျိုး မဟုတ်ကြောင်း ပေါ်ပေါက်နေသည်ဖြစ်၍ တရားစွဲဆိုခွင့်မှာ ဒေါက်တာဘသန်း ကွယ်လွန်သည်နှင့်တပြိုင်နက် ချုပ်ငြိမ်းသွားသည့် အလျောက် သူစွဲဆိုသောအမှုမှာ ရပ်စဲသွားပြီဟု ကောက်ယူရမည် ဖြစ်ပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းတရားရုံးက လျှောက်ထားသူ၏ လျှောက်လွှာကို ခွင့်မပြုခြင်းမှာ မှန်ကန်ပေသည်။ ဒေါက်တာဘာသန်း စွဲဆိုသောအမှုမှာ ရပ်စဲသွားပြီဖြစ်၍ အမှုကို ပိတ်ရန်သာ ကျန်ရှိပေတော့သည်။

ထို့ကြောင့် ဤပြင်ဆင်မှုလျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

၁၉၈၂

ဒေါက်တာ
မိုးဇော်
နှင့်
ဒေါက်တာ
မျိုးသန်း*

**တရားမ ဒုတိယအယူခံမှု**

**ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးတင်အောင်ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

† ၁၉၈၂
ဖေဖော်ဝါရီ
၁၀ ရက်

ဒေါ်မြကြည်
နှင့်
ဒေါ်ခင်ဆွေပါ ၂*

**ရုံးခွင့်အက်ဥပဒေပုဒ်မ ၇(၅)(င)ပါ ပြဋ္ဌာန်းချက်— ကျူးကျော်သူအား နှင်ထုတ်လိုမှုအတွက် ရုံးခွင့်–ရုံးခွင့်ကို အချင်းဖြစ် ပစ္စည်း၏ ကာလတန်ဖိုးအပေါ် တွက်ချက်၍ ထမ်းဆောင်ရခြင်း။**

**ဆုံးဖြတ်ချက်။** ။ကျူးကျော်သူအား နှင်လိုမှုသည် အနှစ်သာရအားဖြင့် အချင်းဖြစ်မြေနှင့်အိမ်ကို လက်ရောက်ရလိုမှုနှင့် သဘောချင်းတူသည်ဖြစ်၍ ရုံးခွင့်ကို အချင်းဖြစ်ပစ္စည်း၏ ကာလတန်ဖိုးအလျောက် ရုံးခွင့်အက်ဥပဒေပုဒ်မ ၇(၅)(င)အရ ထမ်းဆောင်ရမည် ဖြစ်သည်။

**အယူခံတရားလိုအတွက်** — ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်များအတွက်** — ကိုယ်တိုင်။

မကွေးတိုင်း ချောက်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၈/၇၉ တွင် အယူခံတရားလို ဒေါ်မြကြည်က အယူခံတရားပြိုင် ဒေါ်ခင်ဆွေနှင့် ကိုသံပြား(ခ)ကိုလေးမြင့်တို့အပေါ် အချင်းဖြစ်မြေမှ ဖယ်ရှားပေးစေလိုမှုစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဒေါ်ခင်ဆွေတို့က မကွေးတိုင်းတရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ဒေါ်မြကြည် စွဲဆိုသောအမှုကို ပလပ်လိုက်သောကြောင့် ဒေါ်မြကြည်က ဗဟိုတရားရုံးတွင် ဤတရားမဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၇၇။

† ၁၉၇၉ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၅၆ တွင် ချမှတ်ထားသော (၂၉-၁-၈၀)နေ့စွဲပါ မကွေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

မူလရုံးတရားလို ဒေါ်မြကြည်က ချောက်မြို့နယ် စလေမြို့ စေတီချောင်ရပ်ကွက်ရှိ အချင်းဖြစ်မြေမှာ မိမိပိုင်ဖြစ်ကြောင်း ၄-၄-၇၀ နေ့တွင် စလေမြို့ မီးလောင်သောအခါ အချင်းဖြစ်မြေပေါ်ရှိ အိမ်မှာ မီးသင့်ခဲ့ရသဖြင့် မြေနေရာတွင် ယာယီတဲအိမ်သစ်ကို ၂၁-၇-၇၀နေ့တွင် ပြန်လည်ဆောက်လုပ်ခဲ့ကြောင်း၊ ၂၆-၇-၇၀ ရက်နေ့တွင် ဒေါ်ခင်ဆွေနှင့် သား ကိုသံပြားတို့သည် ထိုတဲအိမ်အတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ကြောင်း စသည်ဖြင့် အဆိုပြုကာ သူတို့အား ဖယ်ရှားပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။ ၁၉၈၂ ဒေါ်မြကြည် နှင့် ဒေါ်ခင်ဆွေ ပါ ၂*

ဤအမှုတွင် အဆိုအချေများအရ အငြင်းမထွက်သော အချက်မှာ အချင်းဖြစ်မြေ၏ မူလပိုင်ရှင်သည် ဦးစု၊ ဒေါ်ရွှေတုတ်တို့ ဖြစ်သည်။ သူတို့ကွယ်လွန်သောအခါ ကျန်ရစ်သူ သား ဦးတင်ကျော်(လိုပြ၂)နှင့် ဒေါ်မြကြည်၏ ခင်ပွန်း ဦးအေးသွင်တို့ အမွေခွဲဝေယူရာ ဦးအေးသွင်သည် အချင်းဖြစ်မြေကို ရခဲ့ကြောင်းဖြင့် ဦးတင်ကျော်က ထွက်ဆိုသည်။ သို့ဖြစ်ရာ ဦးအေးသွင် ကွယ်လွန်သောအခါ ဇနီး ဒေါ်မြကြည်သည် အချင်းဖြစ်မြေ၏ ပိုင်ရှင်အဖြစ်သို့ ရောက်ရှိလာပေသည်။

အယူခံတရားပြိုင် ဒေါ်ခင်ဆွေက ဦးစုသည် သူ့အား အချင်းဖြစ်မြေကို နှုတ်ဖြင့်ပေးခဲ့ကြောင်း ထွက်ဆိုသည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ အရ ထိုသို့နှုတ်ဖြင့်ပေးခြင်းမှာ အထမမြောက်ပေ။ ဒေါ်ခင်ဆွေတို့သည် အချင်းဖြစ်မြေတွင် နှစ်ပေါင်းအတန်ကြာ နေထိုင်လာခဲ့ကြောင်း ပေါ်ပေါက်သော်လည်း သူတို့သည် ပိုင်ရှင်ကို ဆန့်ကျင်၍ လက်ရှိထားခဲ့ကြောင်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

ဦးလှမောင်(လိုပြ၃)နှင့် ဦးကျော်ညွန့် (လိုပြ၄)တို့၏ ထွက်ချက်များအရ အချင်းဖြစ် တဲမှာ ဒေါ်မြကြည်ဆောက်လုပ်သော တဲဖြစ်သဖြင့် အယူခံတရားပြိုင်တို့သည် ထိုတဲအတွင်းသို့ ကျူးကျော်ဝင်ရောက်ကြောင်း မြို့နယ်ဘရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ကျူးကျော်သူအား နှင်လိုမှုသည် အနှစ်သာရအားဖြင့် အချင်းဖြစ်မြေနှင့်အိမ်ကို လက်ရောက်ရလိုမှုနှင့် သဘောချင်းတူသည်ဖြစ်၍ ရုံးခွန်ကို အချင်းဖြစ်ပစ္စည်း၏ ကာလတန်ဖိုးအလျောက် ရုံးခွန်အက်ဥပဒေပုဒ်မ ၇(၅)(င)အရ ထမ်းဆောင်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ အယူခံ

၁၉၇၂
ဒေါ်မြကြည်
နှင့်
ဒေါ်ခင်ဆွေ
ပါ ၂*

တရားလိုက မူလရုံးတွင် ရုံးခွန်ကျပ် ၂၀/–သာ ထမ်းဆောင်ခြင်းမှာ လုံလောက်မှုမရှိပေ။ ဤအချက်ကို အယူခံတရားလို၏ အကျိုးဆောင်က ဝန်ခံသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် အယူခံတရားလို ဒေါ်မြကြည်သည် မူလရုံးတွင် လိုနေသော ရုံးခွန် ကျပ် ၁၃၀/-ကို ထမ်းဆောင်ပါက တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလရုံးပါစီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ အတည်ပြုလိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/- ဟု သတ်မှတ်သည်။

**တရားမ ပထမအယူခံမှု**

**ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်ဟိန်းနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်—**

ဦးမြခင်ပါ ၃ ဦး
နှင့်
ဒေါ်မမကြီးပါ ၃ ဦး*

†၁၉၈၂
ဇန်နဝါရီ
၇ ရက်

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၂ (၁၁) ပါ ပြဋ္ဌာန်းချက်—တရားဝင်ကိုယ်စားပြုသူ—ကွယ်လွန်သူ အမှုသည်ထံမှ ပစ္စည်းဝယ်ယူခဲ့သူတို့အား ယင်းကွယ်လွန်သူ အမှုသည်အတွက် တရားဝင်ကိုယ်စားပြုသူများအဖြစ် ထည့်သွင်းရန် မဖြစ်နိုင်ခြင်း။**

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၁၁)တွင် တရားဝင်ကိုယ်စားပြုသူဆိုသော စကားရပ်များ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်။ တရားဝင်ကိုယ်စားပြုသူသည် သေသူ၏ အမွေဆက်ခံသူများ၊သို့မဟုတ် သေသူကျန်ရစ်ခဲ့သည့် အမွေပုံပစ္စည်းနှင့် ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်သူဟု ပြဆိုထားသည်။အယူခံတရားပြိုင် ဦးချစ်မြနှင့်ဒေါ်တင်မြတို့သည် ကွယ်လွန်သူဒေါ်မမကြီး၏ အမွေဆက်ခံသူများမဟုတ်ကြောင်းမှာ အငြင်းမထွက်ပေ။သူတို့သည် အချင်းဖြစ်အိမ်နှင့်မြေကို ဒေါ်မမကြီးထံမှ ဝယ်ခဲ့သူများသာ ဖြစ်သည်။ ထို့အပြင် ဦးချစ်မြနှင့် ဒေါ်တင်မြတို့သည် အချင်းဖြစ်အိမ်ကို ဒေါ်မမကြီးထံမှ မူလ တိုင်းတရားရုံးတွင် တရားမစွဲဆိုမီကပင် ဝယ်ခဲ့သူများဖြစ်ကြသည်။ထို့ကြောင့် ဒေါ်မမကြီး မသေဆုံးစဉ်အခါ၌ အချင်းဖြစ် ပစ္စည်းသည် ဒေါ်မမကြီး ကျန်ရစ်ခဲ့သည့် အမွေပုံမှ ပစ္စည်းတရပ် ဖြစ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဦးချစ်မြနှင့် ဒေါ်တင်မြတို့အား ဒေါ်မမကြီး၏ တရားဝင် ကိုယ်စားပြုသူများအဖြစ်ဖြင့် ထည့်သွင်းရန် မဖြစ်နိုင်ခြင်းကြောင့် အယူခံတရားလိုဦးမြခင်တို့၏ (၁၇-၇-၈၁)နေ့စွဲပါ လျှောက်လွှာကို ပလပ်လိုက်သည်။

---

* ၁၉၈၁ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၅။

† ၁၉၈၀ ပြည့်နှစ်၊ တရားမကြီးအမှုအမှတ် ၉(က) မအူပင်တွင် ချမှတ်ထားသော (၈-၁၁-၈၀)နေ့စွဲပါ ဧရာဝတီတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၂

ဦးမြခင်
ပါ ၃ ဦး
နှင့်
ဒေါ်မမကြီး
ပါ ၃ ဦး*

**အယူခံတရားလိုများအတွက်** — ဦးအေးမောင် (ပန်းတနော်) ဗဟို တရားရုံးရှေ့နေ။

**အယူခံတရားပြိုင်များအတွက်** — ဦးကျော်ငြိမ်း၊ ဗဟိုတရားရုံးရှေ့နေ။

ဧရာဝတီတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၉(က)/၈၀ တွင် အယူခံတရားလို ဦးမြခင်ပါ ၃ ဦးတို့က သူတို့အမွေရသည့် မအူပင်မြို့၊ မင်းလမ်းရပ် အိမ်အမှတ် ၈၉၊ အဆောက်အအုံနှင့် ယင်းအဆောက် အအုံတည်ရှိရာ မြေကို အယူခံတရားပြိုင် ဒေါ်မမကြီး အမည်ပြောင်း လွှဲယူပြီးနောက် ယင်းပစ္စည်းများကို အယူခံတရားပြိုင် ဦးချစ်မြနှင့် ဒေါ်တင်မြတို့အား ရောင်းလိုက်ရာတွင် ယင်း ဂရံမြေပေါ်ရှိ အမည်ကို ပြောင်းယူပြီး ရောင်းချခြင်းမှာ တရားမဝင်ကြောင်းဖြင့် ကြေငြာ ပြဋ္ဌာန်းသည့် အမိန့်နှင့် ဒီဂရီကို ချမှတ်ပေးရန် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုခဲ့သည်။ ယင်းအမှုတွင် ပဏာမ ကောက်ချက်များ ထုတ်၍ နှစ်ဘက်ကြားနာပြီး အယူခံတရားလိုတို စွဲဆိုသည့် အမှုကို မူလတိုင်းတရားရုံးက ပလပ်လိုက်သည်။ ယင်းအမိန့် ကို မကျေနပ်၍ အယူခံတရားလိုတို့က ဗဟိုတရားရုံးသို့ ဤအယူခံမှု တင်သွင်းသည်။

ဤအယူခံမှုကို ဗဟိုတရားစီရင်ရေးအဖွဲ့က လက်ခံပြီးနောက် ရုံးခေါ် စာ ချမှတ်သည့်အခါ အယူခံတရားပြိုင် ဒေါ်မမကြီးမှာ ကွယ်လွန် သွားပြီးဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ ဒေါ်မမကြီး ကွယ်လွန်သွား ခြင်းကြောင့် ဒေါ်မမကြီး၏ နေရာတွင် သူ၏ တရားဝင်ကိုယ်စား ပြုသူများအဖြစ်ဖြင့် ကျန်အယူခံတရားပြိုင်နှစ်ဦးဖြစ်သည့် ဦးချစ်မြနှင့် ဒေါ်တင်မြတို့ကို အမှုတွင် ထည့်သွင်းပေးရန် အယူခံတရားလို ဦးမြခင် တို့က လျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာကို ဦးချစ်မြတို့က ကန့် ကွက်ခဲ့သဖြင့် ဦးမြခင်တို့ တင်သွင်းသည့် လျှောက်လွှာအပေါ် ဤအမိန့် ချမှတ်ခြင်း ဖြစ်သည်။

ဤကိစ္စနှင့် ပတ်သက်ပြီး အဓိကဆုံးဖြတ်ပေးရန် အချက်မှာ ဦးချစ်မြနှင့် ဒေါ်တင်မြတို့သည် ကွယ်လွန်သူ မူလအယူခံ တရားပြိုင် ဒေါ်မမကြီး၏ တရားဝင်ကိုယ်စားပြုသူများ ဟုတ် မဟုတ်ဟူသော အချက် ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၂(၁၁) တွင် တရားဝင် ကိုယ်စားပြုသူ ဆိုသော စကားရပ်များ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်။ တရားဝင်

ကိုယ်စားပြုသူသည် သေသူ၏ အမွေဆက်ခံသူများ၊ သို့မဟုတ် သေသူ ကျန်ရစ်ခဲ့သည့် အမွေပုံပစ္စည်းနှင့် ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်သူ ဟု ပြဆိုထားသည်။ အယူခံတရားပြိုင် ဦးချစ်မြနှင့် ဒေါ်တင်မြတို့သည် ကွယ်လွန်သူ ဒေါ်မမကြီး၏ အမွေဆက်ခံသူများ မဟုတ်ကြောင်း မှာ အငြင်းမပွားပေ။ သူတို့သည် အချင်းဖြစ်အိမ်နှင့် မြေကို ဒေါ်မမကြီး ထံမှ ဝယ်ခဲ့သူများသာ ဖြစ်သည်။ ထို့အပြင် ဦးချစ်မြနှင့် ဒေါ်တင်မြ တို့သည် အချင်းဖြစ်အိမ်ကို ဒေါ်မမကြီးထံမှ မူလ တိုင်းတရားရုံးတွင် တရားမစွဲဆိုမီကပင် ဝယ်ခဲ့သူများဖြစ်ကြသည်။ ထို့ကြောင့် ဒေါ်မမကြီး သေဆုံးစဉ်အခါ၌ အချင်းဖြစ်ပစ္စည်းသည် ဒေါ်မမကြီး ကျန်ရစ်ခဲ့ သည့် အမွေပုံမှ ပစ္စည်းတရပ်ဖြစ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဦးချစ်မြနှင့် ဒေါ်တင်မြတို့အား ဒေါ်မမကြီး၏ တရားဝင်ကိုယ်စား ပြုသူများအဖြစ်ဖြင့် ထည့်သွင်းရန် မဖြစ်နိုင်ခြင်းကြောင့် အယူခံတရား လို ဦးမြခင်တို့၏ (၁၇-၇-၇၁) နေ့စွဲပါ လျှောက်လွှာကို ပလပ်လိုက် သည်။ ၁၉၈၂ ဦးမြခင် ပါ ၃ ဦး နှင့် ဒေါ်မမကြီး ပါ ၃ ဦး *

ဤအမှုကို အပြီးသတ် လျှောက်လဲချက် ကြားနာရန် ဆောင်ရွက် ရေးအတွက် ရုံးခန်းသို့ ပြန်ပို့သည်။ ဒေါ်မမကြီး သေဆုံးသွားသည့် အတွက် သူ၏နေရာတွင် တရားဝင်ကိုယ်စားပြုသူများ မပါရှိပဲ ဤ အယူခံမှု ဆက်လက်ဆောင်ရွက်နိုင်ခွင့် ရှိမရှိ အချက်ကို အပြီးသတ် ကြားနာသည့်အခါမှ အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ စရိတ် ခွင့်မပြု။

**တရားမ ပထမအယူခံမှု**

**ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့်ဦးတင်အောင်**
**ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

† ၁၉၈၂
ဩဂုတ်လ
၁၂ ရက်

**ဒေါ်မြရင်**
**နှင့်**
**ဒေါ်ရှုကြည် ***

**မြွက်ဟကြေငြာ ပေးစေလိုမှုနှင့် အကျိုးဆက်သက်သာခွင့်— အချင်းဖြစ်ကားကို တဘက်အမှုသည်၏လက်ဝယ်၌ထားရှိခြင်း မပြုရန် ပိတ်ပင်သည့် တားဝရမ်း ရလိုမှုသည် မြွက်ဟ ကြေငြာသည့် ဒီဂရီ၏ အကျိုးဆက် သက်သာခွင့် မဟုတ်ခြင်း— မြို့နယ်တရားရုံးတွင် သက်သေခံပစ္စည်းအဖြစ် ရောက်ရှိနေသည့် အချင်းဖြစ်ကားမှာ တရားပြိုင်လက်ရှိမဟုတ်သဖြင့် အကျိုးဆက်သက်သာခွင့်အဖြစ် လက်ရောက်ရလိုမှု စွဲဆိုရန် မဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်ကားကို ဒေါ်မြရင်လက်ဝယ်၌ ထားရှိခြင်းမပြုရန် ပိတ်ပင်သည့် တားဝရမ်းရလိုမှုသည် မြွက်ဟ ကြေငြာသည့် ဒီဂရီ၏ အကျိုးဆက်သက်သာ ခွင့်မဟုတ်ပေ။ အဆိုလွှာအပိုဒ် (၇)ပါ အဆိုပြုချက်များအရဆိုလျှင် အချင်းဖြစ် ကုန်တင်ကားမှာ ပုဇွန်တောင် မြို့နယ် တရားရုံးတွင် သက်သေခံပစ္စည်းအဖြစ် ရောက်ရှိနေသည်ကို တွေ့ရသည်။ ထိုကုန်တင်ကားမှာ တရားပြိုင်လက်ရှိ မဟုတ်သဖြင့် တရားလိုအနေဖြင့် လက်ရောက်ရလိုမှု စွဲဆိုရန်မလိုပေ။ အကယ်၍ အချင်းဖြစ် ကုန်တင်ကား၏ ပိုင်ရှင်မှာ ဒေါ်ရှုကြည်ဖြစ်သည်ဟု မြွက်ဟကြေငြာလိုက်လျှင် ဒေါ်ရှုကြည်သည် မြွက်ဟကြေငြာသည့် ဒီဂရီကို အဆိုပါ တရားရုံးတွင် တင်ပြ၍ သက်သေခံကားကို ရလိုကြောင်း လျှောက်ထားခွင့် ရှိမည်ဖြစ်သည်။ ဤအခြေအနေတွင် မြွက်ဟကြေငြာသည့် ဒီဂရီချမှတ်ရုံမျှဖြင့် လုံလောက်ကြောင်း ပေါ်လွင်နေသည့် အလျောက်

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ ပထမအယူခံအမှတ် ၄၄။

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၂ တွင်ချမှတ်ထားသော ၂၀-၃-၀၀ နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကို အယူခံမှု။

ဒေါ်ရှုကြည်အနေဖြင့် ထိုဒီဂရီ၏ အကျိုးဆက် သက်သာခွင့်ကိုပါ လျှောက်ထားစွဲဆိုရန် အကြောင်း မပေါ်ပေါက်ပေ။ ၁၉၈၂ ဒေါ်မြရင် နှင့် ဒေါ်ရှုကြည်

**အယူခံတရားလိုအတွက်**— ဦးသန်းတင် (၂)၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်**— ဒေါ်မြင့်မြင့်ခင်၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၆၂/၇၈ (ပုဇွန်တောင်)တွင် အယူခံတရားပြိုင် ဒေါ်ရှုကြည်က အယူခံတရားလို ဒေါ်မြရင်အပေါ် ကုန်တင်ကားအမှတ် ခ/၅၁၈၀ မှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် ယင်းကားကိုဒေါ်မြရင်လက်ဝယ်၌ထားပိုင်ခွင့်ကို တားမြစ်သည့် တားဝရမ်း ထုတ်ပေးစေလိုမှု စွဲဆိုရာ စာဘက်သာတ် ဒီဂရီရရှိသည်။ ဒေါ်မြရင်က တိုင်းတရားရုံး၏ စီရင်ချက် ဒီဂရီကို မကျေနပ်သဖြင့် ဗဟိုတရားရုံးတွင် ဤတရားမ ပထမ အယူခံမှုကို တင်သွင်းသည်။

မူလရုံးတရားလို ဒေါ်ရှုကြည်က အချင်းဖြစ် ကုန်တင်ကားအမှတ် ခ/၅၁၈၀ ကို တရားပြိုင် ဒေါ်မြရင်ထံမှ အဖိုးငွေကျပ် ၁၀၀၀၀/-ဖြင့် ၂၄-၁-၇၇ နေ့တွင် ဝယ်ယူ၍ လက်ရောက် ရရှိခဲ့ကြောင်း၊ နောက်တနေ့ ဒေါ်မြရင်အား တလလျှင် ငှားရမ်းခ ငွေကျပ် ၁၅၀၀/-နှုန်းဖြင့် ပြန်လည် အငှားချထားခဲ့ကြောင်း၊ ဒေါ်မြရင်သည် ၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီလ မတ်လတို့အတွက် ကားငှားခများ ပေးချေခဲ့သော်လည်း နောက်ပိုင်းတွင် ပေးချေခြင်း မပြုသောကြောင့် ပုဇွန်တောင်မြို့နယ် တရားရုံး၊ ပြစ်မှုကြီးအမှတ် ၄၅၆/၇၈ တွင် ဒေါ်မြရင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆/၄၂၀ အရ တရားစွဲဆိုခဲ့ကြောင်း၊ ဒေါ်မြရင်သည် မိမိ၏ပိုင်ရေးပိုင်ခွင့်ကို ငြင်းဆိုလာသည့်အပြင် ပုဇွန်တောင်မြို့နယ်တရားရုံးတွင် မိမိနှင့်ယှဉ်ပြိုင်၍ အချင်းဖြစ်ကားကို အမှုအတော အတွင်း ၎င်းထံ ပြန်လည်ပေးအပ်ထားရန် လျှောက်ထားခဲ့ကြောင်း၊ သို့သော် မြို့နယ်တရားရုံးက ယင်းကားကို မည်သူ့ကိုမျှ ပေးအပ်ခြင်း မပြုကြောင်း၊ ဒေါ်မြရင်၏ လုပ်ရပ်များသည် မိမိ၏ ပိုင်ဆိုင်ခွင့်ကို ထိပါးလာသည်ဖြစ်၍ အချင်းဖြစ်ကုန်တင်ကားမှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ထိုကားကို ဒေါ်မြရင် လက်ဝယ်၌ ထားရှိခြင်းမပြုရန်အလို့ငှာ တားဝရမ်း ထုတ်ပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

၁၉၈၂
ဒေါ်မြရင် နှင့် ဒေါ်ရှုကြည် *

ဤအမှုတွင် မူလရုံး တရားလို ဒေါ်ရှုကြည်၏ အချင်းဖြစ်ကားကို သက်သေခံ (က-၁) အရောင်းအဝယ် စာချုပ်အရ ဒေါ်မြရင်ထံမှ ၂၄-၁-၇၇ နေ့တွင် ဝယ်ယူခဲ့ကြောင်းထွက်ဆိုသည်။ အဆိုပါစာချုပ်ကို သက်သေအဖြစ် လက်မှတ်ရေးထိုးရသော ဦးအေးဖေ (တရားလိုပြ သက်သေ)က ဒေါ်ရှုကြည်အား ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရသည်။ ဤသက်သေခံ အထောက်အထားများအရ ဒေါ်ရှုကြည်သည် အချင်းဖြစ် ကုန်တင်ကား၏ ပိုင်ရှင်ဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလို၏ အကျိုးဆောင်က သက်သေခံကား အရောင်းစာချုပ်မှာ အယောင်ဆောင် စာချုပ်ဖြစ်ကြောင်း ဒေါ်မြရင်ဘက်မှ ထုချေခဲ့ကြောင်း၊ ကားလိုင်စင်မှာ ဒေါ်မြရင်အမည်နှင့် တည်ရှိနေသဖြင့် တိုင်းတရားရုံးက ဒေါ်ရှုကြည်ပိုင်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ထုတ်ခြင်းမှာ မှားယွင်းကြောင်းဖြင့် တင်ပြလျှောက်ထားသည်။ တိုင်းတရားရုံးသည် အမှုကို တဘက်သတ် စစ်ဆေးခဲ့သည့်အလျောက် တရားပြိုင် ဒေါ်မြရင်၏ ထုချေချက်ကို ထည့်သွင်းစဉ်းစားရန် လိုမည်မဟုတ်ပေ။ ကားလိုင်စင်မှာ ကုန်းလမ်း သယ်ယူ ပို့ဆောင်ရေး ဌာနတွင် ဒေါ်မြရင်အမည်ဖြင့် တည်ရှိနေသေးစေကာမူ အမှုတွဲရှိ သက်သေခံချက်များအရ ဒေါ်မြရင်က ဒေါ်ရှုကြည်အား ရောင်းချပြီး ဖြစ်ကြောင်း ပေါ်ပေါက်နေသည်ဖြစ်၍ ဒေါ်ရှုကြည်ပိုင်အဖြစ်သို့ ပြောင်းလဲသွားပြီဟု ကောက်ယူရမည် ဖြစ်ပေသည်။

အယူခံတရားလို၏ အကျိုးဆောင်က တိုင်းတရားရုံးသည် ဒေါ်မြရင်အား ချေပခွင့်မပေးပဲ တဘက်သတ် ဒီဂရီ ချမှတ်လိုက်ခြင်းမှာ တရားပြိုင်အတွက် အစားထိုး၍ မရသော နစ်နာဆုံးရှုံးမှု ဖြစ်စေကြောင်း တင်ပြလျှောက်ထားသည်။ ဤအမှုတွင် တရားလို ဒေါ်ရှုကြည်အား စစ်ဆေးသည့် ၃၀-၁၁-၇၉ နေ့တွင် တရားပြိုင်ဘက်မှ တိုင်းတရားရုံးသို့ လာရောက်ရန် ပျက်ကွက်ခြင်းမှာ ဒေါ်မြရင် နေထိုင်မကောင်းသည်ကတကြောင်း၊ ဒေါ်မြရင် တိုင်းတရားရုံးသို့ မသွားနိုင်ခြင်းကို ၎င်း၏ အကျိုးဆောင်အား အကြောင်းမကြားနိုင်၍ အကျိုးဆောင် မလာခြင်းဖြစ်သည်က တကြောင်းကြောင့် ဖြစ်ရကြောင်း တင်ပြထားသည်ကို တွေ့ရသည်။ ထိုအကြောင်းပြချက်မှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၉၊ နည်းဥပဒေ ၇ တွင် အကျုံးဝင်သော ခိုင်လုံသည့်အကြောင်းပြချက်မဟုတ်သောကြောင့် တိုင်းတရားရုံးက တရားလိုဘက်ကို တဘက်သတ် စစ်ဆေးခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၁၉၈၂
ဒေါ်မြရင်
နှင့်
ဒေါ်ရှုကြည်*

အယူခံတရားလို၏ အကျိုးဆောင်က ဒေါ်ရှုကြည်သည် မြွက်ဟကြေငြာချက်ဒီဂရီ၏ အကျိုးဆက် သက်သာခွင့်အဖြစ်ဖြင့် ဒေါ်မြရင် လက်ဝယ်၌ အချင်းဖြစ် ကုန်တင်ကားအား ထားပိုင်ခွင့်ကို တားမြစ်ပေးစေလိုမှု မစွဲဆိုနိုင်ကြောင်း၊ ကားကို လက်ရောက်ရလိုမှုသာ စွဲဆိုရမည်ဖြစ်ကြောင်း ထပ်မံလျှောက်လဲတင်ပြသည်။ အချင်းဖြစ်ကားကို ဒေါ်မြရင်လက်ဝယ်၌ ထားရှိခြင်းမပြုရန် ပိတ်ပင်သည့် တားဝရမ်းရလိုမှုသည် မြွက်ဟကြေငြာသည့် ဒီဂရီ၏ အကျိုးဆက် သက်သာခွင့် မဟုတ်ပေ။ အဆိုလွှာအပိုဒ် (၇)ပါ အဆိုပြုချက်များအရ ဆိုလျှင် အချင်းဖြစ်ကုန်တင်ကားမှာ ပုဇွန်တောင်မြို့နယ်တရားရုံးတွင် သက်သေခံပစ္စည်းအဖြစ် ရောက်ရှိနေသည်ကို တွေ့ရသည်။ ထိုကုန်တင်ကားမှာ တရားပြိုင်လက်ရှိ မဟုတ်သဖြင့် တရားလိုအနေဖြင့် လက်ရောက်ရလိုမှု စွဲဆိုရန်မလိုပေ။ အကယ်၍ အချင်းဖြစ် ကုန်တင်ကား၏ ပိုင်ရှင်မှာ ဒေါ်ရှုကြည်ဖြစ်သည်ဟု မြွက်ဟ ကြေငြာလိုက်လျှင် ဒေါ်ရှုကြည်သည် မြွက်ဟကြေငြာသည့် ဒီဂရီကို အဆိုပါ တရားရုံးတွင် တင်ပြ၍ သက်သေခံကားကို ရလိုကြောင်း လျှောက်ထားခွင့်ရှိမည် ဖြစ်သည်။ ဤအခြေအနေတွင် မြွက်ဟကြေငြာသည့် ဒီဂရီ ချမှတ်ရုံမျှဖြင့် လုံလောက်ကြောင်း ပေါ်လွင်နေသည့် အလျောက် ဒေါ်ရှုကြည်အနေဖြင့် ထိုဒီဂရီ၏ အကျိုးဆက် သက်သာခွင့်ကိုပါ လျှောက်ယား စွဲဆိုရန် အကြောင်း မပေါ်ပေါက်ပေ။

ထို့ကြောင့် ဒေါ်ရှုကြည်သည် အချင်းဖြစ် ကုန်တင်ကားအမှတ် ခ/၅၁၈၀ ၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာသည့် တိုင်းတရားရုံး၏ ဒီဂရီကို အတည်ပြုလိုက်သည်။ ထိုကားကို ဒေါ်မြရင်လက်ဝယ်၌ ထားပိုင်ခွင့်ကို တားမြစ်သော ဒီဂရီကိုမူ ပယ်ဖျက်လိုက်သည်။ နှစ်ဘက်အမှုသည်တို့သည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမ ပထမ အယူခံမှု

**ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးတင်အောင်ဟိန်းတို့ ပါဝင်သော ဗဟို တရားစီရင်ရေးအဖွဲ့ရှေ့တွင်**

† ၁၉၈၂
ဇူလိုင်လ ၁၇

ဒေါ်မြသန်း
နှင့်
ဒေါ်တင်မေ*

**အခွင့်အမိန့်အရ နေထိုင်သူအား ဖယ်ရှားပေးစေလိုမှု—အခွင့် အမိန့်အရ နေထိုင်သူဖြစ်ကြောင်း ထင်ရှားရန်လိုခြင်း—အိမ်သားတစ်ဦး အဖြစ်ဖြင့် အတူနေထိုင်သူတစ်ဦးအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားပေးရန် တရားစွဲဆိုခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အဆိုလွှာ အပိုဒ်(၂)ပါ အဆိုပြုထားချက်များ အရလည်းကောင်း၊ မူလရုံးအမှုတွဲရှိ သက်သေခံချက်များအရ လည်းကောင်း ဒေါ်တင်မေသည် ဦးထွန်းဖေတို့နှင့် ငယ်စဉ် ကတည်းက နေထိုင်လာခဲ့ကြောင်း ထင်ရှားသည်။ ဤအခြေအနေတွင် ဒေါ်တင်မေသည် ဦးထွန်းဖေ၏ခွင့်ပြုချက်အရ အချင်းဖြစ်အိမ်၌ နေထိုင်ခဲ့ခြင်း မဟုတ်ပဲ ဦးထွန်းဖေ၏ အိမ်သားတစ်ဦးအဖြစ် နေထိုင်လာခဲ့ကြောင်း ပေါ်လွင်နေပေသည်။ သို့ဖြစ်၍ ဒေါ်မြသန်းသည် ဒေါ်တင်မေအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားပေးရန် တရားစွဲဆိုခွင့် မရှိချေ။

**လျှောက်ထားသူအတွက်** — ဦးမြတ်လှ၊ ဗဟိုတရားရုံးရှေ့နေ။

**လျှောက်ထားခံရသူအတွက်** — ဒေါ်ကြည်ကြည်ဝင်း၊ဗဟိုတရားရုံးရှေ့နေ။

ပဲခူးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၁/၇၇ (ပဲခူး)တွင် အယူခံတရားလို ဒေါ်မြသန်းက အယူခံတရားပြိုင် ဒေါ်တင်မေအား အချင်း

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၈၀။

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁ တွင် ချမှတ် ထားသော ၄-၈-၈၀ နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဖြစ်အိမ်မှ ဖယ်ရှားပေးစေလိုမှု စွဲဆိုသည်။ တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ဒေါ်မြသန်း၏အမှုကို ပလပ်လိုက်သော ကြောင့် ဒေါ်မြသန်းက ဗဟိုတရားရုံးတွင် ဤတရားမ ပထမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၈၂
ဒေါ်မြသန်း
နှင့်
ဒေါ်တင်မေ *

ပဲခူးတိုင်း ပဲခူးမြို့နယ် ညောင်ဝိုင်းရပ်ကွက်အုပ်စု အမှတ် (၁၃)၊ ရပ်ကွက်အမှတ်(၉)၊ဦးပိုင် အမှတ်(၁၁) စာရင်းပေါက်သော မြေကွက်နှင့် ထိုမြေပေါ်ရှိ အိမ်အမှတ် (၁၀၇/၁၀၆) မှာ ကွယ်လွန်သူ ဦးထွန်းဖေနှင့် ဒေါ်မြရင်တို့ပိုင် ဖြစ်သည်။ သူတို့သည် မြန်မာ ဗုဒ္ဓဘာသာများဖြစ်ကြ၍ ၂၁-၁၂-၇၁ နှင့် ၁၂-၄-၇၅ နေ့များတွင် အသီးသီး ကွယ်လွန်ခဲ့ကြသည်။ ဒေါ်တင်မေသည် ငယ်စဉ်ကပင် ဦးထွန်းဖေတို့နှင့်အတူ နေထိုင်ခဲ့သည်ဟု အဆိုရှိသည်။ မူလရုံးတရားလို ဒေါ်မြသန်းက ဦးထွန်းဖေသည် မိမိအား ၂၃-၂-၇၃ နေ့တွင် ကိတ္တိမသမီးအဖြစ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ မွေးစားခဲ့ကြောင်း၊ဦးထွန်းဖေကွယ်လွန်သောအခါ အချင်းဖြစ်အိမ်ကို ပိုင်ဆိုင်လာကြောင်း၊ မိမိသည် ဒေါ်တင်မေနှင့်အတူ နေထိုင်ရန် မဖြစ်နိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်လာသဖြင့် သူ့အား ဖယ်ရှားပေးရန် ရှေ့နေမှ တဆင့် အကြောင်းကြားခဲ့ကြောင်း၊ သို့သော် ဒေါ်တင်မေသည် အချင်းဖြစ် အဆောက်အအုံတွင် ဆက်လက်နေမြဲနေထိုင်ကြောင်း စသည် အဆိုပြုကာ သူ့အား ဖယ်ရှားစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဒေါ်မြသန်းသည် ဒေါ်တင်မေအား အချင်းဖြစ် အဆောက်အအုံမှ ဖယ်ရှားပေးရန် တရားစွဲဆိုရာ၌ အိမ်ငှားအဖြစ် ဖယ်ရှားလိုခြင်းလော၊ ကျူးကျော်သူအဖြစ် ဖယ်ရှားလိုခြင်းလော၊ သို့တည်းမဟုတ် အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားလိုခြင်းလော ဆိုသည့် အချက်ကို အတည့်အလင်း ဖော်ပြအဆိုပြုထားခြင်းမရှိသည်ကို တွေ့ရသည်။ အိမ်ရှင်-အိမ်ငှား ဆက်သွယ်မှုရှိကြောင်း အဆိုပြုထားခြင်း မရှိ၍ အိမ်ငှားအဖြစ် ဖယ်ရှားခြင်း မဟုတ်ကြောင်း ထင်ရှားပေသည်။ အချင်းဖြစ်အိမ်မှာ မူလက ဦးထွန်းဖေလက်ရှိဖြစ်ခဲ့ပြီး ဒေါ်တင်မေသည် ဦးထွန်းဖေနှင့်အတူ နေထိုင်လာခဲ့သည်။ ဦးထွန်းဖေ ကွယ်လွန်ပြီးသည့်နောက်ပိုင်းတွင် ဒေါ်မြသန်းသည် ဒေါ်တင်မေ နေထိုင်သည့်နောက်ဘက်ပိုင်းကို လက်ရောက်ရခဲ့ခြင်းမရှိသည့်အလျောက် ဒေါ်တင်မေအား ကျူးကျော်သူအဖြစ်ဖြင့်လည်း တရားစွဲဆိုခွင့် မရှိချေ။

အဆိုလွှာ အပိုဒ်(၂)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

၁၉၈၂

ဒေါ်မြသန်း နှင့် ဒေါ်တင်မေ*

"ဒေါ်မြရင်သည် ၁၉၇၇ ခုနှစ်၊ ပြာသိုလဆန်း (၅)ရက် (၂၁-၁၂-၇၁) နေ့တွင် သေဆုံးပြီး ဦးထွန်းဖေသည် ၁၃၃၆ ခုနှစ်၊ တန်ခူးလဆန်း (၂)ရက် (၁၂-၄-၇၅)နေ့တွင်သေဆုံးပါသည်။ ၎င်းတို့နှစ်ဦးသည် သေဆုံးကြသည့် တိုင်အောင် အဆိုအပိုဒ်(၁)တွင် ဖော်ပြပါ အဆောက်အအုံ၌ ပေါင်းသင်း နေထိုင်ကြပါသည်။ ၎င်းတို့နှစ်ဦးတွင် သားသမီး တစ်ယောက်မျှ မထွန်းကားပါ။ တရားပြိုင်သည် ၎င်းတို့ နှစ်ဦးနှင့် ဆွေမျိုး တော်စပ်သူ မဟုတ်ပါ။ ငယ်စဉ်ကပင် ၎င်းတို့ နှစ်ဦးနှင့်အတူ လာရောက်နေထိုင်ပြီး လူလားမြောက်လာသည်အထိ ကျွေးမွေး ပြုစုစောင့်ရှောက် နေထိုင်စေခဲ့ပါသည်။"

ဤအဆိုပြုချက်များအရဆိုလျှင် ဒေါ်မြသန်းသည် ဒေါ်တင်မေအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် နှင်လိုမှုစွဲဆိုကြောင်း ပေါ်ပေါက်နေပေသည်။ အဆိုအပိုဒ်(၇)တွင် ရုံးခွန်ကို ရုံးခွန်အက်ဥပဒေ ဒုတိယဇယားအပိုဒ် (၁၇) (၆)အရ ကျပ် ၂၀/-ထမ်းဆောင်ကြောင်း ဖော်ပြထားရာ အခွင့်အမိန့်အရ နေသူအား နှင်လိုမှုတွင် သတ်မှတ်ထားသည့် ရုံးခွန်ဖြစ်ပေသည်။ ဤအယူခံတွင် အယူခံတရားပြိုင်၏ အကျိုးဆောင်က ဒေါ်မြသန်းစွဲဆိုသောအမှုမှာအခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုဖြစ်ကြောင်း တင်ပြလျှောက်လဲရာ အယူခံတရားလို၏ အကျိုးဆောင်က ထိုအချက် မမှန်ကန်ဟု ငြင်းဆိုတင်ပြခြင်း မပြုခဲ့ချေ။ ဤအကြောင်းများကြောင့် တယူခံတရားလိုသည် အယူခံတရားပြိုင်အား အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် နှင်လိုမှုစွဲဆိုကြောင်း ထင်ရှား နေပေသည်။

အဆိုလွှာအပိုဒ်(၂)ပါ အဆိုပြုချက်များအရလည်းကောင်း၊မူလရုံး အမှုတွဲရှိ သက်သေခံချက်များအရ လည်းကောင်း ဒေါ်တင်မေသည် ဦးထွန်းဖေတို့နှင့် ငယ်စဉ်ကတည်းက နေထိုင်လာခဲ့ကြောင်း ထင်ရှားသည်။ ဤအခြေအနေတွင် ဒေါ်တင်မေသည် ဦးထွန်းဖေ၏ ခွင့်ပြုချက် အရ အချင်းဖြစ်အိမ်၌ နေထိုင်ခဲ့ခြင်းမဟုတ်ပဲ ဦးထွန်းဖေ၏ အိမ်သား တစ်ဦးအဖြစ် နေထိုင်လာခဲ့ကြောင်း ပေါ်လွင်နေပေသည်။ သို့ဖြစ်၍ ဒေါ်မြသန်းသည် ဒေါ်တင်မေအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ် ဖြင့် ဖယ်ရှားပေးရန် တရားစွဲဆိုခွင့် မရှိချေ။

တိုင်းတရားရုံးက ဒေါ်မြသန်းနှင့် ဒေါ်တင်မေတို့အား ဦးထွန်းဖေ ကတ္တိမသမီးအဖြစ် မွေးစားခဲ့ခြင်း ရှိမရှိ သုံးသပ် ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ အမှန်ဆိုသော် အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဒေါ် တင်မေမှာ ဒေါ်မြသန်း၏ အခွင့်အမိန့်အရ နေထိုင်သူ ဖြစ်ကြောင်း မထင်ရှားသည့်အလျောက် ဒေါ်မြသန်း စွဲဆိုသောအမှုမှာ အောင်မြင် ရန် အကြောင်းမရှိတော့သဖြင့် ယင်းပြဿနာများကို အဆုံးအဖြတ် ပေးရန် လိုမည်မဟုတ်ချေ။

၁၉၇၂
ဒေါ်မြသန်း
နှင့်
ဒေါ်တင်မေ*

ထို့ကြောင့် ဤအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့် တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၁၀/--ဟု သတ်မှတ်သည်။

## တရားမ ဒုတိယအယူခံမှု

### ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးတင်အောင်
### ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၂
မေလ
၂၀ ရက်

ဒေါ်မြသန်းပါ ၅

နှင့်

ဦးဘပို *

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၂ (၁) (စ)– ယင်းပုဒ်မပါ "ဆိုခဲ့သည့်ဥပစာ" ဆိုသည့် စကားရပ်သည် ယင်းပုဒ်မ ပထမအပိုဒ်တွင် ပါရှိသော "ဤ ဥပဒေ နှင့်သက်ဆိုင်သည့် အဆောက်အအုံ(သို့မဟုတ်) အဆောက်အအုံ အစိတ်အပိုင်း"ကို ရည်ညွှန်းခြင်း— ယင်းပုဒ်မတွင် အကျုံးဝင်သည့် ဥပစာမှာ (၁-၅-၄၅)နေ့၌ တည်ရှိသော အဆောက်အအုံ (သို့ မဟုတ်)အဆောက်အအုံအစိတ်အပိုင်းဖြစ်ရခြင်း— ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂ (၁) (က)— ယင်းပုဒ်မအရ အိမ်ငှားအား နှင်လိုမှုမစွဲမီ အိမ်ငှားထံမှ ဥပဒေနှင့် အညီ ရထိုက်သော ငှားရမ်းခတောင်းဆိုသည့် နို့တစ်စာတွင် ရထိုက် သည့် ငှားရမ်းခ အကြွေးထက် မပိုရခြင်း။

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ် ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)၏ ဒုတိယအပိုဒ်တွင် ပါရှိသော "ဆိုခဲ့သည့် ဥပစာဆို"သည့် စကားရပ်သည် ပထမအပိုဒ်တွင် ပါရှိသော "ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် အဆောက်အအုံ (သို့တည်းမဟုတ်) အဆောက်အအုံ အစိတ်အပိုင်း" ကို ရည်ညွှန်းသည်ဖြစ်ရာ ထိုအပိုဒ် နှစ်ပိုဒ်ကို ပူးတွဲဖတ်ရှုပါက ယင်းပုဒ်မတွင် အကျုံးဝင်သည့် ဥပစာသည် (၁-၅-၄၅)နေ့၌ တည်ရှိသောအဆောက်အအုံ၊ သို့မဟုတ် အဆောက် အအုံအစိတ်အပိုင်း ဖြစ်ရပေမည်။ ထိုနေ့ရက်နောက်ပိုင်းမှ ဆောက်လုပ် သော အဆောက်အအုံသည် ယင်းပုဒ်မတွင် အကျုံးဝင်မည်မဟုတ်ချေ။

---

* ၁၉၇၀ ပြည့်နှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၇၁။

† ၁၉၇၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၀၄ ချမှတ်ထားသော (၁၉-၅-၇၀) နေ့စွဲပါ တနင်္သာရီတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကို အယူခံမှု။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင် အိမ်ရှင် ဦးဘပိုသည် အိမ်ငှား ဒေါ်မြသန်းထံမှ လက်ခံရရှိပြီးဖြစ်သည့် ၁၉၇၃ ခုနှစ်၊ မတ်လနှင့် ဧပြီလ အိမ်လခများကို သက်သေခံ (က) နို့တစ်စာတွင် ထည့်သွင်း တောင်းဆိုထားသည့်အလျောက် ယင်းနို့တစ်စာ၌ ဖော်ပြထားသော ငှားရမ်းခ အကြွေးများမှာ တရားဥပဒေနှင့်အညီ ရထိုက်သည်ထက် ပို နေသဖြင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၂(၁) (က)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော နို့တစ်စာ ဖြစ်သည်ဟု မဆိုနိုင်ပေ။ ၁၉၈၂ * ဒေါ်မြသန်း ပါ ၅ နှင့် ဦးဘပို*

**အယူခံတရားလိုအတွက်**— ဦးထွန်းတင်၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်**— ဦးမြတင်၊ ဗဟိုတရားရုံးရှေ့နေ။

တနင်္သာရီတိုင်း၊ မြိတ်အရှေ့မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၇၄ တွင် အယူခံတရားပြိုင် ဦးဘပိုက အယူခံတရားလို ဒေါ်မြသန်း၊ ဦးတင်ရှိန်၊ ဒေါ်ကြည်လှ၊ ဦးမောင်လေးနှင့် ဒေါ်အော်တို့ အပေါ် အချင်းဖြစ်အိမ်မှ နှင်ထုတ်ပေးရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က)နှင့် (စ)အရ တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဒေါ်မြသန်းတို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီဂရီတို့ကို မကျေနပ်သဖြင့် တနင်္သာရီတိုင်း တရားရုံး တရားမအယူခံမှုအမှတ် ၉/၇၉ နှင့် ၁၀/၇၉ တို့တွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံ မှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံး တရားလို ဦးဘပိုက မြိတ်မြို့ ထားဝယ်စုရပ် ဗိုလ်ချုပ်လမ်းရှိ အိမ်အမှတ် (၁၉၄)ကို ဒေါ်မြသန်းက တလလျှင် ငှားရမ်းခ ငွေကျပ် ၁၂၅/ နှုန်းဖြင့် အင်္ဂလိပ်ပြက္ခဒိန် လအလိုက် ငှားရမ်းခဲ့ကြောင်း ဦးတင် ရှိန်၊ ဒေါ်ကြည်လှ ဦးမောင်လေးနှင့် ဒေါ်အော်တို့သည် ဒေါ်မြသန်း ထံမှ တဆင့်ခံအိမ်ငှားများဖြစ်ကြောင်း၊ ဒေါ်မြသန်းသည် ၁-၃-၇၃ နေ့မှစ၍ ငှားရမ်းခများပေးရန် ပျက်ကွက်ခဲ့ရာ နို့တစ်စာပေး၍ တောင်း ဆိုသော်လည်း ပေးဆောင်ခြင်း မပြုကြောင်း၊ မိမိသည် အချင်းဖြစ်အိမ် ကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက် ရယူလိုသောကြောင့် အိမ်ခန်း ငှားရမ်းခြင်းကို ၃၁-၇-၇၄ နေ့တွင် ရပ်စဲခဲ့ကြောင်း၊ သို့သော် ဒေါ် မြသန်းတို့သည် အိမ်မှဖယ်ရှားပေးခြင်း မပြုကြောင်း စသည့်ဖြင့် အဆို ပြုကာ သူတို့အား ဖယ်ရှားပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဤအယူခံတွင် အဓိက အကြောင်းပြချက် များမှာ အောက်ပါ

၁၉၈၂ အတိုင်းဖြစ်သည်--

ဒေါ်မြသန်း ပါ ၅ နှင့် ဦးဘပို*

၁။ ယခု အချင်းဖြစ် အဆောက်အအုံမှာ (၁-၅-၄၅)ရက်နေ့ မတိုင်မီက တည်ရှိ ခဲ့သော အဆောက် အအုံ မဟုတ်၊ ၁၉၅၃ ခုနှစ်မှ ဆောက်လုပ်ပြီးစီးသော အဆောက်အအုံသစ် ဖြစ်ရာ အယူခံတရားပြိုင်သည် ထိုအဆောက်အအုံကို အမွေ ဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာခဲ့ခြင်း မဟုတ်ပဲ ဆောက်လုပ်ပိုင် ဆိုင်လာခဲ့ခြင်းသာ ဖြစ်ရာ ပုဒ်မ ၁၂(၁)(စ)အရ တရား စွဲဆိုပိုင်ခွင့် မရှိသည်ကို မူလရုံးနှင့် ပထမ အယူခံရုံးတို့က ၎င်း စွဲဆိုသည့်အတိုင်း ဒီဂရီချမှတ်ပေးခဲ့ခြင်းမှာ များစွာမှားယွင်း လျက်ရှိပါသည်။

၂။ ရုံးငြင်းချက်အမှတ်(၃)နှင့် စပ်လျဉ်း၍ တရားလိုပေးပို့သော နို့တစ်စာသည် ဥပဒေနှင့် မညီညွတ် ဟူ၍ ဆုံးဖြတ်ရမည့်အစား မူလရုံးနှင့် ပထမအယူခံရုံးတို့က ဥပဒေနှင့် ညီညွတ်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ များစွာမှားယွင်းလျက်ရှိပါသည်။

၃။ အယူခံ တရားပြိုင်ပေးပို့သော နို့တစ်စာသည် အယူခံတရားလို အမှတ် (၁)သို့သာ လိပ်မူ၍ ပေးပို့ခဲ့သော နို့တစ်စာ ဖြစ်ပါ သည်။ကျန်အယူခံတရားလိုများထံသို့လိပ်မူမထားပဲမိတ္တူများ ကိုသာ ပေးပို့ခဲ့၍ ထိုနို့တစ်စာသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (က)အရ သော်၎င်း၊ ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရလည်းကောင်း ပေးပို့ခဲ့သော နို့တစ်စာမဟုတ်သဖြင့် တရားမဝင်ဆိုသည့်အချက်ကို အလေး အနက်ထား၍ ဆုံးဖြတ်ရန်ဖြစ်ပါလျက်နှင့် မူလရုံးနှင့် ပထမ အယူခံရုံးတို့က တရားဝင်သည်ဟု ဆုံးဖြတ်ခဲ့ကြခြင်းမှာ များ စွာ မှားယွင်းလျက်ရှိပါသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်--

"ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် အဆောက်အအုံ၊ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိ

ကိုယ်တိုင် နေထိုင်ရန်အတွက် သက်သက် ရယူလို၍ ဆိုခဲ့သည့် ဥပစာ၌ မိမိကိုယ်တိုင် နေထိုင်ပါမည်ဟူ၍လည်းကောင်း၊ ထို ဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့် နေ့ရက်ကစ၍ သုံးလ အတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍ လည်း ကောင်း တရားရုံးက သင့်သည် ထင်မြင်သည့် ငွေအရေအတွက် ဖြင့် ခံဝန်ချုပ်ဆိုခဲ့သည့်ကိစ္စ။

၁၉၈၂ ဒေါ်မြသန်း ပါ ၅ နှင့် ဦးဘပို *

သို့ရာတွင် ဤအပိုဒ်ပါ ကိစ္စ အလို့ငှာ "ပိုင်ရှင်" ဆိုသည့် စကားရပ်တွင် ၁၉၄၅ ခုနှစ် မေလ ၁ ရက် နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေ ဆက်ခံခြင်းဖြင့် ထိုဥပစာ ပိုင်ရှင်ဖြစ်လာသူမှ တပါး အခြား မည်သူမျှ မပါဝင်စေရ"

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)၏ ဒုတိယအပိုဒ်တွင်ပါရှိသော"ဆိုခဲ့သည့်ဥပစာ"ဆို သည့်စကားရပ်သည်ပထမအပိုဒ်တွင်ပါရှိသော"ဤအက်ဥပဒေနှင့်သက် ဆိုင်သည့် အဆောက်အအုံ၊ သို့မဟုတ်'အဆောက်အအုံအစိတ်အပိုင်း"ကို ရည်ညွှန်းသည်ဖြစ်ရာ ထိုအပိုဒ် နှစ်ပိုဒ်ကို ပူးတွဲဖတ်ရှုပါက ယင်းပုဒ်မ တွင် အကျုံးဝင်သည့် ဥပစာသည် ၁-၅-၄၅ နေ့၌ တည်ရှိသော အဆောက်အအုံ၊ သို့မဟုတ် အဆောက်အအုံအစိတ်အပိုင်းဖြစ်ရပေမည်။ ထိုနေ့ရက်နောက်ပိုင်းမှ ဆောက်လုပ်သော အဆောက်အအုံသည် ယင်း ပုဒ်မတွင် အကျုံးဝင်မည် မဟုတ်ချေ။ အယူခံ တရားပြိုင် ဦးဘပိုက "အချင်းဖြစ်အိမ်မှာ စစ်အတွင်းက မီးလောင် ပျက်စီးသွားပါသည်။ ယခင်အိမ်ဟောင်းမှ အုတ်အပိုင်း ကျန်ခဲ့ပါသည်။ ကျွန်တော်က ၁၉၅၁ ခုနှစ်က ပြန်ဆောက်ပါသည်"ဟု ထွက်ဆိုထားသည် ဖြစ်၍ ထိုအချင်း ဖြစ်အိမ်မှာ ၁-၅-၄၅ နေ့တွင် တည်ရှိသော အိမ်မဟုတ်ကြောင်း ထင် ရှားနေပေသည်။ ထိုစဉ်က တည်ရှိခဲ့သည့် အုတ်ခုံပေါ်တွင် အချင်းဖြစ် အိမ်ကို ဆောက်လုပ်ခဲ့သည်မှန်သော်လည်း ယင်းအိမ်မှာ ပုဒ်မ ၁၂ (၁) (စ)တွင် အကျုံးဝင်သောအိမ်ဖြစ်သည်ဟု မဆိုနိုင်ပေ။ အကြောင်းမူ အပေါ်ထပ် အဆောက်အအုံမှာ ၁-၅-၄၅ နေ့က တည်ရှိခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ဦးဘပိုသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီး ကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် အကျုံးဝင်သော အိမ်ပိုင်ရှင် မဟုတ်သည့်အလျောက် ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်များအရ အိမ်ငှား အား နှင်ထုတ်ခွင့်မရှိပေ။

အမှုမစွဲဆိုမီ အိမ်ငှားများထံ ပေးပို့ခဲ့သော သက်သေခံ (က)
၁၉၈၂ နို့တစ်စာမှာ ဥပဒေနှင့် ညီညွတ်မှုမရှိဟု ဤအယူခံတွင် အကြောင်း
ဒေါ်မြသန်း ပြချက်တစ်ရပ် အဖြစ် တင်ပြထားသော်လည်း အယူခံ တရားလိုတို့၏
ပါ ၅ အကျိုးဆောင်သည် ထိုအချက်နှင့်စပ်လျဉ်း၍ ခိုင်ခိုင်လုံလုံတင်ပြနိုင်ခြင်း
နှင့် မရှိချေ။ သက်သေခံ(က) နို့တစ်စာတွင် ၁-၃-၇၃ နေ့မှစ၍ ပေးရန်
ဦးဘပို * ကျန်ရှိသော ငှားရမ်းခများကို တောင်းဆိုထားကြောင်း တွေ့ရသည်။
အဆိုလွှာအပိုဒ်(၃)တွင် ဒေါ်မြသန်းသည် ၁-၁-၇၃ နေ့မှစ၍ ကျသင့်သော အိမ်ငှားခများကို ပေးဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ သို့သော် ပြန်ကြားလွှာတွင်မူ "၂၃-၅-၇၄ နေ့ပေးသော အိမ်လခသည် အိမ်ခကျန်ငွေ မတ်လနှင့် ဧပြီလအတွက် ဖြစ်ပါသည်"ဟု ဖြေကြားထားသည်ကို တွေ့ရသည်။ သက်သေခံ(က) နို့တစ်စာကို ၆-၇-၇၄ ရက်စွဲတပ်ထားသည် ဖြစ်ရာ ထိုနို့တစ်စာကို မပို့မီကပင် အိမ်ရှင်သည် ၁၉၇၃ ခုနှစ် မတ်လနှင့် ဧပြီလ အတွက် အိမ်လခများ ရရှိပြီးကြောင်း ပေါ်လွင်နေပေသည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ အိမ်ငှားအပေါ် နှင်လိုမှုမစွဲဆိုမီ အိမ်ငှားထံမှ တရားဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခအတွက် တောင်းဆိုသည့်စာကို စာပို့တိုက်မှ မှတ်ပုံတင်၍ အိမ်ငှားထံသို့ ပေးပို့ရမည်ဟု ယင်းပုဒ်မတွင် ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် အိမ်ရှင်ဦးဘပိုသည် အိမ်ငှားဒေါ်မြသန်းထံမှ လက်ခံရရှိပြီးဖြစ်သည့် ၁၉၇၃ ခုနှစ်၊ မတ်လနှင့်ဧပြီလအတွက် အိမ်လခများကို သက်သေခံ(က) နို့တစ်စာတွင်. ထည့်သွင်း တောင်းဆိုထားသည့် အလျောက် ယင်းနို့တစ်စာ၌ ဖော်ပြထားသော ငှားရမ်းခ အကြွေးများမှာ တရားဥပဒေနှင့်အညီ ရထိုက်သည်ထက် ပိုနေသဖြင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော နို့တစ်စာ ဖြစ်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ ထိုနို့တစ်စာအပေါ် အခြေခံကာ အိမ်ငှားအား အဆိုပါ ဥပဒေပုဒ်မ ၁၂(၁)(က)အရ နှင်ထုတ်ခွင့် မရှိပေ။

အယူခံတရားလိုတို့၏ အကျိုးဆောင်က ဦးဘပိုသည် အယူခံတရားလို ဦးတင်ရှိန်၊ ဒေါ်ကြည်လှ၊ ဦးမောင်လေးနှင့် ဒေါ်အေးတို့အပေါ် သက်သေခံ(က) နို့တစ်စာ၏ မိတ္တူကိုသာ ပေးပို့ခဲ့သည်ဖြစ်၍ သူတို့အနေဖြင့် တစုံတရာဆောင်ရွက်ရန် အကြောင်းမရှိသောကြောင့် သူတို့နှင့်စပ်လျဉ်း၍ ယင်းနို့တစ်စာမှာ ဥပဒေနှင့်မညီညွတ်ကြောင်း တင်ပြ

၁၉၈၂

ဒေါ်မြသန်း ပါ (၅) နှင့် ဦးဘပို*

လျှောက်ထားသည်။ အယူခံတရားလို ဦးတင်ရှိန်တို့သည် ဒေါ်မြသန်း၏ တဆင့်ခံ အိမ်ငှားများသာ ဖြစ်သည်။ အိမ်ပိုင်ရှင်ဖြစ်သည့် ဦးဘပို၏ အိမ်ငှားများမဟုတ်ချေ။ ဦးဘပိုအနေဖြင့် သူတို့ထံမှ အိမ်လခတောင်းခံခွင့် မရှိသည့်ပြင် အိမ်ငှား ဒေါ်မြသန်းအပေါ် ဒီဂရီချမှတ်ပါက တဆင့်ခံအိမ်ငှားများအပေါ်တွင်လည်း အတည်ဖြစ်မည်ဖြစ်ရာ သူတို့ထံသို့ နို့တစ်စာပေးပို့ရန် အကြောင်းမရှိပေ။ သက်သေခံ(က)နို့တစ်စာ၏မိတ္တူကို သူတို့ထံပေးပို့ခဲ့ခြင်းမှာ အချင်းဖြစ်အမှုကိစ္စကို အသိပေးသည့်သဘော ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ သက်သေခံ(က) နို့တစ်စာမှာ တဆင့်ခံ အိမ်ငှားများအပေါ် တရားဥပဒေအရ အကျိုး သက်ရောက်မှု ရှိမရှိဟုဆိုသော ပြဿနာ မပေါ်ပေါက်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီဂရီများကို ပယ်ဖျက်ပြီး ဦးဘပိုစွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/- ဟု သတ်မှတ်သည်။

## တရားမ တတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှသုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၂
နိုဝင်ဘာ
၂၆ ရက်

ဒေါ်ယဉ်ယဉ်ဝင်း *

နှင့်

ဦးလှမြင့်

**၁၉၆၀ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)ပါ "ပိုင်ရှင်"ဆိုသည့် စကားရပ်တွင် ၁၉၄၅ ခုနှစ် မေလ ၁ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင် ဖြစ်လာသူမှတပါး အခြားမည်သူမျှ မပါဝင်ရဟု ပြဋ္ဌာန်းထားခြင်း— ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် အကျုံးဝင်သော "ပိုင်ရှင်" ၁၉၄၅ခုနှစ် မေလ ၁ ရက်နေ့ နောက်ပိုင်းတွင် ဆောက်လုပ်သော အဆောက်အအုံ၏ ပိုင်ရှင်သည် ယင်းဥပဒေပုဒ်မတွင် အကျုံးဝင်သော ပိုင်ရှင် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)တွင် "ဤအပိုဒ်ပါကိစ္စအလို့ငှာ 'ပိုင်ရှင်'ဆိုသည့် စကားရပ်တွင် ၁၉၄၅ခုနှစ် မေလ ၁ ရက်နေ့၌ ဆိုခဲ့သည့် ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင် ဖြစ်လာသူမှတပါး အခြား မည်သူမျှ မပါဝင်စေရ"ဟူ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ဒေါ်ယဉ်ယဉ်ဝင်းက အချင်းဖြစ်အခန်းပါဝင်သည့်တိုက်ကို အမွေရရှိပြီး ပိုင်ဆိုင်လာသည်ဟု ဆိုသော်လည်း အဆိုပါတိုက်ကို ၁၉၅၆ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်သဖြင့် ဒေါ်ယဉ်ယဉ်ဝင်းသည်ဖော်ပြပါပုဒ်မ ၁၂(၁)(စ)

---

* ၁၉၈၁ ခုနှစ်၊ တရားမ တတိယအယူခံမှုအမှတ် ၂၄။

† ၁၉၈၀ ပြည့်နှစ်နှင့် ၁၉၈၁ ခုနှစ်၊ ဤ ဒုတိယအယူခံမှု အမှတ် ၂၉၃/၆၃ တို့တွင် ချမှတ်ထားသော (၁၂-၆-၈၁) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် စကားရပ်တွင် အကျုံးဝင်သော ပိုင်ရှင်ဖြစ်သည်ဟု မဆိုနိုင်ပေ။

၁၉၈၂
ဒေါ်ယဉ်ယဉ်ဝင်း*
နှင့်
ဦးလှမြင့်

**အယူခံတရားလိုအတွက်** — ဦးချစ်မောင်၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ဦးဘစိန်၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် တရားရုံး တရားမကြီးမှု အမှတ် ၁/၇၅ တွင် အယူခံတရားလို ဒေါ်ယဉ်ယဉ်ဝင်း က အယူခံတရားပြိုင် ဦးလှမြင့်အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) နှင့် (စ)တို့အရ ငှားရမ်းထားသည့် ဥပစာမှ နှင်လိုမှုစွဲဆိုရာ ပလပ်ခြင်း ခံရသည်။ ဒေါ်ယဉ်ယဉ်ဝင်းက ကျောက်တံတားမြို့နယ်တရားရုံး၌ အယူခံဝင်ရာ တွင် မြို့နယ်တရားရုံးက ရပ်ကွက်တရားရုံး၏စီရင်ချက်နှင့် ဒီဂရီကို ပယ် ဖျက်ပြီး ဒေါ်ယဉ်ယဉ်ဝင်းအား ပုဒ်မ ၁၂(၁)(က)အရ အနိုင်ဒီဂရီ ချမှတ်ပေးခဲ့သည်။ ဦးလှမြင့်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီဂရီ ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး၊ တရားမ ဒုတိယအယူခံမှု အမှတ် ၂၉၃/၈၀ တွင်လည်းကောင်း၊ ဒေါ်ယဉ်ယဉ်ဝင်းက မြို့နယ်တရားရုံးက ပုဒ်မ ၁၂(၁)(က) အရသာ ဒီဂရီချမှတ်ပြီး ပုဒ်မ ၁၂(၁)(စ)အရ ဒီဂရီချမှတ်ပေးခြင်း မပြုသည့်အတွက် ရန်ကုန်တိုင်းတရားရုံး၊ တရားမ ဒုတိယအယူခံမှုအမှတ် ၆၃/၈၁ တွင်လည်းကောင်း အယူခံ ဝင်ကြ သည်။ တိုင်းတရားရုံးက ဒေါ်ယဉ်ယဉ်ဝင်း၏ အယူခံကို ပလပ်ပြီး ဦးလှမြင့်၏အယူခံကို ခွင့်ပြု၍ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကို ပယ်ဖျက်ခဲ့သည်။ ဒေါ်ယဉ်ယဉ်ဝင်းက တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီဂရီများကို မကျေနပ်သည့်အတွက် ဗဟိုတရားရုံးသို့ ဤတရားမ တတိယ အယူခံမှုကို တင်သွင်းသည်။

အယူခံတရားလို ဒေါ်ယဉ်ယဉ်ဝင်းက သူပိုင်သည့် အချင်းဖြစ်အခန်း ကို တစ်လ ငွေ၆၅/-ကျပ်ဖြင့် ဦးလှမြင့်အား ငှားရမ်းခဲ့ကြောင်း၊ ဦးလှမြင့် သည် ၁၉၇၄ ခုနှစ် ဇန်နဝါရီလမှ ၁၉၇၄ ခုနှစ် စက်တင်ဘာလအထိ ၉ လအတွက် ငှားရမ်းခငွေ ၅၈၅/–ကျပ်ကို ပေးရန် ပျက်ကွက်ခဲ့ ကြောင်း၊ ဦးလှမြင့်ထံသို့ အကြောင်းကြားစာ ပေးပို့ပြီး ငှားရမ်းခ များ တောင်းခံခဲ့သော်လည်း ဦးလှမြင့်က မပေးပဲနေခဲ့ကြောင်း၊ အချင်း ဖြစ် အခန်းကို သူကိုယ်တိုင်နေထိုင်ရန်အတွက် ပြန်လည်ရယူလိုကြောင်း အဆိုပြုလျက် ဦးလှမြင့်အပေါ် နှင်လိုမှု စွဲဆိုခြင်းဖြစ်သည်။

၁၉၈၂
ဒေါ်ယဉ်ယဉ်ဝင်း နှင့် ဦးလှမြင့်*

အယူခံတရားလို ဒေါ်ယဉ်ယဉ်ဝင်းက အယူခံတင်သွင်းရာ ဦးလှမြင့်သည် ၉ လအတွက် ငှားရမ်းခကျန်ငွေများပေးရန် ပျက်ကွက်ခဲ့သည်မှာ ထင်ရှားကြောင်း၊ အချင်းဖြစ်အခန်းကို ကိုယ်တိုင်နေထိုင်ရန် အတွက် ရယူလိုသည်ဆိုသည့်အချက်မှာ ပေါ်လွင်နေကြောင်း၊ ယင်းအချက်များကို မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ထည့်သွင်းစဉ်းစားခြင်း မပြုသည်မှာ မှားယွင်းကြောင်းဖြင့် အဓိက အကြောင်းပြချက်များအဖြစ် တင်ပြသည်။

ဒေါ်ယဉ်ယဉ်ဝင်းက အချင်းဖြစ်အခန်းကို ဦးလှမြင့်သို့ တလငွေ ၆၅/–ကျပ်ဖြင့် ငှားရမ်းခဲ့သည်ဟု ထွက်ဆိုထားသော်လည်း ဒေါ်ယဉ်ယဉ်ဝင်းက ငှားရမ်းခများ ကောက်ခံစဉ် ဦးလှမြင့်သို့ လက်မှတ်ရေးထိုးပြီး ပေးပို့ခဲ့သည့်ပြေစာ (သက်သေခံအမှတ်-၁) တွင် အချင်းဖြစ်အခန်းအတွက် လစဉ်ငှားရမ်းခမှာ ငွေကျပ် ၅၀/–ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ဦးလှမြင့်က ၉ လအတွက် ငှားရမ်းခကျန်ငွေ ကျပ် ၄၅၀/–ကို စာတိုက်မှ ငွေပို့လွှာဖြင့် ပေးပို့ခဲ့သော်လည်း ဒေါ်ယဉ်ယဉ်ဝင်းက ထိုငွေများကို လက်မခံခဲ့ကြောင်း ထွက်ဆိုထားသည်။ အိမ်ငှားက ငှားရမ်းခများပေးသွင်းရာတွင် အိမ်ရှင်က လက်ခံရန် ငြင်းဆိုလျှင် အိမ်ငှားဖြစ်သူသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (၁) (က) အရ ငှားရမ်းခ ကြီးကြပ်ရေးဝန်ထံ ပေးသွင်းနိုင်သည်။ ဦးလှမြင့်သည် ငှားရမ်းခကျန်ငွေများကို ကြီးကြပ်ရေးဝန်ထံ ပေးသွင်းခဲ့ခြင်းမရှိသဖြင့် ဦးလှမြင့်အနေဖြင့် ငှားရမ်းခများ ပေးသွင်းရန် ပျက်ကွက်သည်ဟု ဆိုရပေမည်။ ထို့ကြောင့် မြို့နယ်တရားရုံးက တရားမ ပထမအယူခံမှုတွင် ဒေါ်ယဉ်ယဉ်ဝင်းအား ယင်းဥပဒေအပိုဒ် ၁၂ (၁) (က)အရ အနိုင်ဒီဂရီ ချမှတ်ပေးခဲ့သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဒေါ်ယဉ်ယဉ်ဝင်းက သူ၏မိဘများသည် ၁၉၅၉ ခုနှစ်က အချင်းဖြစ်အခန်းပါဝင်သည့်တိုက်ကို ဆောက်လုပ်ခဲ့ကြောင်း၊ သူသည် သူ၏ မိဘများထံမှ အချင်းဖြစ်အခန်း ပါဝင်သည့်တိုက်ကို အမွေရပြီး ပိုင်ဆိုင်လာခြင်းဖြစ်ကြောင်း၊ အချင်းဖြစ် အခန်းတွင် ကိုယ်တိုင် နေထိုင်ရန်နှင့် တူ-တူမများ အိမ်ထောင်ချပေးရာတွင် နေထိုင်ရန်အတွက်ပါ သဘောရိုးဖြင့် ရယူလိုခြင်း ဖြစ်ကြောင်း ထွက်ဆိုထားသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ) တွင် ''ဤအပိုဒ်ပါကိစ္စအလို့ငှာ'' 'ပိုင်ရှင်' ဆိုသည့် စကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ဆိုခဲ့သည့် ဥပစာ ပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်မှ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင်ဖြစ်လာသူမှတပါး အခြားမည်သူမျှ မပါဝင်စေရ'' ဟူ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ဒေါ်ယဉ်ယဉ်ဝင်းက အချင်းဖြစ် အခန်းပါဝင်သည့်တိုက်ကို အမွေရရှိပြီး ပိုင်ဆိုင်လာသည်ဟု ဆိုသော်လည်း အဆိုပါတိုက်ကို ၁၉၅၉ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်သဖြင့် ဒေါ်ယဉ်ယဉ်ဝင်းသည် ဖော်ပြပါပုဒ်မ ၁၂(၁)(စ) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် 'ပိုင်ရှင်' ဆိုသည့် စကားရပ်တွင် အကျုံးဝင်သော ပိုင်ရှင်ဖြစ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ဒေါ်ယဉ်ယဉ်ဝင်း အနေဖြင့် အိမ်ငှား ဦးလှမြင့်အပေါ် ယင်းဥပဒေပုဒ်မ ၁၂(၁)(စ) အရ နှင်လိုမှုစွဲဆိုနိုင်မည် မဟုတ်ပေ။ သို့ဖြစ်၍ တိုင်းတရားရုံးက ဒေါ်ယဉ်ယဉ်ဝင်း၏ အယူခံကို ပယ်ခဲ့သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ၁၉၈၂

ဒေါ်ယဉ်ယဉ်ဝင်း
နှင့်
ဦးလှမြင့် *

သို့ဖြစ်၍ အယူခံတရားလို ဒေါ်ယဉ်ယဉ်ဝင်းက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(စ)အရ ဒီကရီချမှတ်ပေးရန်တင်သွင်းသည့် အယူခံကို ပလပ်လိုက်သည်။ သို့ရာတွင် ယင်းဥပဒေပုဒ်မ ၁၂(၁)(က) အရ ဒီကရီချမှတ်ပေးရန် တင်သွင်းသည့် အယူခံကိုခွင့်ပြုပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မြို့နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။

တရားရုံး၏ အဆင့်ဆင့်စရိတ်ကို ဦးလှမြင့်က ကျခံစေရမည်။

ရှေ့နေခ ကျပ် ၅၀/—သတ်မှတ်သည်။

### တရားမ အထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးခင်ဇာမုံ
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၀၂
ဇန်နဝါရီလ
၁၅ ရက်

ဦးရင်ကြီး
နှင့်
ဦးရင်လပ် ပါ(၂)*

**တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၄ နှင့် နည်း ၈—အမှုကိုပလပ်သော အမိန့်အား ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း— လျှောက်ထားချက်ကိုပယ်သော အမိန့်ကို မည်သည့်အခြေအနေတွင် အယူခံဝင်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ချိန်းဆိုသောနေ့တွင်တရားလိုမလာပါက အမှုကို ပလပ်ပုံ ပလပ်နည်း နှစ်မျိုးနှစ်စားရှိသည်။ အမှုကို ကြားနာရန် ခေါ်သောအခါ မည်သည့်အမှုသည်မျှ လာရောက်ခြင်းမရှိလျှင် အမှုကို ပလပ်ကြောင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၉၊ နည်းဥပဒေ ၃ အရ အမိန့်ချမှတ်နိုင်သည်။ တရားပြိုင်လာ၍ တရားလို မလာလျှင်မူ အမှုကို ပလပ်ကြောင်း အမိန့် ၉၊ နည်းဥပဒေ ၈ အရ အမိန့်ချမှတ်ရမည် ဖြစ်သည်။ နည်း ၃ အရ အမှုကို ပလပ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် မူလရုံးတွင် နည်း ၄ အရ လျှောက်ထားနိုင်သည်။ ထိုလျှောက်ထားချက်ကို ပယ်လျှင် ထိုသို့ပယ်သည့်အမိန့်ကို နောက်တဆင့်မြင့်သည့် တရားရုံးတွင် အယူခံဝင်ခွင့်မရှိတော့ချေ။ နည်း ၈ အရ အမှုကို ပလပ်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် မူလရုံးတွင် နည်း ၉ အရ လျှောက်ထားနိုင်သည့်ပြင် ထိုလျှောက်ထားချက်ကို ပယ်ချပါကလည်း ထိုသို့ပယ်သည့် အမိန့်ကို နောက်တဆင့် မြင့်သည့်တရားရုံးတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၃၊ နည်းဥပဒေ ၁ (၈)အရ အယူခံဝင်နိုင်သည်။

**အယူခံတရားလိုအတွက်** — ဦးအောင်ခင်၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ဦးဘငွေ၊ ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၈။

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ တွင် ချမှတ်သော ၂၀-၉-၇၉ နေ့စွဲပါ ရှမ်းပြည်နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

ရှမ်းပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၉/၇၉ (လားရှိုး) တွင် အယူခံတရားလို ဦးရင်ကြီး (ခ) ဦးပေါအေးက အယူခံတရားပြိုင် ဦးရင်လပ်နှင့် မောင်ကိုတို့အပေါ် ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးထွန်းမောင်နှင့် ဒေါ်ချစ်တို့၏အမွေပုံပစ္စည်းများကို စီမံခန့်ခွဲပေးစေလို မှုစွဲဆိုရာ တရားပြိုင်ဘက်မှ လာရောက်ရန်ချိန်းဆိုသောနေ့တွင် တရားလို ဘက်မှ မည်သူမျှ လာရောက်ခြင်း မရှိသဖြင့် ပြည်နယ်တရားရုံးက အမှုကို ပလပ်လိုက်လေသည်။ အယူခံတရားလိုက ရှမ်းပြည်နယ် တရားရုံးတွင် အမှုကို ပြန်လည်ဖွင့်လှစ်ပေးရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်းဥပဒေ ၉ အရ လျှောက်ထားရာ မအောင်သောကြောင့် ဗဟို တရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။ ၁၉၈၂ ဦးရင်ကြီး နှင့် ဦးရင်လပ် ပါ(၂)*

တယူခံတရားလို ဦးရင်ကြီးစွဲဆိုသော အမှုကို သူ၏ အကျိုးဆောင် ဦးအောင်ဒင်က ရှမ်းပြည်နယ်တရားရုံးတွင် ၈-၆-၇၉ နေ့၌ တင်သွင်း ရာ ပြည်နယ်တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ တို့အရ ငြင်းချက်ထုတ်ရန်အတွက် ၉-၇-၇၉ နေ့သို့ ချိန်းဆိုသည့် သမ္မန်စာကို တရားပြိုင်များဖြစ်ကြသော အယူခံတရားပြိုင် ဦးရင်လပ် နှင့် မောင်ကိုကိုတို့ထံ ထုတ်ဆင့်ခဲ့သည်။ ထိုနေ့တွင် တရားလိုဘက်မှ မည်သူမျှလာရောက်ခြင်းမရှိပဲ တရားပြိုင်ဘက်မှ ဦးရင်လပ်နှင့် မောင် ကိုကိုတို့၏ မိခင် ဒေါ်သန်းသန်းတို့သာ လာရောက်ကြသည်။ သို့ဖြစ်၍ ပြည်နယ်တရားရုံးက အမှုကို ပလပ်လိုက်ခြင်းဖြစ်သည်။

ချိန်းဆိုသောနေ့တွင် တရားလိုမလာပါက အမှုကို ပလပ်ပုံ ပလပ် နည်း နှစ်မျိုးနှစ်စားရှိသည်။ အမှုကိုကြားနာရန် ခေါ်သောအခါ မည်သည့်အမှုသည်မျှ လာရောက်ခြင်းမရှိလျှင် အမှုကို ပလပ်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်းဥပဒေ ၃ အရ အမိန့်ချမှတ်နိုင် သည်။ တရားပြိုင်လာ၍ တရားလို မလာလျှင်မူ အမှုကို ပလပ်ကြောင်း အမိန့် ၉၊ နည်းဥပဒေ ၈ အရ အမိန့်ချမှတ်ရမည်ဖြစ်သည်။ နည်း ၃ အရ အမှုကိုပလပ်သည့် အမိန့်ကိုပယ်ဖျက်ပေးရန် မူလရုံးတွင် နည်း ၄ အရ လျှောက်ထားနိုင်သည်။ ထိုလျှောက်ထားချက်ကို ပယ်လျှင် ထိုသို့ပယ် သည့် အမိန့်ကို နောက်တဆင့်မြင့်သည့် တရားရုံးတွင် အယူခံဝင်ခွင့် မရှိတော့ချေ။ နည်း ၈ အရ အမှုကို ပလပ်သည့် အမိန့်ကို ပယ်ဖျက်ပေး ရန် မူလရုံးတွင် နည်း ၉ အရ လျှောက်ထားနိုင်သည့်ပြင် ထိုလျှောက် ထားချက်ကို ပယ်ချပါကလည်း ထိုသို့ပယ်သည့် အမိန့်ကို နောက်တဆင့် မြင့်သည့် တရားရုံးတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၃၊ နည်း ဥပဒေ ၁ (ဂ)အရ အယူခံဝင်နိုင်သည်။

၁၉၇၂
ဦးရင်ကြီး နှင့် ဦးရင်လပ် ပါ(၂) *

ရုံးခေါ်စာ ထုတ်ဆင့်ခြင်းခံရသူ တရားပြိုင်ကိုယ်တိုင်ဖြစ်စေ၊ သူ၏ ရှေ့နေဖြစ်စေ၊ ရုံးချိန်းနေ့တွင် တရားရုံးသို့ လာရောက်နိုင်သည် ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁(၂)တွင် ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် ၉-၇-၇၉ နေ့၌ တရားပြိုင်ဦးရင်လပ်ကိုယ်တိုင် မူလရုံးသို့ လာရောက်သော်လည်း ကျန်တရားပြိုင် မောင်ကိုကို လာရောက်ခဲ့ခြင်းမရှိချေ။ ထိုနေ့က မိခင်ဖြစ်သူ ဒေါ်သန်းသန်း ရောက်ရှိသည်မှန်သော်လည်း ရှမ်းပြည်နယ်တရားရုံးက သူ့အား အရွယ်မရောက်သေးသူ မောင်ကိုကိုအတွက် အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၂၊ နည်းဥပဒေ ၃ (၁)အရ ခန့်ထားခဲ့ခြင်း မရှိသည့်အလျောက် ဒေါ်သန်းသန်းသည် မောင်ကိုကို ကိုယ်စား မူလရုံးသို့ လာရောက်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ ၉-၇-၇၉ နေ့၌ တရားပြိုင် မောင်ကိုကိုဘက်မှ ရှမ်းပြည်နယ်တရားရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ (၂)နှင့်အညီ လာရောက်ခဲ့ခြင်းမရှိဟု ကောက်ယူရပေမည်။ ဤအခြေအနေတွင် မောင်ကိုကိုနှင့် စပ်လျဉ်းသည့် အမှုကို မူလရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၃ အရ ပလပ်ခဲ့ရာရောက်ပေသည်။ တရားပြိုင် ဦးရင်လပ်မှာမူ ထိုနေ့က မူလရုံးသို့ ရောက်ရှိခဲ့ပြီး တရားလို ဦးရင်ကြီးသာ တရားရုံးသို့ လာရောက်ရန် ပျက်ကွက်ခဲ့သည်ဖြစ်၍ မူလရုံးက ဦးရင်လပ်အပေါ် စွဲဆိုသော အမှုကို အမိန့် ၉၊ နည်းဥပဒေ ၈ အရ ပလပ်ခဲ့သည်ဟု ကောက်ယူရပေမည်။ ထို့ကြောင့် မောင်ကိုကိုနှင့် စပ်လျဉ်းသည့်အမှုကို ပလပ်သော အမိန့်အား ပယ်ဖျက်ပေးရန် လျှောက်ထားချက်ကိုပယ်သော ပြည်နယ်တရားရုံး၏ အမိန့်ကို ဗဟိုတရားရုံးတွင် အယူခံဝင်ခွင့်မရှိတော့ပေ။ သို့သော် အယူခံတရားပြိုင် ဦးရင်လပ်အပေါ် စွဲဆိုသောအမှုကို ပလပ်သည့် အမိန့်နှင့်စပ်လျဉ်း၍ တယူခံတရားလို ဦးရင်ကြီးက အမိန့် ၉၊ နည်း ၉ အရ လျှောက်ထားချက်ကို ပယ်သည့် ပြည်နယ်တရားရုံး၏ အမိန့်ကိုမူ တဘက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဗဟိုတရားရုံးတွင် အယူခံဝင်ခွင့် ရှိပေသည်။

အယူခံတရားလို ဦးရင်ကြီး၏ ရှေ့နေ ဦးအောင်ဒင်က မိမိသည် မန္တလေးမြို့ရုံးထိုင် ဗဟိုတရားရုံးတွင် တရားမ တတိယ အယူခံမှုအတွက် နောက်ဆုံး လျှောက်လဲချက်ပေးရန် ၁၀-၇-၇၉ ရက်နေ့က ရက်ချိန်းရှိသည့်အတွက် ရှမ်းပြည်နယ်တရားရုံးသို့ မသွားနိုင်ခြင်းဖြစ်ကြောင်း၊ ဗဟိုတရားစီရင်ရေးအဖွဲ့၏ အမှုခေါ်စာရင်းနှင့်တကွ တင်ပြပါလျက် ပြည်နယ်တရားရုံးက လက်မခံခြင်းမှာ မှားယွင်းကြောင်း၊ ထိုသို့မသွား

၁၉၈၂
ဦးရင်ကြီး
နှင့်
ဦးရင်လပ်
ပါ (၂)*

နိုင်ကြောင်း သိရှိထားသဖြင့် မိမိကိုယ်စား ရက်ချိန်းယူရန် ရှေ့နေ ဒေါ်စိုးစိုးအား ကိုတင်၍အကြောင်းကြားခဲ့ရာ ဒေါ်စိုးစိုးမှာ ပင်းဒယ မြို့နယ်တရားရုံးမှ အပြန်တွင် မမျှော်လင့်ပဲ မိုးရွာ၍ ရေကြီးသော ကြောင့် ကားအသွားအလာပြတ်သွားသဖြင့် ရုံးချိန်အမီ မရောက်နိုင်ခဲ့ ကြောင်း ဒေါ်စိုးစိုးကိုယ်တိုင် ကျမ်းကျိန်လွှာတင်သွင်းခဲ့ခြင်းကို ပြည် နယ်တရားရုံးက လက်မခံခြင်းမှာလည်း မှားယွင်းကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။

ဤအမှုတွင် အယူခံ တရားလို၏ ရှေ့နေ ဦးအောင်ဒင်ကိုယ်စား ရှမ်းပြည်နယ်တရားရုံးသို့ သွားရောက်ရန် တာဝန်ယူခဲ့သော ရှေ့နေ ဒေါ်စိုးစိုးအနေဖြင့် ရုံးချိန်းမီ မရောက်ရှခြင်းနှင့် ပတ်သက်၍ သူ၏ အကြောင်းပြချက်များကို ထောက်ခံသည့်အထောက်အထား တစုံတရာ တင်ပြခဲ့ခြင်းမရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဒေါ်စိုးစိုးသည် ရုံးချိန်း နေ့က ရှမ်းပြည်နယ်တရားရုံးသို့ လာရောက်ရန် ပျက်ကွက်ခဲ့ခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်းဥပဒေ ၉ တွင် အကျုံးဝင်သော လုံလောက်သည့်အကြောင်း မရှိဟု ဆင်ခြင်တုံတရားနှင့်အညီ မူလရုံးက ချမှတ်သောအမိန့်ကို ဝင်ရောက်စွက်ဖက်ရန် မသင့်ဟု ယူဆသည်။

ထို့ကြောင့် အယူခံကို ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/-. ဟု သတ်မှတ်သည်။

## တရားမ ပထမ အယူခံမှု

### ဉက္ကဋ္ဌအဖြစ်ဦးမြကျော်၊အဖွဲ့ဝင်များအဖြစ်ဦးထွန်းရှိန်နှင့်ဦးအေးမောင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၂
နိုဝင်ဘာလ
၁၂ ရက်

ဒေါ်ရင်ရင်မေ
နှင့်
ဦးမင်းဒင် *

**တရားမကျင့်ထုံးဥပဒေ အမိန့် ၃၊ နည်း ၂-အရ ကိုယ်စားလှယ် စာရသူနှင့် ပုဒ်မ ၂ (၁၁) အရ တရားဝင်ကိုယ်စားလှယ်တို့၏ ခြားနားချက်။**

**တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၃(၂)-တရားလိုသေဆုံး သော်လည်း တရားစွဲဆိုခွင့် ဆက်လက်ကျန်ရှိသည့် အမှုမျိုးတွင် သေဆုံးသူတရားလို၏ တရားဝင်ကိုယ်စားလှယ်ကို အမှုသည်အဖြစ် ထည့်သွင်းပေးရန် စည်းကမ်းသတ်ကာလအတွင်း လျှောက်ထား ခြင်းမရှိလျှင် အမှုရပ်စဲသွားခြင်း။**

**ဆုံးဖြတ်ချက်။** ။မူလအမှုတွဲကို လေလာသောအခါ ဦးအုန်းကြိုင် သည် အယူခံတရားပြိုင်အကျိုးဆောင် တင်ပြသကဲ့သို့ ဦးမင်းဒင်၏ တရား ဝင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပဲ ဦးမင်းဒင် ၏ ကိုယ်စားလှယ်စာ ရသူတစ်ယောက်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း တွေ့ရသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၊ နည်း ၂-အရ ကိုယ်စားလှယ်စာရသူနှင့် ပုဒ်မ ၂(၁၁)အရ တရားဝင်ကိုယ်စားလှယ် တို့သည် မတူကြပေ။ ကိုယ်စားလှယ်စာ ရသူဆိုသည်မှာ အသက်ရှင် လျက်ရှိသူ အမှုသည် တစ်ဦးဦး၏ကိုယ်စား အမှုတွင် ဆောင်ရွက်ရန် ကိုယ်စားလှယ်စာရသူဖြစ်သည်။ တရားဝင်ကိုယ်စားလှယ် ဆိုသည်မှာ အမှုအတောအတွင်း ကွယ်လွန်သူ အမှုသည် တစ်ဦးဦး၏ နေရာတွင် အမှုသည်အဖြစ် ကိုယ်စား ပါဝင်ခွင့်ရသူ ဖြစ်သည်။

---

* ၁၉၈၀-ပြည့်နှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၂။

† ၁၉၇၇-ခုနှစ်၊ တရားမကြီး အမှုအမှတ် ၅-တွင် ချမှတ်သော (၂၉-၂-၈၀) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက် နှင့် ဒီကရီကို အယူခံမှု။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားလိုအများက စွဲ၍တရားလိုတစ်ဦးဦး သေဆုံးပြီးနောက် တရားစွဲဆိုပိုင်ခွင့် ဆက်လက်ကျန်ရှိနေသေးသည့် အမှုကိုစွဲမျိုး၌ တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂-နည်း ၂-အရ အမှုကိုဆက်လက်စစ်ဆေးနိုင်ခွင့်ရှိသည် မှန်သော်လည်း ဤအမှုမှာကဲ့သို့တရားလိုတဦးတည်းသာရှိပြီး တရားလိုသေဆုံးပြီးနောက်တရားစွဲဆိုပိုင်ခွင့် ဆက်လက်ကျန်ရှိနေသေးသည့် အမှုကိုစွဲမျိုး၌မူကား သေဆုံးသူ တရားလို၏ တရားဝင်ကိုယ်စားလှယ်ကို အမှုသည်အဖြစ် ထည့်သွင်းရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂-နည်း ၃-(၁) အရ လျှောက်ထားရန် လိုပေသည်။ စည်းကမ်းသတ်ကာလ ရက် ၉၀-အတွင်း ထိုသို့လျှောက်ထားခြင်းမပြုလျှင် သေသူတရားလိုစွဲဆိုသောအမှုသည်တရားမကျင့်ထုံးဥပဒေအမိန့် ၂၂-နည်း ၃-(၂)အရရပ်စဲမည်သာဖြစ်ပေသည်။ ၁၉၈၂ ဒေါ်ရင်ရင်မေ နှင့် ဦးမင်းဒင်*

**အယူခံတရားလိုအတွက်** — ဦးထွန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ဒေါ်မြင့်မြင့်သန်း (ကိုယ်စား) ဦးတင်မောင်၊ ဗဟိုတရားရုံး ရှေ့နေ။

မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၅/၇၇ (န္တားထိုးကြီး)၌ အယူခံတရားပြိုင် ဦးမင်းဒင်က အယူခံတရားလို ဒေါ်ရင်ရင်မေအား ကိတ္တိမသမီးအဖြစ် မွေးစားသည့် စာချုပ်မှာ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို လက်ရောက်ပေးအပ်စေမှုလိုမှုစွဲဆိုရာ တိုင်းတရားရုံးက ဦးမင်းဒင်စွဲဆိုသည့်အတိုင်း ဒီဂရီ ချမှတ်ပေးခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ရင်ရင်မေက မကျေနပ်သဖြင့် ဗဟိုတရားရုံး၌ ဤ ပထမ အယူခံမှုကို တင်သွင်းသည်။

ကွယ်လွန်သူ ဒေါ်မမကြီးနှင့် ဦးမင်းဒင်တို့သည် မောင်နှမအရင်းများဖြစ်ကြသည်။ ဒေါ်မမကြီးသည် ၁၉၇၅-ခုနှစ် ဇူလိုင်လ ၁၇-ရက်နေ့တွင် ကွယ်လွန်သွားသည်။ ဒေါ်မမကြီးသည် မကွယ်လွန်မီ ၁၉၇၅-ခုနှစ် မေလ ၁၀-ရက်နေ့တွင် ဒေါ်ရင်ရင်မေအား ကိတ္တိမသမီးအဖြစ် မွေးစားကြောင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုခဲ့သည်။ ဤအချက်အလက်များကို နှစ်ဘက်အမှုသည်များက အငြင်းမပွားကြပေ။ ဦးမင်းဒင်ကဒေါ်မမကြီးသည် မွေးစားစာချုပ်ချုပ်ဆိုစဉ်က နာမကျန်းဖြစ်နေသည်သာမက နားပင်းနေသူ တစ်ဦး ဖြစ်သောကြောင့် မွေးစားစာချုပ်မှာ တရားမဝင် ပျက်ပြယ်သဖြင့် ဦးမင်းဒင် သာလျှင် တစ်ဦးတည်းသော အမွေဆက်ခံသူဖြစ်သည်ဟု အဆိုပြုထားသည်။

၁၉၈၂ ဒေါ်ရင်ရင်မေ နှင့် ဦးမင်းဒင်*

တိုင်း တရားရုံးက ဒေါ်မမကြီးက ဒေါ်ရင်ရင်မေအား ကိုတ္တိမ သမီးအဖြစ် မွေးစားရာ၌ ချုပ်ဆိုခဲ့သော မွေးစားစာချုပ်သည် တရားမဝင်ပျက်ပြယ်ကြောင်း သုံးသပ်၍ ဦးမင်းဒင်စွဲဆိုခဲ့သောအမှုကို စွဲဆိုသည့်အတိုင်း ဒီဂရီချမှတ်ပေးခဲ့သည်။

အယူခံတရားလို၏အကျိုးဆောင်က ကိုင်းတရားရုံး၌ မူလအမှုကို စစ်ဆေးနေစဉ်အတွင်း ၁၃-၆-၇၉-ရက်နေ့တွင် မူလရုံးတရားလိုဦးမင်းဒင် သေဆုံးခဲ့သော်လည်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခဲ့ခြင်း မရှိသဖြင့် ဦးမင်းဒင် စွဲဆိုသောအမှုသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂-နည်း ၃ ( ၂ ) အရ ရပ်စဲပြီးဖြစ်ကြောင်း၊ ထိုသို့ ဥပဒေသဘော အရ ရပ်စဲပြီးသောအမှုတွင် ချမှတ်ခဲ့သောအမိန့် ဒီဂရီမှာလည်း ရပ်တည်နိုင်ခြင်းမရှိ၍ ပျက်ပြယ်ကြောင်းစသည်ဖြင့် လျှောက်ထား တင်ပြသည်။

အယူခံတရားပြိုင်၏အကျိုးဆောင်က မူလရုံးတရားလို ဦးမင်းဒင်၏ သားတော်သူ အယူခံတရားပြိုင်ဦးအုန်းကြိုင်သည် တရားလိုဦးမင်းဒင်၏ တရားဝင် ကိုယ်စားလှယ်အနေဖြင့် မူလအမှုတွင် အစမှအဆုံးတိုင် ပါဝင်ခဲ့သူဖြစ်၍ တရားလိုဦးမင်းဒင် သေဆုံးပြီးနောက်တွင် သူ၏တရားဝင် ကိုယ်စားလှယ်အဖြစ် အမှုတွင် ပါဝင်ခွင့်ပြုရန် အထူးတလည်လျှောက် ထားရန် မလိုသောကြောင့် ထိုအမှုသည် ဥပဒေအရ ရပ်စဲခြင်း မရှိနိုင် ကြောင်း၊ ဤအယူခံလျှောက်လွှာတွင် သေသူဦးမင်းဒင်ကို အယူခံတရား ပြိုင်အဖြစ်ထား၍ အယူခံ တင်သွင်းခြင်းကပင် ထိုအယူခံသည် ဥပဒေ အရ ရပ်တည်နိုင်ခြင်းမရှိ၍ ပျက်ပြယ်ကြောင်း စသည်ဖြင့် ပြန်လည် လျှောက်ထားတင်ပြသည်၊

သေသူ ဦးမင်းဒင် တစ်ဦးတည်းကိုသာ အယူခံတရားပြိုင် အဖြစ် ထား၍ အယူခံတင်သွင်းခဲ့ခြင်း ဖြစ်လျှင် သေဆုံးပြီးသူ တစ်ယောက် အပေါ် အယူခံဝင်ခြင်း မပြုနိုင်သည့်အလျောက် ဤအယူခံသည် ရပ် တည်နိုင်ခြင်းမရှိ၍ ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူနိုင်ပေ လိမ့်မည်။ ယခုမူ ဤအယူခံလျှောက်လွှာတွင် အယူခံတရားပြိုင်အဖြစ် ဦးမင်းဒင် (၎င်း၏တရားဝင်ကိုယ်စားလှယ် ဦးအုန်းကြိုင်) ဟု ဖော်ပြ ပါရှိသည့် အလျောက် သေသူဦးမင်းဒင်၏ တရားဝင်ကိုယ်စားလှယ် ဦးအုန်းကြိုင် ကိုပါ အယူခံတရားပြိုင်အဖြစ် ထည့်သွင်းခဲ့ပြီးဖြစ်၍ အယူခံတရားပြိုင် အကျိုးဆောင်၏ တင်ပြချက်ကို လက်မခံနိုင်ချေ။

ပြိုင်အကျိုးဆောင် တင်ပြသကဲ့သို့ ဦးမင်းဒင်၏ တရားဝင်ကိုယ်စားလှယ် အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပဲ ဦးမင်းဒင်၏ ကိုယ်စားလှယ်စာ ရသူတစ်ယောက်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၃-နည်း ၂ အရ ကိုယ်စားလှယ်စာရသူနှင့် ပုဒ်မ ၂ (၁၁)အရ တရားဝင်ကိုယ်စားလှယ်တို့သည် မတူကြပေ။ကိုယ် စားလှယ်စာရသူဆိုသည်မှာ အသက်ရှင်လျက်ရှိသူ အမှုသည် တစ်ဦးဦး၏ ကိုယ်စား အမှုတွင်ဆောင်ရွက်ရန် ကိုယ်စားလှယ်စာရသူဖြစ်သည်. တရား ဝင်ကိုယ်စားလှယ်ဆိုသည်မှာ အမှုအတောအတွင်းကွယ်လွန်သူအမှုသည် တစ်ဦးဦး၏နေရာတွင် အမှုသည်အဖြစ် ကိုယ်စားပါဝင်ခွင့်ရသူဖြစ်သည်။

၁၉၈၂

ဒေါ်ရင်ရင်မေ နှင့် ဦးမင်းဒင်*

တရားလိုအများကစွဲ၍ တရားလိုတစ်ဦးဦး သေဆုံးပြီးနောက် တရား စွဲဆိုပိုင်ခွင့် ဆက်လက်ကျန်ရှိနေသေးသည့် အမှုကိစ္စမျိုး၌ တရားရုံး သည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၂ အရ အမှုကို ဆက် လက်စစ်ဆေးနိုင်ခွင့်ရှိသည် မှန်သော်လည်း ဤအမှုမှာကဲ့သို့ တရားလို တစ်ဦးတည်းသာရှိပြီး တရားလိုသေဆုံးပြီးနောက် တရားစွဲဆိုပိုင်ခွင့် ဆက်လက်ကျန်ရှိနေသေးသည့် အမှုကိစ္စမျိုး၌မူကား သေဆုံးသူတရား လို၏ တရားဝင်ကိုယ်စားလှယ်တို့ကို အမှုသည်အဖြစ် ထည့်သွင်းရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၃(၁)အရ လျှောက်ထားရန် လိုပေသည်။ စည်းကမ်းသတ်ကာလ ရက် ၉၀ အတွင်း ထိုသို့လျှောက် ထားခြင်းမပြုလျှင် သေသူတရားလိုစွဲဆိုသောအမှုသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၃(၂)အရ ရပ်စဲမည်သာ ဖြစ်ပေသည်။

မူလရုံးတရားလို ဦးမင်းဒင်သည် မူလအမှုကို စစ်ဆေးနေစဉ်အတွင်း ၁၃-၆-၇၉ ရက်နေ့တွင် သေဆုံးကြောင်းနှင့် စပ်လျဉ်း၍ ဤအမှု၌ အငြင်းမပွားချေ။ ဦးမင်းဒင်ကွယ်လွန်ပြီးနောက် စီရင်ချက်ချမှတ်သော ၂၆-၂-၁၀ ရက်နေ့အထိ တရားဝင်ကိုယ်စားလှယ် ထည့်သွင်းရန် လျှောက်လွှာတင်သွင်းခဲ့ခြင်း မရှိကြောင်းမှာလည်း အမှုနေ့စဉ်မှတ်တမ်း များအရ ပေါ်လွင်သည်။ သေသူ၏ တရားဝင်ကိုယ်စားလှယ်ကို အမှု သည်အဖြစ် ထည့်သွင်းရန် သတ်မှတ်ထားသော စည်းကမ်းသတ်ကာလ အတွင်း လျှောက်ထားခဲ့ခြင်းမရှိသည့်အလျောက် ဦးမင်းဒင်စွဲဆိုသော အမှုသည် အမိန့် ၂၂၊ နည်း ၃(၂)အရ ရပ်စဲပြီးဖြစ်ပေသည်။ ထိုသို့ အမှုရပ်စဲပြီးမှ ချမှတ်ခဲ့သော အမိန့်ဒီကရီသည် ရပ်တည်ခြင်းမရှိနိုင်သည့် အလျောက် မူလတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီသည် ပျက်ပြယ် သည်ဟုသာ မှတ်ယူရပေမည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မူလတိုင်းတရားရုံး၏ စီရင်ချက် နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့စရိတ်ကို မိမိတို့ ကျခံကြစေ။

## တရားမ တတိယအယူခံမှု

### ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်ဟိန်းနှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၂
ဖေဖော်ဝါရီ
၁၇ ရက်

ရန်နရေးဆင်း
နှင့်
ရာဂျာရာနီ*

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)ပါ ပြဋ္ဌာန်းချက်—ယင်းပြဋ္ဌာန်းချက်အရ ဒီကရီချမှတ်ခြင်း—အိမ်ရှင်သည် အချင်းဖြစ်အိမ်ကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုခြင်းဖြစ်ကြောင်း ပေါ်လွင်ရန်လိုခြင်း—ကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက်မဟုတ်လျှင် ဒီကရီမရထိုက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ယင်းဥပဒေပုဒ်မ ၁၂(၁)(စ)အရ အမိန့်ဒီကရီချမှတ်နိုင်ရန်မှာ တရားလိုသည်အချင်းဖြစ်အိမ်ကိုအကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက် ရယူလိုခြင်းဖြစ်ကြောင်း ပေါ်လွင်ရန်လိုသည်။ ဤအမှုတွင် မူလရုံးတရားလို၏ အဆိုလွှာနှင့် အစစ်ခံချက်များအရပင် အချင်းဖြစ် ဥပစာကို နှားမေ့းမြူရန်အတွက် ရယူလိုခြင်းဖြစ်ကြောင်း ပေါ်ပေါက်လေရာ ကိုယ်တိုင်နေထိုင်ရန်ကိစ္စအတွက် သက်သက် ရယူလိုခြင်း ဖြစ်သည်ဟု မဆိုနိုင်သဖြင့် ၎င်းသည် ပုဒ်မ ၁၂(၁)(စ)အရ အနိုင်ဒီကရီ ရရှိထိုက်သူမဟုတ်ကြောင်း ထင်ရှားသည်။

**အယူခံတရားလိုအတွက်** —**ဦးတင်အေး** (ဗဟိုတရားရုံးရှေ့နေ)။

**အယူခံတရားပြိုင်အတွက်** —**ဒေါ်သန်းသန်း** (ဗဟိုတရားရုံးရှေ့နေ)။

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ တတိယအယူခံမှုအမှတ် ၄၇။

† ၁၉၈၀ ပြည့်နှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၇ တွင် ချမှတ်ထားသော (၃-၄-၈၀) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်နှင့် ဒီကရီကို အယူခံမှု။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်တရားရုံး၊ တရားမကြီးမှု အမှတ် ၁/၇၆ တွင် ရာဂျာရာနီက မလွန်ကုန်း မီးခြစ်စက်အနီးရှိ အိမ်အမှတ်၄၅၆၏ အပေါ်နှစ်ခန်းနှင့်အောက်နှစ်ခန်းကို ရန်နရေးဆင်းအား တလလျှင် ငွေကျပ် ၅၀/- နှုန်းဖြင့် ၁၉၆၄ ခုနှစ် စက်တင်ဘာလမှ စတင်ငှားရမ်းခဲ့ရာ ရန်နရေးဆင်းသည် ငှားရမ်းသည့်အချိန်မှစ၍ ငှားရမ်းခများ မပေး၍လည်းကောင်း၊ ဥပစာကို နွားမွေးမြူရန် အတွက် သဘောရိုးဖြင့် ပြန်လည်ရယူလို၍လည်းကောင်း၊ အချင်းဖြစ် ဥပစာမှ ဖယ်ရှားပေးရန် ရာဂျာရာနီက ရန်နရေးဆင်း အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က)(စ)အရ တရားစွဲဆိုခဲ့သည်။ ထိုသို့ငှားရမ်းနေထိုင်ကြောင်း အဆိုပြုချက်ကို ရန်နရေးဆင်းက ငြင်းဆိုသော်လည်း အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုရှိကြောင်း ရပ်ကွက်တရားရုံးက ဆုံးဖြတ်ပြီးနောက် ရာဂျာရာနီ စွဲဆိုသည့်အမှုကို အနိုင်ဒီကရီချမှတ်ခဲ့သည်။ ရန်နရေးဆင်းက မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး တရားမအယူခံမှုအမှတ် ၆/၇၇ အရ အယူခံဝင်ရာတွင် တရားလိုနှင့် တရားပြိုင်တို့ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှု မရှိကြောင်း ဆုံးဖြတ်၍ မူလရုံးအမိန့်နှင့် ဒီကရီကို ပယ်ဖျက်ပြီး သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၅ အရ အချင်းဖြစ်ဥပစာမှ ထွက်ခွာသွားရန် ပြင်ဆင်၍ အမိန့်ဒီကရီ ချမှတ်ပြန်သည်။ ထို့ကြောင့် ရန်နရေးဆင်းက ရန်ကုန်တိုင်းတရားရုံး တရားမဒုတိယအယူခံမှုအမှတ်၇/၇၀အရ ထပ်မံ၍ အယူခံဝင်ရာတွင် မြို့နယ်တရားရုံး အမိန့်နှင့် ဒီကရီကို တိုင်းတရားရုံးက ပယ်ဖျက်ပြီး ရပ်ကွက်တရားရုံး အမိန့်နှင့် ဒီကရီကို ပြန်လည်အတည်ပြု လိုက်သဖြင့် ရန်နရေးဆင်းက မကျေနပ်၍ ဗဟိုတရားရုံး၌ ဤ တတိယ အယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၈၂

ရန်နရေးဆင်း နှင့် ရာဂျာရာနီ*

အမှုကိုလေ့လာရာ ရာဂျာရာနီသည် အချင်းဖြစ်အိမ်ကို ဂျပန်ခေတ်ကတည်းက ဆောက်လုပ်နေထိုင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအိမ်ကို ၁၉၆၄ ခုနှစ် စက်တင်ဘာလလောက်က တရားပြိုင်အား တလလျှင် ငွေကျပ် ၅၀/— နှုန်းဖြင့် ငှားရမ်းခဲ့ကြောင်း မူလရုံးတရားလို ရာဂျာရာနီက ထွက်ဆိုပြီး၊ တာရပြား (လိုပြ-၂)၊ သာဇာမြား (လိုပြ-၃) တို့က ထောက်ခံ ထွက်ဆိုထားကြောင်း တွေ့ရသည်။ ထို့ပြင် သက်သေခံ အမှတ်(က)(က—၁)(က-၂)(က—၃)တို့အရ ၁၉၆၄ ခုနှစ် စက်တင်ဘာလမှစ၍ ၁၉၇၆ ခုနှစ် ဇူလိုင်လကုန်ထိ အိမ်လခများ မပေး၍ ငှားရမ်းခြင်းကိုရပ်စဲပြီး ၁၉၇၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့ကို နောက်ဆုံးထား၍ အချင်းဖြစ်အိမ်မှ ထွက်ခွာသွားရန် မူလရုံးတရားလိုမှ

၁၉၇၂
ရန်နရေးဆင်း နှင့် ရာဂျာရာနီ*

တရားပြိုင်အား ၃၀-၇-၇၆ နေ့စွဲပါ နို့တစ်စာပေးခဲ့ပြီး ဖြစ်ကြောင်းကိုလည်း တွေ့ရသည်။ ရန်နရေးဆင်းက အချင်းဖြစ်အိမ်ကို ငွေကျပ် ၃၅၀၀/– နှင့် အရောင်းအဝယ်စာချုပ်ချုပ်၍ ရာဂျာရာနီထံမှ အပြီးအပိုင် ဝယ်ယူပြီး နေထိုင်ခြင်းဖြစ်ကြောင်း မူလရုံး၌ အစစ်ခံခဲ့သော်လည်း ထိုအကြောင်းအချက်နှင့်ပတ်သက်၍ ၎င်း၏ချေလွှာ၌ ထည့်သွင်းချေပခဲ့ခြင်း မရှိသည့်အပြင် အရောင်းအဝယ်စာချုပ်ကိုသက်သေခံ ဥပဒေ ပုဒ်မ ၉၁ အရ တင်ပြရမည်ဖြစ်ပါလျက် ထိုသို့ တင်ပြနိုင်ခြင်းမရှိသဖြင့် ယင်းခုခံချေပချက်ကို ဥပဒေအရ လက်ခံစဉ်းစားခွင့် မရှိပေ။ အမှုတွဲရှိ သက်သေခံချက်များအရ ရန်နရေးဆင်းသည် အိမ်ငှားတဦးဖြစ်သည့်ပြင် အိမ်လခများပေးရန် ပျက်ကွက်ခဲ့ကြောင်းမှာလည်း ပေါ်လွင်သည် ဖြစ်၍ ၎င်းအပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က)အရ အနိုင်ဒီဂရီ ချမှတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ယင်းဥပဒေပုဒ်မ ၁၂(၁)(စ)အရ အမိန့်ဒီဂရီ ချမှတ်နိုင်ရန်မှာ တရားလိုသည် အချင်းဖြစ်အိမ်ကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက် ရယူလိုခြင်းဖြစ်ကြောင်း ပေါ်လွင်ရန် လိုသည်။ ဤအမှုတွင် မူလရုံးတရားလို၏ အဆိုလွှာနှင့် အစစ်ခံချက်များအရပင် အချင်းဖြစ်ဥပစာကို နွားမွေးမြူရန်အတွက် ရယူလိုခြင်းဖြစ်ကြောင်း ပေါ်ပေါက်လေရာ ကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက် ရယူလိုခြင်း ဖြစ်သည်ဟု မဆိုနိုင်သဖြင့် ၎င်းသည် ပုဒ်မ ၁၂(၁)(စ)အရ အနိုင်ဒီဂရီရရှိထိုက်သူ မဟုတ်ကြောင်း ထင်ရှားသည်။

ထို့ကြောင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က)အရ ချမှတ်ထားသော အမိန့်နှင့် ဒီဂရီကို အတည်ပြုသော်လည်း ဤအယူခံမှုကို ခွင့်ပြု၍ ပုဒ်မ ၁၂(၁)(စ) အရ ချမှတ်ထားသော အမိန့်နှင့် ဒီဂရီကို ပယ်ဖျက်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ဤအယူခံမှုအတွက် မိမိတို့စရိတ်ကို မိမိတို့ကျခံစေရမည်။

## တရားမ တတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇာမုံနှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

လင်ကီးချိန်ပါ ၂ ဦး

နှင့်

ဦးခွန်ခဲဟော့ (ကွယ်လွန်သူ ဒေါ်ဖွားသီ၏ တရားဝင်ကိုယ်စားလှယ်)*

† ၁၉၈၂
ဇန်နဝါရီလ
၂၀ ရက်

**ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆—အိမ်ငှားအဖြစ်မှ ရပ်စဲသည့် နို့တစ်စာ— နို့တစ်စာတွင် နို့တစ်စာ ပေးသည့်နေ့က စ၍ အိမ်ရှင်အိမ်ငှားအဖြစ်မှ ဖြတ်တောက်ရပ်စဲသည်ဟု ဖော်ပြပါရှိခြင်းကြောင့် ယင်းနို့တစ်စာမှာ ယင်းပုဒ်မ ၁၀၆ အရ ပျက်ပြယ်သည်ဟု ဆိုနိုင် မဆိုနိုင်။**

**ဆုံးဖြတ်ချက်။** ။နို့တစ်စာပေးပို့သည့်နေ့ကစပြီးအိမ်ရှင်အိမ်ငှားဖြတ်တောက်သည်ဟု ဆိုစေကာမူ ယင်း နို့တစ်စာတွင် လကုန်အထိ နေခွင့်ပေးထားကြောင်း ဖော်ပြပါရှိခြင်းကြောင့် ယင်း နို့တစ်စာမှာ ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ ၁၀၆ အရ ပျက်ပြယ်သည်ဟု မဆိုနိုင်ချေ။

**အယူခံတရားလိုများအတွက်** — ဦးသန်းနိုင်၊ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်များအတွက်** — ဒေါ်စောစောနု၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် အမှတ်(၇) ရပ်ကွက် တရားရုံးတရားမကြီးအမှုအမှတ် ၃/၇၆ တွင် အယူခံတရားပြိုင် ဒေါ်ဖွားသီက အယူခံတရားလို လင်ကီးချိန်နှင့်ဒေါ်စန်းရီတို့ အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁)(က)(ဂ) နှင့်(စ)တို့အရ တရားစွဲဆိုခဲ့ရာ မူလရပ်ကွက်တရားရုံးက ဒေါ်ဖွားသီအား

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ တတိယအယူခံမှုအမှတ် ၃၂။

† ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ်၂၃၄ တွင် ချမှတ်သော (၂၃-၆-၈၀) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၂ — လင်ကီးချိန်ပါ ၂ ဦး နှင့် ဦးခွန်ဟော် (ကွယ်လွန်သူ ဒေါ်ဖွားသီ၏ တရားဝင် ကိုယ်စားလှယ်) *

ပုဒ်မ ၁၂(၁)(ဂ)အရသာ အနိုင်ဒီဂရီ ချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို လင်ကီးချိန်တို့က မကျေနပ်၍ လမ်းမတော်မြို့နယ် တရားရုံး တရားမအယူခံမှုအမှတ် ၁/၇၉ တွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် ရန်ကုန်တိုင်းတရားရုံး၊ တရားမဒုတိယအယူခံမှုအမှတ် ၂၃၄/၇၉ တွင် ထပ်မံအယူခံဝင်ခဲ့သော်လည်း ဆက်လက်အရေးနိမ့်ခဲ့သဖြင့် ဗဟိုတရားရုံးသို့ တတိယအယူခံမှု တင်သွင်းသည်။

ဤဗဟိုတရားရုံးတွင် အယူခံတရားလိုလင်ကီးချိန်တို့၏အကျိုးဆောင်က အမှုနှင့်သက်ဆိုင်သည့် အကြောင်းအရာအချက်အလက်တို့နှင့် ပတ်သက်၍အရေးမဆိုတော့ပဲ ဥပဒေအချက်အလက်နှင့်ပတ်သက်ပြီး အချက်နှစ်ချက်သာတင်ပြသည်။ ယင်း ဥပဒေအချက်နှစ်ချက်တို့မှာ—

(၁) အယူခံတရားလို အမှတ် ၂-ဒေါ်စန်းရီသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံးမှ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁)အရ ၃-၁၂-၇၄ ရက်နေ့က အမှုတွဲတွင် တင်သွင်းထားသည့် သက်သေခံအမှတ် ၂ အရ တရားဝင်အိမ်ငှားအဖြစ် အသိအမှတ်ပြုခဲ့ခြင်းခံရသဖြင့် အယူခံ တရားလိုတို့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုခွင့် မရှိကြောင်းနှင့်—

(၂) ဒေါ်စန်းရီသည် ပုဒ်မ ၁၃(၁) အရ ၃-၁၂-၇၄ ရက်နေ့က စ၍ အိမ်ငှားဖြစ်ခဲ့သဖြင့် အယူခံတရားပြိုင်ပေးပို့သည့် နို့တစ်စာသည် ပျက်ပြယ်ကြောင်းတို့ ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃(၁)အရ အိမ်ငှားမဟုတ်သူသည် သဘောရိုးနှင့် ဥပစာ တခုခုတွင် ဝင်ရောက်နေထိုင်ပါက ထိုသူသည် ထိုဥပစာ၌ သတ်မှတ်သည့် လခပေး၍ ဆက်လက်နေထိုင်ခွင့်ပြုရန် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဝန်ထံ လျှောက်ထားသည့်အခါ ငှားရမ်းခ ကြီးကြပ်ရေးဝန်က လျှောက်ထားသူအား ဆက်လက်နေထိုင်ခွင့်ပြုသည့် လက်မှတ်ထုတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ မူလတရားရုံးတွင် အယူခံတရားလို ဒေါ်စန်းရီက တင်သွင်းသည့် သက်သေခံအမှတ် (၂)ကို စိစစ်လိုက်သည့် အခါ ဒေါ်စန်းရီအား အချင်းဖြစ်ဥပစာ၌ အိမ်လခပေး၍ နေခွင့်ပြုကြောင်း

ရေးသားထားခြင်းမရှိပေ။ ယင်းလက်မှတ်တွင် အိမ်ရှင်က ဒေါ်စန်းရီ အား အိမ်လခပြေစာထုတ်ပေးရန်သာ ညွှန်ကြားထားကြောင်း တွေ့ရသည်။

၁၉၈၂
လင်ကီးချိန်ပါ ၂ ဦး နှင့် ဦးခွန်ဟော် (ကွယ်လွန်သူ ဒေါ်ဖွားသီ၏ တရားဝင် ကိုယ်စားလှယ်) *

ဒေါ်စန်းရီသည် အယူခံတရားလို လင်ကီးချိန်နှင့်အတူ အချင်းဖြစ် ဥပစာ၌ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလကလည်း အိမ်လခ တလ ၃၅ ကျပ်ကို အယူခံတရားပြိုင်ထံပေး၍အိမ်ငှားအဖြစ်နေထိုင်လာခဲ့ကြောင်း မှာ အငြင်းမထွက်ချေ။ သို့ဖြစ်၍ ဒေါ်စန်းရီသည် အချင်းဖြစ်ဥပစာ၌ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃(၁)အရ နေထိုင်သူမဟုတ်ပဲ အိမ်ငှားအဖြစ်ဖြင့် ငှားရမ်းခကြီးကြပ် ရေးဝန်က သက်သေခံအမှတ် (၂)လက်မှတ်ကို ထုတ်မပေးမီကတည်းက နေထိုင်လာသူများဖြစ်သည့်အတွက် ဒေါ်ဖွားသီသည် ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) အရ လင်ကီးချိန်နှင့် ဒေါ်စန်းရီတို့အပေါ် တရားစွဲဆိုခွင့်ရှိပေသည်။

ဒေါ်စန်းရီသည် ၁၉၆၀ပြည့်နှစ်၊မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ အချင်းဖြစ်ဥပစာတွင် ၃-၁၂-၇၄ နေ့က မှစ၍ နေထိုင်သူမဟုတ်ခြင်းကြောင့် သက်သေခံအမှတ် (ဃ) နို့တစ်စာ အရ ၂-၆-၇၆ နေ့က နို့တစ်စာပေးပို့ပြီး ၃၀-၆-၇၆ နေ့အထိ အယူခံ တရားလိုတို့အား နေခွင့်ပြုခဲ့သဖြင့် ယင်းနို့တစ်စာမှာ တရားဝင်သော နို့တစ်စာဖြစ်သည်။

နို့တစ်စာ ပေးပို့သည့်နေ့မှစ၍ အိမ်ရှင် အိမ်ငှား ဖြတ်တောက်သည် ဟု သက်သေခံအမှတ် (ဃ) နို့တစ်စာတွင် ပါရှိသဖြင့် ယင်းနို့တစ်စာမှာ ပျက်ပြယ်သည်ဟု အယူခံတရားပြိုင်၏ အကျိုးဆောင်က ထပ်မံတင်ပြ သေးသည်။ နို့တစ်စာပေးပို့သည့်နေ့က စပြီး အိမ်ရှင် အိမ်ငှား ဖြတ် တောက်သည်ဟု ဆိုစေကာမူ ယင်းနို့တစ်စာတွင် လကုန်အထိ နေခွင့် ပေးထားကြောင်း ဖော်ပြပါရှိခြင်းကြောင့် ယင်းနို့တစ်စာမှာ ပစ္စည်း လွှဲပြောင်းရေးဥပဒေပုဒ်မ ၁၀၆ အရ ပျက်ပြယ်သည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ တရား ရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားလိုတို့က ကျခံ စေရန် အမိန့်ချမှတ်သည်။

## တရားမ ပြင်ဆင်မှု

### ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးခင်ဇော်မှုတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၂
ဇူလိုင် ၂၆

ဦး လှမြင့်
နှင့်
ဒေါ်ခင်မြင့်*

**၁၉၄၄ ခုနှစ်၊ ခုံသမာဓိအက်ဥပဒေ ပုဒ်မ ၃၂—ခုံသမာဓိ လူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် အခြေခံကာ တရားရုံး၏ အဆုံးအဖြတ် တရပ်ရပ်ကို ရယူရန်အတွက် တရားတစ်ထုံး မစွဲဆိုနိုင်ခြင်း။**

လျှောက်ထားခံရသူ ဒေါ်ခင်မြင့်က လျှောက်ထားသူ ဦးလှမြင့်အပေါ် အချင်းဖြစ်ဥပစာ၏တဝက်ကို မိမိတို့ပိုင်ကြောင်း မြွက်ဟကြေငြာပေးရန် နှင့် ဦးလှမြင့်အား ခေတ္တနေခွင့်ပြုထားသည့် မြေညီထပ်မှ ဖယ်ရှားပေးရန် တရားစွဲဆိုသည်။ ဒေါ်ခင်မြင့်က အချင်းဖြစ်ဥပစာ၏တဝက်ကို ၎င်းပိုင်ကြောင်း အဆိုပြုရာတွင် ၎င်း၊နှင့် ဦးလှမြင့်တို့ ကွာရှင်းပြတ်စဲရာ၌ ခုံသမာဓိလူကြီးများက အချင်းဖြစ်ဥပစာကို တဝက်စီ ရယူရန် ဆုံးဖြတ်ပေးခဲ့ကြောင်း၊ ယင်းဆုံးဖြတ်ချက်အရ ၎င်းက တဝက်ပိုင်ကြောင်း အဆိုပြု၍ တရားစွဲဆိုထားခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။အငြင်းပွားမှု တစ်ရပ်ကို တရားရုံး ပြင်ပတွင် ခုံသမာဓိ လူကြီးများ၏ အဆုံးအဖြတ်ခံယူရာ၌ ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းကို ၁၉၄၄ ခုနှစ်၊ ခုံသမာဓိအက်ဥပဒေ၊ အခန်း (၂) တွင် ပြဋ္ဌာန်းထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်များ အရဆိုလျှင် ခုံသမာဓိလူကြီးများ၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၃၁ (၁)တွင် ရှိသည့် အတိုင်း တရားရုံးတွင် ပုဒ်မ ၁၄ အရ တင်သွင်းရမည်ဖြစ်သည်။ ထိုတရားရုံးကသာ အဆိုပါဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုအစရှိသည့် ပြဿနာတို့နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သည်ဟု ပုဒ်မ ၃၁ (၂) တွင်

---

* ၁၉၇၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁။

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၃ (မ) တွင် ချမှတ်ထားသည့် မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

ပြဋ္ဌာန်းထားသည်။ ထို့ပြင် ခုံသမာဓိ လူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် အခြေခံကာ တရားရုံး၏ အဆုံးအဖြတ် တစ်ရပ်ရပ်ကို ရယူရန် တရားတစ်ထုံးစွဲဆိုခြင်း မပြုရဟု ပုဒ်မ ၃၂ တွင် တားမြစ်ထားသည်။ ဤအမှုတွင် ဒေါ်ခင်မြင့်အနေဖြင့် အချင်းဖြစ်အိမ်နှင့် မြေတခြမ်းကို ပိုင်ဆိုင်ကြောင်း ပြဆိုရာတွင် ခုံသမာဓိ လူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် တနည်းမဟုတ် တနည်း မှီငြမ်းပြုရမည်ဖြစ်ပေရာ ဒေါ်ခင်မြင့် တောင်းဆိုထားသည့်အတိုင်း ပိုင်ဆိုင်ကြောင်း မြွက်ဟဒီဂရီချမှတ်ပေးနိုင်သည် မပေးနိုင်သည်ဆိုသောအချက်မှာ အဆိုပါဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုအပေါ် မူတည်၍ အဆုံးအဖြတ်ပေးရမည့် ပြဿနာ ဖြစ်ပေသည်။ ဒေါ်ခင်မြင့်စွဲဆိုသောအမှုမှာ ခုံသမာဓိလူကြီးများ၏ ဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် သွယ်ဝိုက်၍စွဲဆိုသော အမှုမျိုး ဖြစ်ကြောင်း ပေါ်ပေါက်နေသည့်အလျောက် ၁၉၄၄ ခုနှစ် ခုံသမာဓိ အက်ဥပဒေ ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များက ယင်းအမှုကို ပိတ်ပင်ထားကြောင်း ထင်ရှားနေပေသည်။ ၁၉၈၂ ဦးလှမြင့် နှင့် ဒေါ်ခင်မြင့် *

**လျှောက်ထားသူအတွက်** — ဦးချမ်းအေး၊ ဗဟိုတရားရုံးရှေ့နေ၊

**လျှောက်ထားခံရသူအတွက်** -- ဦးသန်းနိုင်၊ ဗဟိုတရားရုံးရှေ့နေ။

မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၃ (မ)/၇၉ တွင် လျှောက်ထားခံရသူ ဒေါ်ခင်မြင့်က လျှောက်ထားသူ ဦးလှမြင့်အပေါ် အချင်းဖြစ်အိမ်နှင့် မြေ၏လက်ယာဘက်တခြမ်းမှာ မိမိ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးရန်နှင့် ဦးလှမြင့်အား ခေတ္တနေခွင့် ပြုထားသည့် မြေညီထပ်မှ ဖယ်ရှားပေးရန် တရားစွဲဆိုခဲ့သည်။ မွန်ပြည်နယ်တရားရုံးက အဆိုအချေများအရ ငြင်းချက် (၇)ရပ် ထုတ်နုတ်ပြီးနောက် ငြင်းချက် (၂)ရပ်ကို ပဏာမငြင်းချက်များအဖြစ် ကြားနာ၍ ဒေါ်ခင်မြင့်အား အသာပေးကာဆုံးဖြတ်လိုက်သောကြောင့် ဦးလှမြင့်ကမွန်ပြည်နယ်တရားရုံး၏ ကြားဖြတ်အမိန့်ကို ပြင်ဆင်ပေးရန် ဤပြင်ဆင်မှုကို လျှောက်ထားသည်။

လျှောက်ထားခံရသူ ဒေါ်ခင်မြင့်က မိမိနှင့် ဦးလှမြင့် တို့သည် အစ္စလမ်ဘာသာ ထုံးတမ်းစဉ်လာအရ အကြင်လင်မယားအဖြစ် ပေါင်းသင်းလုပ်ကိုင်လာခဲ့ရာ မော်လမြိုင်မြို့၊ မြို့မအုပ်စုအမှတ်(၁၂) အတွက် အမှတ် (၃၆) မန္တလေးရပ်ကွက်၊ ဦးပိုင်အမှတ် (၂၉)စာရင်းပေါက်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်တစ်ဆောင် ဖြစ်ထွန်းခဲ့

၁၉၈၂
ဦးလှမြင့်
နှင့်
ဒေါ်ခင်မြင့်*

ကြောင်း၊ နောက်ပိုင်းတွင် မိမိတို့နှစ်ဦးသည် အိမ်ထောင်ရေး အဆင်မပြေသဖြင့် မိမိတို့၏ ပြဿနာကို သမာဓိလူကြီးများအား အဆုံးအဖြတ်ပေးစေရာ အဆိုပါလူကြီးများက မိမိတို့အား လင်မယားအဖြစ်မှ ပြတ်စဲခွင့်ပြုပြီးနောက် အဆိုပါအိမ်နှင့် မြေတဝက်စီကို ရယူကြရန် အဆုံးအဖြတ်ပေးခဲ့ကြောင်း၊ မိမိတို့သည် အဆိုပါ ဆုံးဖြတ်ချက်အရ အိမ်ကို တဝက်စီခွဲဝေ၍ ယူခဲ့ကြောင်း၊ ထို့နောက် ဦးလှမြင့်အား မိမိရရှိသည့် အိမ်အောက်ထပ်တွင် ခေတ္တနေခွင့် ပြုခဲ့ကြောင်း၊ ယခုအခါ ဦးလှမြင့်သည် ထိုသို့ အခွင့်အမိန့်အရ နေထိုင်ခဲ့သောအိမ်ခန်းမှ ဖယ်ရှားပေးရန် ငြင်းဆန်လာသည်ဖြစ်၍ မိမိသည် အချင်းဖြစ်အိမ်နှင့် အိမ်ရာ၏လက်ယာဘက်တခြမ်းကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် ဦးလှမြင့်အား အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် မြေညီထပ်မှ ဖယ်ရှားပေးရန် တရားစွဲဆိုလေသည်။

လျှောက်ထားသူ ဦးလှမြင့်က မိမိတို့လင်မယား အငြင်းပွားမှုကို ခုံသမာဓိလူကြီးများထံတင်ပြ၍ အဆုံးအဖြတ်ခံယူရန် သဘောတူညီခဲ့သော်လည်း အဆိုပါလူကြီးများသည် တဘက်သတ် ဘက်လိုက်၍ ဆောင်ရွက်ခဲ့သဖြင့် သူတို့ရှေ့မှောက်တွင် ချုပ်ဆိုခဲ့သော စာချုပ်ကို လက်မခံနိုင်သောကြောင့် ဖျက်သိမ်းကြောင်း မိမိကပြန်ကြားခဲ့ကြောင်း၊ သူတို့၏ဆုံးဖြတ်ချက်မှာလည်း တရားဝင်ပျက်ပြယ်ကြောင်း၊အချင်းဖြစ်အိမ်ကို မည်သူ့ကိုမျှ လက်လွှဲပေးခဲ့ခြင်းလည်း မရှိကြောင်း၊ ၁၂-၆-၇၉ နေ့တွင် တရားလို တရားပြိုင်တို့ လက်မှတ်ရေးထိုးသော စာချုပ်မှာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေသည်ဖြစ်၍ တရားမဝင်ကြောင်း၊ ထို့ပြင် ဒေါ်ခင်မြင့်စွဲဆိုသောအမှုကို ခုံသမာဓိ အက်ဥပဒေပုဒ်မ ၃၂ နှင့် တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ထားကြောင်း စသည်ဖြင့် ထုချေသည်။

မွန်ပြည်နယ်တရားရုံးက ပဏာမ ငြင်းချက်အဖြစ် ထုတ်နုတ်ထားသော ငြင်းချက်နှစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်—

"၆။ လူကြီးများ ဆုံးဖြတ်၍ တဝက်စီရယူရန် ပေးရာ၌ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၂၃ နှင့် ငြိစွန်းပြီး တရားမဝင်ဆိုသည်မှာ မှန်ပါသလား။

၇။ တရားလိုအမှုသည် ခုံသမာဓိ အက်ဥပဒေ ပုဒ်မ ၃၂ နှင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉ တို့အရ တရားစွဲဆိုခွင့် မရှိ၊ ပိတ်ပင်ထားသည် ဆိုသည်မှာ မှန်ပါသလား။" ၁၉၈၂ ဦးလှမြင့်နှင့် ဒေါ်ခင်မြင့်*

ဒေါ်ခင်မြင့်က အချင်းဖြစ်အိမ်နှင့် မြေတခြမ်း၏ ပိုင်ရှင် အဖြစ်သို့ မည်သို့မည်ပုံ ရောက်ရှိလာပုံကို အဆိုလွှာ (၆)မှ (၉)တွင် အောက်ပါအတိုင်း ဖော်ပြ အဆိုပြုထားသည်—

"၆။ တရားလိုနှင့် တရားပြိုင်တို့သည် အထက်အမည်ပါ ရာသံမူလ ဝိသရက်၊ဟာဖစ်ဂိုလမ်၊ဦးပါ၊ဦးမောင်မောင်နှင့်ဦးစိုးမြင့်တို့ အဆုံးအဖြတ်ပေးသည့်အတိုင်း နာခံပါမည်ဟု ကတိပြု ဝန်ခံကြပါသည်။

၇။ အထက်ဖော်ပြပါ လူကြီး (၅)ဦးသည် အသေးစိတ် ကြား နာပြီး တရားလိုနှင့် တရားပြိုင်တို့အား ပြတ်စဲ ကွာရှင်းစေရန် အထက် ဤ အဆိုလွှာအပိုဒ် (၂)တွင် ဖော်ပြထား သော အိမ်နှင့်မြေတို့ကို တဝက်စီ ရယူရန် ဆုံးဖြတ်ပေးရာ တရားလိုနှင့် တရားပြိုင် အမှတ်(၁) တို့သည် သဘောတူ လက်ခံကြပါသည်။

၈။ တရားလိုနှင့် တရားပြိုင်တို့သည် ဆုံးဖြတ်ပေးသည့် အတိုင်း ဖော်ပြပါ အချင်းဖြစ်အိမ်ကို တဝက်စီခွဲ၍ အပေါ်ထပ်ကို ကာရံလိုက်ပြီး ၎င်းတို့အသီးသီး ရရှိသည့်အစိတ်အပိုင်းကို အသီးသီး လက်ခံရယူလိုက်ပါသည်။ ဦးလှမြင့်က ခေတ္တ အခမဲ့အသုံးပြုရန် မေတ္တာရပ်သဖြင့် ဆုံးဖြတ်ပေးရေးလူကြီး များတို့၏အသိ တရား လိုသည် ၎င်းအား ခွဲဝေပေးသော မြေညီထပ်တဝက်ကို တရားပြိုင်အား ခေတ္တအခမဲ့ အသုံး ပြုခွင့်ပေးထားပါသည်။ယခုအခါတရားပြိုင်သည် ၎င်းအား ခွင့်ပြုချက်ဖြင့် နေထိုင်အသုံးပြုခွင့် ပြုထားသော မြေညီ ထပ်မှ ဖယ်ရှားပေးရန် ပျက်ကွက် ငြင်းဆန်လျက်ရှိပါသည်။

၉။ တရားပြိုင်များသည် အချင်းဖြစ်အိမ်နှင့် အိမ်ရာ၏ လက်ယာ တက်တခြမ်းကို တရားလိုအား ၎င်း၏အစုအဖြစ် ခွဲဝေပေး ထားရာ ဥပဒေအရ တရားလိုပိုင်ဆိုင်လျက် ရှိပါသည်။"

ဤအဆိုပြုချက်များအရဆိုလျှင် ခုံသမာဓိလူကြီးများ၏ ဆုံးဖြတ်ချက်အရ အချင်းဖြစ်အိမ်နှင့် မြေတို့အား ခွဲဝေယူခဲ့သည်ကို အကြောင်း

ပြုပြီး ဒေါ်ခင်မြင့်က ထိုအိမ်နှင့်မြေတခြမ်းကို ပိုင်ဆိုင်သည်ဟု အရေးဆိုလာခြင်းဖြစ်ကြောင်း ပေါ်လွင်ပေသည်။

၁၉၈၂

ဦးလှမြင့် နှင့် ဒေါ်ခင်မြင့်*

အငြင်းပွားမှုတရပ်ကို တရားရုံး ပြင်ပတွင် ခုံသမာဓိလူကြီးများ၏ အဆုံးအဖြတ်ခံယူရာ၌ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းကို ၁၉၄၄ ခုနှစ် ခုံသမာဓိအက်ဥပဒေ၊ အခန်း(၂)တွင် ပြဋ္ဌာန်းထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် ခုံသမာဓိလူကြီးများ၏ ဆုံးဖြတ်ချက်ကို ပုဒ်မ ၃၁(၁)တွင် ပါရှိသည့်အတိုင်း တရားရုံးတွင် ပုဒ်မ ၁၄အရ တင်သွင်းရမည် ဖြစ်သည်။ ထိုတရားရုံးကသာ အဆိုပါ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု အစရှိသည့် ပြဿနာတို့နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သည်ဟု ပုဒ်မ ၃၁(၂)တွင် ပြဋ္ဌာန်းထားသည်။ ထို့ပြင် ခုံသမာဓိလူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် အခြေခံကာ တရားရုံး၏ အဆုံးအဖြတ် တရပ်ရပ်ကို ရယူရန် တရားတစ်ထုံး စွဲဆိုခြင်းမပြုရဟု ပုဒ်မ ၃၂ တွင် တားမြစ်ထားသည်။ ဤအမှုတွင် ဒေါ်ခင်မြင့် အနေဖြင့် အချင်းဖြစ်အိမ်နှင့် မြေတခြမ်းကို ပိုင်ဆိုင်ကြောင်း ပြဆိုရာတွင် ခုံသမာဓိလူကြီးများ၏ ဆုံးဖြတ်ချက်အပေါ် တနည်းမဟုတ် တနည်း မှီငြမ်းပြုရမည်ဖြစ်ပေရာ ဒေါ်ခင်မြင့် တောင်းဆိုထားသည့် အတိုင်း ပိုင်ဆိုင်ကြောင်း မြွက်ဟဒီဂရီ ချမှတ်ပေးနိုင်သည်၊ မပေးနိုင်သည် ဆိုသောအချက်မှာ အဆိုပါ သုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု အပေါ် မူတည်၍ အဆုံးအဖြတ်ပေးရမည့် ပြဿနာ ဖြစ်ပေသည်။ ဒေါ်ခင်မြင့်စွဲဆိုသောအမှုမှာ ခုံသမာဓိလူကြီ့များ၏ ဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် သွယ်ဝိုက်၍ စွဲဆိုသောအမှုမျိုး ဖြစ်ကြောင်း ပေါ် ပေါက်နေသည့်အလျောက် ၁၉၄၄ ခုနှစ် ခုံသမာဓိ အက်ဥပဒေ ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များက ယင်းအမှုကို ပိတ်ပင် ထားကြောင်း ထင်ရှားနေပေသည်။

လျှောက်ထားခံရသူ၏ အကျိုးဆောင်က ဒေါ်ခင်မြင့်သည် ဦးလှမြင့်အား အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် နှင်လိုမှုကိုပါ စွဲဆိုထားသည်ဖြစ်၍ မူလရုံး၏ ဆုံးဖြတ်ချက်သည် မှားယွင်းမှု မရှိကြောင်းဖြင့် တင်ပြလျှောက်ထားသည်။ အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုသည် မြွက်ဟကြေငြာချက် ဒီဂရီ၏ အကျိုးသက်သာခွင့် အဖြစ်ဖြင့် တောင်းဆိုနိုင်သော အမှုမဟုတ်ပေ။ လျှောက်ထားခံရသူသည် လျှောက်ထားသူအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားပေးရန် တောင်းဆိုသော သက်သာခွင့်အစား အချင်းဖြစ် အိမ်အောက်ထပ်ကို

လက်ရောက်ရလိုကြောင်း တရားစွဲဆိုရမည်ဖြစ်သည်။ ထိုသို့ လက်ရောက်ရလိုကြောင်း စွဲဆိုသည့် အမှုမှာ မြွက်ဟကြေငြာသည့် ဒီကရီအပေါ် မူတည်နေပေသည်။ ဤအမှုတွင် လျှောက်ထားခံရသူသည် မြွက်ဟကြေငြာချက် ဒီကရီ ရလိုကြောင်း စွဲဆိုခွင့်မရှိသည့်အလျောက် လျှောက်ထားခံရသူ စွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်းမရှိတော့ပေ။

၁၉၀၂
ဦးလှမြင့် နှင့် ဒေါ်ခင်မြင့်*

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ပြည်နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်ခင်မြင့် စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးတင်အောင် ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၂
ဇွန်လ
၂၄ ရက်

ဦးဝေဠု
နှင့်
ဦးကျော်ပါ(၂)*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ—၃၂—တိုင်းတရားရုံးသည် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ်ပေးသော စံငှားရမ်းခနှုန်းကို ပြင်ဆင်ခွင့် ရှိခြင်း။

**ဆုံးဖြတ်ချက်။** ။တိုင်းတရားရုံးသည် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ်ပေးသော စံငှားရမ်းခနှုန်းအရ အိမ်လခ အကြွေးများကို တွက်ချက်ခွင့် ပြုထားကြောင်း တွေ့ရှိရသည်။ လွဲအပ်မှုအမှတ် ၄/၇၆ တွင် တိုင်းတရားရုံးသည် ထိုနှုန်းကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၂ အရ ပြင်ဆင်လိုက်ကြောင်း တွေ့ရသည်။ ထို့ကြောင့် တိုင်းတရားရုံးက နောက်ဆုံး သတ်မှတ်ပေးသော နှုန်းသည် ငှားရမ်းခ ကြီးကြပ်ရေးဝန်က သတ်မှတ်ပေးသော နှုန်းကို လွှမ်းမိုးသွားသည့်အတွက် ဦးဝေဠုသည် တိုင်းတရားရုံးက သတ်မှတ်ပေးသည့် စံငှားရမ်းခနှုန်းထား အတိုင်း သာလျှင် အိမ်လခကြွေးများကို ပေးရန် တာဝန်ရှိပေသည်။

**အယူခံတရားလိုအတွက်** — ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ။

မန္တလေးမြို့၊ ယခင်နယ်ပိုင် တရားမ တရားသူကြီးရုံး တရားမကြီးမှုအမှတ် ၉/၆၉ တွင် အယူခံတရားပြိုင် ဦးကျော်နှင့် ဒေါ်သန်းရင်တို့

---

* ၁၉၇၀ ပြည့်နှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၇၀။

† ၁၉၇၀ ပြည့်နှစ်၊ တရားမ အယူခံမှု အမှတ် ၄၀ တွင် ချမှတ်သော (၁၄-၇-၇၀) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

က အယူခံတရားလို ဦးဝေဠုအား ငှားရမ်းထားသည့် အိမ်မှ နှင်ထုတ်ပေးရန်နှင့် အိမ်လခအကြွေး ငွေကျပ် ၂၃၄၀/- ရလိုကြောင်း တရားစွဲဆိုခဲ့သည်။ စနစ်သစ်တရားစီရင်ရေးအရ ယင်းအမှုမှာ မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၆၁/၇၃ ဖြစ်လာသည်။ မြို့နယ်တရားရုံးက နှစ်ဘက်ကို စစ်ဆေး ကြားနာပြီးနောက် ဦးကျော်တို့ စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ ဦးကျော်တို့သည် မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးကျော်တို့ စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်သောကြောင့် ဦးဝေဠုက ဗဟိုတရားရုံးတွင် ဤတရားမဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။ ၁၉၈၂ ဦးဝေဠု နှင့် ဦးကျော် ပါ (၂)*

မူလရုံး တရားလို ဦးကျော်တို့က မန္တလေးမြို့၊ ချမ်းအေးသာဇံရပ်၊ အကွက်အမှတ် (၅၈၈) ဦးပိုင် အမှတ် (၁၈) စာရင်းပေါက်သောမြေပေါ်ရှိ အိမ်ကို ဦးဝေဠုအား အင်္ဂလိပ်ပြက္ခဒိန်လအလိုက် တစ်လလျှင် ၆၅ ကျပ်နှုန်းဖြင့် ငှားရမ်းခဲ့ရာ ဦးဝေဠုသည် ၁-၄-၆၅ နေ့မှ စ၍ အိမ်လခများပေးရန် ပျက်ကွက်ခဲ့ကြောင်း၊ အိမ်လခအကြွေးငွေများကို ပေးဆပ်ရန် အကြောင်းကြားသော်လည်း ပေးဆပ်ခြင်း မပြုပဲနေကြောင်း၊ အိမ်ငှားရမ်းခြင်းကို ၃၀-၁၁-၆၇ နေ့တွင် ရပ်စဲလိုက်သော်လည်း ဦးဝေဠုသည် အိမ်မှ ဖယ်ရှားပေးခြင်း မပြုကြောင်း စသည်ဖြင့် အဆိုပြုကာ သူ့အား ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ နှင်ထုတ်ပေးရန်နှင့် ၁-၄-၆၆ နေ့မှ ၃၀-၃-၆၉ နေ့အထိ ကာလအတွက် အိမ်လခအကြွေးငွေကျပ် ၂၃၄၀/-ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဤအမှုတွင် ဦးဝေဠုသည် ဦးကျော်တို့အား အိမ်လခအကြွေးများ ပေးရန် အငြင်းပွားမှု မရှိသည့်အလျောက် တိုင်းတရားရုံးက သူ့အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ ဒီကရီချမှတ်ခြင်းမှာ မှန်ကန်ပေသည်။

မန္တလေးမြို့၊ ငှားရမ်းခ ကြီးကြပ်ရေးဝန်သည် အချင်းဖြစ်အိမ်၏ စံငှားရမ်းခကို တစ်လလျှင် ၆၅ ကျပ်အဖြစ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၇ အရ အမှုမစွဲဆိုမီ ၂၁-၃-၆၉ နေ့တွင် သတ်မှတ်ခဲ့သည်။ သို့သော် ဦးဝေဠု၏ လျှောက်ထားချက်အရ မန္တလေးတိုင်းတရားရုံးက လွှဲအပ်မှု အမှတ်

၄/၇၆(အရှေ့မြောက်) တွင် စံငှားရမ်းခကို တလလျှင် ၆၅ ကျပ်မှ
၁၉၈၂ ၃၅ ကျပ်သို့ ၁၇-၆-၇၇ နေ့တွင် လျှော့ပေါ့ သတ်မှတ်ခဲ့သည်။
ဦးဝေနွယ် အယူခံတရားလို၏ အကျိုးဆောင်က အိမ်ရှင်တစ်ဦးသည် ငှားရမ်းခငွေ
နှင့် များ ရလိုကြောင်း တရားစွဲဆိုလိုလျှင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ
ဦးကျော် ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉ အရ စံငှားရမ်းခ
ပါ (၂)* လက်မှတ်ကို အဆိုလွှာနှင့်အတူ ပူးတွဲတင်သွင်းရမည် ဖြစ်ကြောင်း၊
စံငှားရမ်းခဆိုရာတွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၂(၅)အရ စံငှားရမ်းခသာ ဖြစ်ကြောင်း၊ မူလရုံး တရားလိုတို့သည် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဝန်ကသတ်မှတ်ပေးသည့် စံငှားရမ်းခအပေါ် အခြေခံကာ အမှုကို စွဲဆိုခဲ့သည် ဖြစ်၍ ပလပ်လိုက်ကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။

၁၉၆၀-ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၉-တွင် ပါရှိသည့် ဤအမှုနှင့် သက်ဆိုင်သမျှ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

> "ဤအက်ဥပဒေနှင့်သက်ဆိုင်သည့်ဥပစာတစ်ခုခုနှင့် စပ်လျဉ်း၍ ဤအက်ဥပဒေကို ပြဋ္ဌာန်းပြီးနောက်မှ ရရန်ရှိသော ငှားရမ်းခကို အရတောင်းခံရန် အလို့ငှာ စွဲဆိုသည့် တရားမမှုဆိုင်ရာ အဆိုလွှာကို မည်သည့် တရားရုံးကမျှ လက်မခံရ။ သို့ရာတွင် ထိုဥပစာ၏ စံငှားရမ်းခနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဝန်၏ သက်သေခံလက်မှတ် တစ်စောင်ကို ထိုအဆိုလွှာနှင့်အတူ ပူးတွဲ တင်သွင်းလျှင် ထိုအဆိုလွှာကို လက်ခံရမည်"

မူလရုံးတရားလိုတို့သည် အချင်းဖြစ်အိမ်၏စံငှားရမ်းခနှင့်စပ်လျဉ်း၍ ငှားရမ်းခကြီးကြပ်ရေးဝန်၏ သက်သေခံ လက်မှတ်ကို ငှားရမ်းခ ရလိုကြောင်း စွဲဆိုသည့် အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြထားကြောင်း ပေါ်ပေါက်နေသည်ဖြစ်ရာ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်သည်ဖြစ်၍ အဆိုလွှာများကို ပလပ်ခြင်း မပြုနိုင်ပေ။

ဤအမှုတွင် တိုင်းတရားရုံးသည် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်က သတ်မှတ်ပေးသော စံငှားရမ်းခနှုန်းအရ အိမ်လခ အကြွေးများကို တွက်ချက်ခွင့်ပြုထားကြောင်းတွေ့ရှိရသည်။ လွှဲအပ်မှုအမှတ်၄/၇၆ တွင် တိုင်းတရားရုံးသည် ထိုနှုန်းကို ၁၉၆၀-ပြည့် နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃၂-အရ ပြင်ဆင် လိုက်

ကြောင်း တွေ့ရသည်။ ထို့ကြောင့် တိုင်းတရားရုံးက နောက်ဆုံး သတ်မှတ်ပေးသောနှုန်းသည် ငှားရမ်းခကြီးကြပ်ရေးဝန်က သတ်မှတ် ပေးသောနှုန်းကို လွှမ်းမိုးသွားသည့်အတွက် ဦးဝေဠုသည် တိုင်းတရားရုံးက သတ်မှတ်ပေးသည့် စံငှားရမ်းခ နှုန်းထား အတိုင်းသာလျှင် အိမ်လခ အကြွေးများကို ပေးရန်တာဝန်ရှိပေသည်။

၁၉၈၂
ဦးဝေဠု
နှင့်
ဦးကျော်ပါ
(၂) *

ထို့ကြောင့် တိုင်းတရားရုံးက ဦးဝေဠုအပေါ် ၁၉၆၀-ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ဒီကရီချမှတ်ခြင်းကို အတည်ပြုသည်။ အိမ်လခအကြွေး ငွေကျပ် ၂၃၄၀/-ပေးစေရန်ချမှတ်သည့် ဒီကရီကိုပယ်ဖျက်ပြီးငှားရမ်းခအကြွေး ငွေကျပ် ၁,၆၀/-ကို အချိုးကျ တရားစရိတ်နှင့်တကွ ပေးရန်ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။အယူခံတရားလိုတို့သည်မူလရုံးနှင့်တိုင်းတရားရုံး တို့တွင် အယူခံတရားပြိုင်တို့ ကုန်ကျသော အချိုးကျတရားစရိတ် များ ကို ပေးရမည်။ ဤအယူခံတွင် နှစ်ဘက်အမှုသည်တို့သည် မိမိတို့ကုန်ကျ သော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးမှန်လှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၈၂
နိုဝင်ဘာ ၂၂

ဦးသန်းလွင်ပါ (၂)
နှင့်
ဦးသာဇံ*

**နို့တစ်စာ၌ စာအရေးအသားနှင့် ဂဏန်း အရေးအသားတို့ ကွဲလွဲလျှင် စာအရေးအသားကို အတည်ယူလေ့ရှိကြောင်း သတိချပ်ရန်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်နို့တစ်စာကို ၁-၆-၇၉ ရက်စွဲတပ်ထားသည်ဖြစ်၍ "ဤလကုန်" ဆိုသည့်စကားရပ်နှင့် တွဲဖက်ဖတ်ရှုလျှင် အိမ်ငှားရမ်းခြင်းကို ဖြတ်တောက်သည့် နေ့မှာ ၃၀-၆-၇၉ ကို ဆိုလိုကြောင်း ပေါ်ပေါက်သည်။ နို့တစ်စာ၌ စာအရေးအသားနှင့် ဂဏန်း အရေးအသားတို့ ကွဲလွဲလျှင် စာအရေးအသားကို အတည်ယူလေ့ရှိကြောင်း သတိချပ်ရန် လိုပေသည်။ နို့တစ်စာတွင် "ဤလကုန်" ဟု သုံးနှုန်းထားသည်ဖြစ်၍ အိမ်ငှားရမ်းခြင်းကို ၃၀-၆-၇၉ နေ့တွင် ရပ်စဲကြောင်း အိမ်ငှားများက သိရှိရန်အကြောင်း ရှိပေသည်။

**အယူခံတရားလိုများအတွက်—** ဦးချမ်းအေး၊ ဗဟိုတရားရုံး ရှေ့နေ။

**အယူခံတရားပြိုင်အတွက်** - အယူခံတရားပြိုင် ကိုယ်စားလှယ်က ရေးသားလျှောက်လဲချက် တင်သွင်းသည်။

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၇၉ တွင် အယူခံတရားပြိုင် ဦးသာဇံက အယူခံတရားလို ဦးသန်းလွင်နှင့် ဒေါ်သောင်းကြည်တို့အား ငှားရမ်းထားသည်ဆိုသော အိမ်မှ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂ (၁) (င)အရ နှင်ထုတ်ပေးရန် တရားစွဲဆိုခဲ့ရာ အနိုင် ရရှိခဲ့သည်။

---

* ၁၉၈၁ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၁၆။

† ၁၉၈၁ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၂၀ (ဆ) တွင် ချမှတ်ထားသော (၁၂-၆-၈၂) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီ ကိုအယူခံမှု။

ဦးသန်းလွင်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့်မွန်ပြည်နယ်တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းသည်။

၁၉၈၀ ၂
ဦးသန်းလွင်
ပါ (၂)
နှင့်
ဦးသာဇံ*

မူလရုံး တရားလို ဦးသာဇံက သံဖြူဇရပ်မြို့၊ အောင်သုတလမ်း၊ အိမ်အမှတ်(၄၉)ကို တရားပြိုင် ဦးသန်းလွင်နှင့် ဒေါ်သောင်းကြည်တို့အား ငှားရမ်းခဲ့ကြောင်း၊ ယခုအခါ ထိုအိမ်မှာ ပျက်စီးယိုယွင်းနေသဖြင့် အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်လာသောကြောင့် ဦးသန်းလွင်တို့အား အိမ်မှဖယ်ရှားပေးရန် နို့တစ်စာပေးခဲ့ကြောင်း၊ သို့သော် ဦးသန်းလွင်တို့သည် အိမ်မှဖယ်ရှားပေးရန် ငြင်းဆန်နေကြောင်း စသည်ဖြင့် အဆိုပြုကာ သူတို့အား ဖယ်ရှားပေးစေလိုကြောင်း တရားစွဲဆိုလေသည်။

ဤအယူခံတွင် အယူခံကရေးလိုတို့၏ ရှေ့နေက အယူခံတရားပြိုင်က အယူခံကရေးလိုတို့ထံ ပေးပို့သော နို့တစ်စာတွင် အိမ်ငှားရမ်းခြင်းကို ၃၀-၆-၇၉ နေ့၌ ရပ်စဲကြောင်း ဖော်ပြပါရှိသည်ဖြစ်ရာ အိမ်ငှားသက်တမ်း မကုန်ဆုံးမီ ၂၁-၇-၇၉ နေ့တွင် ဤအမှုကို စွဲဆိုခဲ့ပါလျက် အယူခံတရားပြိုင်စွဲဆိုသောအမှုကို မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က အနိုင်ပေးခဲ့ခြင်းမှာ မှားယွင်းကြောင်းဖြင့် တင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင် ပေးပို့သော ၁-၆-၇၉ ရက်စွဲပါ နို့တစ်စာတွင် နောက်ဆုံးအပိုဒ်၌ အောက်ပါအတိုင်း ဖော်ပြထားသည်—

> "ဤအကြောင်းကြားစာကို ဦးသာဇံ၏ ညွှန်ကြားချက်ဖြင့် သင့်အား ပေးပို့ခြင်းဖြစ်ပြီး ဤလကုန် ၃၀-၆-၇၉ နေ့ကို နောက်ဆုံးထားပြီး နေအိမ်မှ ဖယ်ရှားပေးရန် ဖြစ်ပါသည်။ ပျက်ကွက်ပါက တရားစွဲဆိုခြင်းခံရပြီး တရားစရိတ် များကို သင်တို့ကျခံရမည် ဖြစ်ပါသည်။

အချင်းဖြစ်နို့တစ်စာကို ၁-၆-၇၉ ရက်စွဲတပ်ထားသည်ဖြစ်၍ "ဤလကုန်"ဆိုသည့် စကားရပ်နှင့် တွဲဖက် ဖတ်ရှုလျှင် အိမ်ငှားရမ်းခြင်းကို ဖြတ်တောက်သည့်နေ့မှာ ၃၀-၆-၇၉ ကို ဆိုလိုကြောင်း ပေါ်ပေါက်သည်။ နို့တစ်စာ၌ စာအရေးအသားနှင့် ဂဏန်း အရေးအသားတို့ ကွဲလွဲလျှင် စာအရေးအသားကို အတည်ယူလေ့ရှိကြောင်း သတိချပ်ရန် လိုပေသည်။ နို့တစ်စာတွင် "ဤလကုန်"ဟု သုံးနှုန်းထားသည် ဖြစ်၍

အိမ်ငှားရမ်းခြင်းကို ၃၀-၆-၇၉ နေ့တွင် ရပ်စဲကြောင်း အိမ်ငှားများ
၁၉၈၂ က သိရှိရန် အကြောင်းရှိပေသည်။ သို့ဖြစ်၍ မြို့နယ်တရားရုံးနှင့် တိုင်း
ဦးသန်းလွင် တရားရုံးတို့က ချမှတ်ထားသော ဒီကရီတို့ကို ပယ်ဖျက်ရန် မသင့်ပေ။
ပါ(၂)
နှင့် ထို့ကြောင့် ဤအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်
ဦးသာဇံ* လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

## တရားမ ဒုတိယအယူခံမှု

### ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ်ဦးခင်ဇာမုံနှင့် ဦးမြကျော် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးသိန်း

နှင့်

မကာမရွန်နီရှား* | † ၁၉၈၂ ဇွန်လ ၂ရက်

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၅(၁)ပါ "ပေးရန်ကျန်ရှိသော ငှားရမ်းခ"၏ အဓိပ္ပာယ်။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)ပါ "ပေးရန် ကျန်ရှိသေးသော ငှားရမ်းခ"ဆိုသည်မှာ မူလအမှု မစွဲဆိုမီ (၃)နှစ်အတွင်း အိမ်ရှင်က ရရန်ရှိသော ငှားရမ်းခများနှင့် တရားစွဲဆိုသည့် နေ့မှ ဒီကရီ ချမှတ်သည့် နေ့အထိ ရရန်ရှိသော ငှားရမ်းခများကို ဆိုလိုသည်။

**အယူခံတရားလိုအတွက်** — ဦးရဲထွဋ်၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ဦးပျိုငြိမ်း၊ ဗဟိုတရားရုံးရှေ့နေ။

မွန်ပြည်နယ်၊ မော်လမြိုင် မြို့နယ်တရားရုံး၊ တရားမ ဇာရီမှုအမှတ် ဂ/၇၅ တွင် အယူခံတရားပြိုင် မကာမရွန်နီရှားက အဆိုပါတရားရုံး၊ တရားမကြီးမှု အမှတ် ဂ/၇၄ တွင် တဘက်သတ် ချမှတ်ထားသော ဒီဂရီကို အတည်ပြုရာ မြို့နယ်တရားရုံးက တရားရှုံး ဦးသိန်းအား အချင်းဖြစ် အိမ်ခန်းမှ ဖယ်ရှားပေးရန် အမိန့်ချမှတ်သည်။ ဦးသိန်းက ထိုအမိန့်ကို မွန်ပြည်နယ် တရားရုံး၊ တရားမအယူခံမှု အမှတ် ၁၄(၄)/၇၅ တွင် အယူခံဝင်ရာ မွန်ပြည်နယ်တရားရုံးက ဇာရီမှုကို ပယ်ဖျက်လိုက်သည်။ မကာမရွန်နီရှားက ဗဟိုတရားရုံး၊တရားမ ဒုတိယအယူခံမှု အမှတ် ၇၃/၇၆ တွင် ဆက်လက် အယူခံဝင်သော

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၁၄၀။

† ၁၉၇၀ ပြည့်နှစ်၊ တရားမ အယူခံမှုအမှတ် ၃ (မ)တွင် ချမှတ်ထားသော (၂၉-၅-၈၀) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၂ ဦးသိန်းနှင့် မကာမရွန်နီရှား*

အခါ ဗဟိုတရားရုံးက ပြည်နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုကြောင်း အမိန့်ချမှတ်သည်။ ထိုအခါ ဦးသိန်းက မော်လမြိုင် မြို့နယ်တရားရုံးတွင် သူ့အပေါ် ချမှတ်ထားသည့် ဒီကရီကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)အရ ပယ်ဖျက်ပေးရန် လျှောက်ထားသည်။ မြို့နယ်တရားရုံးက အိမ်လခ အကြွေးကျန်များကို အရစ်ကျပေးဆပ်ပါက မူလဒီကရီကို ပယ်ဖျက်ပေးမည် ဖြစ်ကြောင်း အမိန့်ချမှတ်သည်။ မကာမရွန်နီရှားက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် မွန်ပြည်နယ်တရားရုံးတွင် အယူခံဝင်ရာ မွန်ပြည်နယ် တရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သောကြောင့် ဦးသိန်းက ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားပြိုင် မကာမရွန်နီရှားက ဦးသိန်းအပေါ် အတည်ပြုလျက်ရှိသော ဒီကရီမှာ ဦးသိန်းက အိမ်ရှင်အား အိမ်လခများပေးရန် ပျက်ကွက်သည်ကို အကြောင်းပြုပြီး ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ ချမှတ်ထားသော ဒီကရီဖြစ်သည်။ ထိုဒီကရီကို ပယ်ဖျက်ပေးရန် ဦးသိန်းက ၁၆-၂-၇၉ နေ့တွင် လျှောက်ထားခဲ့စဉ်က အချင်းဖြစ် ဒီကရီကို အတည်မပြုရသေးသဖြင့် ဦးသိန်း၏ လျှောက်ထားချက်သည် ၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) တွင် အကျုံးဝင်ကြောင်း ထင်ရှားနေပေသည်။

သို့သော် အယူခံတရားပြိုင်၏ အကျိုးဆောင်က ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားသည့် ကိစ္စကို ဗဟိုတရားရုံးက တရားမ ဒုတိယအယူခံမှု ဒ မှတ် ၇၃/၇၆ တွင် အဆုံးအဖြတ်ပေးပြီး ဖြစ်သောကြောင့် ယင်းကိစ္စကို ထပ်မံ အဆုံးအဖြတ်ပေးခွင့် မရှိတော့ကြောင်း တင်ပြလျှောက်ထားသည်။ ဗဟိုတရားရုံးက အဆိုပါအယူခံတွင် အောက်ပါအတိုင်း သုံးသပ်ထားသည်ကို တွေ့ရှိရသည် –

> "ပြည်နယ်တရားရုံးသို့ အယူခံတရားပြိုင် ဦးသိန်းတင်သွင်းခဲ့သော အယူခံလျှောက်လွှာ၏ အဆုံးပိုင်းတွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)အရ ဒီကရီကို ပယ်ဖျက်ပေးရန် သက်သာခွင့်တစ်ရပ် ထည့်သွင်းတောင်းဆိုထားသည်ကို တွေ့ရသော်လည်း မိမိသည် အိမ်

၁၉၈၂ — ဦးသိန်း နှင့် မကာမရွှန်နီရှား*

**လခများကို ပေးသွင်းရန် အဆင်သင့်ရှိကြောင်း အယူခံလျှောက်** လွှာစာကိုယ်တွင် လုံးဝ ဖော်ပြလျှောက်ထားခဲ့ခြင်း မရှိပေ။ မြို့နယ်တရားရုံးတွင် မကာမရွှန်နီရှား ဖွင့်လှစ်ခဲ့သော ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပေးစေလိုမှုတွင် ပါရှိသည့် ၁၃-၅-၇၅ နေ့စွဲပါ မကာမရွှန်နီရှား၏ ကန့်ကွက်လွှာအရ ဦးသိန်း ပေးချေမည်ဆိုပါက အိမ်လခများကို လက်ခံမည်ဖြစ်ကြောင်း ဖော်ပြထားသည်ဖြစ်၍ မကာမရွှန်နီရှား၏ စိတ်စေတနာမှာ သိသာလှပေသည်။ ထို့ကြောင့် မြို့နယ်တရားရုံးသို့ လုံးဝ လျှောက်ထားခြင်း မရှိပဲ ပြည်နယ်တရားရုံးသို့ လျှောက်ထားသည့် လျှောက်လွှာအောက်ခြေ၌ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၅(၁)ပါ သက်သာခွင့်ကို ထည့်သွင်း **တောင်းဆိုခြင်းမှာ** ပေးချေရန် မရည်ရွယ်ပဲ ကြုံကြိုက်သလို တောင်းဆိုလိုက်သည့် သက်သာခွင့်သာ ဖြစ်နေသည်ဟု ယူဆရပေမည်။”

ဤသုံးသပ်ချက်များအရ ဆိုလျှင် မွန်ပြည်နယ်တရားရုံးတွင် **အယူခံဝင်ခဲ့စဉ်က** ၁၉၆၀-ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၅(၁)အရ ဦးသိန်း၏လျှောက်ထားချက်ကို ဗဟိုတရားရုံးက တရားမ ဒုတိယ အယူခံမှုအမှတ် ၇၃/၇၆-တွင် ခွင့်မပြုခဲ့ခြင်းမှာ **ထိုစဉ်က** ဦးသိန်းအနေဖြင့် ငှားရမ်းခ အကြွေးများကို အမှန်တကယ် ပေးဆပ်လိုသည့်ဆန္ဒမရှိမှုအပေါ် အခြေခံခဲ့ခြင်း ဖြစ်သည်။ ယခုအခါ **ဦးသိန်းသည်** ငှားရမ်းခ အကြွေးများကို ပေးသွင်းပြီးဖြစ်ကြောင်းတွေ့ **ရှိရသည်။** အခြေအနေချင်း မတူသည့်အလျှောက် မြို့နယ် တရားရုံးက မူလဒီကရီကိုဖျက်သိမ်းပေးမည်ဟု အမိန့်ချမှတ်ခြင်းမှာ ဗဟိုတရားရုံးက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

မော်လမြိုင်မြို့နယ် တရားရုံး၊ တရားမ ဇာရီမှု အမှတ် ၈/၇၅-၏ ၁၅-၂-၇၉ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်တွင် **တရားရှုံးဦးသိန်းသည်** ၁၉၇၄ ခုမှ ၁၉၇၉-ခု ဒီဇင်ဘာလကုန်အထိ(၆)နှစ်အတွက် အိမ်လခ ကြွေး ငွေကျပ် ၇၂၀/-ပေးဆပ်ရမည်ဖြစ်ကြောင်း ဖော်ပြ ထားသည် ကို တွေ့ရသည်။ ၁၉၆၀-ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅(၁)ပါ “ပေးရန် ကျန်ရှိသေးသော ငှားရမ်းခ” ဆိုသည်မှာ မူလအမှုမစွဲဆိုမီ (၃) နှစ်အတွင်း အိမ်ရှင်က ရရန်ရှိသော ငှားရမ်းခ များနှင့် တရားစွဲဆိုသည့် နေ့မှ ဒီကရီ ချမှတ်သည့်နေ့ အထိ

၁၉၈၂
ဦးသိန်း နှင့် မကာမရွန်နီရှား*

ရရန် ရှိသော ငှားရမ်းခ များကို ဆိုလိုသည်။ မော်လမြိုင် မြို့ နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၈/၇၄-ကို ၁၅-၁-၇၄-နေ့တွင် စွဲဆို ခဲ့ရာ အဆိုလွှာတွင် ဦးသိန်းသည် တရား မစွဲဆိုမီ ( ၇ ) နှစ်ခန့်မှ စ၍ အိမ်လခများ ပေးရန် ပျက်ကွက်ကြောင်း ဖော်ပြထားသည်ကို တွေ့ ရသည်။ ထို အမှုတွင် တဘက်သတ် ဒီကရီကို ၁၉-၂-၇၅ နေ့ တွင် ချမှတ်ခဲ့သည် ဖြစ်ရာ တရားနိုင် မကာမရွန်နီရှား အနေဖြင့် ဦးသိန်း ထံမှ ရရန်ရှိသော အိမ်လခ အကြွေးများမှာ တရားမစွဲဆိုမီ ( ၃ ) နှစ် အတွက် ငှားရမ်းခများနှင့် ဒီကရီ မချမှတ်မီ အမှုစွဲဆိုနေသည့်(၁၃)လ ကာလအတွင်း တင်ရှိသော အိမ်လခများဖြစ်သည်။ သို့ဖြစ်၍ ဦးသိန်း ပေးရန်ရှိသော ငှားရမ်းခ အကြွေးများမှာ စုစုပေါင်း (၄၉) လ အတွက် ကျပ် ၄၉၁/-ဖြစ်သည်။

တရားရုံး ဦးသိန်းသည် အဆိုပါငွေကျပ် ၄၉၀/-ကျော်ကို ပေးသွင်း ပြီးဖြစ်သည့်အလျောက် မြို့နယ်တရားရုံးက ချမှတ်ခဲ့သော တဘက်သတ် ဒီကရီကို ပယ်ဖျက်ပေးရန်သာ ရှိပေတော့သည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ မော်လမြိုင်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၈/၇၄-တွင် ချမှတ်ထားသောတဘက်သတ် ဒီကရီကို ၁၉၆၀-ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ ( ၁ ) အရ ဖျက်သိမ်းလိုက်သည်။ မြို့နယ်တရားရုံးသည် ဦးသိန်းပေးသွင်းထားသည့် အိမ်လခများအနက် ကျပ်၄၉၀/-ထက်ပိုသော ငွေများကို ဦးသိန်းအား ပြန်လည်ထုတ်ပေးရန် ညွှန်ကြားလိုက်သည်။ အယူခံတရားပြိုင်သည် ဤအယူခံတွင် ကုန်ကျသောတရားစရိတ်များကို အယူခံ တရားလိုအား ပေးရမည်။ ရှေ့နေခကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

## တရားမ ပထမအယူခံမှု

### ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးမြကျော်နှင့် ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ဟဝါဘီပါ ၁၀ ဦး
နှင့်
မာမက်မေဒင်ပါ ၈ ဦး*

† ၁၉၈၂
ဖေဖော်ဝါရီ
၁၈ ရက်

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်— နောက်ဆက်တွဲ အကျိုးဆက်သက်သာခွင့် တောင်းဆိုရန် ရှိပါလျက် မတောင်းဆိုသဖြင့် အဆိုလွှာပြင်ဆင်ရန် တရားရုံးက ညွှန်ကြားသော်လည်း တရားလိုက မလိုက်နာခြင်း—ထိုအမှုမျိုးကို မူလတရားရုံးက ပလပ်ခြင်းမှာ မှန် မမှန်။

**ဆုံးဖြတ်ချက်။** ။သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်တွင် နောက်ဆက်တွဲ အကျိုးဆက် သက်သာခွင့် တောင်းဆိုရန် ဖြစ်သော်လည်း မတောင်းဆိုလျှင် တရားလိုစွဲဆိုသည့် အမှု၌ ဒီကရီ မချမှတ်ပေးရဟု ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် နောက်ဆက်တွဲ အကျိုးဆက် သက်သာခွင့် တောင်းဆိုနိုင်ရန် အဆိုလွှာပြင်ဆင်ခွင့်ကို တရားရုံးက ပေးခဲ့သော်လည်း အယူခံတရားလိုတို့သည် အဆိုလွှာ မပြင်ဆင်ပဲ ငြင်းဆိုခဲ့သည်။ ထို့ကြောင့် ဤအမှုတွင် နောက်ဆက်တွဲ အကျိုးဆက် သက်သာခွင့် တောင်းရန် လိုပါလျက်နှင့် မတောင်းခြင်းကြောင့် ဒီကရီချပေးနိုင်မည် မဟုတ်ပေ။

**အယူခံတရားလိုများအတွက်** — ဦးမျိုးသန့် (ရန်ကင်း) ဗဟိုတရားရုံး ရှေ့နေ။

**အယူခံတရားပြိုင်များအတွက်**— ဦးချမ်းအေး၊ ဗဟိုတရားရုံးရှေ့နေ။

မွန်ပြည်နယ် တရားရုံး တရားမကြီးမှု အမှတ် ၁၂/၇၈ (မ) တွင် အယူခံတရားလို ဒေါ်ဟဝါဘီပါ ၁၀ ဦးတို့က အယူခံတရားပြိုင်

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၂၀။
† ၁၉၇၈ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၂ (မ) တွင် ချမှတ်ထားသည့် (၄-၁၂-၇၉) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

မာမက်မေဒင်ပါ ၈ ဦးတို့အပေါ် ကွယ်လွန်သူ ဦးနာဂဂနီ၏ အမွေပုံ

၁၉၈၂ ပစ္စည်းများဖြစ်သည့် အချင်းဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ

ဒေါ်ဟဝါဘီ ကို တရားလိုများသာ ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးစေလိုမှု

ပါ ၁၀ ဦး တရားစွဲဆိုခဲ့သည်။ ယင်းအမှုတွင် အဆိုလွှာ၊ ချေလွှာများ တင်သွင်း

နှင့် ပြီးနောက် မွန်ပြည်နယ်တရားရုံးက အောက်ဖော်ပြပါ ပဏာမငြင်းချက်

မာမက်မေဒင် များကို ထုတ်ခဲ့သည်—

ပါ ၈ ဦး*

(၁) မွန်ပြည်နယ် တရားရုံး တရားမကြီးမှု ၇ (မ)/၇၅ တွင် ချမှတ်ထားသော အမိန့်အရ တရားလိုများသည် ဤအမှုကို ထပ်မံ၍ တရားမစွဲဆိုထိုက် ဆိုသည်မှာ မှန်သလား၊

(သို့မဟုတ်)

အမိန့်မည်သို့ပင် ရှိစေကာမူ အမွေဆက်ခံရေး ဥပဒေ ပုဒ်မ ၃၈၇ အရ တရားလိုများက ဤအမှုကို ထပ်မံ၍ တရားစွဲဆိုနိုင်ခွင့် ရှိပါသလား။

(၂) စွဲဆိုလွှာအပိုဒ်စဉ် (၇) အရ ကျန်အခန်းတို့၌ အိမ်ငှားများ ရှိကြသဖြင့် ၎င်းအိမ်ငှားများ ဖယ်ရှား နှင်ထုတ်မှု ထည့်သွင်း မစွဲ၍ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ခြွင်းချက်နှင့် ငြိစွန်းနေပါသလား။

ယင်းငြင်းချက်များအပေါ် နှစ်ဘက်လျှောက်လဲချက် ကြားနာပြီး မွန်ပြည်နယ် တရားရုံးက တရားလိုများသည် မြွက်ဟကြေငြာပေးစေလိုမှု သက်သက်မဟုတ်ပဲ နောက်ဆက်တွဲ အကျိုးဆက်သက်သာခွင့်ပါ တောင်းဆိုရန်လိုသဖြင့် 'အဆိုလွှာပြင်ရန် ၂၇-၆-၇၉ နေ့စွဲပါ နေ့စဉ် မှတ်တမ်းအမိန့်အရ တရားလိုများအား ညွှန်ကြားလိုက်သည်။ ထို့နောက် တရားလိုများ ဖြစ်ခဲ့သည့် အယူခံတရားလိုတို့က အဆိုလွှာ ပြင်ရန် ရက်ချိန်းနှစ်ခါ တောင်း၍ ပြင်ဆင်ချက် အဆိုလွှာ မတင်ပဲ ပဏာမငြင်းချက်အမှတ်(၁)အပေါ် အမိန့်ချမှတ်ပေးရန် ၁၇-၈-၇၉ နေ့စွဲပါ မှတ်တမ်းအရ လျှောက်ထားခဲ့သည်။ ထို့နောက် ၂၇-၉ ၆၉ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအရ မွန်ပြည်နယ်တရားရုံးက တရားလိုတို့အား အဆိုလွှာပြင်ဆင်ရန် ထပ်မံအမိန့်ချမှတ်ခဲ့သည်။ ယင်းကဲ့သို့ အမိန့် ချမှတ်ပြီးနောက် တရားလိုတို့သည် အဆိုလွှာပြင်ရန် ရက်ချိန်းတောင်း သွားပြီး ၁၂-၁၀-၇၉ နေ့စွဲပါ မှတ်တမ်းအရ တရားမကျင့်ထုံးအမိန့် ၄၇၊ နည်းဥပဒေ ၁ အရ ထပ်မံလျှောက်ထားသည်။ ယင်းလျှောက်

လွှာကို မွန်ပြည်နယ်တရားရုံးက လက်မခံပဲ အယူခံတရားလိုတို့ စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံတရားလိုတို့က ဤအယူခံမှု တင်သွင်းသည်။ ၁၉၈၂ ဒေါ်ဟလါဘီ ပါ ၁၀ ဦး နှင့် မာမက်မေဒင် ပါ ၈ ဦး *

ပဏာမငြင်းချက် အမှတ် (၂)နှင့် ပတ်သက်ပြီး မူလမွန်ပြည်နယ်တရားရုံးက အယူခံတရားလိုတို့သည် နောက်ဆက်တွဲ အကျိုးဆက်သက်သာခွင့် တောင်းဆိုရန် လိုသည်ဟု ဖြေဆိုပြီး အယူခံတရားလိုတို့အား အဆိုလွှာပြင်ရန် နှစ်ကြိမ်တိုင်တိုင် ညွှန်ကြားခဲ့သည်။ ဤညွှန်ကြားချက်ကို အယူခံတရားလိုတို့က မလိုက်နာပဲ အဆိုလွှာပြင်ရန် ငြင်းဆိုခဲ့သည်။ ထို့ကြောင့် အဆိုလွှာပြင်ရန် ပျက်ကွက်သဖြင့် မွန်ပြည်နယ်တရားရုံးက အယူခံတရားလိုတို့ စွဲဆိုသည့် အမှုကို ပလပ်လိုက်ခြင်းဖြစ်သည်။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်တွင် နောက်ဆက်တွဲ အကျိုးဆက် သက်သာခွင့် တောင်းဆိုရန် ဖြစ်သော်လည်း မတောင်းဆိုလျှင် တရားလိုစွဲဆိုသည့် အမှု၌ ဒီကရီမချမှတ်ပေးရဟု ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် နောက်ဆက်တွဲ အကျိုးဆက် သက်သာခွင့် တောင်းဆိုနိုင်ရန် အဆိုလွှာပြင်ဆင်ခွင့်ကို တရားရုံးက ပေးခဲ့သော်လည်း အယူခံတရားလိုတို့သည် အဆိုလွှာ မပြင်ဆင်ပဲ ငြင်းဆိုခဲ့သည်။ ထို့ကြောင့် ဤအမှုတွင် နောက်ဆက်တွဲ အကျိုးဆက် သက်သာခွင့် တောင်းရန် လိုပါလျက်နှင့် မတောင်းခြင်းကြောင့် ဒီကရီချပေးနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မူလ မွန်ပြည်နယ်တရားရုံး၏ အမိန့်မှာ မှန်ကန်သဖြင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ စရိတ်ငွေကျပ် ၈၀/- ခွင့်ပြုသည်။

## တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၁၂ စက်တင်ဘာ ၃၀ ရက်

ဦးအေးမြင့်
နှင့်
ဦးတင်မောင် *

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ စွဲလိုသည့်အမှုတွင် နို့တစ်စာ– အိမ်ငှားထံမှ ရရန်ရှိသော ငှားရမ်းခ တောင်းခံသည့် နို့တစ်စာနှင့် အငှားချထားမှုကို ရပ်စဲကြောင်း နို့တစ်စာ– ယင်းနို့တစ်စာ နှစ်စောင်ကို သီးခြားဖြစ်စေ၊ တစ်စောင်တည်းနှင့် ပေါင်း၍ဖြစ်စေ ပေးပို့နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ အိမ်ငှားအား နှင်လိုမှု စွဲဆိုလိုလျှင် တရားလိုသည် အဆိုပါပုဒ်မပါပြဋ္ဌာန်းချက်များအရလိုအပ်သည့်အတိုင်း အိမ်ငှားထံမှ ရရန်ရှိသော ငှားရမ်းခများ တောင်းဆိုသည့်စာကို မှတ်ပုံတင်၍ ပေးပို့ရမည်ဖြစ်သည်။ ထို့ပြင် အငှားချထားမှုကို ရပ်စဲကြောင်း ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ နို့တစ်စာလည်း ပေးပို့ရန် လိုပေသည်။ ထိုအကြောင်းကြားစာ နှစ်စောင်ကို တသီးတခြား ရေးသားနိုင်သည့်နည်းတူ တစ်စောင်တည်းတွင်လည်း ပေါင်း၍ရေးသားနိုင်ပေသည်။ ထိုသို့ရေးသားရာတွင် ငှားရမ်းခ အကြွေးတောင်းသည့် အကြောင်းအရာကို ပထမရေးပြီးမှ ငှားရမ်းခြင်းကို ဖြတ်တောက်သည့် အကြောင်းကြားစာကို ရေးရမည်ဟူ၍ ပြဋ္ဌာန်းချက် တစုံတရာမရှိပေ။

---

* ၁၉၈၁ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၇၆။

† ၁၉၈၀ ပြည့်နှစ်၊ တရားမ အယူခံမှုအမှတ် ဂ၂ တွင် ချမှတ်ထားသည့် (၂၀–၂ ဂ၁) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

**အယူခံတရားလိုအတွက်**— ဦးဝင်းမောင် (ပဲခူး)၊ ဗဟိုတရားရုံး ရှေ့နေ။

**အယူခံတရားပြိုင်အတွက်**— ဦးမြင့်ဦး (၁)ပဲခူး၊ ဗဟိုတရားရုံးရှေ့နေ။

၁၉၈၂
ဦးအေးမြင့် နှင့် ဦးတင်မောင်*

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၈/၇၅ တွင် ဦးအေးမြင့်နှင့် ဒေါ်သန်းရင်တို့က အယူခံတရားပြိုင် ဦးတင်မောင် အပေါ် ငှားရမ်းထားသည့် ဥပစာမှ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှား ရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ဖယ်ရှား ပေးစေလိုမှု စွဲဆိုရာ အရေးနိမ့်ခဲ့သည်။ ဦးအေးမြင့်တို့က မြို့နယ်တရားရုံး ၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ပဲခူးတိုင်းတရားရုံးတွင် အယူခံ ဝင်ရာ မအောင်မြင်သောကြောင့် ဦးအေးမြင့်တို့က ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလိုများက ပဲခူးမြို့ ဈေးပိုင်းရပ် ဆေးရုံဟောင်းလမ်းရှိ အိမ်အမှတ် ၁၄၆ ကို တရားပြိုင် ဦးတင်မောင်အား အင်္ဂလိပ်ပြက္ခဒိန်လ အလိုက် တစ်လလျှင် ငှားရမ်းခကျပ် ၁၀၀ နှုန်းဖြင့် ၁၉၅၉ ခုနှစ်ခန့်မှ စ၍ ငှားရမ်းထားခဲ့ရာ ဦးတင်မောင်သည် နောက်ပိုင်းတွင် အိမ်လခ များပေးရန် ပျက်ကွက်သဖြင့် နို့တစ်စာပေး၍ တောင်းဆိုခဲ့ကြောင်း၊ သို့သော် ဦးတင်မောင်က ပေးဆောင်ခြင်း မပြုကြောင်း စသည်ဖြင့် အဆို ပြုကာ သူ့အား ဖယ်ရှားပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဤအယူခံတွင် အယူခံတရားလို၏ အကျိုးဆောင်က သက်သေခံ အကြောင်းကြားစာများမှာ တရားဝင် အတည်ဖြစ်ကြောင်း အကျယ် တဝင့် တင်ပြလျှောက်ထားသည်။ အယူခံတရားပြိုင်၏ အကျိုးဆောင် ကမူ အကြောင်းကြားစာများက တရားမဝင်ကြောင်းဖြင့် အောက်ပါ အချက်နှစ်ရပ်ကို အဓိကထား၍ တင်ပြသည်။

(က) ပထမ အကြောင်းကြားစာတွင် အိမ်ငှားရမ်းခြင်းကို ရပ်စဲ ကြောင်း ဖော်ပြပြီးမှ ငှားရမ်းခ မပြေ ကျန်ရှိသော အိမ်လခ များကို တောင်းဆိုခြင်းမှာ ဥပဒေနှင့် မညီညွတ်ခြင်း။

(ခ) ပထမအကြောင်းကြားစာအရ အိမ်ငှားရမ်းခြင်းကို ၃၁-၁၀- ၇၃ နေ့တွင် ရပ်စဲခဲ့သည်ဖြစ်ရာ ဒုတိယအကြောင်းကြားစာ၌ ၁-၁၁-၇၃ နေ့မှ ၃၁-၇-၇၄ နေ့အထိ ကာလအတွက် ကြား ကာလ အမြတ်အစွန်းသာ တောင်းခံရမည်သာ ဖြစ်ပါလျက် ငှားရမ်းခကို တောင်းခံထားခြင်းမှာ ဥပဒေနှင့်မညီညွတ်ခြင်း။

**၁၉၈၂**
**ဦးအေးမြင့် နှင့် ဦးတင်မောင်***

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ် ပုဒ်မ ၁၂(၁)(က)အရ အိမ်ငှားအား နှင်လိုမှု စွဲဆိုလိုလျှင် တရားလိုသည် အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သည့်အတိုင်း အိမ်ငှား ထံမှ ရရန်ရှိသော ငှားရမ်းခများတောင်းဆိုသည့် စာကို မှတ်ပုံတင်၍ ပေးပို့ရမည်ဖြစ်သည်။ ထို့ပြင် အငှားချထားမှုကို ရပ်စဲကြောင်း ပစ္စည်း လွှဲပြောင်းရေးအက်ဥဒဒေ ပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ နို့တစ်စာလည်း ပေးပို့ရန် လိုပေသည်။ ထို အကြောင်းကြားစာ နှစ်စောင်ကို တသီးတခြားရေးသားနိုင်သည့်နည်းတူ တစ်စောင်တည်း တွင်လည်း ပေါင်း၍ ရေးသားနိုင်ပေသည်။ ထိုသို့ ရေးသား ရာတွင် ငှားရမ်းခအကြွေး တောင်းသည့် အကြောင်းအရာကို ပထမ ရေးပြီးမှ ငှားရမ်းခြင်းကို ဖြတ်တောက်သည့် အကြောင်းကြားစာကို ရေးရမည် ဟု ပြဋ္ဌာန်းချက် တစုံတရာ မရှိပေ။

ပထမ အကြောင်းကြားစာအရ အိမ်ငှားရမ်းခြင်းကို ၃၁-၁၀ ၇၃ နေ့တွင် ရပ်စဲလိုက်သော်လည်း ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥဒေပုဒ်မ ၂(ဆ)ပါ "အိမ်ငှား" ဆိုသည့် စကား ရပ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဦးတင်မောင်သည်ဦးအေးမြင့်၏ အိမ်ငှား အဖြစ်ဖြင့်ပင် အချင်းဖြစ်အိမ်၌ လက်ရှိ နေထိုင်မြဲ နေထိုင်သည်ဟု ကောက်ယူရပေမည်။ သို့ဖြစ်ရာ အချင်းဖြစ် အိမ်၌ဆက်လက်နေထိုင်သည့် အတွက် ဦးတင်မောင်ထံမှ ငှားရမ်းခသာ တောင်းဆိုခွင့် ရှိပေသည်။ အယူခံတရားပြိုင်၏ အကျိုးဆောင်က ဦးစိန်တင်နှင့် ဦးစံရွှေ[၁] စီရင် ထုံးကို ရည်ညွှန်း၍ အိမ်ရှင်က ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၆ အရ ငှားရမ်းမှုကို ရပ်စဲလိုက်လျှင် အိမ်ရှင်-အိမ်ငှားဆက်သွယ်မှု မှာလည်း ကုန်ဆုံးသွားမည်ဖြစ်ရာ ထိုသို့ ကုန်ဆုံးသွားသည့်အခါ မူလ အိမ်ငှားသည် ကျူးကျော်သူတစ်ယောက်အနေဖြင့် နေထိုင်သည်ဟု မှတ် ယူရမည်ဖြစ်၍ ထိုသို့ကျူးကျော်သူအဖြစ် နေထိုင်ခြင်းအတွက် အိမ်လခ တောင်းဆိုခြင်း မပြုနိုင်ကြောင်း တင်ပြသည်။ ယင်းအမှုတွင် အချင်းဖြစ် အိမ်မှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေတွင် အကျုံးမဝင်ကြောင်း စာမျက်နှာ ၁၂၈၅-တွင် ဖော်ပြ ထားသည်။ ဤအမှုတွင် အငြင်းပွားလျက်ရှိသောအိမ်မှာ အယူခံတရား ပြိုင်၏အကျိုးဆောင်၏ တင်ပြချက်အရပင် အဆိုပါအက်ဥပဒေနှင့်သက် ဆိုင်ကြောင်းပေါ်ပေါက်နေပေသည်။ သို့ဖြစ်ရာအခံတရားပြိုင်၏အကျိုး ဆောင် ကိုးကားသော စီရင်ထုံးမှာ ဤအမှုနှင့် မသက်ဆိုင်ပေ။

---

(၁) ၁၉၆၆-ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၁၂၈၃။

ဤအမှုတွင် အယူခံ တရားလို၏ အကျိုးဆောင် ပေးပို့ သော ၂၂-၈-၇၄-ရက်စွဲပါ အကြောင်းကြားစာတွင် ၁၃-၁၀-၇၃-ရက်စွဲပါ အကြောင်းကြားစာကို ပြန်လည်ရုပ်သိမ်းလိုက်သည်ဟု အတည့်အလင်း ဖော်ပြထားသည်ဖြစ်ရာ ပထမနို့တစ်စာမှာ တရားဝင် မဝင် အဆုံးအဖြတ် ပေးရန် အကြောင်းမပေါ်ပေါက်တော့ပေ။ ၁၉၈၂ ဦးအေးမြင့် နှင့် ဦးတင်မောင်၊

ဒုတိယနို့တစ်စာတွင် အယူခံတရားလို၏အကျိုးဆောင်က ငှားရမ်းခ အကြွေးများ တောင်းဆိုကြောင်း ဖော်ပြထားသည်ဖြစ်ရာ ယင်းနို့တစ် စာမှာ ၁၉၆၀-ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ပေးပို့သော နို့တစ်စာ ဖြစ်ကြောင်း ပေါ်ပေါက်နေပေသည်။ သို့သော် ယင်းနို့တစ်စာတွင် ငှားရမ်းခြင်းကို ရုပ်စဲကြောင်း ဖော်ပြထားခြင်း မရှိပေ။ ပစ္စည်းလွှဲပြောင်းရေး အက် ဥပဒေပုဒ်မ ၁၀၆အရ လိုအပ်သည့်နို့တစ်စာကို သီးခြားပေးပို့ခဲ့သည်ဟု အယူခံတရားလိုတို့ဘက်မှ အဆိုပြုထားခြင်းလည်း မရှိပေ။ သို့ဖြစ်ရာ ငှား ရမ်းခြင်းကို တရားဝင်ရုပ်စဲခြင်းမရှိပဲ စွဲဆိုထားသော အယူခံ တရားလို၏ အမှုမှာ အောင်မြင်ရန် အကြောင်း မရှိတော့ပေ။ ၁၃-၁၀-၇၃-ရက်စွဲ ပါ အကြောင်း ကြားစာတွင် ငှားရမ်းခြင်းကို ၃၁-၁၀-၇၃-နေ့၌ ရုပ်စဲကြောင်း ဖော်ပြထားခဲ့သည် မှန်သော်လည်း ဒုတိယ နို့တစ်စာတွင် ပထမ နို့တစ်စာကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဖော်ပြထားသည့် အလျောက် ၃၁-၁၀-၇၃-နေ့တွင် အငှား ချထားမှုကို ရုပ်စဲခဲ့ခြင်းမှာ ပျက်ပြယ်သွားပြီးဖြစ်သည်။ ထို့ကြောင့် ငှားရမ်းခြင်းကို အသစ်တဖန် ရုပ်စဲကြောင်း နို့တစ်စာအသစ် ထပ်မံ ပေးပို့ရန် လိုအပ်ပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံလွှာကို တရား ရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/- ဟု သတ်မှတ်သည်။

## တရားမ အထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊အဖွဲ့ဝင်များအဖြစ် ဦးလှသုန်းနှင့် ဦးခင်ဇာမှုံ တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၂
ဇူလိုင်လ
၂၆ ရက်။

ဦးအောင်ထွန်း
နှင့်
ဦးတင်ထွန်း *

**ကာလစည်းကမ်းသတ် အက်ဥပဒေ— ယင်းအက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂(၅)မှ ပြဋ္ဌာန်းချက်— ထိုပြဋ္ဌာန်းချက်တွင် ရည်ညွှန်းထားသော လျှောက်လွှာမျိုးနှင့် ကာလစည်းကမ်းသတ်ကာလ။**

**ဆုံးဖြတ်ချက်။** ။ဤဒီကရီကို အတည်ပြုစေရန်ဖြစ်စေ၊ အတည်ပြုမှု အတွက်အထောက်အပံ့ ဖြစ်စေသည့် အရေးယူမှုပြုစေရန်ဖြစ်စေ ဆိုင်ရာ တရားရုံးသို့ဥပဒေနှင့်အညီ လျှောက်ထားမှုရှိပါက ယင်းလျှောက်ထားမှု အပေါ်၌ နောက်ဆုံးအမိန့် ချမှတ်သည့် နေ့ရက်ကစ၍(၃)နှစ်အတွင်း ထိုဒီကရီကို အတည်ပြုနိုင်သည်ဟု ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂(၅)တွင် ပြဋ္ဌာန်းထားသည်။ ဦးအောင်ထွန်းအား အချင်းဖြစ်အိမ်မှ နှင်ထုတ်ပေးရန် ဦးတင်ထွန်း လျှောက်ထားခဲ့သည့် ၁၅-၇-၇၇ ရက်စွဲပါ လျှောက်လွှာမှာ အဆိုပါ ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂(၅)တွင် ရည်ညွှန်းထားသော လျှောက်လွှာမျိုးဖြစ်ပေရာ ယင်းလျှောက်လွှာနှင့် စပ်လျဉ်း၍ ဗဟိုတရားရုံးက နောက်ဆုံးအမိန့် ချမှတ်သည့် ၂၈-၃-၈၁ နေ့မှ (၃) နှစ်အတွင်း အချင်းဖြစ် ဒီကရီကို အတည်ပြုခွင့် ရှိပေသည်။

**အယူခံတရားလိုအတွက်** — ဦးသန်းတင်၊ ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ဦးကျော်လှိုင်၊ ဦးလှသောင်း၊ ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၈၁ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ်–၄။

† ၁၉၈၀ ပြည့်နှစ်၊ တရားမအသေးအဖွဲ့ အယူခံမှုအမှတ် ၄၆ တွင် ချမှတ်ထားသော ၂၂-၁၂-၈၀၊ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၂

ဦးအောင်ထွန်း*
နှင့်
ဦးတင်ထွန်း *

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၂၁/၇၄ တွင် အယူခံတရားလိုဖြိုင် ဦးတင်ထွန်းက အယူခံတရားလို ဦးအောင်ထွန်းအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီး ကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ တရားစွဲဆိုရာ အနိုင်ဒီကရီ ရရှိခဲ့သည်။ ဦးအောင်ထွန်း၏ လျှောက်ထားချက်အရ မြို့နယ်တရားရုံး က ဦးအောင်ထွန်းအား ငှားရမ်းခအကြွေးများကို အရစ်ကျ ပေးဆပ် ခွင့်ပြုပြီး ဒီကရီအား အတည်ပြုခြင်းကို အဆိုပါဥပဒေပုဒ်မ ၁၅(၁)အရ ဆိုင်းငံ့လိုက်သည်။ ဦးအောင်ထွန်းသည် ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ မှစ၍ ငှားရမ်းခအကြွေးများကို ပေးဆပ်လာရာ ၁၉၇၇ ခုနှစ်၊ မတ်လ တွင် သတ်မှတ်သည့် နေ့ရက်၌ ပေးဆပ်ခြင်း မပြုသောကြောင့် ဦးတင် ထွန်းက အိမ်နှင့် ဝရမ်းထုတ်ခွင့်ပေးရန် ၁၅-၇-၇၇ နေ့တွင် လျှောက် ထားသည်။ မြို့နယ်တရားရုံးက ဦးတင်ထွန်း၏ လျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ရန်ကုန်တိုင်းတရားရုံး၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၁/၇၈ တွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက မြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ဦးတင်ထွန်း၏ လျှောက်ထားချက်ကို ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်လေသည်။ ဦးအောင်ထွန်းက တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်ပြန်သဖြင့် ဗဟိုတရားရုံး၊ တရားမ ဒုတိယအယူခံမှု အမှတ် ၁၉၁/၇၉ တွင် အယူခံဝင်ရာ မအောင်မြင်ချေ။ ၂၇-၁၀-၇၉ နေ့တွင် ဦးတင်ထွန်းက ဦးအောင်ထွန်းအပေါ် ရရှိထား သော ဒီကရီကို အတည်ပြုပေးရန် လမ်းမတော်မြို့နယ် တရားရုံး တရားမ ဇာရီမှုအမှတ် ၇/၇၉ တွင် လျှောက်ထားရာ ဦးအောင်ထွန်းက ဇာရီ လျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း တင်ပြ ကန့်ကွက်သည်။ မြို့နယ်တရားရုံးက ဦးအောင်ထွန်း၏ ကန့်ကွက်ချက်ကို ပလပ်လိုက်သောကြောင့် ဦးအောင်ထွန်းက ရန်ကုန်တိုင်း တရားရုံး၊ တရားမ အထွေထွေအယူခံမှု အမှတ် ၄၆/၈၀(လမ်းမတော်)တွင် အယူ ခံဝင်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်း သည်။

အယူခံတရားလို၏ အကျိုးဆောင်က ဦးတင်ထွန်း အတည်ပြုလို သော ဒီကရီကို ၁၄-၅-၇၅ နေ့တွင် ချမှတ်ခဲ့ရာ ဇာရီလျှောက်လွှာကို ၂၇-၁၀-၇၉ နေ့ကျမှ ဦးတင်ထွန်းက တင်သွင်းလာသည့်အလျှောက် ယင်းလျှောက်လွှာမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂ တွင် ခွင့်ပြုထားသည့်(၃) နှစ်ကာလထက် ကျော် လွန်နေသည်ဖြစ်၍ မြို့နယ်တရားရုံးအနေဖြင့် ဦးတင်ထွန်း၏ လျှောက် လွှာကို ပလပ်သင့်ကြောင်း တင်ပြလျှောက်ထားသည်။

**၁၉၀၂**

**ဦးအောင်ထွန်း နှင့် ဦးတင်ထွန်း***

**လမ်းမတော်မြို့နယ် တရားရုံးသည် တရားမကြီးမှု အမှတ် ၂၁/၇၄** တွင် အယူခံတရားလို ဦးအောင်ထွန်းအပေါ် အချင်းဖြစ်အိမ်မှ ထွက်ခွာပေးရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ ၁၄-၅-၇၅ နေ့တွင် ဒီကရီချမှတ်ခဲ့ပြီးနောက် အယူခံတရားလိုက အဆိုပါ ဥပဒေပုဒ်မ ၁၅(၁)အရ အကျိုးခံစားခွင့်များ ရလိုကြောင်း လျှောက်ထားသဖြင့် ၂၉-၈-၇၅ နေ့တွင် အောက်ပါအမိန့်ကို ချမှတ်ခဲ့သည်—

"တရားရုံးမှ တရားနိုင်သို့ အခန်းခကြွေး ၄၃၂ဝိ အား ၁၉၇၅ ခု၊ စက်တင်ဘာလမှ စ၍ တစ်လလျှင် ၁၂ဝိ နှုန်းဖြင့် လစဉ်လဆန်း (၇)ရက်အတွင်း ပေးဆပ်စေ။ ထိုသို့ ပေးဆပ်နေစဉ်အတွင်း ၁၄-၅-၇၅ နေ့တွင် ချမှတ်ခဲ့သော အမိန့်ဒီကရီအား အတည်ပြုခြင်းကို ရပ်ဆိုင်းထားစေရမည်။

တရားရုံးသည် အထက်ပါအတိုင်း ကြွေး ၄၃၂ဝိ ကို ပြေသည့်တိုင်အောင် လစဉ်မှန်မှန် ၁၂ဝိ နှုန်းဖြင့် ပေးအပ်သွားရန် ပျက်ကွက်ခဲ့သော် ၁၄-၅-၇၅ နေ့ အမိန့်ဒီကရီအား အတည်ပြုဆောင်ရွက်ရမည်ဖြစ်သည်။"

**အယူခံတရားပြိုင်၏ အကျိုးဆောင်က အယူခံတရားလိုသည် ၁၉၇၇-ခုနှစ်၊** မတ်လတွင်သတ်မှတ်ထားသည့် နေ့၌ အရစ်ကျငှားရမ်းခအကြွေးငွေကို ပေးဆပ်ခြင်းမပြုသဖြင့် တရားနိုင်ဦးတင်ထွန်းက တရားရှုံး **ဦးအောင်ထွန်းအား** အချင်းဖြစ်အိမ်မှ ဖယ်ရှားပေးရန် ၁၅-၇-၇၇ နေ့တွင် လျှောက်ထားရာ မြို့နယ်တရားရုံးက ထိုလျှောက်ထားချက်ကို ပယ်လိုက်သဖြင့် တိုင်းတရားရုံးတွင် အယူခံဝင်ခဲ့ရကြောင်း၊ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး အမှုကို ဆက်လက်ဆောင်ရွက်ရန် ၁၅-၈-၇၉ နေ့တွင် အမိန့် ချမှတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၉-၈-၇၅ နေ့မှ ၁၅-၈-၇၉နေ့အထိ အချင်းဖြစ်ဒီကရီအား အတည်ပြုခြင်းကို တရားရုံး၏အမိန့်အရ ဆိုင်းငံ့ထားခဲ့ကြောင်း ပေါ်ပေါက်နေသည်ဖြစ်၍ ကာလစည်းသမ်းသော် အက်ဥပဒေပုဒ်မ ၁၅(၁) တွင် ခွင့်ပြုထားသည့်အတိုင်း ထိုကာလကို ထုတ်ပယ် လိုက်လျှင် တရားနိုင် ဦးတင်ထွန်း တင်သွင်းသော ဇာရီလျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်းဖြင့် တင်ပြလျှောက်ထားသည်။

၁၉၈၂
ဦးအောင်ထွန်း
နှင့်
ဦးတင်ထွန်း *

ဤအမှုတွင် အဓိကဆုံးဖြတ်ရန်မှာ ဦးတင်ထွန်း တင်သွင်းသော လျှောက်လွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်-မကျော်လွန်ဟူ၍ ဖြစ်သည်။ ဦးအောင်ထွန်း၏ ၁၉၇၇ ခုနှစ်၊မတ်လတွင် ပေးရန်ရှိသော အကြွေးငွေကျပ် ၁၂၀/-ကို ၇-၃-၇၇ နေ့ထက် နောက်မကျပဲ ပေးဆပ်ရမည်ဖြစ်ရာ ထိုနေ့တွင် ပေးဆပ်ခဲ့ခြင်း မရှိသည့် အလျှောက် တရားနိုင် ဦးတင်ထွန်းအနေဖြင့် မိမိဒီကရီကို ၈-၃-၇၇ နေ့တွင် အတည်ပြုခွင့်ရရှိလာပေသည်။ သို့ဖြစ်၍ မြို့နယ်တရားရုံး၏ အမိန့်အရ ဒီကရီ အတည်ပြုခြင်းကို ရပ်ဆိုင်းထားသည့်ကာလမှာ ၂၉-၈-၇၅ နေ့မှ ၇-၃-၇၇ နေ့အထိဖြစ်သည်။ ထို့ကြောင့် ကာလစည်းကမ်းသတ် အက်ဥဒေ ပုဒ်မ ၁၅(၁)တွင် ခွင့်ပြုထားသည့်အတိုင်း အချင်းဖြစ်ဒီကရီအား အတည်ပြုခြင်းကို ရပ်ဆိုင်းထားသည့် ၂၉-၈-၇၅ နေ့မှ ၇-၃-၇၇ နေ့ အထိကာလကို ဒီကရီ ချမှတ်သည့် ၁၄-၅-၇၅ နေ့မှ ဇာရီ လျှောက်လွှာ တင်သွင်းသည့် ၂၇-၁၀-၇၉ နေ့အထိ ကာလမှ ထုတ်ပယ် လိုက်လျှင် ဦးတင်ထွန်းတင်သွင်းသော ဇာရီလျှောက်လွှာမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ခြင်း မရှိပေ။

ထို့ပြင် တရားနိုင်ဦးတင်ထွန်းသည် အိမ်နှင်ဝရမ်းထုတ်ဆင့်ပေးရန် ၁၅-၇-၇၇ နေ့၌ လမ်းမတော်မြို့နယ် တရားရုံးတွင် လျှောက်ထားခဲ့ကြောင်း ပေါ်ပေါက်သည်။ ထိုလျှောက်လွှာနှင့်စပ်လျဉ်း၍ ဗဟိုတရားရုံးက ၂၈-၃-၈၁ နေ့တွင် အပြီးသတ် အမိန့်ချမှတ်ခဲ့သည်။ ဒီကရီကို အတည်ပြုစေရန်ဖြစ်စေ၊ အတည်ပြုမှုအတွက် အထောက်အပံ့ ဖြစ်စေသည့် အရေးယူမှုပြုစေရန်ဖြစ်စေ ဆိုင်ရာတရားရုံးသို့ ဥပဒေနှင့် အညီ လျှောက်ထားမှုရှိပါက ယင်းလျှောက်ထားမှုအပေါ်၌ နောက်ဆုံးအမိန့် ချမှတ်သည့်နေ့ရက်က စ၍ (၃) နှစ်အတွင်း ထိုဒီကရီကို အတည်ပြုနိုင်သည်ဟု ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၈၂(၅)တွင် ပြဋ္ဌာန်းထားသည်။ ဦးအောင်ထွန်းအား အချင်းဖြစ် အိမ်မှ နှင်ထုတ်ပေးရန် ဦးတင်ထွန်းလျှောက်ထားခဲ့သည့် ၁၅-၇-၇၇ ရက်စွဲပါလျှောက်လွှာမှာ အဆိုပါ အမှတ်စဉ် ၁၈၂(၅) တွင် ရည်ညွှန်းထားသော လျှောက်လွှာမျိုးဖြစ်ပေရာ ယင်းလျှောက်လွှာနှင့်စပ်လျဉ်း၍ ဗဟိုတရားရုံးက နောက်ဆုံး အမိန့်ချမှတ်သည့် ၂၈-၃-၈၁ နေ့မှ (၃)နှစ်အတွင်း အချင်းဖြစ်ဒီကရီကိုအတည်ပြုခွင့်ရှိပေသည်။ သို့ဖြစ်ရာ ၂၇-၁၀-၇၉ နေ့တွင် တင်သွင်းသော ဇာရီလျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်း ထင်ရှားသည်။

ထို့ကြောင့် ဤအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

**တရားမ တတိယအယူခံမှု**

**ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့်ဦးတင်အောင်**
**ဟိန်းတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်**

† ၁၉၇၂
နှလိုင်လ
၁၆ ရက်

ဦးအောင်သန်းပါ (၂)
နှင့်
ဦးသာစိန်*

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၂(၃)— အချင်းဖြစ်အကြောင်းခြင်းရာတစ်ခုတည်းအရ တောင်းဆိုခွင့်ရှိသောသက်သာခွင့်အရပ်ရပ်ကို တစ်မှုတည်းတွင် တောင်းဆိုရခြင်း— ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) အရ ပထမစွဲဆိုမှုနှင့် ပုဒ်မ ၁၂(၁)(ဂ)အရ နောက်ထပ်စွဲဆိုမှုတို့မှာ အချင်းဖြစ် အကြောင်းခြင်းရာ မတူညီကြသဖြင့် အမိန့် ၂၊နည်း ၂ က နောက်အမှုကို ပိတ်ပင်ခြင်းမရှိ။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ် အကြောင်းခြင်းရာ တခုတည်းအရ တောင်းဆိုခွင့်ရှိသော သက်သာခွင့်အရပ်ရပ်ကို တစ်မှုတည်းတွင်တောင်းဆိုရမည်။ တရားရုံး၏ခွင့်ပြုချက်မရပဲ သက်သာခွင့် အချို့ အဝက်ကို ချန်လှပ်ထားပါက ထိုသို့ချန်လှပ်ထားသည့်သက်သာခွင့်ကို ရလိုကြောင်း နောက်ထပ်တရားတစ်ထုံး စွဲဆိုခွင့်မပြုနိုင်ဟု တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၂၊ နည်းဥပဒေ ၂ တွင် ပြဋ္ဌာန်းထားသည်။ ယင်းကဲ့သို့ ပြဋ္ဌာန်းထားရသည်မှာ အမှုပွားများခြင်းကို တားဆီးနိုင်ရန်အတွက် ဖြစ်သည်။ သပြေကုန်းရပ်ကွက် တရားရုံး၊ တရားမကြီးအမှုအမှတ် ၂၀/၇၄ တွင် အယူခံတရားလိုတို့က ဦးသာစိန်အား နှင်လိုမှုစွဲဆိုခြင်းမှာ အိမ်လခများ ပေးရန် ပျက်ကွက်ခြင်းကြောင့်ဖြစ်သည်။ အဆိုပါတရားရုံးတရားမကြီး အမှုအမှတ် ၇/၇၇ တွင် အယူခံတရားလိုတို့က ဦးသာစိန်အား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ ဖယ်ရှားပေးစေလိုမှုစွဲဆိုရခြင်းမှာ အိမ်ငှားဦးသာစိန်၏

---

* ၁၉၇၁ ခုနှစ်၊ တရားမ တတိယအယူခံမှုအမှတ် ၁။

† ၁၉၇၁ ပြည့်နှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၉၁ တွင် ချမှတ်ထားသော (၂၇–၁၁–၇၀) နေ့စွဲပါ ကုန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဖြုန်းတီးမှု၊ သို့မဟုတ် ပေါ့လျော့မှု၊ သို့မဟုတ် ပျက်ကွက်မှုကြောင့် ငှားရမ်းထားသည့်ဥပစာအခြေအနေ ဆိုးရွားသွားသည်ဆိုသောအချက် အပေါ် အခြေခံသည်။ သို့ဖြစ်ရာ ယင်းအမှုနှစ်မှုတွင် အချင်းဖြစ် အကြောင်းခြင်းရာ နှစ်ရပ်မှာ မတူညီပေ။ ထို့ကြောင့် ပထမ အမှုတွင် ပုဒ်မ ၁၂(၁)(ဂ)အရ တရားစွဲဆိုခြင်း မရှိစေကာမူ စည်းကမ်းသတ် ကာလအတွင်း နောက်အမှုတွင် တရားစွဲဆိုခွင့်ရှိပေသည်။ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၊နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်များက နောက် အမှုကို ပိတ်ပင်ခြင်းမရှိပေ။

၁၉၈၂
ဦးအောင်သန်း
ပါ(၂)
နှင့်
ဦးသာစိန်*

**အယူခံတရားလိုများအတွက်** — ဦးဘအေး၊ဗဟိုတရားရုံးရှေ့နေ။

**အယူခံတရားပြိုင်အတွက်** — ဦးခင်ထွန်း(ရေးသားလျှောက်လဲချက်တင်သည်)။

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊သပြေကုန်းရပ်ကွက် တရားရုံး၊ တရားမကြီးအမှုအမှတ် ၇/၇၇ တွင် အယူခံတရားလို ဦးအောင်သန်း၊ ဒေါ်မမလေးတို့က အယူခံတရားပြိုင် ဦးသာစိန်အပေါ် အချင်းဖြစ် အိမ်ခန်းမှ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က)နှင့်(ဂ)တို့အရ ဖယ်ရှား ပေးစေလိုမှု စွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဦးသာစိန်က ရပ်ကွက်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မြို့နယ် တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ရန်ကုန်တိုင်းတရားရုံးတွင် ဆက်လက်အယူခံဝင်သည်။ တိုင်းတရားရုံးက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) အရ ဒီကရီကိုအတည်ပြုသော်လည်း ပုဒ်မ ၁၂ (၁)(ဂ)အရ ဒီကရီကိုပယ်ဖျက်လိုက်သောကြောင့် ဦးအောင်သန်းတို့က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

မူလရုံးတရားလိုဦးအောင်သန်းနှင့်ဇနီးဒေါ်မမလေးတို့သည်မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မျှားလမ်း၊ အိမ်အမှတ်(၁)၏ အိမ်ရှင်ဖြစ်၍ ဦးသာစိန်သည် အိမ်ငှားဖြစ်သည်။ ဦးသာစိန်သည် အိမ်လခများပေးရန် ပျက်ကွက်သဖြင့် ဦးအောင်သန်းတို့က သပြေကုန်း ရပ်ကွက် တရားရုံး၌ တရားမကြီးအမှုအမှတ် ၂၀/၇၄ တွင် တရားစွဲဆိုရာ ဒီကရီရရှိခဲ့သည်။ ထိုဒီကရီကို အတည်ပြုသောအခါ ဦးသာစိန်က ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ

၁၅(၁) အရ လျှောက်ထားသဖြင့် ရပ်ကွက် တရားရုံးက အိမ်လခ ကြွေးများကို အရစ်ကျ ပေးအပ်ခွင့်ပြုခဲ့သည်။ ဦးအောင်သန်း တို့က ဦးသာစိန်သည် ၁၉၇၄ ခုနှစ်၊ ဇွန်လမှစ၍ အိမ်လခများပေးရန် ပျက်ကွက်သည့် အပြင် အိမ်ခန်းငှားရမ်းခြင်း ဆိုင်ရာစည်းကမ်းများကိုဖောက်ဖျက်ခြင်း၊ အိမ်ကို ပျက်စီးယိုယွင်းစေခြင်းများပြုလုပ်ခဲ့ကြောင်း၊ သို့ဖြစ်၍ အိမ်ငှားရမ်းခြင်းကို၃၁-၁၀-၇၇ နေ့တွင် ရပ်စဲကြောင်း အကြောင်းကြားစာကို ဦးသာစိန်ထံ ပေးပို့ခဲ့ကြောင်း၊သို့သော် သူသည် အိမ်ခန်းမှ ဖယ်ရှားပေးခြင်းမပြုကြောင်းစသည်ဖြင့် အဆိုပြုကာ သူ့အား ဖယ်ရှားပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

၁၉၈၂

ဦးအောင်သန်း ပါ(၂)နှင့် နှင့် ဦးသာစိန်*

ဤအယူခံတွင် အဆုံးအဖြတ်ပေးရန် ပြဿနာမှာ တိုင်းတရားရုံးက အယူခံတရားပိုင် ဦးသာစိန်အပေါ် မူလရုံးက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (ဂ) အရ ချမှတ်ထားသည့် ဒီကရီကို ပယ်ဖျက်လိုက်ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှု ရှိမရှိဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အယူခံတရားလိုတို့သည် အိမ်ငှားဦးသာစိန်အား အချင်းဖြစ်အိမ်မှ ဖယ်ရှားပေးရန် သပြေကုန်းရပ်ကွက်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၀/၇၄ တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က)အရတရားစွဲဆိုခဲ့ဖူးသည်။တိုင်းတရားရုံးက အိမ်ရှင် ဦးအောင်သန်းတို့သည် နောက်အမှုတွင် စွဲဆိုသည့် ပုဒ်မ ၁၂(၁)(ဂ) အရ သက်သာခွင့်ကို အဆိုပါအမှုတွင် ထည့်သွင်းစွဲဆိုခဲ့ခြင်းမရှိ၍ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်းဥပဒေ ၂(၃) အရ သပြေကုန်းရပ်ကွက် တရားရုံး၊ တရားမကြီးမှုအမှတ် ၇/၇၇ တွင် ယင်းသက်သာခွင့်ကို တောင်းဆိုခွင့် မရှိတော့ကြောင်း ကောက်ယူ ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ အချင်းဖြစ်အကြောင်းခြင်းရာ တစ်ခုတည်းအရ တောင်းဆိုခွင့် ရှိသော သက်သာခွင့်အရပ်ရပ်ကို တစ်မှုတည်းတွင် တောင်းဆိုရမည်။ တရားရုံး၏ ခွင့်ပြုချက်မရပဲ သက်သာခွင့် အချို့အဝက်ကို ချန်လှပ် ထားပါက ထိုသို့ချန်လှပ်ထားသည့်သက်သာခွင့်ကို ရလိုကြောင်း နောက်ထပ်တရား တစ်ထုံး စွဲဆိုခွင့်မပြုနိုင်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်းဥပဒေ ၂ တွင် ပြဋ္ဌာန်းထားသည်။ယင်းကဲ့သို့ ပြဋ္ဌာန်းရသည်မှာ အမှုပွားများခြင်းကို တားဆီးနိုင်ရန်အတွက်ဖြစ်သည်။ သပြေကုန်းရပ်ကွက် တရားရုံး တရားမကြီးမှုအမှတ် ၂၀/၇၄ တွင် အယူခံတရားလိုတို့က ဦးသာစိန်အား နှင်လိုမှုစွဲဆိုရခြင်းမှာ အိမ်လခများပေးရန် ပျက်ကွက်ခြင်းကြောင့်ဖြစ်သည်။ အဆိုပါတရားရုံး၊ တရားမကြီးမှုအမှတ် ၇/၇၇

တွင် အယူခံတရားလိုတို့က **ဦးသာစိန်အား ၁၉၆၀ပြည့်နှစ်** ၊မြို့ပြဆိုင်ရာ
ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဂ)အရ ဖယ်ရှားပေး
စေလိုမှုစွဲဆိုရခြင်းမှာ အိမ်ငှားဦးသာစိန်၏ ဖြုန်းတီးမှု၊ သို့မဟုတ် ပေါ့
လျော့မှု၊ သို့မဟုတ် ပျက်စီးမှု တို့ကြောင့် ငှားရမ်းထားသည့် ဥပစာ
အခြေအနေဆိုးရွားသွားသည်ဆိုသော အချက်အပေါ် အခြေခံသည်။
သို့ဖြစ်ရာ ယင်းအမှုနှစ်မှုတွင် အချင်းဖြစ်အကြောင်းခြင်းရာ နှစ်ရပ်မှာ
မတူညီပေ။ ထို့ကြောင့် ပထမအမှုတွင် ပုဒ်မ ၁၂(၁)(ဂ)အရ တရား
စွဲဆိုခဲ့ခြင်းမရှိစေကာမူ စည်းကမ်းသတ်ကာလအတွင်း နောက်အမှုတွင်
တရားစွဲဆိုခွင့်ရှိပေသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်းဥပဒေ
၂ ပါ ပြဋ္ဌာန်းချက်များက နောက်အမှုကို ပိတ်ပင်ထားခြင်း မရှိပေ။

၁၉၈၂

ဦးအောင်သန်း

ပါ(၂)

နှင့်

ဦးသာစိန်*

ဦးသာစိန်သည် ဝရံတာပေါ်ရှိ သံဇကာကိုဖျက်၍ သစ်သား တံခါး
ထည့်ခဲ့သည်။ အိမ်ရှင်၏ ခွင့်ပြုချက်မရပဲ အိမ်ရှေ့တွင် ထပ်၍ ကွမ်းယာ
ဆိုင် တည်ခဲ့သည်။ အထပ်ခိုးဆောက်လုပ်ခဲ့သည်။ အထပ်ခိုးတွင် လေ
ရရန်အလို့ငှာ သစ်သားကိုဖောက်ခဲ့သည်။ ဤလုပ်ရပ် များသည် အိမ်
ဥပစာ၏အခြေအနေကို ဆိုးရွားစေသည်ဟု မူလရုံးနှင့် ပထမ အယူခံ
တရားရုံးတို့က တညီတညွတ်တည်း ကောက်ယူဆုံးဖြတ်ထား သည်ကို
တွေ့ရသည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် အယူခံကိုခွင့်ပြု၍ ရန်ကုန်
တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ရပ်ကွက်တရားရုံး
နှင့် မြို့နယ်တရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီကို တရားရုံး အဆင့်ဆင့်
စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/-
ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးမြကျော်၊အဖွဲ့ဝင်များအဖြစ် ဦးတွန်းရှိန်နှင့်ဦးအေးမောင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၂
နိုဝင်ဘာ
၄ ရက်

ဒေါ်အုန်းခင် *
နှင့်
ဦးစံသိန်း ပါ (၄)*

တရားလိုအဖြစ် တရားစွဲဆိုရမည့်သူသည် တရားစွဲဆိုရမည့် အချိန်၌ စိတ်ပေါ့သွပ်နေခြင်း—တရားမကျင့်ထုံး ဥပဒေ-အမိန့် ၃၂ ပါ ပြဋ္ဌာန်းချက်—ရူးသွပ်သူ၏ နီးစပ်ရာ မိတ်ဆွေအဖြစ် တရားစွဲဆိုရာတွင် တရားလိုမှာ တရားစွဲဆိုခွင့် ရှိသူဖြစ်၍ နီးစပ်ရာ မိတ်ဆွေက အမှုတွင် သူ့ကိုယ်စား ဆောင်ရွက်ပေးခြင်းသာဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၃၂ အရ ရူးသွပ်သူ၏နီးစပ်ရာမိတ်ဆွေအဖြစ် တရားစွဲဆိုရာတွင် တရားလိုမှာတရားစွဲဆိုခွင့်ရှိသူဖြစ်၍ နီးစပ်ရာမိတ်ဆွေက အမှုတွင် သူ့ကိုယ်စား ဆောင်ရွက်ပေးခြင်းသာဖြစ်သည်။ ဤအမှု၌ တရားလို အမည်ကို ဒေါ်ကုလားမအဖြစ် ဖော်ပြထားခြင်းမရှိချေ။ ဦးစံသိန်းက တရားလိုအဖြစ် တရားစွဲဆိုထားသော အမှုသာ ဖြစ်သည်။ အဆိုလွှာပါ ဖော်ပြချက်များအရ ဦးစံသိန်းသည် ဒေါ်ချစ်မေ၏အမွေကို ဆက်ခံခွင့်ရှိသူဖြစ်ကြောင်း မပေါ်ပေါက်သည့် အလျောက် သူစွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်း မရှိပေ။

အယူခံ တရားလို အတွက် — ဦးကိုမြင့်၊ ဗဟိုတရားရုံးရှေ့နေ။
အယူခံတရားပြိုင်များအတွက် ဦးကျော်ငြိမ်း (မော်လမြိုင်)
ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၇၀ ပြည့်နှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၉၀။

† ၁၉၇၇ ခုနှစ်၊တရားမကြီးမှုအမှတ် ၁၃၁၉ (မ) တွင် ချမှတ်ထားသည့် (၂၉-၁၀-၇၀) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

**၁၉၈၂**
**ဒေါ်အုန်းခင်**
**နှင့်**
**ဦးစံသိန်း**
**ပါ(၄) ***

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၃၁၉(မ)/၇၇ တွင် အယူခံတရားပြိုင် ဦးစံသိန်းက အယူခံတရားလို ဒေါ်အုန်းခင်နှင့် အယူခံတရားပြိုင် ဒေါ်ပဲ၊ ဒေါ်ပိန်စေ့နှင့် ဦးစိန်ရွှေတို့ အပေါ် ဒေါ်ချစ်မေ ကျန်ရစ်သော အမွေပုံပစ္စည်းများကို စီမံခန့်ခွဲပေးရန် တရားစွဲဆိုရာ မန္တလေးတိုင်း တရားရုံးက နှစ်ဘက်ကိုစစ်ဆေးပြီးနောက် ဦးစံသိန်းစွဲဆိုသည့်အတိုင်း ပဏာမဒီကရီချမှတ်လိုက်သည်။ ဒေါ်အုန်းခင်က မန္တလေးတိုင်း တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဗဟို တရားရုံးတွင် ဤတရားမ ပထမအယူခံမှုကို တင်သွင်းသည်။

ကွယ်လွန်သူ မြန်မာဗုဒ္ဓဘာသာဝင် ဒေါ်ချစ်မေသည် ဒေါ်လွန်း၊ ဒေါ်သိန်းငွေ၊ ဦးထားနှင့် အယူခံတရားလို ဒေါ်အုန်းခင် တို့အား မွေးဖွားခဲ့ရာ ယခုအခါ ဒေါ်အုန်းခင်မှအပ ကျန်ပုဂ္ဂိုလ်များမှာ ကွယ်လွန်ကြပြီဖြစ်သည်။ အယူခံတရားပြိုင် ဒေါ်ပဲနှင့် ဒေါ်ပိန်စေ့တို့သည် ဒေါ်လွန်း၏သမီးများ ဖြစ်ကြသည်။ ဦးစိန်ရွှေသည် ဒေါ်သိန်းငွေ၏ သားဖြစ်သည်။ ဦးထား၏သမီးသည် ဒေါ်ကုလားမဖြစ်၍ ဦးစံသိန်းမှာ ဒေါ်ကုလားမ၏သားဖြစ်သည်။ ဦးစံသိန်းက ဒေါ်ကုလားမသည် စိတ်ပေါ့သွပ်နေသည်ဟု အကြောင်းပြကာ ကွယ်လွန်သူ ဒေါ်ချစ်မေကျန်ရစ်သော အမွေပုံပစ္စည်းများကို စီမံခန့်ခွဲပေးစေလိုကြောင်းဖြင့် မန္တလေးတိုင်း တရားရုံးတွင် တရားလိုအဖြစ် တရားစွဲဆိုလေသည်။

ဦးစံသိန်းတင်သွင်းသော အဆိုလွှာအပိုဒ်(၂)တွင် "ဒေါ်ကုလားမသည် ရူးသွပ်နေ၍ရင်း၏သားက တရားလိုအဖြစ် လျှောက်ထား စွဲဆိုခြင်းဖြစ်ပါသည်"ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုလွှာနှင့် အတူ ၁၄-၁၂-၇၇ရက်စွဲပါ လျှောက်လွှာကိုတင်သွင်းရာ၌ ဦးစံသိန်းက ဒေါ်ကုလားမသည် စိတ်ဝေဒနာခံစားနေရသူဖြစ်၍ သူ့အနေဖြင့် တရားစွဲခွင့်ပြုရန်လျှောက်ထားကြောင်း၊ တရားရုံးကလည်း တရားမကျင့်ထုံးဥပဒေ အမိန့်၃၊ နည်း ၁၄ အရ သူ၏စွဲဆိုချက်ကို ခွင့်ပြုနိုင်သည့် အခွင့်အာဏာရှိကြောင်း စသည်ဖြင့်ဖော်ပြကာ သူ့အားတရားစွဲဆိုခွင့်ပြုရန်နှင့် လိုအပ်သည်များကို လက်မှတ်ရေးထိုးနိုင်ခွင့်ပြုရန် လျှောက်ထားခဲ့သည်။

တရားလိုအဖြစ် တရားစွဲဆိုရမည့်သူသည် တရားစွဲဆိုရမည့် အချိန်၌ စိတ်ပေါ့သွပ်နေလျှင် မည်သို့မည်ပုံ တရားစွဲဆိုရမည်ဆိုသည်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၃၂ တွင်ပြဋ္ဌာန်းထားသည်။ ဤအမှုတွင် ဦးစံသိန်းသည် မန္တလေးတိုင်းတရားရုံးတွင် ယင်း ပြဋ္ဌာန်းထားချက်များနှင့် အညီ

လျှောက်ထားခဲ့ခြင်း မရှိသည့်အပြင် မွန်ပြည်နယ် တရားရုံးကလည်း
၁၉၇၂ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၂ နှင့်အညီ ခွင့်ပြုခဲ့ခြင်းလည်း မရှိပေ။
ဒေါ်အုန်းခင် ဒေါ်ကုလားမသည် စိတ်ပေါ့သွပ်သူဖြစ်ကြောင်း စီရင်ခွင့်ရှိသည့်တရား
နှင့် ရုံးက အဆုံးအဖြတ်ပေးထားကြောင်း ဦးစံသိန်းက မွန်ပြည်နယ် တရား
ဦးစံသိန်း ရုံးတွင် တင်ပြခဲ့ခြင်း မရှိပေ။ အမှုစွဲဆိုစဉ်က ဒေါ်ကုလားမသည် မိမိ
ပါ(၄)* အကျိုးသက်ဆိုင်ခွင့်ကို ကာကွယ်နိုင်စွမ်းမရှိနိုင်လောက်အောင် စိတ်ပေါ့
သွပ်ခြင်းရှိ မရှိ မွန်ပြည်နယ် တရားရုံးက အဆိုပါ ဥပဒေ အမိန့် ၃၂၊
နည်း ၁၅ အရ စုံစမ်းစစ်ဆေးမှုမပြုခဲ့ချေ။ သို့ဖြစ်ရာ ဦးစံသိန်း အနေ
ဖြင့် ဒေါ်ကုလားမ၏နီးစပ်ရာ မိတ်ဆွေ အဖြစ်ဖြင့် တရားစွဲဆိုခွင့်မရှိချေ။

လျှောက်ထားသူ၏ ၁၄-၁၂-၇၇ ရက်စွဲပါလျှောက်လွှာ၌ ဖော်ပြထားသည့်အမိန့် ၆၊ နည်း ၁၄ ပါ ပြဋ္ဌာန်းချက်များမှာ အဆို အခြေအစရှိသည်တို့ကို တရားလိုကိုယ်စား လက်မှတ်ရေးထိုးနိုင်ရန် တရားဝင်လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းခံရသူက လက်မှတ် ရေးထိုးထားခြင်းနှင့် သက်ဆိုင်သည်။ ဤအမှုတွင် ဦးစံသိန်းသည် ဒေါ်ကုလားမထံမှ ကိုယ်စားလှယ်စာရရှိထားကြောင်း အထောက်အထားတင်ပြထားခြင်းမရှိ၍ သူသည် ဒေါ်ကုလားမကိုယ်စား အဆိုလွှာကို လက်မှတ် ရေးထိုးခွင့် မရှိပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၂ အရ ရူးသွပ်သူ၏ နီးစပ်ရာ မိတ်ဆွေအဖြစ် တရားစွဲဆိုရာတွင် တရားလိုမှာ တရားစွဲဆိုခွင့်ရှိသူဖြစ်၍ နီးစပ်ရာမိတ်ဆွေက အမှုတွင် သူ့ကိုယ်စား ဆောင်ရွက်ပေးခြင်းသာ ဖြစ်သည်။ ဤအမှု၌ တရားလိုအမည်ကို ဒေါ်ကုလားမအဖြစ် ဖော်ပြထားခြင်းမရှိချေ။ ဦးစံသိန်းက တရားလိုအဖြစ် တရားစွဲဆိုထားသော အမှုသာဖြစ်သည်။ အဆိုလွှာပါ ဖော်ပြချက်များအရ ဦးစံသိန်းသည် ဒေါ်ချစ်မေ၏အမွေကို ဆက်ခံခွင့်ရှိသူဖြစ်ကြောင်း မပေါ်ပေါက်သည့် အလျှောက် သူစွဲဆိုသောအမှုမှာ အောင်မြင်ရန်အကြောင်း မရှိပေ။

အယူခံတရားပြိုင်၏ အကျိုးဆောင်က မွန်ပြည်နယ်တရားရုံးသည် အချင်းဖြစ်အမွေ၏ လေးပုံတပုံကို ဒေါ်ကုလားမ ရထိုက်ကြောင်း သုံးသပ်ထားသည်ဖြစ်၍ ဒေါ်ကုလားမသာလျှင် တရားလိုဖြစ်ကြောင်း ပေါ်လွင်ပါသည်ဟု တင်ပြလျှောက်ထားသည်။ မွန်ပြည်နယ်တရားရုံး၏ ဒီကရီတွင် "ဒေါ်ချစ်မေပိုင်မြေ၏ ၁/၄ ပုံတန်ဖိုးကို တရားလိုက ရထိုက်သည်"ဟု ဖော်ပြထားရာ တရားလို၏အမည်ကို ဦးစံသိန်းဟု

ဖော်ပြထားသည့်အလျောက် ဒေါ်ကုလားမကို ရည်ညွှန်းထားခြင်း မရှိကြောင်း ပေါ်လွင်နေသဖြင့် အယူခံတရားပြိုင်ဘက်မှ အကျိုး ဆောင်၏ တင်ပြချက်ကို လက်ခံနိုင်ဖွယ်ရာ အကြောင်းမရှိပေ။

၁၉၈၂
ဒေါ်အုန်းခင် နှင့် ဦးစံသိန်း ပါ (၄)*

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံကိုခွင့်ပြု၍ မွန် ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးစံသိန်း စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ စရိတ်မရှိ။

# အမှားပြင်ဆင်ချက်

## (ပြစ်မှုဆိုင်ရာ အမှုများ)

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၆ | ၆ | ငွေ ၁၁၉၀/၃၀ ပြား | ငွေကျပ်၁၁၆၀/၄၀ပြား |
| ၆ | ၃၁ | ငြိုစွမ်း | ငြိုစွန်း |
| ၁၁ | ၂ | တတ်သော | တတ်သော် |
| ၂၀ | ၁၅ | ခိုမှုများ | ခိုးမှုများ |
| ၂၃ | ၁ | အလုံမြို့တရားရုံး | အလုံမြို့နယ်တရားရုံး |
| ၂၃ | ၁၁ | မအေးအေးခိင် | မအေးငွေအေးခိုင် |
| ၂၃ | ၂၃ | ဆဲလဲ့နေကြောင်း | ကွဲလွဲနေကြောင်း |
| ၂၄ | ၂၇ | လူမြင် | လူမြင်သူမြင် |
| ၂၆ | ၁၀ | ဥပဒေနှင့်အညီညီညွတ် မှုရှိမရှိ | ဥပဒေနှင့်ညီညွတ် မှု ရှိ-မရှိ |
| ၃၂ | ၁၂ | ခိုယူ | ခိုးယူ |
| ၃၇ | ၂၁ | ၁၉၆၃ ခုနှစ်များ | ၁၉၆၃ ခုနှစ်၊ အများ |
| ၄၀ | ၇ | လျှောက်ထားသူ | လျှောက်ထားခံရသူ |
| ၄၆ | ၂၉ | ၁၀၀ နှင့် | ၁၁၀ နှင့် |
| ၄၀ | ၀ | စီစစ်ခြင်း | စီစစ်ရန်လိုအပ်ခြင်း |
| ၄၉ | ၁၂ | အမှုနှင့် စပ် | အမှုနှင့် စပ်လျဉ်း |
| ၅၆ | ၀ | စီရင်ပိုင်ခွင့်ပြစ်ဆင် | စီရင်ပိုင်ခွင့်— ပြင်ဆင် |
| ၅၆ | ၀ | ချမှ | ချမှတ် |
| ၆၀ | ၂၂ | ဖြစ်၍ပြင်ဆင်မှု | ဖြစ်၍ ဤပြင်ဆင်မှု |
| ၆၁ | ၁၃ | အတိုးငွေ | အဖိုးငွေ |
| ၆၂ | ၂၄ | မောင်သန်းမြင့် | မောင်မြင့်သန်း |
| ၆၄ | ၂၅ | ပုဒ်မ ၅၁၇(ခ) | ပုဒ်မ ၅၁၇(၁) |
| ၆၆ | ၁၂ | ၅၁၇(ခ) | ၅၁၇(၁) |
| ၆၇ | ၁၁ | တရားခံစ်တဦး | တရားခံတစ်ဦး |
| ၆၀ | ၁၄ | ပုဒ်မ ၂၃၂ | ပုဒ်မ ၃၂၄ |
| ၇၀ | ၁၅ | ပြုစ်မှု | ပြစ်မှု |
| ၇၆ | ၁၂ | ခေါ်ယူစစ်ဆေး | ခေါ်ယူ ကြည့်ရှုစစ်ဆေး |
| ၇၆ | ၂၃ | အမှတ် ၁၅ ၀ | အမှတ် ၁၅၂၀ |

# အမှားပြင်ဆင်ချက်

## (ပြစ်မှုဆိုင်ရာအမှုများ)

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈၆ | ၂၂ | အမှတ် ၂၂၀ ပြစ်မှု | အမှတ် ၂၂၀ ကိုပြစ်မှု |
| ၈၆ | ၂၃ | ပုဒ်မ ၅၆၂-က | ပုဒ်မ ၅၆၁-က |

## ညွှန်းချက်(ပြစ်မှု)

| | | | |
|---|---|---|---|
| ဇ | ၁၂ | ၅၁၇(ခ) | ၅၁၇(က) |
| ဇ | ၁၄ | ပြဋ္ဌာင့်းချက် | ပြဋ္ဌာန်းချက် |
| ဋ | ၂၉ | ၃၁ | ၃၅ |
| ဓ | ၂၂ | (ခ)တွင် | (က)တွင် |

## (တရားမမှုများ)

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁ | ၉ | သေားပစ္စည်းဖြစ်ခြင်း | သောပစ္စည်းဖြစ်ခြင်း |
| ၅ | ၁ | ဇာရီအမှတ် | ဇာရီမှုအမှတ် |
| ၉ | ၂၉ | နေပါသည်။ | နေပေသည်။ |
| ၁၄ | ၉ | တစ်ရုံးရုံး | တရားရုံး |
| ၁၄ | ၁၃ | ယူဆပြီး | ယူဆသည့် |
| ၁၆ | ၁၂ | ကျစေရန် | ကျခံစေရန် |
| ၂၀ | ၁၇ | ဦးမျိုးသန့် | ဦးမျိုးသန့်၊ ဗဟိုတရားရုံးရှေ့နေ။ |
| ၂၀ | ၁၈ | ဦးတင်မောင် | ဦးတင်မောင် ဗဟိုတရားရုံးရှေ့နေ။ |
| ၂၅ | ၁၆ | လက်ထက်တွင် | လက်တွင် |
| ၂၅ | ၁၇ | လက်ထက်တွင် | လက်တွင် |
| ၂၇ | ၂၉ | စစ်ဆေးခွင့်မရှိဟုမိမိ | စစ်ဆေးခွင့်မရှိဟု |
| ၃၂ | ၇ | ဒီကရီ | ဒီကရီ၏ |
| ၃၂ | ၁၉ | အချင်ဖြင် | အချင်းဖြစ် |
| ၄၁ | ၂ | စိုင်းမောင်အေးအာပြုအမှု | စိုင်းမောင်အေး၏အပြု အမှု |

## အမှားပြင်ဆင်ချက်

## (တရားမမှုများ)

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၁ | ၇ | တိုင်းတရားရုံး | ပြည်နယ်တရားရုံး |
| ၄၃ | ၁၂ | ဆိုညှိနေသည် | တူညီနေသည် |
| ၄၆ | ၂၉ | ဦးဘိုးစီ | ဦးဘိုးသီ |
| ၄၇ | ၇ | လျှောထားသည်။ | လျှောက်ထားသည်။ |
| ၄၈ | ၂၄ | မြန်မာ့ခလေ့ | မြန်မာဓလေ့ |
| ၅၂ | ၂၅ | လက်ရောက်ရလိုမှု | လက်ရောက်ရလိုမှုကို |
| ၅၇ | ၂၁ | မသေဆုံးစဉ်အခါက | သေဆုံးစဉ် အခါက |
| ၆၃ | ၂၃ | ဒီဂရီကိုမူပယ်ဖျက်လိုက်သည်။ | ဒီကရီကိုမူ ပယ်ဖျက်လိုက်သည်။ |
| ၆၅ | ၂၈ | စသည်အဆိုပြု | စသည်ဖြင့် အဆိုပြု |
| ၆၅ | ၁၉ | ဖယ်ရှားစေလို | ဖယ်ရှား ပေးစေလို |
| ၆၇ | ၁ | ဦးထွန်းဖေ | ဦးထွန်းဖေက |
| ၆၇ | ၂ | ကတ္တိမ | ကိတ္တိမ |
| ၇၂ | ၁၀ | အိမ်ခကျန်ငွေ | အိမ်လခကျန်ငွေ |
| ၇၄ | ၂၇ | ဤဒုတိယအယူခံမှု | ဒုတိယအယူခံမှု |
| ၇၉ | ၃ | မောင်ကိုတို့ | မောင်ကိုကိုတို့ |
| ၈၀ | ၂၄ | တယူခံ | အယူခံ |
| ၁၀၀ | ၂၆ | ၂၇-၉-၆၉ | ၂၇-၉-၇၉ |
| ၁၁၆ | ၂၇ | ၂၂-၁၂-၈၀၊ ရန်ကုန် | ၂၂-၁၂-၈၀ နေ့စွဲပါ ရန်ကုန် |
| ၁၁၆ | ၁၀ | ဤဒီကရီကို | ဒီကရီကို |
| ၁၁၇ | ၁၁ | အိမ်နှင့်ဝရမ်း | အိမ်နှင်ဝရမ်း |
| ၁၂၀ | ၉ | တောင်းထိုခြင်း | တောင်းဆိုခြင်း |
| ၁၂၁ | ၈ | ပိုတ်ပင်ခြင်း | ဂိတ်ပင် ထားခြင်း |

## ညွှန်းချက်(တရားမမှုများ)

| | | | |
|---|---|---|---|
| ဌ | ၂ | စိစစ်ခြင်း။ | စိစစ် ရန် လို အပ် ခြင်း။ |
| ဆ | ၂၅ | ပုဒ်မ ၁၂(ခ)(ဂ) | ပုဒ်မ ၁၂(၁)(ဂ) |

## အမှားပြင်ဆင်ချက်

## (တရားမမှုများ)

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈ | ၁၂ | လင်ကီးချိန်ပါ(၂)ဦးနှင့် ဦးခွန်ဟော် ကွယ်လွန် (ဒေါ်ဖွားသီ၏ တရားဝင် ကိုယ်စားလှယ်) | လင်ကီးချိန်ပါ(၂)ဦး နှင့်ဦးခွန်ဟော်(ကွယ်လွန် လွန်သူ ဒေါ်ဖွားသီ၏ တရားဝင်ကိုယ်စားလှယ်) |
| ၆ | ၁ | ပုဒ်မ ၃၁(၁)တွင်ရှိသည့် အတိုင်း | ပုဒ်မ ၃၁ (၁)တွင် ပါ ရှိသည့်အတိုင်း |
| ၀ | ၄ | ပုဒ်မ ၁၂ (၁)ပါ | ပုဒ်မ ၁၅(၁)ပါ |

ဤစာအုပ်တွင် "အတိအလင်း"ဟု ပါလျှင် "အစ္စည့်အလင်း"ဟု ပြင်ဆင်ဖတ်ပါ။ "ဒိဂရီ"ဟုပါလျှင် "ဒိကရီ"ဟု ပြင်ဆင်ဖတ်ပါ။